



# ခင်ဝဆွဦး

## တိမ်နီလာ

ဒုတိယအကြိမ်

# တိမ်နီလာ

ခင်ဆွေဦး

**စီစဉ်သူ**
ကိုရဲဝင်းဇော်

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၁၉၇၅ ခုနှစ်၊ ဇွန်လ
ဒုတိယအကြိမ်၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

**မျက်နှာဖုံးဒီဇိုင်း**
မဆွေး

**ထုတ်ဝေသူ**
စွယ်တော်စာပေ(၀၀၅၇၉)

**ပုံနှိပ်သူ**
စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အမှတ်(၁၄၇)၊ ၅၁-လမ်း(အထက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၇၃၂၅၅၀၈၆၊ ၀၉-၄၂၈၁၇၉၃၇

**ဖြန့်ချိရေး**
**Aung Publishing House**
အမှတ်(၇၄၆/၇၄၇)၊ သရဖီလမ်း၊ ၄၇ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၀၀၅၁၁၅၈၊ ၀၉-၈၀၇၈၄၁၈၊ ၀၁-၂၀၅၄၅၁

**အုပ်ရေ**
၁၀၀၀

**တန်ဖိုး**
၂၅၀၀ ကျပ်

ခင်ဆွေဦး ၈၉၅.၈၄
တိမ်နီလာ/ ခင်ဆွေဦး။ ရန်ကုန်။
စွယ်တော်စာပေ၊ ၂၀၁၈ ခုနှစ်။
၂၆၇ စာ၊ ၂၁ စင်တီ။
(၁) တိမ်နီလာ

ဒီလောကကြီးမှာ သစ္စာတရားကို ရှာကြည့်ပါ။ လူတွေဟာ အလိမ်ခံနေရတာယ်။ တစ်ဦးတစ်ယောက်ကို လိမ်တာ ညာတာထက် အများကို လိမ်တာဟာ အကြီးမားဆုံး ပြစ်ချက်ပဲ။ လိမ်ရမှာ မရှက်ဘူးလားလို့မေးရင် လိမ်တတ်တဲ့လူဟာ ဘယ်တော့မှ မရှက်ဘူး။ ဒါပေမဲ့ အလိမ်ခံရတဲ့လူက ဒီလိုပဲ အလိမ်ခံနေရမှာလားမေးရင် ဒီလိုမခံလို့ ဘာတတ်နိုင်မလဲ။ အများက စုပြီးခံနေရတာ။ အင်အားမှ မရှိဘဲ ပြန်ဖြေလိမ့်မယ်။ ဒီတော့ အင်အားဆိုတာ ဘာလဲ။ အင်အားဆိုတာ ညီညွတ်မှုအပေါ် တည်တာပဲ။ ဒါမှ **'သစ္စာ'** လမ်းကြောင်းပေါ် ဖြောင့်ဖြောင့်ကြီး လျှောက်နိုင်ကြမှာပေါ့…။

သစ္စာဆိုပါ၏ အရှင်ဘုရား။ တပည့်တော်သည် သစ္စာနယ်မြေမှ ဖြောင့်မှန်သော သစ္စာသမီးစစ်စစ် ဖြစ်ပါသည်။ ဤမှန်သော သစ္စာစကား ကြောင့် ဘဝကျိန်စာများ အမြန်ဆုံး ကင်းပပျောက်ကွယ်ပါစေသတည်း။

မငြိမ်းယဉ်

## အခန်း(၁)

သစ္စာစကားတွေ ထပ်တလဲလဲ ပြောတတ်တဲ့ မငြိမ်းယဉ်ရဲ့ မျက်လုံး အရောင်တွေဟာ တောက်ပရွှန်းလဲ့လာပြန်တယ်။ ဒီလိုနဲ့ မငြိမ်းယဉ်ဟာ မြတ်နိုး လေးစားဖွယ်လည်း ကောင်းတယ်၊ သနားစရာလည်း ကောင်းတယ်လို့ ရင်ထဲ တစိမ့်စိမ့် တွေးလာမိတယ်။

ဒီမနက်ကပဲ ဂန္ဒီကြီး ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်တဲ့ "သစ္စာတရား နှင့် စမ်းသပ်မှုများအကြောင်း" 'An Autobiography or the story of my Experiments with Truth' စာအုပ်ကို ဖတ်ခဲ့မိတဲ့ တိုက်ဆိုင်မှုတစ်ရပ်ကိုပဲ ကျေနပ်လာမိရဲ့ ငြိမ်း။

စာအုပ်ပါ အချက်အလက်တိုင်းကို လက်ခံတာ လက်မခံတာ အပ ထားလို့ လောကသစ္စာတရားကို ဖော်ကျူးတဲ့ စာတမ်းတိုင်းကို နှစ်ခြိုက်မိတာ အမှန်ပင်။

သစ္စာတရားသည် ကျင့်ဝတ်သိက္ခာ၏ ကျောရိုးဖြစ်သည်။ သစ္စာ တရားသည် ကျွန်ုပ်၏ တစ်ခုတည်းသော ရည်ရွယ်ချက် ဖြစ်လာ၏။

ဆိုတဲ့ စာတမ်းအကြောင်း တွေးရင်းပဲ ငြိမ်းကို သစ္စာကြီးသူအဖြစ်

ယုံကြည် စိတ်ချလာမိသည်။

ထို့နောက် ကိုယ့်ရဲ့လျှို့ဝှက်မှတ်တမ်းမှာ ငြိမ်းသည် ရဲဘော်ရဲဘက် တစ်ယောက်ဖြစ်လာသည် ဆိုသည်ကို အသိပေးခွင့်ရသည့် တစ်နေ့မှာ ပေးချင်ပါရဲ့။

□□□

## အခန်း(၂)

အံ့တော့ အံ့ဩမိသည်။

အံ့ဩစရာကောင်းလှသည်ဟုလည်း ထင်မိသည်။

လောကတွင် ဤမျှတိုက်ဆိုင်သောအရာများ ကြုံကြိုက်လိမ့်မည်ဟု မမျှော်မှန်းခဲ့။

မငြိမ်းယဉ်လက်ထဲမှ ရေစက်လက်နှင့် စိမ့်ညိုသော သပြေညှန့်များကို ငေးကြည့်ရင်း ရုတ်ချည်းပင် မှတ်မိလိုက်သည်။ နှုတ်ဆက်ရန် တွေဝေနေဆဲ၊ ထူးထူးဆန်းဆန်းစကားတွေနှင့် အဖြစ်တွေ ဆက်တိုက်ကြုံလိုက်ရသည်။

ထိုအချိန်က လေပြည်အဝေ့တွင် ရွက်ဝါနှစ်ရွက်သည် ကြွေရုံမက လွင့်ပျံလာလေသည်။

မိုးသားကင်းစင်သော တိမ်သည် ပြာလျက် ကြည်လင်နေသည်။ ထိုတိမ်ပြာ နောက်ခံလျက် အရွက်မဲ့သော တရုတ်စကား ရိုးတံတို့သည် အဖိုဝါ ဖူးများနှင့် နွေဂိမှာန်အလှ ပန်းချီကားချပ်ကို ရေးခြယ်လေသည်။

မြို့ပြင်စေတီတစ်ဆူ၏ တန်ဆောင်းကား လှုခြေတိတ်ပေမင့် လက်ဆွဲ ဆရာမတစ်ဦးရှေ့တွင် လူငယ်နှစ်ယောက်ထိုင်လျက် အချီအချ ဆွေးနွေးသံမှာ

အနီးဝန်းကျင်တစ်ခုတွင် ကျယ်လောင်စွာ ပျံ့နှံ့နေသည်။

မငြိမ်းယဉ်က ကားပေါ်မှ ဆင်းလာခိုက် သူသည် လက္ခဏာဆရာမနှင့် မလှမ်းမကမ်းတွင် ရှိနေဆဲဖြစ်သည်။ တရုတ်စံကားပင်အောက်တွင် စာတစ်အုပ်ကိုင်လျက် ပင်စည်ကို အမှတ်မထင်မှီလျက် ရပ်နေမိခြင်းသာ ဖြစ်သည်။

မငြိမ်းယဉ်က ဘုရားစေတီရှိရာသို့ ဦးတိုက်လျှောက်သွားသောအခါ စောစောက လူငယ်နှစ်ဦးနှင့် လက္ခဏာဆရာမထံမှ…

“ဒီလိုဆိုရင် ကျွန်တော့်မိန်းမ ပြန်တွေ့မလား”

“ပျောက်တဲ့လူ ရှာရင်တွေ့ ဟောခဲ့ပြီပဲ”

“တွေ့မယ်နော်”

“မယ်တော်ကိုယ်တိုင် အဟောထွက်တာပဲ၊ တွေ့ရမှာပေါ့”

“ဘယ်တော့လောက် တွေ့မလဲ”

လက္ခဏာဆရာမက မျက်စိကို မှိတ်လျက် နှုတ်မှ တွတ်တွတ်တွတ်တွတ်နှင့် ရွတ်နေသည်။

“မကြာတော့ပါဘူး၊ ဒီတန်ခူးလ မတိုင်ခင်ပဲ”

“သေချာလား”

“သေချာပါတယ်၊ ကန်တော့ပွဲ ပေးလိုက်ရင်တော့ သည့်ထက် ပိုမြန်မယ်”

“ကန်တော့ပွဲက ဘယ်လောက်ကျမလဲ”

“သိပ်မကျပါဘူး၊ အုန်းသီးတစ်လုံး ၅ ကျပ်၊ ငှက်ပျောသုံးဖီး ၄ ကျပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ သပြေတို့၊ ကွမ်းတို့ ဘာတို့နဲ့ဆိုရင် အလွန်ဆုံး ၁၅ ကျပ်ပေါ့”

“ကျွန်တော်တို့က ဆင်းရဲတယ်၊ ၁၅ ကျပ် မတတ်နိုင်ဘူး ဆရာမ”

“လူတစ်ယောက်လုံး ပျောက်တဲ့ကိစ္စကွာ ကြံဖန်ပေါ့၊ လူလေးတို့ အိမ်မှာ အမှောင့်ပယောဂ မကင်းဘူး၊ အဲဒါ ဒီကမယ်တော်ကြီးရှေ့ ပွဲအပ်ပြီး ဆုတောင်းပေးရမှာ”



“ပွဲမပေးရင် မရဘူးလား”

“ရပါတယ်၊ ဒါပေမဲ့ ကြာမှာပေါ့”

“ကြာလည်း မတတ်နိုင်ဘူးလေ၊ ကျွန်တော့်မိန်းမကို တွေ့ကော တွေ့မှာလား”

“တွေ့တာတော့ တွေ့မှာပါ”

“ခု ဘယ်အရပ်မှာရှိမလဲ”

“အင်း…အရှေ့တောင်အရပ်ဖြစ်ဖြစ်၊ မြောက်စူးစူးအရပ်ဖြစ်ဖြစ် တစ်နေရာရာ…”

လက္ခဏာဆရာမနှင့် အခြေအတင်ပြောပြီး လူငယ်နှစ်ယောက်သည် နေရာမှ ထလာကြသည်။ မငြိမ်းယဉ်သည် အသာအယာပြုံးလျက် သူတို့နောက်မှ လိုက်ပါသွားသည်။

“အတာ”

“ဟင်…မငြိမ်း”

လူရွယ်နှစ်ယောက်အနက် အသားညိုညို အရပ်သွယ်သွယ် လူရွယ်က တအံ့တသြ နှုတ်ဆက်လိုက်သည်။

“စောစောက လက္ခဏာ မေးကတည်းက နောက်က စောင့်ကြည့်နေတာ”

“ဟာ…ဟုတ်လား မမ”

အတာဆိုသူက ရယ်ပြီးနောက် သူနှင့်ပါလာသော လူငယ်အား အစ်မဖြစ်သူ မငြိမ်းယဉ်နှင့် မိတ်ဆက်ပေးနေသည်။

“ဒါ ငါတို့အစ်မ မငြိမ်းယဉ်၊ အရင်က သမိုင်းဘာသာဌာန လက်ထောက်ကထိက၊ ခုတော့ အလုပ်ကထွက်ပြီး ရှေးဟောင်းသမိုင်းဆိုင်ရာ သုတေသနပြုနေတယ်”

“ဩော်…ကျွန်တော်တို့ဆရာတွေ၊ ဆရာမတွေလည်း မငြိမ်းအကြောင်း ပြောသံကြားဖူးပါတယ်”

လူရွယ်က ပြန်ပြောသည်။ အတာက မငြိမ်းယဉ်အား…

"သူက ဟစ်စထရီမေဂျာ နောက်ဆုံးနှစ် ရောက်နေတဲ့ မောင်မြင့်ဇော်ပါ"

"တွေ့ရတာတော့ ဝမ်းသာပါတယ်၊ ဒါထက် ခုနက ဘာလို့ လိမ်ရတာလဲ"

မငြိမ်းယဉ်က ပြောလာသောအခါ မောင်မြင့်ဇော်ရော အတာပါ အံ့သြနေကြကာ ပါးစပ်ဟမိကြလေသည်။

တရုတ်စံကားပင်စည်တွေမှီလျက် ရပ်နေမိသူပါ မနေသာဘဲ သူတို့ဆက်တိုက်ပြောကြားသော စကားများကို အလိုအလျောက် နားစွင့်မိလျက်သား ဖြစ်နေသည်။

"မငြိမ်း ဘာပြောတာလဲ"

မောင်မြင့်ဇော်က ပြုံးလျက် ပြန်မေးတော့ မငြိမ်းယဉ်က မောင်မြင့်ဇော်၏ မျက်ခုံးနှစ်ခုကြား နှာယောင်ထိပ်ကို စိုက်ကြည့်ပြီး…

"ဒီမောင်လေးက မိန်းမမှ မရှိဘဲနဲ့ ဘာလို့ မိန်းမရှိတယ်လို့ လက္ခဏာဆရာမကို သွားလိမ်ရတာလဲ"

မောင်မြင့်ဇော်က မလုံမလဲ အမူအရာနှင့် ခေါင်းသည် အောက်သို့ မသိမသာ စိုက်သွားလေသည်။ ထို့နောက် အတာနှင့် မောင်မြင့်ဇော်တို့သည် တသောသော ရယ်မောမိကြသည်။ မငြိမ်းယဉ်သည် မျက်နှာတည်လျက် လက်ထဲမှ ပိုးစားနေသော သပြေရွက်တစ်ရွက်ကို ချွေချလိုက်သည်။

အတာသည် ရယ်နေရာမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ အမှတ်ရကာ အံ့သြသော အမူအရာ မပြောင်းသေးဘဲ မငြိမ်းယဉ်အား လှမ်းကြည့်ပြီး…

"မမ မြင့်ဇော်ကို သိလို့လား"

"ဘယ်သိရမှာလဲ"

"ဒါဖြင့် မမ ဘာလို့ မြင့်ဇော် မိန်းမ မရှိတာ သိနေလဲ"

"အတာ့မေးခွန်းကို မမ ခပ်လွယ်လွယ် အဖြေပေးလို့ မရဘူး၊ လေးလေးနက်နက် ဖြေရမှာမို့ အေးအေးဆေးဆေးကျမှပဲ ဖြေပါရစေတော့"

မငြိမ်းယဉ်က ပြောရင်း မျက်မှောင်ကြုတ်လိုက်သည်။ လူငယ်



နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်နေကြသည်။ ထို့နောက် မငြိမ်းယဉ်သည် ရုတ်တရက် မျက်နှာထားပြင်လျက် ရယ်မောပြီး…

"မမက ဆရာကြီး ဦးဖိုးကျား ရေးသွားတဲ့ အဖြစ်အပျက်တစ်ခုကိုလည်း သွားသတိရလို့ပါ"

မငြိမ်းယဉ်၏ စကားအဆုံးတွင် သူ့ရင်ထဲ၌ ဖျတ်ခနဲ ခုန်သွားလေသည်။ ဒီစာအုပ်ကို သူသည်လည်း ဖတ်ဖူးခဲ့သည်။

မငြိမ်းယဉ်သည် စကားပြော မြန်သော်လည်း ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ပြောတတ်သည်ကို သတိထားမိလေသည်။ အသံအေးအေးနှင့် အောင်သည်။ သြဇာရှိသော အသံဟု ထင်ထားမိသည်။

မငြိမ်းယဉ်က နှုတ်ခပ်သွက်သွက်နှင့် သူ့စကားကို သူဆက်သည်။

"ဆရာဦးဖိုးကျား ရေးထားခဲ့တာကတော့ ရှေးခေတ်တုန်းကပေါ့လေ၊ ရန်ကုန်မှာ ကျောင်းသားကြီး နှစ်ယောက် သုံးယောက် ရွှေတိဂုံကုန်းတော်မှာရှိတဲ့ နတ်ဆိုင်တစ်ဆိုင်မှာ နတ်မေးကြတယ်တဲ့၊ မေးတဲ့လူတွေက အတာတို့ မောင်မြင့်ဇော်တို့လို လူငယ်လူရွယ်တွေဆိုတော့ နောက်နောက်ပြောင်ပြောင်ပေါ့လေ၊ ရိုးရိုးမမေးဘဲ တစ်ယောက်က မယားသေပြီးစ မုဆိုးဖိုအနေနဲ့ မေးသတဲ့"

မောင်မြင့်ဇော်နှင့် အတာတို့က ရယ်မောနေကြသည်။ အတာက မောင်မြင့်ဇော်၏ခေါင်းကို လှမ်းပုတ်ပြီး…

"ဟော့…မင်းထက်တောင် ပိုင်သေးတယ်"

"နိမိတ်မရှိကွာ၊ မလုပ်ပါနဲ့"

မောင်မြင့်ဇော်က လက်တကာကာ ပြောလိုက်လေသည်။ မငြိမ်းယဉ်က ရယ်ရင်း…

"အဲဒီတော့ နတ်ကတော်က ဒီသေသွားတယ်ဆိုတဲ့ မယားဟာ အယူတိမ်းပြီး နတ်စိမ်းဖြစ်နေတဲ့အကြောင်း ပြောတဲ့အခါ ဟန်ဆောင်မုဆိုးဖိုက သူ့မိန်းမနဲ့ စကားပြောချင်တယ်၊ ဒီအစိမ်းမကို ခေါ်ယူသွင်းပြီး ပူးပြပါ တောင်းဆိုတာကိုး၊ နတ်ကတော်ကလည်း မဆိုင်းမတွဘဲ ဒီအစိမ်းမကို ခေါ်ယူပြီး သူ့ကိုယ်ထဲ ဝင်ပူးပြရော"

လက်ဟန်ခြေဟန်နှင့် ပြောလိုက်လေသည်။ လက္ခဏာဆရာမနှင့် သစ်ပင်တစ်ပင် ကွယ်ရပ်နေသော်လည်း မသိမသာ လှမ်းကြည့်ပြီး လေသံကို လျှော့လိုက်လေသည်။ အတာကို လှမ်းကြည့်လျက်…

"မင်းတို့လည်း ဒီကိန်းအတိုင်းပဲ၊ တော်တော်ဆိုးတဲ့ဟာတွေ၊ လူ တစ်ဖက်သားကို သက်သက်"

အပြစ်တင်သလို ပြောလိုက်သည်။ အတာက ရယ်မောလျက်…

"ဒီလိုပူးပြီးတော့ ဘာဖြစ်ကြသေးလဲ"

"အဲဒီကျောင်းသားနဲ့ နတ်ကတော်တို့လည်း တကယ့်လင်မယားစတိုင် အလွမ်းသယ်နေကြရောတဲ့"

"ကြည့်လို့တော့ ကောင်းမှာပဲ"

ဟု မောင်မြင့်ဇော်သည် ပြောရင်း ရယ်နေပြန်သည်။ မငြိမ်းယဉ် က…

"သည့်ထက် အခြေအနေ ဆိုးလာတယ်၊ ကျောင်းသားက သူ့မိန်းမ ကို ချစ်လွန်းလို့ မခွဲနိုင်ပါဘူး၊ ပြန်ပြီးမလွှတ်နိုင်ပါဘူးဆိုပြီး နတ်ကတော်ကို အတင်းပွေ့ပိုက် ဖက်ရမ်းထားရော၊ အဲဒီလို ပွေ့ဖက်တဲ့ကိစ္စနဲ့ နှစ်ယောက်သား စကားတွေ များကြတာ တစ်ခါတည်း ဘုရားလူကြီးတွေက ကြေအေးအောင် ဖျန်ဖြေပေးလိုက်ရသတဲ့"

မငြိမ်းယဉ်၏ စကားအဆုံးတွင် ရယ်သံတို့သည် ဖျံ့နှံ့ဝေစည်လာလေ သည်။ ဖျတ်လတ်သွက်လက်သော ဟန်ပန်နှင့် မငြိမ်းယဉ်၏ ရုပ်သွင်သည် မျက်စိထဲက ဖျောက်လို့မရ။ တစ်ထွာခန့်မျှသာရှည်သော ဆံပင်ကို စုစည်းထား သည့် လက်ကိုင်ပုဝါ ပန်းနုရောင်သည် လျှော့ရဲလာသည်။ လှိုင်းကြီးပန်းနုရောင် လက်ပြတ်အင်္ကျီ၊ ပန်းနုမရင့်တရင့်တွင် အနက်နှင့်အနီ အစက်အပြောက်များနှင့် ထဘီလွှင်လွှင်တို့သည် မငြိမ်းယဉ်၏ ဝင်းဝါသောရုပ်တွင် ပို၍တောက်ပနေသည်။

သပြေညွန့်များ နဖူးထိလျက် ဘုရားဝတ်ပြုနေသော မငြိမ်းယဉ်ကို စိတ်အာရုံတွင် ဆေးရောင်စုံ ဓာတ်ပုံသဖွယ် လာထင်လေသည်။

"ကိုင်း…မင်းတို့ ဘယ်ပြန်မှာလဲ၊ မမကားနဲ့ လိုက်ပို့ပေးမယ်"



ယောဂီရောင်ပဝါပါးသည် မငြိမ်းယဉ်ကိုယ်ထက်တွင် လွှမ်းခြုံဆဲ ဖြစ်သည်။ မငြိမ်းယဉ်၏ အလှကို အမိအရ အာရုံဖမ်းကြည့်သည်။ ရုတ်တရက် ကြည့်လျှင်တော့ ဖြူဖြူမြင့်မြင့် သွယ်သွယ်လေးပါပဲ။ လှလှသည်ဟု ချီးအံ့ဖွယ် ဖြစ်နိုင်သည့် ရုပ်မျိုးတော့ မဟုတ်။ တည်ငြိမ်သော အလှဟု ဆိုရအောင်လည်း မငြိမ်းယဉ်၏ ပြောဟန်ဆိုဟန် လှုပ်ရှားဟန်တို့သည် ကလေးမငယ်တစ်ယောက် မှာ လွတ်လပ်လွန်းလှသည်။

အသက်အရွယ် ၃၀ နား ကပ်နေသည့်တိုင်အောင်လည်း ငယ်စဉ်က ဟန်ပန်မျိုး ပျောက်ကွယ်မသွား။ သို့သော်လည်း တည်ငြိမ်သည်နှင့် ဆန့်ကျင် ဘက် 'ကလက်' သည်ဟု ထင်ရသော အပြုအမူမျိုးလည်း လုံးဝမတွေ့ရ။ မငြိမ်းယဉ်ကို ကြည့်ရသည်မှာ အေးဆေး၍ ရှိုးရှိုးယဉ်ယဉ်လေးပင်။

သူ့အလှကို သူ့မျက်လုံးများတွင်သာ အမိအရ ရှာဖွေလိုက်မိသည်။ မငြိမ်းယဉ်၏ မျက်လုံးများသည် အရောင်တဖျပ်ဖျပ် လက်နေသည်။ စိတ်အား ထက်သန်ခြင်းဖြင့် ဝင်းပြောင်နေသော မျက်လုံးများပေလော။ အရာရာ၌ မာန်တက်နေသော မျက်လုံးများလော။ ချစ်ရည်ရွှန်းနေသော ပြာလဲ့မျက်ဝန်း များပေလော။

လူတစ်ယောက်၏ နှာယောင်တည့်တည့်ကိုလည်းကောင်း၊ မျက်လုံး ကိုလည်းကောင်း စိုက်ကြည့်လိုက်သော မငြိမ်းယဉ်၏ မျက်စိများကား တန်ခိုး ထက်မြက်လှသည်။ ကြာရှည်ရင်ဆိုင်ကြည့်နိုင်ရန် အတော်ပင် အားခဲရသည်။

□□□

## အခန်း(၃)

မငြိမ်းယဉ်ကတော့ သူ့ကို မှတ်မိပုံ မပေါ်။

သူကပင် စတင်နှုတ်ဆက်လိုက်ရသည်။

"မှတ်မိလား"

စကားပင်ကိုနည်းတတ်သူမို့ တုံးတိတိနှင့်ပင် မေးလိုက်မိလေသည်။ ဒါတောင် မငြိမ်းယဉ်မို့ ဤမျှစကားပြော နှုတ်ဆက်ခြင်းဖြစ်သည်။ တခြားအမျိုးသမီးတစ်ယောက်သာဆိုလျှင် နှုတ်ဆက်ဖို့မလိုဟု ဥပေက္ခာပြုလိုက်မိမည်သာ။ ယခုတော့ သူ့ခြေလှမ်းများကား ဘယ်သို့မသိ မငြိမ်းယဉ် ရှိရာသို့သာ ဦးတည်လျှောက်မိလျက်သား ဖြစ်နေသည်။

ကားရှိရာသို့ ဦးတည်လျှောက်သွားသော မငြိမ်းယဉ်၏ ခြေလှမ်းများကား တုံ့ခနဲရပ်တန့်သွားလေသည်။ သူ့မျက်နှာကို စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်သည်။ မငြိမ်းယဉ်၏ နက်မှောင်တောက်ပြောင်သော မျက်လုံးများကား သူ့မျက်လုံးများကို ရှတ်ချည်းရင်ဆိုင်လိုက်သည်။ သူ့ရင်ထဲတွင် လျှပ်စီးပြိုးပြက်လိုက်တာ အမှန်ပင်။ ပြီးတော့ မသိမသာ ရင်ခုန်သွားသည်။

မငြိမ်းယဉ်က ပြုံးလိုက်သည်။ အမှန်ကတော့ ဘယ်သူမှန်း ဘယ်ဝါ



မှန်း မသိသော နဝေတိမ်တောင်စိတ်ကလေးနှင့် ပြုံးလိုက်မှန်း သိသာလှသည်။ ဇဝေဇဝါစိတ်တွေက မငြိမ်းယဉ်၏ မျက်လုံးတွင် ထင်ရှားသော အရိပ်အရောင်ပမာ ထင်ဟပ်နေသည်။ ပညာတတ်သော မငြိမ်းယဉ်၏ မျက်လုံးများကို အကဲခတ်ရင်း ကျေနပ်မိပြန်သည်။ သို့သော် မမှတ်မိတတ်သော မငြိမ်းယဉ်၏ ခံစားမှု အတိမ်အနက်ကို တိုင်းဆရင်း အနည်းငယ် ဝမ်းနည်းမိသည်။

"ကျွန်မ..."

မငြိမ်းယဉ်သည် တစ်စုံတစ်ခုကိုပြောရန် အားယူလိုက်သည်။ သူ့ကို အတာနှင့် မောင့်မြင့်ဖော်တို့ကပါ ဝိုင်းအကဲခတ်သလို စိုက်ကြည့်နေကြသည်။ တက်ထရွန်ဖြူ လက်ရှည်၊ ယောလုံချည်အနက်နှင့် သပ်ရပ်သားနားစွာ ဝတ်ဆင်ထားသော အသက် ၃၀ နီးပါးခန့် လူရွယ်တစ်ယောက်ကို ဘယ်သို့မှ နောက်သည် ပြောင်သည်ဟု သံသယဝင်နိုင်ဖွယ် မမြင်။ မြင့်သွယ်သော အရပ်နှင့် အသားအနည်းငယ် ညိုသော်လည်း သူ့ဥပဓိရုပ်ကတော့ မွန်ရည်သည်။ လက်တွင် ပိုက်ထားသော တိုက်ပုံအင်္ကျီအနက်ကို ပခုံးထက် လှမ်းတင်လျက်။

"မမှတ်မိရင်လည်း နေပါစေ၊ ကျွန်တော့်ကို မငြိမ်းယဉ် မှတ်မိမယ်ထင်လို့ နှုတ်ဆက်မိလိုက်တာပါ၊ ကျွန်တော် သွားပါဦးမယ်"

ထိုသူက နှုတ်ဆက်ထွက်ခွာရန် ခြေလှမ်းပြင်တော့ မငြိမ်းယဉ်က အံ့သြသော အမူအရာနှင့် သူ့ကို စိုက်ကြည့်မိပြန်သည်။ 'ကျွန်တော့်ကို မငြိမ်းယဉ် မှတ်မိမယ် ထင်လို့တဲ့' ပြောတဲ့စကားကို အပြေးအလွှား စဉ်းစားမိပြန်သည်။ အို…သူ မငြိမ်းယဉ်နာမည်ကို သိနေပါလား၊ ဘယ်မှာသိခဲ့ပါလိမ့်၊ ဘယ်တုန်းက သိခဲ့တာလဲ၊ ဘယ်နှခါများ သူနဲ့ ဆုံခဲ့ပါလိမ့်၊ သူ့ရုပ်ကို ရေးရေးမျှ မြင်ဖူးသလိုတော့ ရှိသည်။

သိပ်ရင်းရင်းနှီးနှီး သိခဲ့တဲ့လူတော့ မဖြစ်တန်ရာ။ မကြာခဏ သတိလစ် မေ့လျော့တတ်သော ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိသည်။ မငြိမ်းယဉ်အဖို့တော့ မကြာခဏပင် ဒီလိုဖြစ်တတ်သည်။ တစ်ခါတစ်ရံ လမ်းမှာ နှုတ်ဆက်သွားကြသော အသိတွေကို ဘယ်သူဘယ်ဝါရယ် မမှတ်မိဘဲ ရမ်းသမ်းပြန်နှုတ်ဆက်လိုက်ရတာတွေလည်း ရှိသည်။ စိတ်ထဲ တိတ်တိတ်ကြိတ်၍

အားနာလှသည်။

ယခုလည်း မှတ်မိချင်ပါသည်။

ဤမျှ စူးရှတောက်ပြောင်၍ အတွေးအခေါ်ပါသော မျက်လုံးများကို မြင်ရခဲသည်။ သိမ်မွေ့သော ခံစားချက်ကို အဓိပ္ပာယ်ဖော်နိုင်စွမ်းသော မျက်လုံးများကို ရှားရှားပါးပါး တွေ့ခဲ့ဖူးတာတော့ သေချာသထက် သေချာသွားသည်။ နေပါဦး၊ ဘယ်မှာပါလိမ့်။

"နေပါဦး..."

မငြိမ်းယဉ်က ထိုလူ့နောက်မှ လိုက်သွားကာ လှမ်းခေါ်လိုက်လေသည်။ ပြန်လှည့်ကြည့်လိုက်တော့ ထိုလူ့မျက်နှာမှာ နီမြန်းနေဆဲပင်။ အသားမဖြူဘဲနှင့် မျက်နှာနီပုံမှာ ထင်ရှားသိသာလှသည်။ မငြိမ်းယဉ်က အားနာစိတ်နှင့် ‌ေးမောကာ...

"ကျွန်မ အဲဒီကကို တွေ့ဖူးသလိုလိုပဲ၊ ရင်းနှီးတဲ့ မိတ်ဆွေတော့..."

"မဟုတ်ပါဘူး"

မငြိမ်းယဉ် စကားမဆုံးခင် သူက ကြားဖြတ်၍ ရုတ်ချည်းအဖြေပေးလိုက်လေသည်။ မငြိမ်းယဉ်က လှိုက်လှဲစွာ ပြုံးလျက်။

"ကျွန်မ မမှတ်မိဘူးဆိုရင် မှတ်မိအောင်တော့ ပြောပြဦးမှပေါ့"

"စဉ်းစားပါဦး"

"စဉ်းစားတာပဲ"

ထို့နောက် နှစ်ယောက်သား မတိုင်ပင်ဘဲ အလိုလိုပြိုင်တူရယ်မောမိကြသည်။

"ခင်ဗျားနဲ့ ကျွန်တော် ဆုံကြတာ သုံးခါတိတိပဲ"

"သုံးခါ...သုံးခါ ရှိပြီ ဟုတ်လား၊ ဘယ်မှာလဲ"

"စဉ်းစားကြည့်လေ"

"မင်္ဂလာဧည့်ခံပွဲတွေမှာလား"

"ကျွန်တော် ဘယ်မင်္ဂလာဧည့်ခံပွဲမှ မတက်ဖူးပါဘူး"

"ဩော်..."



သည်အသက်အရွယ်အထိ မင်္ဂလာဧည့်ခံပွဲ မတက်ဖူးသောသူကို အံ့ဩမိသည်။ ထူးဆန်းသလိုလည်း ထင်မိသည်။

"မငြိမ်းယဉ်ဘာသာ စဉ်းစားကြည့်ပါဦးလေ၊ မငြိမ်းယဉ် စဉ်းစားလို့မရမှ ကျွန်တော် ပြောပြချင်တယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော်က တစ်မျိုးပဲလေ"

ဝန်ခံရင်း တောင်းပန်လိုက်သည်။ မငြိမ်းယဉ်က ကလေးငယ်ပမာ ရယ်လျက်...

"ဒုက္ခပါပဲ၊ ပဟေဠိဖွက်နေပြန်ပြီ၊ ခုချိန်ထိတော့ ကျွန်မ စဉ်းစားလို့မရ ဖြစ်နေတယ်"

"စဉ်းစားပါဦး၊ အချိန်တွေ ရှိပါသေးတယ်"

"ဟောတော့ ကျွန်မက ခုပြန်တော့မှာ"

"ပြန်ပါ၊ ပြန်လေ"

"ဘယ်သူမှန်းမှ မသိရသေးပဲ"

မငြိမ်းယဉ်သည် မသိရလေ သိချင်လေလေနှင့် ကလေးငယ်ပမာ စိတ်စော၍သာနေသည်။ ထိုသူက ပြုံးလိုက်သည်။

"မငြိမ်းယဉ်နေတာ အရင်လိပ်စာပေးထားတဲ့အတိုင်းပဲလား"

"ဟုတ်တယ် ဟုတ်တယ်၊ ကျွန်မ ဒီအိမ်ကြီးက ဘယ်တော့မှ မပြောင်းဖြစ်တော့ပါဘူး၊ ကျွန်မ လိပ်စာပေးခဲ့ဖူးသေးတယ် ဟုတ်လား"

"ခွံနံပါတ်(.....)ဘောက်ထော်"

"ဟင်...မှတ်မိတယ်၊ အိမ်ကော ရောက်ဖူးလား"

ထိုသူက ခေါင်းကို အသာအယာ ခါပြလိုက်လေသည်။

"မရောက်ဖူးပါဘူး၊ မငြိမ်းယဉ် တစ်ခါတုန်းက လိပ်စာရေးပေးခဲ့ဖူးလို့ မှတ်မိနေပါတယ်"

"လိပ်စာတောင် ပေးခဲ့ဖူးသေးတာနော်"

"ကျွန်တော့်လိပ်စာလည်း မငြိမ်းယဉ်ဆီမှာ ရှိနေတယ်"

"ဩော်...ဟုတ်လား"

မငြိမ်းယဉ်က အံ့ညြမိပြန်သည်။ သိလိုစိတ်က ပြင်းပြလာသော်လည်း ရင်ထဲ မျိုသိပ်လိုက်သည်။ ဣန္ဒြေဆည်လိုက်သည်။ ထွက်ခွာရန် ခြေလှမ်းပြင်သည်။

''ကိုင်း…ကျွန်မ ပြန်မယ်၊ ရှင်ပြန်မယ်ဆိုရင်တော့ ကျွန်မကားနဲ့ လိုက်ပို့ပေးမယ်လေ၊ ကျွန်မမောင်လေးကိုလည်း လိုက်ပို့ပေးရမှာပဲ၊ လိုက်ခဲ့နိုင်ပါတယ်''

''နေပါစေ၊ ကျေးဇူးတင်ပါတယ်''

သူကပင် ဦးစွာ မငြိမ်းယဉ်အပါးမှ ထွက်ခွာသွားလေသည်။ ထိုသူ၏ နောက်ကျောကို ငေးလျက် ကျန်ရစ်သော မငြိမ်းယဉ်သည် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

''အဲဒီလူကလည်း ဘာကြောင့်မှန်းလဲ မသိပါဘူး မမရာ''

အတာက ဝေဖန်ကာ ရယ်မောနေသည်။ မငြိမ်းယဉ်ကပါ လိုက်ရယ်လျက်…

''မသိပါဘူးဟယ်၊ မမဖြင့် သူနဲ့ စကားပြောရတာ မောလိုက်တာ''

''သူ့ကြည့်ရတာလည်း မောလိုက်တာ၊ သူ့ခြေထောက်တစ်ဖက်က မသန်ဘူးထင်တယ်၊ လမ်းလျှောက်တာ ခြေထော့နင်း ထော့နင်း ဖြစ်နေသလိုပဲ''

မောင်မြင့်ဇော်က ဆက်လက်ဝေဖန်လိုက်သည်။

ဇက်ဖာနီညိုရောင်ကားသည် တရုတ်စံကားပင်အောက်မှ တလိမ့်လိမ့်နှင့် အရှိန်နှေး စထွက်ရာမှ မြန်လာသည်။ မြန်နေရာမှတစ်ဖန် စတီယာရင်ထိန်းထားသော လက်တို့သည် အနည်းငယ် တုန်ခါကာ လီဗာနင်းထားသော မငြိမ်းယဉ်၏ ခြေထောက်တို့သည် ဖော့သွားပြန်လျက် ကားအရှိန်သည် ပြန်နှေးသွားလေသည်။

''သြော်…မှတ်မိပြီ''

မငြိမ်းယဉ်သည် ရုတ်တရက် အော်ပြောလိုက်မိသည်။ အတာက…

''ဘယ်သူလဲ မမ''

''သူနဲ့ စတွေ့ခဲ့ရပုံကလည်း ခပ်ဆန်းဆန်းပဲ၊ နေပါဦး၊ အေးအေးဆေး



ဆေး ပြောပြဦးမယ်''

မငြိမ်းယဉ်၏ စိတ်သည် အိပ်မက်ကမ္ဘာတစ်ခုသို့ ရောက်သွားပြန်သည်။ စိတ်တောလေကို ထိန်းချုပ်လို့မရ၊ တပေပေနှင့် လွင့်နေသည်။

ပဲခူးမြို့ ရွှေဂူလေးဘုရားရင်ပြင်ပေါ်မှ ဆီးကြည့်သဖြင့် မြင်ရသော အောက်ခြေရှုခင်းများသည် တရေးရေး ပေါ်လာလေသည်။ ကုံကော်ပင်များ၊ သရက်ပင်များနှင့် ထန်းပင်များသည် ကုန်းကမူများတွင် ပေါက်ရောက်နေကြသည်။ ညောင်ရိပ်အောက်ဝယ် ဝါးပစ္စည်းများ ရောင်းချသော အိမ်စဉ်ဈေးတန်းတို့သည် အစီအရီ ရှိနေသည်။

မိုးသားအပြာ၊ ပြကတေ့ အပြာသားသည် တိမ်မှင်မခြယ် ကြည်လင်နေသည်။ သစ်ကိုင်းကြိုးကြား မြစိမ်းသစ်ရွက် အပြောက်အစက်တို့သည် တိမ်ပြာကိုဖောက်လျက် ဆေးပန်းချီ ရေးခြယ်နေကြသည်။

မြေငလျင်လှုပ်သဖြင့် ပျက်စီးခဲ့သော မဟာစေတီဘုရားကြီး အောက်ပိုင်းကိုလည်း ရွှေဂူလေးဘုရား ဂူတံခါးပေါက်မှ လှမ်းမြင်နေရလေသည်။ သရက်ပင်ကြားမှ ဆီးမြင်နေရသော ဘုရားကြီးငုတ်တိုသည် မိုးသားအပြာနောက်ခံလျက် အထီးထီး တည်နေရှာသည်။

''အဲဒီတုန်းက သူက ချိုင်းထောက်နဲ့''

မငြိမ်းယဉ်၏ ရင်ထဲတွင်ပဲ တီးတိုးစကား ဆိုလိုက်မိသည်။

ချိုင်းထောက်နှင့် လူတစ်ယောက်၏ အရိပ်သဏ္ဌာန်က တော်တော်နှင့် ပျောက်ကွယ်မသွား။ နွေအခါကာလ၌ မရမ်းချဉ်ချိုနှင့် ပိန္နဲတို့ မြွတ်သိပ်သီးမှည့်သော အပင်အရိပ်အာဝါသကြားထဲမှ ချိုင်းထောက်နှင့်လူသည် သူ့အဖော်လူငယ်တစ်ယောက်နှင့် တရွှေ့ရွှေ့ သွားနေခဲ့သော ကိုးသိန်းကိုးသန်းဘုရား ဓရိဂုဏ်ကား လှပသည်နှင့်အမျှ ဆွတ်ပျံ့ကြည်နူးဖွယ် ကောင်းလှချေသည်။

□□□

## အခန်း(၄)

လွန်ခဲ့သော ၁၃ နှစ်တာကာလ အချိန်ကဆိုတော့ ကြာပြီဟုလည်း တွက်ဆနိုင်ပါသည်။ အတိတ်ကာလကို မတမ်းတချင်ပြီဖြစ်သော မငြိမ်းယဉ် အဖို့ကတော့ မနှစ်က အချိန်ကာလကိုပင် ဝေးစွာသော အရပ်၌ ထားခဲ့ပြီ ဖြစ်သောကြောင့် ဘာကိုမှ မမှတ်မိချင်၊ မလွမ်းဆွတ်ချင်။

လူ့ဘဝ တစ်ဘဝဆိုတာကလည်း တိုတောင်းလွန်းလှသည်။ နေရလှ အနှစ် ၇၀ ကျော် ကာလပေါ့။ ထိုအနှစ် ၇၀ ဆိုတာကလည်း ၇ နှစ်ပမာ ကုန်လွယ်ပြီး၊ မနေ့တစ်နေ့က နှပ်တွဲလောင်းနှင့် ပြေးလွှားနေသော ကလေးမ ငယ်သည် ယနေ့ သားတွဲလောင်း သမီးတွဲလောင်းနှင့် သားသည်အမေ ဖြစ်နေ ပေပြီတကား။

အချိန်ဆိုသည့် ငှက်ငယ်သည် လေအဟုန်တွင် အရှိန်ပြင်းစွာ အတောင်လွင့်၍ ပျံခဲ့လေပြီ။

အိမ်ရောက်တော့ တူမငယ် ‘လင်းလင်း’က အူယားဖားယား ဆီးကြို သည်။

“မငြိမ်း ပြန်လာပြီ၊ မငြိမ်း ဘုရားသွားတာ မြန်လိုက်တာ၊



လင်းလင်းတောင် ရေမချိုးရသေးဘူး”

၁၅ နှစ်အရွယ် လင်းလင်းသည် ခုန်ပေါက် ပြေးလွှားကာ အိမ်ရှေ့ ဒိန့်ချတ်သို့ ကပျာကယာ ထွက်လာသည်။ မငြိမ်းယဉ်သည် ပါးစပ်မှ လေပူ ကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။

“ဟင်…မငြိမ်းတစ်ကိုယ်လုံး ချွေးတွေရွှဲနေပါလား”

“ပူတယ်ကွာ၊ မငြိမ်းကို ယပ်တောင်ပေးစမ်း၊ နွေရာသီ ကားမောင်း လို့ မကောင်းဘူး၊ ဘတ်(စ်)ကား စီးသွားရရင်ကောင်းသား၊ ကားတွေက ကျပ်လို့သာ”

“မသွားနဲ့၊ ဘတ်(စ်) ဘယ်တော့မှ စီးမသွားနဲ့၊ မငြိမ်းက သိပ်တွေး တာပဲ၊ ခါးပိုက်နှိုက်ခံထိတာ ဘယ်နှခါရှိပြီလဲ၊ မမှတ်သေးဘူးလား”

လင်းလင်းက လူကြီးသူမလေးလို ပြောလိုက်လေသည်။

မငြိမ်းယဉ် ခပ်လိုက်သော နံ့သာဖြူ ယပ်တောင်စုတ်လေးအဖျားမှ လေပူသာ ထွက်လာလေသည်။ လေအေးထွက်လာအောင် မန်းမှုတ်နိုင်တဲ့အဆောင် မျိုး ရောက်လာနိုင်တဲ့ တန်ခိုးသိဒ္ဓိများရရင် ဘယ်လောက်ကောင်းမလဲ။

ဆရာကြီး ရွှေဒေါင်းရေးတဲ့ ကိုယ်တွေ့မှတ်တမ်းထဲမှာတော့ နေ့ခင်း နေ့ပူကျဲကျဲ လမ်းလျှောက်လာရာ မခံမရပ်နိုင် ပူလွန်းသဖြင့် အေးပါစေလို့ ခေါင်းကိုသပ်လိုက်သည်နှင့် သိသာထင်ရှားစွာ အေးသွားသော ခံစားချက်မျိုး တစ်မှုဟုတ်ချင်း ခံစားရသည်ဆိုပဲ။

စိတ်ဓာတ်၏ တန်ခိုးထက်မြက်မှုဖြင့် အရာရာတိုင်း စွမ်းဆောင်နိုင် ကြောင်းကို စိတ်ပညာရှင်များလည်း ပြောခဲ့သည်။

ဗုဒ္ဓ၏ သမထကျင့်စဉ်၌လည်း စိတ္တဝိသုဒ္ဓိစခန်းပေါက်သောသူတို့ သည် မြေလျှိုးမိုးပျံအထိ မဟိဒ္ဓိတန်ခိုး အမျိုးမျိုး ဖန်ဆင်းနိုင်သည်ဟု ကျမ်းစာ တွေမှာ ဖတ်ဖူးတာပဲ။

ဘဝမှာတွင် စိတ်တေလေ လွင့်ပါးနေသည့် အခိုက်တော့ နေလည်းပူ သောကလည်း ပူလှသည်။ လင်းလင်းက အနားလာကပ်ထိုင်သည်ကိုပင် မခံနိုင်။

“ကြီးဒွေးကော”

မငြိမ်းယဉ်ကို ချစ်တဲ့ သူတစ်ယောက်ပဲ ဆိုပါတော့။ မငြိမ်းယဉ် ငယ်ငယ်ကတည်းက ကြီးဒွေးလက်ပေါ်တွင် ကြီးခဲ့ရသည်။ ဟိုစဉ်တုန်းကတော့ ကလေးထိန်းပေါ့။ မငြိမ်းယဉ်က "ဂျီးဒွေး၊ ဂျီးဒွေး" ခေါ်ရင်း ကြီးဒွေးထဘီစကို တတန်းတန်း ဆွဲကိုင်ကာ တကောက်ကောက် လိုက်နေတတ်သည်။ ကြီးဒွေး အိမ်ထောင်ကျသည်အထိ ဥမကွဲ သိုက်မပျက် နေခဲ့ကြသည်။

"ဟိုမှာ ကြီးဒွေး"

လင်းလင်းက ခြံဝသို့ မေးငေါ့ပြလိုက်သည်။ ကြီးဒွေးသည် ဝဝတုတ်တုတ် ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင်သယ်ကာ အထုပ်တွေအပိုးတွေ တထုပ်တပိုးနှင့် မောကြီးပန်းကြီး ပြန်လာသည်။ မငြိမ်းယဉ်နှင့် လင်းလင်းတို့က ဖိနပ်ပင် မစီးနိုင်ဘဲ ခြံထဲပြေးဆင်းကာ ကြီးဒွေးကို ဝိုင်း၍ကြိုကြသည်။

"မပြောပါနဲ့တော့"

ကြီးဒွေးသည် မောနေပေမင့် အသံကို ခုနစ်မောင်း တင်ထားသည်။

"မပြောနဲ့တော့၊ မပြောနဲ့တော့"

လင်းလင်းက နောက်ပြောင်နေသည်။

"ကြားဖူးကြလားတော်"

"ကြားဖူးပါဘူး"

လင်းလင်းက နောက်ပြန်သည်။

"မနောက်စမ်းနဲ့၊ ငါ တကယ်စိတ်ဆိုးလာတာ၊ ဒီအသက်အရွယ်ကြီးရောက်မှ တကတည်း"

"ဘာဖြစ်လာတာလဲ"

မငြိမ်းယဉ်က ကြီးဒွေး၏ စိတ်ဆိုးနေသော မျက်နှာကို ကြည့်ရင်း ရယ်ချင်လာသည်။

"ဘတ်(စ်)ကားပေါ်မှာပေါ့၊ လူကြည့်တော့ဖြင့် လက်တောက်လောက် သားအရွယ် မြေးအရွယ်လေး၊ ငါ့နောက်နား မတရားကပ်ရပ်နေတည်းက ဒေါသထွက်နေတာ။ လူတွေကျပ်တာလည်း ကျပ်တာပေါ့၊ ဒါပေမဲ့ ငါ့နားအတင်းကပ်ရပ်လောက်အောင်လည်း မဟုတ်ပါဘူးတော်၊ ဘတ်(စ်)မှတ်တိုင်နား



ဆင်းခါနီးလည်းကျရော ကျုပ်ဖင်ကို ဆိတ်သွားလိုက်တာ တအားပဲ"

လင်းလင်းသည် ခွက်ထိုးခွက်လန် ရယ်မောနေသည်။ မငြိမ်းယဉ်က ပါ ရယ်လျက်…

"ဖြစ်မှဖြစ်ရလေ ကြီးဒွေးရယ်၊ ကြီးဒွေးက ဂျီထွားတော့လည်း မနေနိုင် မထိုင်နိုင် သွားရည်ယိုတယ် ထင်ပါရဲ့"

"မနေနိုင် မထိုင်နိုင်ဖြစ်ရင် အိမ်ပြန်ပြီး သူ့အမေ သူ့နှမကို ဆိတ်ပါလား၊ ခုတော့ ငါ့ကို နာလိုက်တာ၊ တောက်…ဘတ်(စ်)ကားပေါ်က ချက်ချင်းဆင်းသွားလို့ပေါ့၊ နို့မဟုတ်ရင် ပါးအကွဲပဲ၊ ငါက ရေရေလည်လည် ဆွဲတီးမှာ"

ကြီးဒွေးသည် အိမ်ရှေ့ဝရန်တာ ခုံတန်းတွင်ထိုင်ကာ နံ့သာဖြူယပ်တောင်စုတ်လေး ကောက်ကိုင်လျက် တဖျတ်ဖျတ် ခတ်နေပြန်သည်။

"ကားများ ရောင်းမပစ်ပါနဲ့၊ လင်းလင်းအတွက် ခက်တယ်၊ တစ်ယောက်တည်း အဖော်လည်း ရှိတာမဟုတ်ဘူး၊ လူတွေက သိပ်ရိုင်းစိုင်းတာပဲ၊ လူကြီးမှန်းမသိ လူငယ်မှန်းမသိ၊ ဘုန်းကြီးမရှောင်၊ မယ်သီလရှင်မရှောင်နဲ့ ဒီနေ့ ပြဿဒါးကို မလွှတ်ပါဘူး၊ မနက်ကလည်း သမဝါယမဆိုင်မှာ ရန်ဖြစ်ခဲ့ရသေးတယ်၊ သကြားအစိုတွေ အလေးလည်း မပြည့်ဘူး"

"နို့ဆီကော ရလား"

"ရတယ်၊ တစ်လုံးပဲ ရတယ်၊ ကောင်းကောင်း ရွေ့ချထား၊ အပြင်မှာ ရှစ်ကျပ်ဖြစ်တော့မယ်"

"ကော်ဖီ မသောက်ကြပါစို့နဲ့ ကြီးဒွေးရယ်"

"ငြိမ်းအတွက် ခက်တယ်၊ ထမင်းလည်း ဟုတ်တိပတ်တိ မစား၊ သက်သတ်လွှတ်ကလည်း စားသေး၊ ညကျ အလုပ်လုပ်တော့ ဆာတော့ ဒီကော်ဖီပဲ အားပြုရတယ်မဟုတ်လား၊ ကြီးဒွေးနဲ့ လင်းလင်းကတော့ ထမင်းပဲ၊ ဒီခန္ဓာကိုယ်ကြီးတွေကြည့်ရင် အင်း…အိမ်မှာ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဆိုတာ ဘယ်သူက ယုံမှာလဲ၊ ကြီးဒွေး ဆင်းရဲတယ်ပြောတော့ လူတွေက ရယ်မှာပဲ၊ သမီးငြိမ်းရဲ့ ကျေးဇူးကြောင့် ကိုချမ်းရော ကြီးဒွေးရော ထမင်းမငတ်ပါဘူး၊ မရှိ ရှိတာတော့ ကြံဖန်စားကြရတာပဲ"

ကြီးဒွေးက နှုတ်မှ တွတ်တွတ် တွတ်တွတ် ရွတ်ကာ မငြိမ်းယဉ်ကို မေတ္တာပို့နေပြန်သည်။

မငြိမ်းယဉ်သည် ကြီးဒွေး ဝယ်လာသော ပစ္စည်းပစ္စယများကို အိမ်နောက်ဖေးသို့သယ်ကာ ကြက်သွန်များ၊ ငရုတ်သီးခြောက်များ၊ ကုလားပဲ၊ အာလူး စသည်များကို သိမ်းဆည်းနေသည်။ လက်ဖက်စုံပစ္စည်းများကို ပုလင်းထဲထည့်တာထည့်ကာ လက်ဖက်သားကို ဆားနှင့်နယ်ကာ အရည်ညှစ်ပစ်ပြီး သံပုရာရည် ညှစ်ဆမ်းလျက် ဆီစိမ်လိုက်လေသည်။

"ဖယ်စမ်းပါ ကလေးရဲ့၊ ကြီးဒွေး လုပ်ပါ့မယ်"

"နေစမ်းပါ၊ နေပူတော့ သိပ်မောတာပဲ"

"မောတာတော့ မပြောနဲ့တော့၊ ဆေးလည်း တန်းစီတာ မရဘူး၊ အေဒီဗစ်က အတုတွေမှာစိုးလို့ အပြင်က မဝယ်ရဲဘူး၊ ကြီးဒွေးလည်း ငြိမ်းကို မျက်မှန်မတပ်စေချင်ပါဘူး၊ ရေကြည်ပဲ ခတ်တော့၊ ဗမာဆေးကျမ်းမှာ ပါတယ် မဟုတ်လား။

မျက်စိမှာရေကြည်၊

နားမှာဆီ၊

ဒန္တီမှာဆား၊

ဝမ်းမှာခါးတဲ့"

လင်းလင်းသည် ကြီးဒွေး၏ မျက်နှာကို လှမ်းကြည့်ပြီး...

"ဒန္တီဆိုတာ ဘာလဲ"

"သွား...သွားကိုပြောတာ၊ သွားကို ဆားနဲ့တိုက်တဲ့၊ ဆားပဲသုံးကြတော့၊ ပက်ဆိုဒန်က ၉ ကျပ်ခွဲ"

"ဟင်အင်း၊ ဆားက ငန်တယ်"

"ငန်ရင်လည်း သွားမတိုက်နဲ့တော့၊ အပုပ်ခံနေ၊ ငပုပ်ပြားခြောက်တွေလည်း ဈေးတက်ကုန်ပြီ၊ အတော်ပဲ"

"ဟင်...ကြီးဒွေးကလည်း သိပ်ညစ်ပတ်တာပဲ"

လင်းလင်းက ကြီးဒွေး၏ ခါးကို တို့ကာ ရယ်မောနေသည်။ ယောင်



တတ်သူ ကြီးဒွေးက 'ဟဲ့...သောက်ပလုတ်တုတ်' ဟု ယောင်ယမ်းကာ ခါးကို တွန့်လိုက်သည်။ မငြိမ်းယဉ်သည် လင်းလင်း၏ ခေါင်းကိုပုတ်ကာ ရယ်မောရင်း...

"ဝမ်းမှာခါးဆိုလို့ ညနေ ကြီးဒွေး ငါးပိရည်ဖျော်ရင် သဘော်ရွက်ကို ရေနွေးဖျောပါဦး"

"အမယ်လေး၊ ခါးလိုက်တာနော်၊ မငြိမ်းကလည်း အခါးတွေချည်းစားနေတာပဲ၊ ကြက်ဟင်းခါးသီးချက်ရော၊ ကြောင်လျှာသီးကြော်ရော၊ တမာရွက်ရော စိတ်ကုန်လိုက်တာ"

လင်းလင်းသည် ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောနေသည်။ ထို့နောက် လင်းလင်းက ဆက်၍...

"အဲဒီ ငါးပိရည်ကြီးလည်း မကြိုက်ပါဘူး"

"ငါးပိရည်က ဟင်းကောင်းသက်သာတယ် လင်းလင်းရဲ့၊ ပိုက်ဆံခြေတာရာရောက်တာပေါ့"

"ဒီလိုဆိုရင် ကန်စွန်းရွက်ကြော်ပါလားလို့၊ ဈေးထဲမှာ ကန်စွန်းရွက်က ဈေးအပေါဆုံးဆို၊ ဗမာပြည်ဟာ ကန်စွန်းရွက်ပေါတာ တစ်ခုတည်းနဲ့ကို ချစ်စရာကောင်းတယ်လို့ မငြိမ်းပဲ ပြောတာပဲ၊ ပြီးတော့ မငြိမ်းကြော်တဲ့ ကန်စွန်းရွက်ကြော်ကလည်း သိပ်ကောင်းတာပဲ၊ ပုစွန်ခြောက်လည်း ပါတယ်၊ အရောင်စိမ်းပြီး နုနေတာပဲ၊ တကယ်တော့ လင်းလင်း ကန်စွန်းရွက်ကြော် တစ်ခွက်တည်းနဲ့ ထမင်းစားနိုင်ပါတယ် မငြိမ်းရယ်"

တကယ်တော့ အဆင်းရဲဆုံး အချိန်တစ်ချိန်ပါပဲ၊ ရင်ထဲကြိတ်၍ ဝမ်းနည်းမိသည်။ ဘဝတစ်သက်တာတစ်လျှောက်လုံး ဒီလောက် တစ်ခါမှ ချွေတာဖူးပါဘူး။ မငြိုးခဲ့ဖူးပါဘူး။ မော်တော်ကားစီးပြီး ဆင်းရဲနေတယ်ဆိုတာ ဘယ်သူက ယုံမှာလဲ။ အထည်ကြီးပျက် ဆိုသော်လည်း တိုက်တစ်လုံး ကားတစ်စီး အခြေနှင့် အနေနှင့် ကျန်ရစ်ခဲ့သည်သာ။

ခရိုင်ဝန်၏ သမီးတစ်ယောက်အဖြစ် တစ်ချိန်တုန်းက ရွှေထီးဆောင်းခဲ့ရသောဘဝကို တမ်းတစရာမလိုဟုလည်း ထင်မိသည်။ နောက်ဆုံးတော့ ကိုယ့်

ဘဝ ကိုယ့်ဖာသာကိုယ် ဖန်တီးရတာပင်။ မိဘနှစ်ပါးစလုံးလည်း မရှိတော့။ မှီတွယ်စရာလည်း မရှိတော့ဘူးဆိုရင် အထီးထီးနိုင်လျက် ဘဝတစ်ခုကို ရှေ့ဆောင်ရသည်။

ကံကြမ္မာ၏ ဖန်တီးချက်သည် သိမ်မွေ့စွာ ရက်စက်သည်။ သို့ကြောင့် လောက၌ အကောင်းကိုချည်း မမျှော်မှန်းစေတာ၊ အလှကိုချည်း မမြင်စေတာ အခံသာဆုံးပင်။ အထီးထီးနိုင်သော ဘဝ၌ ဝေဒနာခံစားရာ တမြည့်မြည့်နှင့် ဖြင်းပြလာသည်။ စိတ်ဒဏ်ရာ ရလွယ်သလောက် မေ့ပျောက်လွယ်ပါစေ ဆုတောင်းရသည်။

□□□

## အခန်း(၅)

"ကြီးဒွေးရေ…သူနဲ့ဆုံတာ သုံးခါရှိပြီ၊ ဆုံတိုင်း ဘုရားမှာချည်းပဲ၊ အံ့သြစရာကောင်းလိုက်တာ"

"ဘုရားမှာ သုံးခါဆုံတယ်ပေါ့"

"ဟုတ်တယ် ကြီးဒွေးရဲ့၊ သုံးခါရှိပြီတဲ့၊ သူပြောမှပဲ ငြိမ်း သတိရတော့တယ်"

"ရွှေဝှလေးဘုရားမှာ တွေ့ခဲ့တဲ့ ချိုင်းထောက်နဲ့လူ ဆိုတာလား"

"အစစ်ပေါ့"

"နောက် ပုဂံက ဘာဘုရားပါလိမ့်"

"အာနန္ဒာဘုရားမှာ၊ အဲဒီတုန်းကလည်း မထင်မှတ်ဘဲ သွားတွေ့တာ၊ အဲဒီတုန်းက ဆရာလွင်လည်း ပါတယ်၊ သူက ငြိမ်းကို မှတ်မိနေတယ်၊ သူကပဲ စနှုတ်ဆက်လိုက်တယ် ထင်ပါရဲ့၊ ညောင်ဦး ဘိုတဲမှာ တည်းကြတာ၊ အခန်းချင်းကပ်လျက်ပဲ၊ ငြိမ်းက ဘုရားသမိုင်း လိုချင်တယ်ဆိုလို့တောင် ပုဂံမြို့ ထင်ရှားတဲ့ ဘုရားကြီး ၂၇ ဆူ သမိုင်းစာအုပ်တောင် ပေးလိုက်သေးတယ်"

"သူက ဘာလုပ်သလဲ"

"မသိပါဘူး ကြီးမွေးရယ်၊ သူကိုယ်သူ ဘယ်ဌာနမှာ ဘာလုပ်တယ်ရယ်လို့လည်း မပြောဘူး၊ သူ့မိတ်ဆွေတွေနဲ့ ခရီးထွက်လာတာလို့ ပြောတယ်၊ စာရေးဆရာတွေဆိုလား၊ ပန်းချီဆရာတွေဆိုလား၊ အရက်တွေ သောက်နေကြပေမယ့် သူကတော့ မသောက်ဘူး၊ ဆေးလိပ်တော့ တော်တော်ကြိုက်ပုံရတယ်"

ပြောရင်း ပြောရင်းနှင့် 'သူ'ကို တဖြည်းဖြည်း မှတ်မိလာသည်။

သူပေးထားသော လိပ်စာကိုလည်း ရှာလိုက်သည်။ ဟောင်းနွမ်းနေသော မှတ်စုစာအုပ်တွင် သူ့နာမည်မပါသော လိပ်စာကို ပဒုမ္မာလမ်း စမ်းချောင်းဟု ရေးထားသည့် လက်ရေးခပ်သော့သော့ကိုသာ တွေ့ရသည်။

တစ်ဖန် ဘုရားသမိုင်းစာအုပ်ထဲမှ တစ်စုံတစ်ယောက်ထံ ရေးသားထားသော သူ့လက်ရေးနှင့် တစ်ပိုင်းတစ်စ စာတစ်စောင်ကိုလည်း ဖတ်ခဲ့ရသည်။ ဒီစာကို လာယူနိုးနှင့် မငြိမ်းယဉ် မျှော်လင့်ခဲ့ရင်း မြောက်မြားစွာသော လများ နှစ်များကို ကျော်လွန်ခဲ့လေသည်။

*လူတွေမှာ အမှန်ကိုလုပ်ဖို့၊ အမှန်ကိုပြောဖို့၊ အမှန်ကိုတွေးဖို့ 'သစ္စာ' ဆိုတဲ့တရား သိပ်လိုအပ်နေတယ်ဗျ။ ရိုးဖြောင့်ဖြူစင်ပြီး ပွင့်လင်းတဲ့ နှလုံးသား ဘယ်သူ့ဆီမှာများ ရှိမလဲလို့ အမြဲရှာဖွေနေခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော်တည်းက ဆော့ခရေတီးတို့ဟာ အမှန်တရားအတွက် အသက်စွန့်သွားကြတာပဲ။*

*ခင်ဗျားတို့ ကျုပ်တို့တစ်တွေရဲ့ လက်ရှိလူနေမှုစနစ်ကို အမြစ်ကလှန်ရမှာပဲ။ လူတန်းစားတိုက်ပွဲတွေ နေရာတိုင်းမှာ ရှိနေဦးမှာပဲ။ လူတန်းစား တစ်စားနဲ့တစ်စား ကွာဟမှု ကွဲပြားမှုတွေကို တတ်နိုင်သလောက်နည်းအောင် လုပ်ပစ်ရမယ်လို့ လူတိုင်း သဘောပေါက် နားလည်ကြတာပဲဗျ။*

*ပစ္စုပ္ပန်မှာ ခင်ဗျား ဟောပြောတာ လူတွေ တော်တော်ပဲ သဘောကျကြတယ်။ ဒီလိုဖိနှိပ်မှုတွေ ကြီးစိုးလွှမ်းမိုးမှုတွေ တစ်သက်လုံး ခံနေရတော့မှာလားလို့ မေးတော့ လူတွေက မခံလို့ ဘာတတ်နိုင်မလဲ။ အင်အားမှ မရှိဘဲလို့ ခင်ဗျား ပြန်ဖြေခဲ့တယ်နော်။ ဒီတော့ အင်အားဆိုတာ ညီညွတ်မှုအပေါ်မှာ*



*တည်တာပဲလို့ ခင်ဗျား ဘာလို့ မဖြေခဲ့တာလဲ။*

*လူတချို့က ချမ်းသာတယ်၊ တချို့က စားရမဲ့ သောက်ရမဲ့ဘဝ ရောက်နေကြတယ်။ လူ့လောကဟာ ငရဲလေးတစ်ခုလို ထင်စေတတ်အောင် ဖြစ်နေတာဟာ ပစ္စုပ္ပန်ရာဇ်အရုပ် ခေါ်ရမတတ်ပဲ။ ဝမ်းနည်းစရာကောင်းတယ်ဗျာ။*

*ခင်ဗျားပြောတဲ့ 'ရေမရှိတဲ့ အိုးတို့နဲ့၊ ခြံရံတဲ့ရေပြည့်အိုးကြီး' ဥပမာတော့ တော်တော်သဘောကျမိတယ်ဗျ။*

*လူတို့သည် အရပ်ရှစ်မျက်နှာမှ ရေကို ယူလာကြ၍ ရေပြည့်သော ရေအိုးကြီးအတွင်းသာ လောင်းလျက် ရေမရှိသော အခြံအရံအိုးတို့အတွင်းသို့ ဘား မလောင်းမထည့်ဘဲ ရေခေါင်းပါးတယ်ဆိုတဲ့ အဖြစ်မျိုးဟာ ဆီလျော်ပါတယ် သူငယ်ချင်းရာ။*

*အချုပ်ဆိုရလျှင် ကပ်စထရို ပြောခဲ့တဲ့ စကားတစ်ရပ်လိုပေါ့ဗျာ။ 'ဘာကယ့်တော်လှန်ရေးဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ စိတ်ဆန္ဒ၊ ဒါမှမဟုတ် လူတစ်စုရဲ့ စိတ်ဆန္ဒကြောင့် ပေါ်ပေါက်လာတာ မဟုတ်ဘူး၊ တော်လှန်ရေးဆိုတာဟာ ရောဂါပျောက်အောင်ကုတဲ့ ဆေးတစ်မျိုးပဲ၊ ဟုတ်တယ်၊ အင်မတန်အဝင်ဆိုးတဲ့ ဆေးတစ်မျိုးပဲ၊ ဒါပေမဲ့ ဒီတော်လှန်ရေးဆိုတဲ့ ဆေးဟာ ရောဂါအပေါ်မှာ တည်တယ်၊ ရောဂါမြင့်လေ အဝင်ဆိုးလေပဲ' တဲ့။ ခင်ဗျားလည်း သိပါတယ်။*

*လူတစ်ယောက်ချင်းရဲ့ ရောဂါဆိုးတွေကို ကုပေးရတာထက် လူမျိုးအလိုက် ခံစားနေကြရတဲ့ ရောဂါဆိုးတွေကို ပျောက်အောင် ကုပေးရတာက ပိုအကျိုးရှိလို့ပါပဲဆိုတဲ့ ချီဂွေဗားရားစကားတွေကို ခင်ဗျားလည်း သိမှာပေါ့ဗျာ။*

*ခင်ဗျားအိမ်မှာ လာနေဖို့ ကျုပ်ကို ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ ကျုပ်အဖို့ကတော့ အိမ်မှာ တစ်မိနစ် မနေရရင် တစ်မိနစ် အေးချမ်းတာပဲ။ မရီးတော် မေမိရဲ့ ပကာသနအုပ်စုအခြေအနေက ဆိုးဝါးသထက် ဆိုးဝါးနေပြီဗျ။ ကျုပ်တူမလေးများ ဖြစ်ကြတဲ့ ကြည်ပြာတို့၊ မေဝါတို့ အနာဂတ်ရေးရာအတွက်တော့...*

စာက အဆုံးမသတ်။ ရုပ်ရှင်ကြည့်၍ကောင်းတုန်း တစ်ပိုင်းတစ်စတွင် ရပ်ထားသလို ဖြစ်နေသည်။ ဆက်ပြီး ဘာမှသိခွင့်မရ၊ သိရန်လည်း မလိုဟု အောက်မေ့ခဲ့ပြီး စာကို ပစ်ထားခဲ့သည်မှာ ကြာပေပြီ။

ဆီးဖြူသီးတွေ ဆန်ကောထဲ လိမ့်နေသလိုပင်။ တွဲမိသည့် ဆီးဖြူသီးတွေသာ တွဲမိမှာပေါ့။ တချို့များ ဆန်ကောအပြင်ဘက်သို့ပင် ခုန်ထွက်လွင့်စင်ကုန်သလား မသိ။ တစ်ခါတည်း မဆုံစည်းကြတော့။ ဘယ်သူတွေများ ကမ္ဘာ့အပြင်ဘက်ကို ရောက်ခွင့်ရကြပါလိမ့်။ ငါလည်း ကမ္ဘာ့အပြင်ဘက် ရောက်သွားရင် ကောင်းမှာပဲဟု ကလေးလေးတစ်ယောက်ပမာ တွေးမိသေးသည်။

အဲဒီကမ္ဘာမှာ နှလုံးသား ဖြူစင်တာရယ်၊ ရိုးဖြောင့်တာရယ်၊ သစ္စာရှိတာရယ်ပါ အပါခေါ်သွားမည်။ စိတ်ချမ်းသာပျော်ရွှင်မှုကိုရော ခေါ်မသွားချင်ဘူးလားမေးလျှင် ချက်ချင်းမဆိုင်းမတွ ခေါင်းညိတ်အဖြေပေးလိုက်မည်ပင်။

"မေဝါဆိုတာ လင်းလင်းတို့ကျောင်းက ကောင်မလေးလား"

လင်းလင်းက မေးလိုက်သည်။

"မသိပါဘူးကွယ်"

မငြိမ်းယဉ်သည် စိတ်နည်းနည်းရှုပ်သွားသည်။

"လင်းလင်းလိုပဲ ၉ တန်း၊ သူက အေမှာ၊ စာတော့ တော်တယ်၊ ရှစ်တန်းတုန်းက ဒီငါးလုံးတောင်ရတာ၊ အကမျိုးစုံ ကတတ်တယ်၊ ယိုးဒယားရော၊ ကဗျာလွတ်ရော၊ နှစ်ပါးသွားရော၊ ဂီတာလည်း တီးတတ်တယ်၊ ကျောင်းကပွဲတွေမှာ နာမည်ကြီးပဲ၊ ခုတစ်လောတော့ အင်းလျားလိပ်ဟိုတယ်က ဒိုမီနိုကိုကလပ်မှာ အကသင်နေတယ်တဲ့"

"ဘယ်လို အကမျိုးလဲ"

ကြီးမွေးက မေးနေသည်။

မငြိမ်းယဉ်ကတော့ စိတ်မဝင်စားလှ။ လက်လေးလုံးမျှသာ မြင့်သော ဗီသနိုးမိဖုရားခေါင်းပုံကိုဆွဲသော ပုံတူက မတူသဖြင့် စိတ်ညစ်နေသည်။ ပေါင်းနွမ်းနေသော ဗီသနိုးမိဖုရားရုပ်တု၏ စဉ့်ဖတ်များ ကွာကျနေသည့် ဗီသနိုးမိဖုရား၏ ခေါင်းပုံကို ငေးကြည့်ပြီး…



"သိပ်ခေတ်ဆန်တာပဲ၊ ခေါင်းကလည်း ဘီးဟိုက်နဲ့ နားဆွဲကလည်း ပါသေးတယ်၊ သူ့ရုပ်မျိုးလေးနဲ့ ရိုးရိုးကရင် သိပ်ကြည့်ကောင်းမှာပဲ"

ရယ်မိသည်။ ကြီးမွေးကတော့ စပ်စပ်စုစု အတင်းမေးနေပြန်သည်။

"ဘယ်လိုအကလဲ၊ လင်းလင်း ကတတ်လား"

"ကျောင်းမှာ သူငယ်ချင်းတွေ ကတာတော့ တွေ့ဖူးတယ်၊ ခေါင်းရော လက်ရော တစ်ကိုယ်လုံး လှုပ်နေတာပဲ၊ ဟောဒီလို"

ကြီးမွေးသည် လင်းလင်းကို ငေးမောကြည့်ရင်း…

"ဟင်…နှင့်ဥစ္စာကလည်း လှုပ်ရုံမကဘူး ခါနေတာပဲ"

"ဘာလဲ ကြီးမွေးရဲ့၊ ကဆိုလို့ ကလည်းပြရသေးရဲ့"

လင်းလင်းသည် ကြီးမွေးကို တွန်းပစ်လိုက်သည်။ ကြီးမွေးက ဟသောသော ရယ်မောနေသည်။ မငြိမ်းယဉ်က စုတ်တံကို ဆေးခွက်ထဲ နှစ်လိုက်ကာ…

"ရက်ကယ်ဝက်(ချ်) ကသလိုလား"

"ရက်ကယ်ဝက်(ချ်) ကတာ လင်းလင်းမှ မသိဘဲနဲ့"

"ကြီးမွေး ကပြလိုက်စမ်းပါ"

မငြိမ်းယဉ်သည် ပြောရင်း စိတ်လက်ပေါ့ပါးစွာ ရယ်မိလေသည်။ လင်းလင်းက…

"ကြီးမွေးက အဲဒီမင်းသမီး ကတာ ကြည့်ဖူးလို့လား"

"ကြည့်ဖူးပါ့တော်၊ ညည်းအမေက ကျုပ်ကို အင်္ဂလိပ်ဘိုင်စကုတ် ကြည့်ဖူးရင် လိုက်ခဲ့ဆိုလို့ ခေါ်ပြတာပေါ့၊ မင်းသမီးကလေး အရပ်ရှည်ရှည် ကလန်ကလားလေး၊ ကလိုက်တာတော် မီးက မှိန်တစ်လှည့် လင်းတစ်လှည့်၊ သူကလည်း ကိုယ်ကို ဆန့်လိုက် ကွေးလိုက် လိမ်လိုက်နဲ့ ရှေ့ကကောင်တွေကလည်း အမျိုးစုံ အော်လိုက်တာလေ၊ 'ဟဲ့' 'ဟယ်' နဲ့ ကျုပ်မှာ ကြည့်ရတာလည်းရှက်၊ အော်တာလည်းရှက်နဲ့ ဒုက္ခတွေရောက်လိုက်တာ"

"တကယ်နှာပွတယ်"

လင်းလင်းက မှတ်ချက်ချလိုက်သည်။ လင်းလင်းက ကလေးပြော

ပြောပေမယ့် လင်းလင်းပြောတာလည်း မဆိုးပါဘူး။ လူတွေ ပျက်စီးခြင်းအကြောင်းတရားထဲမှာ အိပ်ရာထက် မွေ့လျော်ခြင်းကိစ္စကို ရှေ့တန်းတင်ခြင်းပင် ဖြစ်လေမလား။ လူ့ဘဝ၌ မျိုးဆက်ပြန့်ပွားခြင်းသည် အရေးကြီးသည် မှန်သော်လည်း လူသည် တိရစ္ဆာန်ထက် မြင့်မြတ်သောသတ္တဝါ ဖြစ်သည်ဆိုသောအချက် မေ့လို့မရ။

ဗုဒ္ဓဘုရားကိုယ်တိုင်လည်း ဟောခဲ့ဖူးတာပဲ။ အိပ် စား ကာမ ဤသုံးဝပဲ ရှိသူဟာ နွားနှင့် မခြားဘူးတဲ့။ ရုပ်ရှင်ကြည့်တဲ့နေ့က တိုက်တိုက်ဆိုင်ဆိုင် မိတ်ဆွေအမြောက်အမြားနှင့် တွေ့ခဲ့သည်။

လေးစားတတ်သူများက 'ဩော်…ဆရာမ' ဟု တရိုတသေ နှုတ်ဆက်သည်။ မငြိမ်းယဉ်၏ တန်ဖိုးနားမလည်သူတချို့ကမူ သေးနုပ်သောအမူအရာနှင့် မငြိမ်းယဉ်၏ တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း အပြုံးတစ်မျိုးနှင့် နှုတ်ဆက်သည်။

သည်တော့ ရက်ကယ်ဝက်(ချ်)အလှကို ဘယ်လိုမြင်နိုင်သလဲ။ မိန်းမတစ်ဦး၏ လုံးတီးပုံကို ပန်းချီဆရာတို့၏ အနုပညာစစ်စစ်မျက်စိနှင့်ကြည့်လျှင် အပြစ်ကင်း၍ ဖြူစင်သော အလှတစ်ရပ်ကို မြင်နိုင်မည်ထင်သည်။ သည်လိုမြင်တတ်အောင် ဖြစ်လာဖို့ရာကလည်း လွယ်ကူမည် မထင်ပေ။

မငြိမ်းယဉ် ဖတ်ဖူးသော ဝတ္ထုတချို့ထဲမှ စကားသက်သေများကို မြင်တွေ့ရပြန်တော့ ငါ့အတွေးအခေါ်နဲ့ တူလှချည်လားဟု ကျေနပ်အံ့ဩရသည်။

အလှကို မမြင်နိုင်တဲ့သူဟာ အချစ်ဆိုတာကော ရှိပါ့မလား။ တောထဲက တိရစ္ဆာန်တွေဟာ နေထွက်လာတာ၊ လတက်လာတာ၊ မိုးပေါက်တွေကြဲချတာ၊ သစ်ပင် သစ်ရည်တက်လာတာနဲ့ ရင်းနှီးပေမယ့် အလှကို မမြင်ကြဘူး။ အချစ်ဆိုတာ မရှိဘူး။ တပ်မက်တာ ကိုယ်လက်ရင်းနှီးတာပဲရှိမယ်။ တိရစ္ဆာန်လောကမှာ သစ္စာတရားဆိုတာ မရှိပါဘူး။

နောက်တစ်မျိုးဆိုထားတာ သတိရပြန်တော့ မငြိမ်းယဉ် အားတက်မိပြန်သည်။

စေတနာထားတယ်၊ အကြင်နာထားတယ်၊ ကရုဏာထားတယ်ဆိုတဲ့



အခါကျရင် ချစ်မိပြီပေါ့။ မြတ်နိုးမှုက ဆင့်လောင်းလာတဲ့အခါ အိပ်မောကျနေခဲ့တဲ့ နှလုံးသားကို နှိုးလိုက်မိပြီးသား။ အသားစိုင်အသားခဲထဲမှာ ဘယ်လိုမှ မတွေ့နိုင်တဲ့ အချစ်မျိုးက ပိုလို့လေးနက်တယ်။ ကွယ်လည်း မကွယ်ပျောက်ဘူးတဲ့။

ထို့ပြင်…

ယောကျ်ား၊ မိန်းမ ကြုံကြိုက်လို့၊ အခြေအနေကပေးလို့ တပ်မက်တာ၊ ရင်းနှီးတာလောက်ကို အချစ်လို့ ခေါ်လိုက်လျှင် မိန်းမတစ်ယောက်သည် ယောကျ်ားပေါင်းများစွာကို မကြာခဏ ပြောင်းလဲချစ်နိုင်ပြီး ယောကျ်ားသည်လည်း မိန်းမပေါင်းများစွာ ပြောင်းလဲချစ်နိုင်သည်။

အချစ်ဆိုတဲ့ တရားကို ယုံကြည်ကိုးကွယ်မိတာ မငြိမ်းယဉ်ရဲ့ အမှားတစ်ရပ်လား။ အချစ်ဆိုတာ အင်မတန် ခမ်းနားကြီးကျယ်တဲ့ အလှတစ်ပါး။ လူ့ဘဝရဲ့ သစ္စာတရားဟု တင်စားကြတာကို အားကျလှသည်။

သည်လိုစကားမျိုးတွေပြောတိုင်း ကိုလွင်မောင်က 'မိငြိမ်းက ကလေးပဲ' ဟု ရယ်မောနေတတ်သည်။ သဘာဝမကျဘူးဟု လှောင်ပြောင်တတ်သည်။ ကွယ်လွန်သွားသူ ကိုအောင်ထက်နှင့်ကျတော့ စကားအခြေအတင် ပြောခွင့်မရလိုက်။ သည်တုန်းကတော့ မငြိမ်းယဉ် ငယ်နုလှသေးသည်။

ကံမကောင်းသူဟု ကိုယ့်ဖာသာကိုယ် တွက်ဆဖို့သင့်ပါလျက်နှင့် 'မျိုး' ကိုလည်း ဒီလိုစကားမျိုးတွေ ပြောမိပြန်သည်။ မျိုးကိုတော့ ဒီလိုစကားမျိုးတွေနှင့် အနီးစပ်ဆုံးဟု ထင်လိုက်မိသည်။ စကားပြောလို့ အကောင်းဆုံးချစ်သူဟု စိတ်ကူးအလှနှင့် တင်စားမိသေးသည်။

တဒင်္ဂပမျှသာ။ နောက်ဆုံးတော့ လေဘောလုံးကို အပ်နှင့် ဖောက်လိုက်တော့ ရုတ်ချည်းလေလျော့သွားသလိုပါပဲ။

ဘာမှအရာမထင်ပါဘူး။ မမြဲပါဘူး။ ဖြစ်ရင်း၊ တည်ရင်း၊ ပျက်ရင်း ဖောက်ပြန်တဲ့ တရားကို သိပင်သိငြားလည်း ပါရမီမရင့်သူမို့ မျက်နှာလွှဲမိသည်။ အဝိဇ္ဇာအကြောင်းကြောင့် သင်္ခါရ ဆိုသည်ကိုလည်း သိသင့်လျက်နှင့် အသိခေါက်ခက် အဝင်နက်လှသည်။

သို့သော် လူ့ဘဝတွင် အဓိကအကျဆုံးသော အရာကား အဘယ်နည်း။

ခန္ဓာကိုယ် ခိုင်ကျည်တည်တံ့ဖို့ အရေးအတွက် အစား စားရသည်။

အပူအအေး မှုတရန်နှင့် အရှက်လုံရန်အတွက် အဝတ် ဝတ်ရသည်။

မိုးလုံရန်သော်လည်းကောင်း၊ နေပူခံရန်သော်လည်းကောင်း၊ နှင်းပေါက်ဒဏ် ကာကွယ်ရန်သော်လည်းကောင်း နေစရာ အိမ်ဆောက်ကြရသည်။

"မိန်းမ ယောကျ်ား မပေါင်းစည်းဘဲ ရက်ပေါင်းများစွာ နေလို့ရတယ်၊ ထမင်းမစားဘဲ တစ်ရက်နေလို့ မရဘူး"

ဆိုသော လူပြိန်းလည်း နားလည်လွယ်သော အဆိုပြုချက်ကိုတော့ မငြိမ်းယဉ်က သဘောတူမြဲသာ။ လူနည်းစုအဖို့ ထမင်းတစ်နပ် အရေးမကြီးသော်လည်း လူများစုအတွက် အဘယ်မျှ အရေးပါ အရာရောက်သည် ဆိုသည်ကို မငြိမ်းယဉ် စဉ်းစားသဘောပေါက်မိသည်။

သို့နှင့် ကိုယ်ကျိုးစွန့်လွှတ်ခြင်း သဘာဝရှိသော ပရဟိတလုပ်ငန်းကို စိတ်ပါဝင်စားလာမိသည်။

သည်လုပ်ငန်းတွင် ဝိညာဉ်ချင်း ဆက်သွယ်သည်ဆိုသော အကြောင်းတရား ပါဝင်ခွင့် မရဘူးလား။

*အချစ်ကတော့ ဝိညာဉ်နဲ့သာ ဆက်သွယ်တယ်။ ကိုယ်ကာယနဲ့ ဆက်သွယ်တာ မဟုတ်ဘူး၊ ပြောင်းလွဲခြင်းဆိုတာ သဘာဝရဲ့ နိယာမ သဘောတရားသာ ဖြစ်တယ်။ ဝိညာဉ်ရဲ့ သဘောတရားမဟုတ်ဘူး။ ဝိညာဉ်ရဲ့ ဆက်သွယ်မှုကတော့ ဘယ်တော့မှ ပျက်စီးပျောက်ကွယ်သွားတယ်လို့ မရှိဘူး။*

ဆိုတာတွေကို လူတွေ နားလည်အောင် ဘယ်လိုပြောရမည်လဲ။

ဝိညာဉ်ချင်း ဆက်တယ်ဆိုတာလည်း လင်မယားချစ်သူတွေသာ မဟုတ်ပါ။ သားနှင့်အမိ၊ မောင်နှမ၊ သိပ်ချစ်ကြတဲ့ သူငယ်ချင်း မိတ်ဆွေတွေမှာလည်း ဖြစ်တတ်တဲ့ သဘောတရားပေပဲ။

အစိမ်းသေ သူငယ်ချင်းတစ်ဦးဟာ သူ အင်မတန်ခင်တဲ့ မိတ်ဆွေရောင်းရင်းကို ကိုယ်ထင်ပြသလိုပေါ့။ မအေသေရင် ကလေးစိတ်ဆင်းရဲမှာ



စိုးသဖြင့် အလွမ်းပြေ ချည်မျှင်ကို မအေ့ကိုယ်နဲ့ အညီအမျှတိုင်းပြီး ကြိုးကွင်းလုပ်ကာ...

"မေမေ့ကိုယ်စား ထားခဲ့တယ် သား"

ဟု ဆိုလျက် ကလေးလည်ပင်းတွင် စွပ်ပေးခဲ့ရသည့်သဘောလည်း ရှိသားပင်။

ထို့နောက် အိပ်မက်ထဲတွင် မကြာခဏ မြင်နေရသော ကွယ်လွန်သွားသူ 'ဖေဖေ' ကို သတိရသည်။ ရုတ်တရက် ကားမှောက်သဖြင့် ပွဲချင်းပြီးသေဆုံးသွားခဲ့သော ဖေဖေကို မကျွတ်ဘူးထင်ပြီး မကြာခဏ ဘုန်းကြီးပင့်၍ ဆွမ်းကျွေးရသည်။ ကုသိုလ်ဒါနပြုတိုင်း အမျှအတန်းဝေရသည်။

□□□

## အခန်း(၆)

***စွန့်လွှတ်ခြင်းဟာ စမ်းသပ်မှုပဲ။ လူတစ်ယောက်ဟာ အများအကျိုးအတွက် အကုန်စွန့်လွှတ်ပြီဆိုရင် သူဟာ စိတ်ချရတဲ့လူတစ်ယောက်ဖြစ်ပြီး၊ စွန့်လွှတ်မှု မရှိဘဲနဲ့တော့ ဘယ်သူ့ကိုမှ အယုံအကြည် မရှိပါနဲ့။***

***Renunciation is the test.***

***If a man renounces all that he has for the sake of others, then that man can be trusted. Without renunciation trust none.***

'လာလှည့်ချစ်သူ' ထဲမှ ပါး(လ်)ဘတ်၏ အဆိုစကားကို သဘောပေါက် နားလည်မိသည်။ တကယ်တော့ စိတ်နှလုံးကောင်းသူအဖို့ကတော့ လူတစ်ဦးတစ်ယောက်အတွက်ပဲဖြစ်ဖြစ်၊ လူတစ်စုအတွက်ပဲဖြစ်ဖြစ်၊ လူအများအတွက်ပဲဖြစ်ဖြစ် ကိုယ်ကျိုးစွန့်လွှတ်ရန် ဝန်လေးနေမည်မထင်။

စိတ်နှလုံးကောင်းသူတို့သည် ရိုးဖြောင့်ဖြူစင်သော ဝိညာဉ်ရှိနိုင်ပါသည်။ သစ္စာကိုလည်း ဦးထိပ်ရွက်နိုင်လိမ့်မည် ထင်ပါသည်။ ထိုသို့သောသူမျိုးတို့သည် ဤလောက၌ ရှားရှားပါးပါး ဖြစ်ထွန်းခဲ့သည်ဆိုလျှင်တော့ ဝမ်းနည်းစရာပင် အတ္တအယောင်တွေ ပေါ်တတ်သည်ကိုလည်း သတိထားရမည်ဖြစ်သည်။



သို့နှင့်ပင် သန့်စင်သော ဝိညာဉ်နှစ်ခု ခလုတ်တိုက်မိကြတာပဲ။

အစက မမှတ်မိပေမင့် မှတ်မိပြန်တော့လည်း အကုန်တောက်လျှောက်ပြန်မှတ်မိနေသည်။ 'သူ' နှင့် ပတ်သက်သော အကြောင်းအရာ ဟူသမျှတို့သည် မြင်ကွင်းကျယ် ငွေရောင်ပိတ်ကားပေါ်တွင် မြင်ရသည့်ပမာ ပီပြင်ထင်ရှားလာသေသည်။

"မမစိမ်းရေ..."

"ကြီးဒွေးရေ...ဒီမှာ ကြည့်စမ်း၊ ငြိမ်းကို ကြည့်စမ်း၊ ငြိမ်း ဒီကထွက်လို့လည်းရတယ်၊ ဝင်လို့လည်းရတယ်"

မငြိမ်းယဉ်၏ ရွှင်လန်းပေါ့ပါးသော ရယ်သံသည် လိုဏ်ဂူအတွင်းဝယ် ဆေညံနေသည်။ ၁၆ နှစ်သာသာအရွယ်မို့ ကလေးအမူအရာလည်း မပျောက်သေးဘဲ လူကြီးသူမပမာ အပျိုလည်း လုပ်ချင်လျက် ဆံထုံးထက်တွင် သရဖီပန်းကုံး ရစ်ပတ်ကာ မွှေးပျံ့သင်းထုံနေသည်။

စကားဝါရောင် နိုင်လွန်အင်္ကျီလက်ရှည် အနက်ခံတွင် အဝါပုလဲဖောက်လျက်ရှိသော ရခိုင်ထဘီ၊ အနက်ရောင် လည်စည်းကို ကပိုကရိုစည်းထားသော မငြိမ်းယဉ်သည် သူဝတ်ဆင်ထားသော အဝတ်အစားနှင့် သူ့အပြုအမူမှာ လုံးဝမလိုက်ဖက်။

"မမစိမ်း၊ ငြိမ်းကို မီအောင်လိုက်လေ"

"မလိုက်ချင်ပါဘူးဟယ်၊ မောလွန်းလို့ရှိရတဲ့ကြားထဲ"

မငြိမ်းယဉ်နှင့် ရုပ်ချင်းမဆင်လှသော်လည်း လုံချည် အင်္ကျီ ဆင်တူနှင့် မစိမ်းယဉ်သည် ဣန္ဒြေရရနှင့် ဘုရားလိုဏ်ဂူတွင်း၌ ပတ်လျှောက်နေသည်။

"ဘုရားတွေက အများကြီးပဲ၊ ဘုရား ဘယ်နှဆူရှိသလဲ မမစိမ်းရေကြည့်သေးလား"

"၆၅ ဆူ ရှိပါတယ်၊ အစ်မတော်ဖုရားရဲ့၊ ငြိမ်း ရေကြည့်ပြီးပါပြီနော်၊ ကြီးဒွေး စောစောက ငြိမ်းရေတာ ၆၅ ဆူ မဟုတ်လား"

မငြိမ်းယဉ်သည် နှုတ်သွက်လှသည်။ ကြီးဒွေးကတော့ တူမချောကို ငေးကြည့်ရင်း ပြုံးလျက်...

"ငြိမ်းရယ် ဂူပေါက်တွေကို ထွက်လိုက် ဝင်လိုက်နဲ့ မမောသေးဘူးလား"

"ဟင့်အင်း၊ ငြိမ်း ပျော်တယ်"

သည်လိုနှင့် မငြိမ်းယဉ်သည် ရွှေဂူလေး ဘုရားဂူပေါက်တွေကို ထွက်လိုက် ဝင်လိုက် ကစားသလို လုပ်နေရင်း မဟာစေတီဘုရားဘက်ရှိရာ ဂူတံခါးပေါက်အကြီးတွင် တစ်စုံတစ်ယောက်သောသူနှင့် တိုက်မိတော့သည်။ ဖြောင်းခနဲ တုတ်တံတစ်ခု ကျသွားသောအသံနှင့်အတူ လူတစ်ယောက် မချိတင်ကဲ နာကျင်သော ဝေဒနာနှင့် 'အား' ဟု ကြောက်ခမန်းလိလိ အော်သံကြားရပြီး ဂူတံခါးဝတွင် လဲကျသွားလေသည်။

"ငြိမ်း…ကျ…ကျွန်မ မတော်လို့…"

မငြိမ်းယဉ်သည် ထိုသူ့အား ခြေမကိုင်မိ လက်မကိုင်မိ ပျာပျာသလဲ အမူအရာနှင့် တောင်းပန်လိုက်လေသည်။ ချိုင်းထောက် လွင့်သွားကာ လဲကျနေသော ထိုသူကား စကားပြန်မပြောနိုင်။ နာကျင်ပြင်းပြသော ဝေဒနာနှင့် ညာဘက်ဒူးကို လှမ်းကိုင်သောလက်သည် တဆတ်ဆတ် တုန်နေသည်။ သူ့နဖူးတွင် ဆီးကင်းခန့်ပမာဏ ချွေးများသီးလျက် နှုတ်ခမ်းတွေမှာ ဖျော့တော့နေသည်။

မငြိမ်းယဉ်သည် ထိုသူ့အနီးတွင် ဒူးထောက်ထိုင်ချဆဲ လူတွေဝိုင်းအုံကာ ရောက်လာကြသည်။ အသက် ၃၀ နီးပါးခန့် လူတစ်ယောက်က…

"ဟော့…ကလေးမ၊ ဘယ့်နှယ်လဲကွ၊ မင်းက မသန်စွမ်းတဲ့လူကို ဝင်တိုက်တာ တော်တော်ရိုင်းပါလား"

ကျားဟိန်းသလို ဟိန်းလိုက်လေသည်။ မငြိမ်းယဉ်သည် ဒေါသထွက်ကာ…

"ကျွန်မ မရိုင်းပါဘူး၊ မတော်လို့ပါ"

သို့အချီအချပြောနေကြဆဲ မငြိမ်းယဉ်ဘက်မှလည်း ဖေဖေ၊ မေမေ မမစိမ်းနှင့် ကြီးဒွေးတို့ ရောက်လာကြသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"



ဟု မေးကြမြန်းကြသည်။ မငြိမ်းယဉ်လည်း ဘာမပြောညာမပြောနှင့် မစိမ်းယဉ်၏ လည်ပင်းကို လှမ်းဖက်ပြီး ငိုလိုက်သည်။

"ကျွန်တော်နဲ့ သူနဲ့ တိုက်မိကြလို့ပါ၊ ကိစ္စမရှိပါဘူး၊ ကျွန်တော့်ဒဏ်ရာက ပျောက်သွားမှာပါ၊ ရုတ်တရက်မို့ ခံလိုက်ရတာပါ"

သူက အေးဆေးသော အမူအရာနှင့် ဝင်ရှင်းသည်။ ထို့နောက် သူ့အစ်ကိုဖြစ်ဟန်တူတဲ့ ခက်ထန်မာကျောသည့်လူ၏ အကူအညီနှင့် မတ်တတ်ရပ်ပြီး ချိုင်းထောက်နှင့် ပြန်ထောက်လိုက်သည်။

မငြိမ်းယဉ်၏ ဖေဖေက…

"အန်ကယ်တို့မှာ ကားပါလာတယ်၊ တူမောင်ကို ဆေးတိုက်ပို့ပေးပါရစေလား"

"နေပါစေ၊ သက်သာပါပြီ"

သူက ပြောလိုက်သည်။ ဖေဖေက…

"အန်ကယ်က ဒီစီ ဦးလှရီပါ၊ ဒီမြို့နယ်နဲ့ ပတ်သက်တဲ့ အကူအညီများလိုရင်…"

ပြောရင်း လိပ်စာကတ်ပြားကို ထုတ်ပေးလိုက်သည်။ သည်တော့မှ မျက်နှာထား မာကျောသော လူကြီးက ပြုံးဖော်ရလာလျက်…

"ကျွန်တော်ကတော့ ဆည်မြောင်းဌာနက သိန်းအောင်ပါ၊ ရန်ကုန်မှာ သူကတော့ ညီစစ်အောင်ပါ၊ ဒါကတော့ ညီဝမ်းကွဲ မောင်မြတ်စိုးပါ၊ အိုင်စီအက် ဦးတင်အောင်ရဲ့သား သူတို့နှစ်ယောက်စလုံး ရန်ကုန်တက္ကသိုလ်ကပါ"

သူတို့အားလုံး ထွက်ခွာသွားသည်အထိ မငြိမ်းယဉ်သည် ငြိမ်သက်ကာ ကြက်သေ သေနေသည်။ ကျောက်ရုပ်လေးတစ်ရုပ်ပမာ အသက်ရှူရန်ပင် မေ့လျော့လျက် မစိမ်းယဉ်၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ကျန်ရစ်သည်။

"စစ်အောင်၊ မင်းဦးလေးကြီးရှိန်နဲ့ ပျဉ်းမနားလိုက်ဖို့ကိစ္စ ဘယ်လိုလဲ၊ ဒီတိုင်းဆို ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် အစ်ကိုစိုး၊ ဖြစ်ရမှာပေါ့"

သူက မဆိုင်းမတွ အဖြေပေးသည်။ သူနှင့် ဘေးချင်းယှဉ်လျှောက်လာသော ကိုမြတ်စိုး ဆိုသူကတော့ ခေါင်းကို ခါရမ်းလျက်…

"မင်း ခြေထောက်ဒဏ်ရာကြီးနဲ့ကွာ"

"ဒီလိုပဲ လုပ်ရင်းကိုင်ရင်း ပျောက်သွားမှာပေါ့ဗျာ၊ အလုပ်ကို မပျက်မကွက်စေချင်ဘူး၊ အကြောင်းတစ်ခုခုကြောင့် နောင့်နှေးသွားတာမျိုးလည်း မဖြစ်စေချင်ဘူးဗျ"

ဩဇာရှိသော အသံနှင့် ပီသသော စကားလုံးတို့သည် ကုံကော်ပင်အောက်တွင် ဖိတ်ကျလွင့်စင်ခဲ့လေသည်။ ချိုင်းထောက်ကို အားပြုလျှောက်သွားသောသူ့ကိုယ်သည် ခပ်တောင့်တောင့်နှင့် မတ်နေဆဲပင်။

မငြိမ်းယဉ် ငယ်စဉ်တုန်းကတော့ ဘာမှခွဲခြားသိတတ် နားလည်ခြင်းမရှိ။ သာမန်မိန်းမငယ်တို့ ထားလေ့ရှိသော သဘောထားအတိုင်းပင်။

"နှစ်ယောက်စလုံး ရုပ်လှတယ်၊ ကိုမြတ်စိုး ဆိုတဲ့လူက ပိုတောင်ကြည့်ကောင်းသေးတယ်၊ ပြီးတော့ ကောလိပ်ကျောင်းသားတွေတဲ့၊ ကိုစစ်အောင် ဆိုတဲ့လူကလည်း သူ့ခြေထောက်နာအောင် တိုက်မိတာတောင် စိတ်မဆိုးဘူး၊ တော်တော်သဘောကောင်းတဲ့လူ၊ သူ့အစ်ကိုကသာ အရမ်းဒေါ်ပွနေတာ"

တောင်ကမူပေါ်များမှ ထန်းပင်တို့သည် လေတွင် လှုပ်ယိမ်းကမိုးပြာပြာကို မထိတထိနှင့် ကလူကျီစယ်နေကြဟန်ထင့်။ ထိုသူတို့သည် ချောင်းကလေးတစ်ခုကို ဖြတ်ဆောက်ထားသော သစ်သားတံတားကို ဖြတ်ကျော်သွားကြလေသည်။ ချောင်းအောက်မှ ရေတို့သည် ခန်းခြောက်စပြုလျက် ဟိုတစ်ကွက်သည်တစ်ကွက် ဖြစ်နေကြလေသည်။

□□□

## အခန်း(၇)

သည်ကမ္ဘာလောကဌ် မငြိမ်းယဉ် ကြည်ညိုလေးစားသော၊ မြတ်နိုးကိုးကွယ်သော ပုဂ္ဂိုလ်ကြီးများကို တွေးကြည့်မိတိုင်း ဘဝအဆက်ဆက်ကအမေများ၊ အစ်ကိုများ၊ မောင်များ ဖြစ်လိမ့်မည်ဟု စိတ်ကူးအလှနှင့် ယုံကြည်မိခဲ့ပင်။

ဟိုချိမင်းတို့လူစုသည် တောကြီးမျက်မည်းအတွင်း ကိုယ့်ရိက္ခာကိုယ်ထမ်းလျက် မိုးရွာရွာ နေပူပူ ခြေကျင်လျှောက်ကြရသည်။ ဟိုချိမင်းသည် ဖျားနာတွေထမ်းကာ အများတကာနည်းတူ လျှောက်သည်။ နှစ်ရက် သုံးရက်ခန့် လျှောက်မိသောအခါ သူ့ခြေဖဝါးတွေ ဖူးရောင်လျက် သွေးထွက်နေသည်ကို တွေ့ရသဖြင့် ခေတ္တနားနေကြသည်။ မနေ့ကတည်းက ဤသို့ဖြစ်နေသည်ကို သူ့ရဲဘော်များက သိသောအခါ ပစ္စည်းတွေ ဝိုင်းသယ်ပေးကြသည်။ သူက သက်မခံ။

"လောကကြီးမှာ ခက်ခဲတဲ့အရာရယ်လို့ ဘာမှမရှိပါဘူး၊ စိတ်ရှည်ဖို့အရေးကြီးတယ်၊ ခြေထောက်က သွေးထွက်တာ ထွက်ပစေပေါ့၊ နောက်တော့ နေသားကျသွားမှာပဲ၊ ကြောက်စရာမရှိပါဘူး"

ပြုံး၍ပြောပြီး ခရီးရှည်ကြီးကို အားခဲ၍ ဆက်လျှောက်ခဲ့သည်။ အစက ကျင့်သားမရှိသေးသဖြင့် လမ်းလျှောက်ရင်း ခြေထောက်သွေးထွက်ခဲ့သောသူသည် ယခုတော့ ခရီးဝေးကြီးများကို လျှောက်နိုင်ပေပြီ။

"ဟုတ်တယ်၊ နဂါးနဲ့ ကျားလိုကို လျှောက်နိုင်ပြီ"

ဟု အာမခံချက် ပေးနိုင်ပေပြီ ဖြစ်သည်။

မငြိမ်းယဉ် အားကျခဲ့တာ အမှန်ပင်။

မငြိမ်းယဉ်၏ တစ်ရွာဝင် တစ်ရွာထွက် ခရီးစဉ်တို့တွင် နိုင်မာသော ဖွဲ့နှင့် သတ္တိတို့က အထောက်အကူပြုခဲ့လေသည်။

လမ်းကြမ်းကြီးပေါ် မောင်းနှင်လာသော လှည်းက ဆောင့်လိုက်သောအခါ မငြိမ်းယဉ်၏ တစ်ကိုယ်လုံးသည် ကိုင်ရိုက်ထားသလို နာနေသည်။ ညအိပ်ပျော်နေစဉ်ပင် ကိုယ်လက်တို့မှာ ကိုက်ခဲနာကျင်နေသည်။

သည်တုန်းက မငြိမ်းယဉ်၏ ခံနိုင်ရည်ကို ဆရာတွေ၊ ဆရာမတွေရော ကျောင်းသားကျောင်းသူတွေရော အားလုံးအံ့သြနေကြသည်။

မငြိမ်းယဉ် နားတစ်ဖက်တွင် ဖုန်တွေဝင်ကာ ဖုန်များကား ထူထပ်သိပ်သည်းလျက် ချေးအဖြစ် မည်းနေသည်။ မငြိမ်းရင်၏ စိမ်းပြာပြာ အရိပ်ပွင့်ရိုက် ခေါင်းစည်းသည်လည်း ညစ်တစ်တစ်နှင့် မီးခိုးရောင်ဖက်လျက် ရှိနေသလိုပင်။ မငြိမ်းယဉ်၏ အညိုလဲ့လဲ့ နေကာမျက်မှန် မှန်သားသည်ပင် အရောင်နောက်နေသည်။

ဝါလဲ့လဲ့နှင့် ဝင်းပမြဲဖြစ်သော မငြိမ်းယဉ်၏ လက်မောင်းသားတို့သည် နေလောင်နေသဖြင့် ညိုရင့်ရင့်ဘက်သို့ လုနေသည်။ အင်္ကျီလက်ပြတ်ဝတ်တတ်သော မငြိမ်းယဉ်သည် အင်္ကျီချွတ်၍ ထဘီရင်ရှားလိုက်သောအခါ လက်မောင်းရင်းအတွင်းဘက်သားများ ဝါဝင်းနေပြီး လက်မောင်းဖျားမှ အရင်းထိ ညိုရင့်နေသည်။

ဖန်းနုရောင်ခြယ်သထားသော လက်သည်းတို့သည်လည်း ဝါကျင့်ကျင့်နှင့် အရောင်လွင့်နေသည်။

"မငြိမ်းက သိပ်လောဘကြီးတာပဲ၊ လှည်းလမ်းခရီးတွေသာ လျှောက်



သွားနေရင် ဘယ်နည်းတာမှ မဟုတ်ဘဲ၊ ပင်ပန်းမှာပဲ"

ဆရာဦးလွင်မောင်က အပြစ်တင်နေသည်။

လက်ထောက်ကထိက တစ်ယောက်ကို သူ့အထက်မှ ကထိကကြီးမိုးပုံမျိုးလည်းမဟုတ်။ ဆရာလွင်သည် တစ်လမ်းလုံး မငြိမ်းယဉ်ကို သူ့နမယ်ကို ကြိမ်းမောင်းသလို ပိုင်စိုးပိုင်နင်းနှင့် ဆူလာလေသည်။ စင်စစ်ကိုလွင်မောင်သည် မငြိမ်းယဉ်၏ ချစ်သူလည်း ဖြစ်ချေသည်တကား။

"ဆရာကလည်း လှည်းနဲ့သွားမှ နေရာအနှံ့ ရောက်မှာပေါ့ ဆရာရဲ့၊ အချို့လမ်းတွေ ကားလမ်းပေါက်တာမှ မဟုတ်ဘဲ၊ ဂူပြောက်ကြီး၊ တရုတ်မြေးဥမင်၊ ဓမ္မရုံကြီး၊ စူဠာမုနိတို့ကျတော့ လှည်းနဲ့သွားမှပဲရမယ်"

မငြိမ်းယဉ်သည် ဘုရားဖူးလမ်းညွှန် ပုဂံမြို့မြေပုံကို ဖြန့်ကြည့်ရင်း ဆင်ခြေလဲလိုက်လေသည်။

"စည်ပုတ္တရာ သွားတုန်းကလည်း ဒီလိုပဲ၊ ကိုယ်တို့အဖွဲ့ထဲမှာ မိငြိမ်းပဲ သောနေတာ၊ မိန်းမတွေဟာ လျှာရှည်သလောက်..."

"အံမယ်...ဆရာကလည်း၊ သမိုင်းရေးရာမှာ လျှာရှည်မှ အလုပ်ဖြစ်တာ သွားပါများ ခရီးရောက်၊ မေးပါများ စကားရ၊ အဲ...မအိပ်မနေဆောက်ရှည် ဆိုတာတော့ မဟုတ်ဘူး၊ ဆရာလွင်က သိပ်အိပ်ပုတ်ကြီးတာပဲ၊ အိပ်တိုင်း ဟောက်နေတာချည့်ပဲ၊ ရုပ်နဲ့တောင် မလိုက်ဘူး"

"လှတယ်လို့ ဆိုလိုတာပေါ့"

"အရေးထဲ အသားယူနေရသေးတယ်၊ ပြောမိတာတောင် မှားသွားပြီ"

မငြိမ်းယဉ်ကပြောတော့ အားလုံး တသောသော ရယ်မောကြသည်။ သူတို့နှစ်ယောက်ကို ရာသက်ပန် ပေါင်းစည်းရမည့်သူများအဖြစ် အားလုံးက သိကြသက်သေပြုပြီး ဖြစ်သောကြောင့် ကျေနပ်နှစ်သက်သလို ငေးကြည့်နေကြသည်။ ကိုလွင်မောင်သည် အသားနည်းနည်းညိုသည်မှအပ အရုပ်မြင့်မြင့်နှင့် သောက်ဖူးပီသကာ ဥပဓိရုပ်ကောင်းသဖြင့် သိမ်သိမ်မွေ့မွေ့နှင့် ယဉ်သော မငြိမ်းယဉ်၏ အလှနှင့် လိုက်ဖက်လေသည်။

နှစ်ယောက်သား အငြင်းတွေပွားလျက် ရန်ဖြစ်နေကြလည်း ကြည့်

ကောင်းမြဲသာ။

ဘာပဲဖြစ်ဖြစ် ဝါသနာတူ၊ စိတ်တူကိုယ်တူ ချစ်တဲ့သူမို့ အပြစ်မယူကြ။

"စည်ပုတ္တရာကို သွားတုန်းကလည်း ဗျားလိုက်တာ၊ အရေးထဲ ဆေးပြတ်နေလို့ သူတိုက်တဲ့ ငန်းဆေးကြီးကလည်း ခါးလိုက်တာဗျာ"

"အံမယ်…အဲဒီတုန်းကလည်း အကျိုးရှိပါတယ်နော်"

ထိုစဉ်တုန်းကလည်း ခရီးပြင်းကြီးပင်။

ရွှေဘိုမြို့မှ ခင်ဦးမြို့သို့ (၁၄)မိုင်ကွာခရီး။ ထိုမှတစ်ဖန် ခင်ဦးမြောက်ဘက် (၃)မိုင်အကွာ စည်ပုတ္တရာသို့။

သရက်ကန်ရွာမှ ကုန်းကျင်းချိုင့်များ ထူထပ်သော လမ်းများမှ ဆင်းလာခဲ့လေသည်။ သရက်ကန်ရွာသည် မည်ကာမတ္တရွာ ဆိုရုံမျှသာ လူနေကျဲကျဲ တဲအိမ်ငယ်များ ဟိုတစ်စု သည်တစ်စုနှင့် အလွန်တရာပင် သေးနုပ်သော ရွာငယ်ကလေးမျှသာတည်း။

မျက်နှာစိမ်းသော ခွေးများက တစီစီနှင့် ဟောင်လိုက်သည်။ အဝတ်အစား ဗလာကျင်းသော ကလေးငယ်များကား 'မော်တော်ကားဟေ့…မော်တော်ကားဟေ့' ဟု အော်ကာ အထူးအဆန်းသဖွယ် ပြေး၍လိုက်လာကြလေသည်။

အလွန်တရာ ဟောင်းနွမ်းသော နှစ်နံ့စပ် ချည်လုံချည်ဝတ် ရွာသားအချို့ ပြေးထွက်လာကြသည်။ တစ်ဦးကမူ ရှပ်အင်္ကျီကို ကမန်းကတန်း ကောက်စွပ်လိုက်ရာ ရှပ်အင်္ကျီမှာ ဗလချာရမ်းလျက် အဖာအထေးတွေနှင့် ပြည့်နှက်နေသည်။ သူတို့ကား ဆင်းရဲနွံချာလှသော သရက်ကန် လယ်သမားကြီးများ ဖြစ်ကြသည်။

ကလေးခါးထစ်ခွင်ချီ၍ ချွေးခံအင်္ကျီဟာပြဲနှင့် မိန်းမအချို့အပြင် အဝတ်မပါ ပြောင်းဖူးမွေးရောင် နီကြောင်ကြောင်ဆံပင်နှင့် ကလေးများကလည်း မငြိမ်းယဉ်တို့ လူစုကို ဝိုင်း၍ကြည့်နေကြသည်။

"မင်းသမီးတွေဟေ့၊ သိပ်လှသာပဲ၊ ကြည့်စမ်းရို့၊ လှသယ်တော့"

နေကာမျက်မှန် တပ်ထားကြသော မငြိမ်းယဉ်နှင့် နည်းပြဆရာမ



[illegible] ရီရီကို လက်ညှိုးတထိုးထိုးနှင့် ပြောနေကြသည်။ ရီရီက ရယ်လျက်…

"အစ်မတို့ မှတ်ထားကြရှင့်၊ ဒီအမျိုးသမီးက ဇာတ်လိုက်မင်းသမီး [illegible]သင်းလှဲ့၊ ကျွန်မက နှင်းဆီ၊ ဟို…ခပ်ချောချောဆရာကတော့ ရွှေဘ၊ [illegible]သန်းလို့ ပိန်သွားတာ၊ မျက်နှာသွယ်သွားတာ"

နောက်တီးနောက်တောက် ပြောသည်ကို သိရှိပြီး ချွေးခံအင်္ကျီဝတ် [illegible]သမီးများကား လှိုက်လှိုက်လှဲလှဲ ရယ်မောကြသည်။ မငြိမ်းယဉ်သည် [illegible]ပြင်းတစ်ချက် ချမိကာ…

"လူနေမှုအဆင့်အတန်း နိမ့်လွန်းတယ်နော်၊ မြင်ရတာ စိတ်မကောင်း [illegible]ပဲ၊ အုန်းတောတို့၊ ဆားတောင်တို့ အခြေအနေနဲ့တောင် အတော်ကွာတယ်၊ [illegible]မြို့နဲ့ဆိုရင် မယှဉ်သာအောင်ပါပဲ၊ ဗမာပြည်မှာ ဒီလိုကျေးရွာလေးတွေ [illegible]တော်ရှိဦးမယ် ထင်ပါရဲ့"

ယခုတော့ စည်ပုတ္တရာဆိုသည် ရွာသိမ်ရွာငယ်မျှသာ။

သက္ကရာဇ် ၅၅၅ နှစ်လောက်တုန်းကတော့ စည်ပုတ္တရာဆိုသည် [illegible]ကားသော မြို့ကြီးတစ်မြို့ ဖြစ်ခဲ့ဖူးသည်ဆိုပဲ။

စည်ပုတ္တရာရွာသား ရှေ့နေကြီး ဦးမောင်ကြီး ပြောစကားများကို [illegible]ငြိမ်းယဉ်တို့ မှတ်သားကြားနာခဲ့ရသည်။ 'စည်ပုတ္တရာကျမ်း' မှာ အလွန် [illegible]ကြားသည်။ ကျမ်းမှာ စူးလွန်းသဖြင့် မီးရှို့ပြာချကာ မြေမြှုပ်ပစ်ရသည် [illegible]သည်။ တစ်ဆင့်ကူးယူသည့် ကျမ်းပင်လျှင် အလွန်စူးသည်ဆိုသည်။ ရွှေဘို [illegible] တရားရုံးတွင် ဤကျမ်းကိုကိုင်ရာ၊ မဟုတ်မမှန် ကိုင်လျှင် သွေးအန်သေသည်၊ အမြင့်မှ လိမ့်ကျသည်၊ ကိုယ်ပျက်သော ကုဋ္ဌနူနာရောဂါ စွဲကပ်သည် သေသည်အားဖြင့် ဘေးဆိုး အန္တရာယ်ဆိုးကြီးများ ကပ်ရောက်လာသည်ဆိုပဲ။

မြန်မာပြည်အရပ်ရပ် တရားရုံးများ၌ အသုံးပြုနေသော ကျမ်းဆိုသည်မှာလည်း ဤကျမ်းက အဆင့်ဆင့် ကူးယူသော ကျမ်းဖြစ်သည်တဲ့။ ယခုမူ ကျမ်းအစစ်အမှန်သည် ဘယ်သို့ရောက်နေသနည်း။

"မိန်းကလေးရဲ့၊ အဘတို့ သိသလောက်တော့ ပုဂံခေတ်တုန်းက အလွန်တန်ခိုးကြီးခဲ့တဲ့ အလောင်းစည်သူ လက်ထက်က တိုင်းခန်းလှည့်လည်

တော့ ဒီနေရာကိုရောက်တော့ 'ရွှေလင်းပင်' ဘုရား တည်ခဲ့တယ်တဲ့၊ ဘုရားအောက်မှာ ဒီကျမ်းကို မြှုပ်တယ် အဆိုရှိတာပဲ''

ရှေးခေတ်အခါက လူတို့သည် သစ္စာတည်ခဲ့၍ ဤကျမ်းကို ကျိန်ဆိုရာတွင် အလွန်ပင် ထိရောက်ခဲ့လေသည်။ တရားအဆုံးအဖြတ်ပေးရာ၌ သမ္မာကျမ်းမှ ကျော်ကြားခဲ့သော ဆော်လမွန်ဘုရင်ကြီးသည်လည်းကောင်း၊ ဗုဒ္ဓဝင်မှ မဟော်သဓာ ပညာရှင်သည်လည်းကောင်း တိကျမှန်ကန်သော အဆုံးအဖြတ်ပေးခဲ့ဘိသကဲ့သို့ စည်ပုတ္တရာကျမ်းသည်လည်း အမှန်တရားသို့ရောက်အောင် ပို့ဆောင်လေသည်။

သစ္စာတရားမြဲနိုင်သော စည်ပုတ္တရာကျမ်းကို မငြိမ်းယဉ်၏ နှလုံးသားမှ ကောင်းချီးသြဘာပေးမိလေသည်။

အလုပ်သမလေးတစ်ဦးကို မတရားကျူးလွန်ပြီး သားသမီးရှိလာသောအခါ သူနှင့် ဘယ်သို့မှ မပတ်သက်ပါဟု ကျမ်းကျိန်ဝံ့စားသော စက်သူဌေးသည် မြင်းပေါ်မှ လိမ့်ကျပြီး ခါးရိုးကျိုးသည်ဆိုပဲ။ သူ့မောင်ဘက်မှရပ်သော ထိုသူ့အစ်မတစ်ဦးသည်လည်း ကိုယ်ပျက်သွားသည်တဲ့။ တိုက်ဆိုင်တာဟု သိပ္ပံပညာရှင် လက်တွေ့သမားတို့က ဆိုချင်ဆိုမည်။

သို့သော်…

**'ကတိသစ္စာ၊ တည်သောအခါ၌၊ သြဇာလေးနက် ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏'** တဲ့။

သစ္စာရဲ့တန်ခိုးကြောင့် နွယ်မြက်သစ်ပင်တို့တောင် အဆီအနှစ်တက်ပြီး ရောဂါကင်းပျောက်စေနိုင်တဲ့ဆေး ဖြစ်ရသေးတာပဲ။

မန်းကျည်းပင်စည် အရိပ်ဝန်းအောက်တွင် ရွှေလင်းပင်ဘုရားနှင့်ဆက်လျက် ရှေးဟောင်းဘုရားကြီး ကျောင်းတစ်ကျောင်းကို တွေ့ရပေသည်။ ရွှေလင်းပင်ဘုရားဆင်းတုတော်ရှိရာ ဘုရားခန်းနှင့် ဘုန်းကြီးကျောင်းမှာ လုံးပတ်တိုင်ကြီးများနှင့် သစ်သားကြမ်းခင်းထားသော ရှေးဟောင်းအဆောက်အဦကြီးတစ်ခု ဖြစ်သည်။

ကားမောင်းသူ ကိုမောင်ကို ဆိုသူက မီးပြိုင်၊ ရေလာ၊ ဆန်ဝါး၊



ဆောက် စသော ကျမ်းကျိန်ဆိုပုံ နည်းအမျိုးမျိုးကို ဝင်ပြောလေသည်။ မငြိမ်းယဉ်သည် နားမလည်သည့်တလည်နှင့် နားထောင်ရင်း မှန်စီရွှေချ မျက်နှာချက်ကို မော့ကြည့်မိသည်။

''ဒီဘုရားအောက်မှာ စည်ပုတ္တရာကျမ်း မြှုပ်ထားတာ''

ကိုမောင်ကိုက ပြနေသည်။

''မမရေ…ကြည့်စမ်း၊ ဘုရားမျက်နှာကျက်မှာ ရွှေချပြီး အစိမ်း၊ အနီ၊ အဖြူ၊ အဝါ မှန်လေးချပ်ပေါင်းစပ် အကွက်ဖော်ထားပုံကတော့ ကုန်းဘောင်ခေတ် မင်းတွေရဲ့ လက်ရာလား မသိဘူး''

ရီရီက မှတ်စုစာအုပ်ထဲ ရေးမှတ်ရင်း ပြောနေသည်။ မငြိမ်းယဉ်ကမူ ဘုရားရုပ်ပွားတော်ရှိရာ အခန်းပတ်ပတ်လည်တွင် ချိတ်ဆွဲထားသော ဖန်မီးအိမ်များကို ပုံကြမ်းဆွဲရင်း…

''ငြိမ်းကတော့ ဟောဒီဖန်မီးအိမ်ကို သဘောကျတယ်''

ဘောလုံးအဝန်းလောက်ရှိ၍ ခပ်ဝန်းဝန်းသဏ္ဍာန် ဖြာလုံးလုံးနှင့် ပန်းသွေးအရောင် ဖန်မီးအိမ်များသည် မှန်ကူကွက်များနှင့် မီးအိမ်၏ထိပ်နှင့်အရင်းတွင် သံဇဟိုများ လှပစွာ တပ်ထားသည်။ ထို့နောက် သံကြိုးများနှင့် ဆွဲထားသည်။

ကျောင်းသားတစ်ယောက်က…

''ကြည့်ပါဦး ဆရာမရယ်၊ ဘုရားရုပ်တုသဏ္ဍာန်ကလည်း တစ်မျိုးပဲ၊ မျက်နှာတော်ကလည်း ကျွန်တော်တို့ မြင်တွေ့နေကျလို ပြည့်ပြည့်ဝဝ မဟုတ်ဘူး၊ မျက်နှာတော်က ခပ်သွယ်သွယ် ခပ်ရှည်ရှည်၊ သပ်လည်း သပ္ပာယ်တယ်၊ ပြီးတော့ မကိုင့်ဘေးကနေ အပြားနှစ်ဖက်ချထားပုံကလည်း ဆန်းတယ်''

မှတ်ချက်ချနေသည်။

ကိုယ်စီ ဘုရားအာရုံပြုကြပြီးနောက် ဘုရားဆောင်၏ နောက်ဘက်အတွင်းခန်းသို့ ဝင်ကြည့်ကြလေသည်။ အတွင်းခန်းတွင် ရှေးဟောင်းပစ္စည်းများပြည့်နှက်နေသည်။ အထင်ကရ ပစ္စည်းများမှာ မှန်စီရွှေချ သံတင်း ခေါသေတ္တာများ၊ ကြေးမုံများ၊ ဒေါင်းလန်းများ ဖြစ်သည်။

''ဒါတွေကတော့ ကုန်းဘောင်ခေတ်သူဌေးတွေရဲ့ အသုံးအဆောင် ပစ္စည်းတွေ ထင်ပါရဲ့''

ရီရီက ထင်ကြေးပေးနေသည်။ ကိုလွင်မောင်က ကင်မရာလွယ်လျက် ဓာတ်ပုံရိုက်ရင်း...

''ဟိုတုန်းကတော့ စည်ပုတ္တရာဟာ မြို့ကြီးပဲ၊ မုဆိုးဘိုက ရွာသိမ် လေး၊ မုဆိုးဘိုက အလောင်းဘုရား ဦးအောင်ဇေယျ ဘဝတုန်းက ဒီစည်ပုတ္တရာ နဲ့ကပ်လျက် ရွှေကာရွာသူ ခင်ယွန်းစံနဲ့ အကြောင်းပါခဲ့တာပဲ၊ တကယ်တော့ ခင်ယွန်းစံက မြို့နေရပ်ကြီးသူပေါ့''

''ရပ်ကြီးသူတို့ ဟန်မူပိုပို...နေညိုညချမ်း ဆင်းမြန်းဆာပါ''

မငြိမ်းယဉ်က သီချင်းဟစ်လိုက်တော့ ကျောင်းသားကျောင်းသူတွေ က 'ဆရာမက အသံသိပ်ကောင်းတာပဲ' လို့ ကောင်းချီးပေးနေကြသည်။ ကိုလွင်မောင်ကမူ...

''ဆရာမအသံကောင်းတယ်၊ အားလုံး နားပိတ်ထားပါ''

ဟု နောက်ပြောင်နေသည်။ မငြိမ်းယဉ်သည် ရယ်မောလျက်...

''သူ့ရဲ့ကောင်းကြီး ဦးအောင်ဇေယျဟာ ရွှေဘိုနဲ့ စည်ပုတ္တရာကို အိမ်ဦးကြမ်းပြင်လို သွားပြီး ခင်ယွန်းစံကို ပိုးမှာပဲ ထင်ပါရဲ့'' —

''အဲဒီ ခင်ယွန်းစံက လှသလား မသိဘူးနော်''

ရီရီက စိတ်ကူးယဉ်နေသေးသည်။ မငြိမ်းယဉ်က...

''ခုတော့ စည်ပုတ္တရာသူလေးတွေက မည်းမည်းကြုတ်ကြုတ်လေး တွေ၊ မွဲကလည်း မွဲသေး၊ အမှန်ကတော့ သွားရေးလာရေးခက်ပြီး အတော် ခေါင်တဲ့နေရာလေးပဲ၊ တချို့လမ်းတွေလည်း ကားမပေါက်ဘူး၊ ကုန်းကျင်းချိုင့် တွေလည်း အလွန်ပေါတယ်၊ မိုးရွာထားတော့ ရေတွေလွှမ်းနေတယ်၊ တချို့လမ်း တွေ လှည်းနဲ့သွားတန် သွားရတယ်၊ ခြေကျင်ဖြတ်တဲ့နေရာ ဖြတ်ရမှာပဲ''

ပြောရင်းဆိုရင်း ကိုလွင်မောင်သည် မျက်လုံးတွေနီကာ နှာတွေ ချေဆတ်လာလေသည်။

ㅁㅁㅁ

## အခန်း(၈)

ယခုလည်း ကိုလွင်မောင်တစ်ယောက် နှာချေဆတ်နေပြန်သည်။

လှည်းကြမ်းကြီးက တစ်ချိန်လုံးဆောင့်ကာ လူတွေကို လှုပ်ခါနေ သည်။ ဖုန်မှုန့်တို့သည် အလုံးလိုက် လှည်းနောက်မြီးတွင် လုံးထွေးကာ ပျံတက် နေသည်။

ပြိုပျက်နေသော စေတီငုတ်တိုတို့သည် မှိုလိုပေါက်နေသည်။ ပြင်းထန် သော နေရောင်ခြည်၏ အပူအောက်ဝယ် လွင်တီးခေါင်သည် တမျှော်တခေါ် ကြီး ကျယ်ပြောလှသည်။

မြင်းစီးကျွမ်းကျင်သော ရှေးမြန်မာပြည်သားတို့သည် မြင်းခွာသံ တဖျောက်ဖျောက်နှင့် မြင်းများစီးကာ ကျင်လည်ကျက်စားမည့်နေရာများ ဖြစ်ပေလိမ့်မည်။

ရှေးမြန်မာတို့သည် နှစ် ၁၀၀၊ ၁၅၀ ခန့်ကာလအတွင်း ကြီးကျယ် ခမ်းနား ဆန်းပြားလှသည့် အာနန္ဒာ၊ သဗ္ဗညုကဲ့သို့သော ဂူဘုရားကြီးများကို တည်ဆောက်နိုင်သည့် အဆင့်အတန်းသို့ရောက်အောင် တိုးတက်လာခဲ့ပေသည်။

မိုးခေါင်ရေရှားရပ်ဝန်း၏ အလယ်ပိုင်း ပုဂံမြို့တွင် စေတီပုထိုး၊ ဂူ

ဘုရားအဆောက်အဦတို့သည် မှိုပေါက်ဘိသကဲ့သို့ ပေါ်ပေါက်လာခဲ့လေသည်။

ထုထည်ကြီးမား၍ ဉာဏ်တော်မြင့်မားလှသော အဆောက်အဦကြီးများ ရှိသလို သေးငယ်၍ ဉာဏ်တော်နိမ့်သော အဆောက်အဦများလည်း ရှိသည်။ ပုံအမျိုးမျိုး အရွယ်အမျိုးမျိုး ရှိကြသည်။ ဂူဘုရား စေတီပုထိုးတိုင်းမှာ အနုစိတ် အနုပညာလက်ရာများနှင့် တန်ဆာဆင်ထားပေသည်။ သို့နှင့်ပင် ပုဂံခေတ် ယဉ်ကျေးမှုသည်လည်း တစ်ဟုန်ထိုး ထွန်းကားလာခဲ့သည်။

ဘုရားပုထိုး၊ လိုဏ်ဂူတော်အရပ်ရပ် အကျိုးအပြတ် အပျက်အစီးမှ စ၍ မလပ်မကျန်၊ ထိုအချိန်အထိ ကျောက်စာဌာန၏ မှတ်ပုံတင်အရ ၂၁၉၀ ရှိလေသည်။

ဗိသုကာလက်ရာများသာမက စေတီလိုဏ်ဂူ ဘုရားပုထိုး အမိုးနံရံ ပစ္စယံများဝယ် ဗုဒ္ဓဝင်၊ မဟာဝင်၊ ဒီပဝင်၊ ငါးရာငါးဆယ် ဇာတ်နိပါတ် စသည်တို့ကို ရောင်စုံမင်ဆေးဖြင့် ရေးခြယ်၍တစ်သွယ်၊ အင်္ဂတေပန်း ကျောက်ပန်းများ ထုလုပ်၍တစ်နည်း၊ ရုပ်လုံးရုပ်ပြား၊ ရုပ်ပွားဆင်းတု၊ လူနတ်နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ၊ ခြင်္သေ့၊ မကာရ် စသော အနုစိတ်လက်ရာ ပုံသွင်း၍ တစ်ဖုံ ဖန်တီးထားသည်များကို ကမ္ဘာကပင် ချီးမွမ်းထောပနာ ပြုကြရလေသည်။

ပုဂံခေတ် မြန်မာတို့၏ အဆောက်အဦလက်ရာ၊ အသေးစိတ် အနုပညာလက်ရာတို့သည် အဆင့်အတန်း မြင့်လှသည်။ ဆန်းကြယ်ထွေပြားသည်။ မရိုးနိုင်သော လက်ရာမျိုးဖြစ်သည်။ အချို့တွင် ယခုခေတ်တိုင် တွေးတောကြံဆ၍ မရနိုင်သေးသည့် ထူးခြားချက်များ ရှိသည်။

စာရေး စာဖတ် အတတ်လည်း ပေါ်ပေါက်ထွန်းကားခဲ့သည်။ အဆင့်အတန်းလည်း မြင့်ခဲ့သည်။ မွန်၊ မြန်မာ၊ ပါဠိ၊ သက္ကတဘာသာများကို တတ်သိခဲ့ကြသည်။ ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းတမော့မှစ၍ အနုပညာများ၊ ဝါဂီနစ် အနုသုခုမပညာများ၊ အဆောက်အဦပညာများ ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ကြသည်။

ထို့အတူ လူနေမှုဖွဲ့စည်းပုံ၊ စီးပွားရေးနှင့် စိုက်ပျိုးလုပ်ကိုင်ရေးတို့



ဘက်၌လည်း တိုးတက်ထွန်းကားခဲ့ပေသည်။

သည်ခေတ်ကား အကြမ်းအားဖြင့် နှစ် ၃၀၀ နီးပါး ကြာညောင်းခဲ့သည်။ မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် ပြိုင်ဘက်ကင်းသော ခေတ်ကောင်းကြီးပေတကား။ သာမန်ဆင်းရဲသား အရပ်သူ မုဆိုးမပင် ဘုရားတည်နိုင်လောက်အောင်ပင် စားဝတ်နေရေးက ပြည့်စုံကုံလုံခဲ့သည်။ ဤသို့သော ခေတ်ကောင်းကြီး ပေါ်ထွန်းလာအောင် ရှေးမြန်မာတို့သည် အဘယ်သို့များ ဖန်တီးဆောင်ရွက်ခဲ့သနည်း။

မငြိမ်းယဉ်၏ မျက်လုံးများကား စိတ်အားထက်သန်ခြင်းဖြင့် ဝင်းထက်နေသည်။ မငြိမ်းယဉ်တို့အဖွဲ့တွင် ကိုလွင်မောင်က အဖွဲ့ခေါင်းဆောင်၊ ထို့နောက် နည်းပြဆရာတစ်ဦး၊ နည်းပြဆရာမလေး ရီရီ၊ ကျောင်းသား လေးယောက်၊ ကျောင်းသူ နှစ်ယောက်၊ ပေါင်း ၁၀ ယောက် ဖြစ်သည်။

သည်အဖွဲ့ကား တာဝန်သဘောထက် ဝါသနာပါရာများ စုပေါင်း၍ အကန့်အသတ်မဲ့ ကိုယ့်စရိတ်နှင့်ကိုယ် လွတ်လပ်စွာ လှုပ်ရှားသွားလာကြခြင်း ဖြစ်သည်။

"ပုဂံကတော့ ခဏခဏ ရောက်နေဖို့ ကောင်းတဲ့နေရာပဲ၊ နိုင်ငံခြားသားတွေက ပုဂံ ဘယ်နှခေါက်ရောက်ဖူးလဲ မေးတိုင်း ငြိမ်းက သိပ်ရှက်တာပဲ၊ ငြိမ်းတို့ ခရီးပေါက်သမျှကတော့ အမြတ်ချည်းပဲ ဆရာရေ၊ မဖျားဘဲနေလို့ရရင် မျှော်ပါနဲ့"

"ဟုတ်ကဲ့၊ ကောင်းပါပြီခင်ဗျာ"

ကိုလွင်မောင်သည် ရယ်လျက် ကျိုးနွံ့သလို ပြောလိုက်လေသည်။

"ငြိမ်း အတည်ပြောတာ၊ ဆရာကြီး ဒေါက်တာသန်းထွန်းဆိုရင် သူ့ခရီးစဉ်တွေမှာ ၁၅ မိနစ်ပဲ အချိန်ရ၊ ရတိုင်း ပုဂံကို ဝင်တာပဲ"

"မန္တလေးတက္ကသိုလ်က ရာဇဝင်ပါမောက္ခ ဒေါက်တာသန်းထွန်း တဲ့"

ရီရီက ဒေါက်တာသန်းထွန်းကို မသိလိုက်သဖြင့် မေးမြန်းနေသည်။

"ဟုတ်တယ် ရီရဲ့၊ ဆရာကြီးက သိပ်ခရီးသွားနိုင်တာပဲ၊ နယ်အနှံ့

တောကြိုအုံကြားမကျန် လျှောက်သွားနေတာပဲတဲ့၊ သူ့ကိုယ်ဝဝကြီးနဲ့ ခရီးဘယ်လောက်သွားသွား မမောနိုင် မပန်းနိုင်ဘဲ ဖွဲ့သိပ်ကောင်းတာ၊ ဆရာကြီးရဲ့ ခရီးစဉ်မှာ သူလိုက်ဖို့ကောင်းတယ်''

''ကိုယ် လိုက်ဖူးပါတယ် မိငြိမ်းရဲ့''

''ဆရာကြီးလည်း ပြောဖူးသားပဲ၊ သူ ခရီးထွက်တာ လေယာဉ်ပျံစီးတာကနေ ဂူထဲလိုက်ထဲ လေးဘက်တွားသွားတာအထိ ပုံစံအစုံပဲတဲ့၊ အလောင်းစည်သူက ဖောင်စကြာနဲ့ တောကိုလည်းဖြတ်တယ်၊ တောင်ကိုလည်းဖောက်တယ်၊ သူက ဒီခရီးကို ကုန်းကြောင်းလိုက်ရတဲ့လူဆိုတော့ ခရီးက ကျန်ဦးမှာပဲ တဲ့၊ ဒါကြောင့် လုပ်စရာတွေ များသေးတယ်ဆိုပြီး အားမလိုအားမရ ဖြစ်နေတာ''

''ဆရာကြီးရဲ့ ရည်ရွယ်ချက်ကတော့ သိပ်ကောင်းပါတယ်၊ သမိုင်းရေးရာအချက်အလက်တွေ ပိုပြီးခိုင်မာသွားဖို့ တရကြမ်းစုဆောင်းတာပဲ၊ ဒါမှ မြန်မာလူမျိုးအကြောင်းနဲ့ ဗမာပြည်သမိုင်းစဉ်အကြောင်း ဆရာကြီး ပြုစုမယ့်ကျမ်းကို ဖတ်ကြရတော့မှာပဲ၊ ပြည်သူ့လူမှုစီးပွားရေးနဲ့ မြန်မာ့အငွေ့အသက်ကို ထိပ်ကထားပြီး ရေးမယ်လို့ ဆရာကြီးလည်း ဆွေးနွေးဖူးတယ် ခင်ဗျ''

နည်းပြဆရာလေးက ဝင်ပြောဆိုနေသည်။ မငြိမ်းယဉ်သည်…

''ကျွန်မလည်း စာအုပ်တစ်အုပ်လောက်တော့ သိပ်ရေးချင်တာပဲ၊ မဖြစ်ထွန်းလို့သာ''

''အံမယ် မမငြိမ်းက တော်ပါတယ်''

ရီရီက ထောက်ခံနေသည်။ မငြိမ်းယဉ်က ရယ်မောလျက်…

''စည်းတောင် မစည်းရုံးရသေးဘူး၊ ဖွတ်ကြီးကို ထောက်ခံတော့တာပဲ''

''ကိုယ်ကတော့ ကိုယ်တို့အတွေ့အကြုံတွေကို ဆောင်းပါးရေးရင် အိမ်ရှင်တွေ ချကျွေးသမျှ မိငြိမ်း အားမနာတမ်း စားတာတို့၊ ဆတ်သားခြောက်နဲ့ လက်ဖက်ရည်ကြမ်းကို ပန်းကန်ပြောင်စားတာရယ်၊ မှိုဟင်းတွေ မတရားစားလို့ ဝမ်းသွားတာရယ်''



ကိုလွင်မောင် နောက်ပြောင်သော စကားမဆုံးခင် မငြိမ်းယဉ်က…

''အံမယ်…ဆရာကြီး ဒေါက်တာသန်းထွန်းလည်း ပြောဖူးပါတယ်ခော်၊ ညှိသည်အဖြစ် ကျွေးလာတဲ့ ထမင်းကို တိုင်းပြည်နဲ့ လူမျိုးအတွက်ဆိုပြီး အားပါးတရ အဝစားတာပဲတဲ့၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း နယ်လှည့်တဲ့အခါ ပြောလေ့ရှိတာက ငါတို့မှ ဒို့ဗမာအစစ်ကွ၊ ဒို့ဗမာသီချင်းထဲမှာ 'ဗမာအစ်ပြည်လုံးကို ဒို့အိမ်မှတ်ပါ၊ ဒို့ယာမှတ်ပါ၊ အဲဒါ ဒို့ဗမာလို့ ဆိုတယ်မဟုတ်လား' တဲ့။ ဆရာလည်း အဲဒီစကားကို နှစ်သက်လိုက်နာပါတယ်၊ ဒီတော့ငြိမ်းတို့လည်း ဒီမူ ဒီဝါဒကို လိုက်နာကြတာ မမှားပါဘူး''

ရီရီနှင့် ကျောင်းသူလေးတွေက ရယ်မောနေကြသည်။

''ဟာ…လိုက်နာသင့်တာပေါ့၊ အကြိုအကြား မြေမကြောက် ကင်းကြောက် သွားရတဲ့ခရီးတွေပဲ၊ ပေပုရပိုက် လောကီစာနဲ့ ရှေးလက်ရာတွေကို ကြည့်ရရင် ထိုင်ကူးရတယ်၊ တွေ့ရှိရာအရပ်က လူတွေကို စံရိတ်ပေးနိုင်းရတာ တည်း ရှိတာပဲ''

နည်းပြဆရာက ကောင်းကောင်းထောက်ခံနေပြန်သည်။

''ဆတ်သားခြောက်နဲ့ မှိုဟင်း ရှယ်ယာယူတာ အတော်များတယ် ခင်ပါရဲ့''

ရီရီက ရယ်ကာပြောလိုက်သည်။ မငြိမ်းယဉ်က…

''ဆရာကြီး ပြောသလို တည်းခိုတဲ့နေရာ၊ အိမ်သာထဲမှာ ကော်ဇောခင်းထားတဲ့ နေရာကစပြီး လူအလစ် ခင်တန်းမှာ ထိုင်ရတဲ့အထိ ပုံစံအစုံတွေ တည်း ထည့်ပြောဦးမှပေါ့၊ ပြီးတော့ ဝေသန္တရာမင်းကြီး ဝင်္ကပါတောင်ကို ဖြူ…တ် ရထားကို လှူလိုက်တော့ နံရံဆေးရေးကားရဲ့အောက်မှာ…

**သွားရမယ့်ခရီးကား ဝေးသေး၏**

**ခြေသာလျှင် ယာဉ်ရှိကုန်၏…တဲ့''**

အားလုံး တသောသော ရယ်မောကြလေသည်။

ထို့နောက် ခြေကျင်ခရီးလျှောက်ကြသောအခါ 'ခြေသာလျှင် ယာဉ်ရှိကုန်၏' ဟု မငြိမ်းယဉ်နှင့် ရီရီက မကြာခဏ နောက်ကြပြောင်ကြရင်း

ရယ်မိကြသည်။

အာနန္ဒာဘုရားဘက်သို့ ဦးတည်လာကြသောအခါတွင် မငြိမ်းယဉ်တို့လှည်း ဂျစ်ကားပေါ်သို့ ရောက်နေကြပေပြီ။

ကားလမ်းပေါက်သည့် ယွန်းထည်ကျောင်း၊ ဗူးဘုရား၊ မဟာဗောဓိ၊ ပုဂံဘိုတဲ၊ ကန်တော့ပလ္လင်၊ သဗ္ဗညုနှင့် အာနန္ဒာ စသည်တို့ကို အစဉ်လိုက် လှည့်ပတ်ဖူးမြော်လာခဲ့ကြသည်။

ပုဂံမြို့အရှေ့ဘက် သရပါတံခါးအနီးသို့ ရောက်လာကြလေသည်။

ပစ္စယံအဆင့်ဆင့်၊ လိုဏ်ဂူပေါက်များအထပ်ထပ်နှင့် အာနန္ဒာစေတီကို ဖူးမြော်ရလေသည်။

ကျွန်စစ်သား မင်းကြားကြီး တည်သော ဂန္ဓာမောဒနတောင် နန္ဒမူလိုဏ်သဏ္ဌာန် စေတီပုထိုးတော်ကြီးသည် ဂူထွတ်အဆင့်ဆင့်နှင့် သပ္ပာယ်လှပေသည်။ စေတီတစ်သောင်း၊ မုခ်ပေါင်းတစ်ထောင်လည်း ရှိပေသည်။

စေတီအတွင်း၌ (၁၈)တောင် ပမာဏရှိသော လေးဆူသော မတ်ရပ်တော် ရုပ်ပွားတော်တို့ကို အရပ်လေးမျက်နှာ၌ ထားလေသည်။

"ကြည့်စမ်း ရီ၊ ခုလိုညနေမှာ ဂူမုခ်ဝက နေရောင်ဝင်လာတော့ ဘုရားရဲ့ မျက်နှာတော်ကို ဆလိုက်ထိုးထားသလိုပဲ သိပ်သပ္ပာယ်တယ်နော်၊ သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်တိုင် ကြွလာတော်မူတယ် ထင်ရလောက်အောင်ပဲ၊ သိပ်စိတ်ကြည်နူးတာပဲ"

မငြိမ်းယဉ်သည် လက်အုပ်ချီလိုက်မိလေသည်။

ဤကမ္ဘာ၌ပွင့်တော်မူကုန်ပြီးသော ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရားတို့ကို ရည်မှတ်၍ ထုလုပ်အပ်သော ရုပ်ပွားတော်ကြီးများ ဖြစ်ပေသည်။

မငြိမ်းယဉ်တို့သည် ပစ္စမအတွင်းထပ်နံရံ အနောက်မျက်နှာမှ လက်ျာရစ် လှည့်လာကြသည်။ ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေဟန်၊ ဖွားတော်မူဟန်၊ ဗိမ္ဗာဒေဝီယသော်ဓရာကို မဟေသီတင်ဟန်၊ ရာဟုလာ သားတော်ဖွားတော်မူဟန်၊ ဘုရားဖြစ်တော်မူ၍ ဥဒါန်းကျူးရင့်တော်မူသည့်တိုင်အောင်



ကျောက်သားထုများကို မြင်တွေ့ကြရသည်။

ကိုလွင်မောင်သည် သူ၏ ရိုလီဖလက်(စ်) အမျိုးအစား ကင်မရာတွင် လက်(ရှ်)လိုက် ခေါ် မီးအလင်းရောင်ကို တပ်ဆင်လိုက်လေသည်။ အတွင်းခန်းကို ရိုက်ရာ၌ မီးအလင်းရောင် လိုပေသည်။

အာနန္ဒာဘုရား လိုဏ်ဂူတော်အတွင်း အနောက်ဘက်မျက်နှာ ရပ်တော်မူဘုရား၏ လက်ဝဲဘက်တွင်ရှိသော ရှင်အရဟံ၏ ပုံတော်ကို ကိုလွင်မောင်က ဖျတ်ခနဲ ရိုက်လိုက်လေသည်။ ရှင်အရဟံသည် ပုဆစ်တုပ်လျက် လက်အုပ်ချီနေဟန် အနေအထားနှင့် ရှိနေသည်။

"ဩော်…ဒီအရှင်ဟာ ဗုဒ္ဓဘာသာဝင်အားလုံးရဲ့ ကျေးဇူးရှင်ပဲ"

မငြိမ်းယဉ်က လက်အုပ်ချီလိုက်မိပြန်သည်။ ထို့နောက် တစ်စုံတစ်ခုကို သတိရကာ…

"ဆရာရေ…ဟုတ်တိပတ်တိ ရိုက်နေလိုက်တာ ဖလင်ရော ရှိလို့လား"

ကိုလွင်မောင်က ပြုံးလျက် မငြိမ်းယဉ်၏ ချွေးစို့နေသော မျက်နှာကို ကြည့်ရင်း…

"ဒီဖလင်တွေဟာ တန်ခိုးတော် အနန္တနဲ့ ပါရမီရှင်တွေအတွက်ပဲ၊ မိန်းကလေးဓာတ်ပုံ အလှရိုက်ဖို့မှ မဟုတ်ပဲ"

"အဲလိုတော့ စောင်းမပြောပါနဲ့၊ မြင်ကပါ အုတ်တံတိုင်းမှာ တက်ထိုင်ပြီး ဖလင်မရှိတာ သိရတာ အသည်းနာတယ်၊ နို့မဟုတ်ရင် ပုဂံညွှန့်သည်အလှဆိုတဲ့ အမှတ်တရ တစ်ခုခု ကျွန်ရစ်မှာ"

မငြိမ်းယဉ်သည် သွားဖာသာသူ သဘောကျကာ ပြုံးလေသည်။

တကယ်တော့ မငြိမ်းယဉ်၏ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ပြီး ဖြစ်သည်။ ဗူးဘုရားတုန်းကရော၊ သဗ္ဗညုပစ္စယံတုန်းကရော၊ ငှက်ပစ်တောင်တုန်းကရော အမှတ်တရတွေ များလွန်းလှသည်။ ကိုလွင်မောင်နှင့်ပင် စုံတွဲရပ်လျက် မဟာဗောဓိ စေတီတော်ရှေ့တွင် ဓာတ်ပုံရိုက်ခဲ့ကြသေးသည်။ မဟာဗောဓိစေတီတော်ပုံစံမှာ သီဟိုဠ်ကျွန်းမှ ဘုရားပုံတော်တွေအတိုင်း တည်ထားခြင်းဖြစ်သည်။

''ပုဂံညှိုသည်အလှ ဓာတ်ပုံတွေကတော့ ဒီအာနန္ဒာဘုရားထဲက လင်းနို့တွေခြောက်ဖို့ ထားခဲ့ရဖွာပဲ ထင်ပါရဲ့''

ကိုလွင်မောင်၏ အပြောတွင် မငြိမ်းယဉ်သည် ကလေးငယ် တစ်ယောက်ပမာ ရယ်မောမိလေသည်။ ကိုလွင်မောင်သည် မငြိမ်းယဉ်၏ ခေါင်းကို လက်နှင့် ထုလိုက်သည်။

□□□

## အခန်း(၉)

လွှတ်လပ်ပေါ့ပါးသော ရယ်သံသည် အသံလှိုင်းဖြစ်လျက် အသံပြုရာ ဆိုချက်မှ ပတ်ဝန်းကျင်သို့ စက်ဝန်းသဖွယ် ပျံ့နှံ့သွားလေသည်။ ထိုပျံ့နှံ့ သွားသော မငြိမ်းယဉ်၏ ရယ်သံလှိုင်းသည် တစ်နေရာရာတွင် တစ်စုံတစ်ခုသော အဟန့်အတားတွေ့ကာ အသံလာရာအရပ်သို့ တုံ့ပြန်လေသည်။

ယင်းတုံ့ပြန်လာသော မငြိမ်းယဉ်၏ အသံလှိုင်းကို မငြိမ်းယဉ်ဖာသာ မိမိကြားရပြီးနောက် ရယ်သံကို ရပ်ပစ်လိုက်မိသည်။ သို့သော်လည်း မငြိမ်း ယဉ်၏ ပဲ့တင်သံသည် ဆက်တိုက်ပေါ်ထွက်နေဆဲပင်။

အရှုန်ကတော့ ဂူလိုဏ်၊ ကျောင်းတန်ဆောင်းထဲသို့ ရောက်သွားလျှင် သော်လည်းကောင်း၊ တောင်ကမ်းပါး တောင်စောင်းနှင့် တောအုပ်နက်ကဲ့သို့ ရောက်သွားလျှင်သော်လည်းကောင်း ကြားနေကျ အသံမျိုးပင်။

စကားတီးတိုး ပြောနေတုန်းကတော့ မသိသာလှ။ အသံကျယ်လာ သည်နှင့်အမျှ ပဲ့တင်သံက ရိုက်ခတ်မြည်ဟီးလာလေသည်။

မငြိမ်းယဉ်သည် တစ်စုံတစ်ခုကို အသံတိုးပြောရန် နောက်သို့ လှည့် ကြည့်ချိန်တွင် ကိုလွင်မောင် ဘယ်ဆီရောက်နေသည်မသိ။ ကိုလွင်မောင်ကိုယ်

စား တစ်စုံတစ်ယောက်သောသူသည် မငြိမ်းယဉ်အား တအံ့တသြ ငေးမော ကြည့်နေတာ တွေ့ရသည်။

သူ့နောက်တွင် အဖော်နှစ်ယောက်ကလည်း ရပ်နေသည်။ သူတို့အားလုံး ရည်မွန်သော ရုပ်ရည်ရူပကာယနှင့် သိမ်မွေ့သော အသွင်အပြင် ရှိကြသဖြင့်သာ မငြိမ်းယဉ်၏ ရုတ်တရက် ခုန်နေသောရင်မှာ တည်ငြိမ်သွားသည်။ စိတ်အေးသွားသည်။

"ရွှေဂူလေးဘုရားမှာ တွေ့ခဲ့တာ ခင်ဗျား မဟုတ်လား"

မပြုံးသော်လည်း ချိုသာသော မျက်နှာထားနှင့် မေးလိုက်လေသည်။ ဒီတုန်းကတော့ မငြိမ်းယဉ်သည် ရုတ်ချည်းသတိရလိုက်သည်။ သူ့တွင် ချိုင်းထောက် မပါတော့တာကိုလည်း ချက်ချင်းသတိထားလိုက်မိသည်။

အံ့ဩစရာကောင်းလှသော တိုက်ဆိုင်မှုတစ်ရပ်ဟု စိတ်ထဲထူးဆန်းနေသည်။ ဒါကြောင့် တကယ့်အဖြစ်ဟာ ဝတ္ထုတွေထက် ဆန်းကြယ်တယ်လို့ အနောက်တိုင်းပညာရှင်တို့ ပြောခဲ့တာပဲ။

ဘယ်လိုမှ မျှော်လင့်နိုင်ဖွယ်ရာ မရှိသော တိုက်ဆိုင်မှုတစ်ရပ်သာ ဖြစ်သည်။

"နာမည်က ကိုစစ်အောင်နော်"

"ခင်ဗျား မှတ်မိသားပဲ"

"ငြိမ်း အဲ…ကျွန်မ အဲဒီတုန်းကအကြောင်း တွေးတိုင်း…"

"ခင်ဗျားက ငြိမ်းနော်"

မငြိမ်းယဉ်က တုံ့ဆိုင်းနေဆဲ သူက ကြားဖြတ်မေးလိုက်လေသည်။

"မငြိမ်းယဉ်ပါ"

ကိုစစ်အောင်နှင့် ပါလာသူများက မငြိမ်းယဉ်အား စူးစမ်းသလို ငေးကြည့်နေကြသည်။

မျက်မှန်နှင့်လူတစ်ဦးကတော့ နံရံကျောက်ဆစ်ရုပ်လုံးမှ အမျိုးသမီးနှစ်ဦးပုံကို အမိအရ ခဲနှင့် ပုံကြမ်းရေးဆွဲနေသည်။

"အို…ရှင်က ပန်းချီဆရာပဲ၊ အဲဒီပုံရရင် ကျွန်မကိုလည်း ကူးခွင့်ပေး



ပါလား"

သည်တော့မှ ကိုစစ်အောင်က သတိရသလို…

"သူက ကျွန်တော့်မိတ်ဆွေ ပန်းချီဆရာ မောင်နွေဦးပါ၊ သူကတော့ စာရေးဆရာ ရည်မွန်ပါ"

မိတ်ဆက်ပေးလေသည်။

"ကျွန်မကတော့ ရာဇဝင်သုတေသီအဖြစ် ပုဂံကို ရောက်လာတာပါ၊ ကျွန်မတို့အဖွဲ့ခေါင်းဆောင်ကတော့ ကထိက ဆရာဦးလွင်မောင်ပါ၊ ဆုံတော့မှ မိတ်ဆက်ပေးရဦးမယ်၊ ခု ကိုစစ်အောင်တို့ ဘယ်မှာတည်းသလဲ"

"ညောင်ဦးဘိုတဲမှာ"

"ဟင်…ကျွန်မလည်း အဲဒီဘိုတဲမှာပဲ၊ ဒီကို ဘယ်တုန်းက ရောက်သလဲ"

"ဒီမနက် ၁၁ နာရီကပဲ"

"သြော်…ကျွန်မတို့ကတော့ မနေ့က ရောက်ကြတာ၊ မနေ့ညကဆို င် ဘိုတဲမှာ ကျွန်မတို့အဖွဲ့ တစ်ဖွဲ့တည်းပဲ"

"ခု အရာရှိတွေလည်း ရောက်နေတယ်၊ သူတို့က ကွန်ဖိုင်းတိုရင်း ရောက်ကြတာ"

မငြိမ်းယဉ်သည် ကိုစစ်အောင်တို့ လူစုနှင့်အတူ အထက်ပစ္စယံသို့ တက်ခဲ့ကြသည်။ အပေါ်ထပ်၌ ကိုလွင်မောင်တို့အသံကို ကြားနေရသည်။ မငြိမ်းယဉ်သည် ကိုစစ်အောင်တို့ဘက်သို့ လှည့်၍…

"ဒီသုကာတွေ တကယ်စိတ်ကူးကောင်းတယ်၊ ဘုရားအတွင်းမှာ နေရာတိုင်း အလင်းရောင် ရနေတယ်"

ထင်မြင်ချက်ပေးလေသည်။ ပန်းချီဆရာ ကိုနွေဦးက…

"အလင်းရောင်ရဆို သူတို့တွက်တာ သိပ်တော်တယ်၊ အလင်းလိုက်ပေါက်တိုင်း သူ့နေရာနဲ့ သူ့အနေအထား ကျကျနနနဲ့ အချိုးအစားလိုက် ဖောက်ထားတာကိုး ဆရာမ၊ ဒီလိုက်ပေါက်တွေဟာ လေကောင်းလေသန့်လည်း ရတယ်၊ သတိထားမိလား"

"ဟုတ်တယ်နော်၊ လေအေးတိုက်တာကို သိနေရတယ်၊ အပြင်မှာ ဘယ်လောက်ပူပူ အထဲရောက်တာနဲ့ အေးသွားတာပဲ"

မငြိမ်းယဉ်က ဆက်ပြောလိုက်လေသည်။ စာရေးဆရာ ရည်မွန်က··

"သြော်…ခုကာလလို ပန်ကာလေစုပ်စက် လေမှုတ်စက် လေအေးစက်တွေ ခေတ်မစားပေမဲ့ အနေအထား ကျနတဲ့ လေဝင်ပေါက် ထွက်ပေါက်ထားတာကို နားလည်တော့ သဘာဝအလိုက် မကောင်းတဲ့ အညစ်အကြေးလေတွေကို အပြင်ကန်ထုတ်ပြီး အပြင်က လေကောင်းလေသန့်တွေကို အလိုအလျောက် သဘာဝအတိုင်း ဝင်လာစေဖို့ ဖန်တီးထားတာဗျ၊ ဒီစွမ်းအားဟာ နည်းတဲ့စွမ်းအား မဟုတ်ဘူး"

မငြိမ်းယဉ်တို့ စကားပိုင်းဖွဲ့တဲ့အထဲ ကိုစစ်အောင် မပါ။ သူ့မျက်လုံးများကား ကျောက်ဆစ်ရုပ်တုများကို စိုက်ငေးနေသည်။ တစ်စုံတစ်ခုသော အကြောင်းတရားကို လေးနက်စွာ တွေးနေလိမ့်မည်ဟု မငြိမ်းယဉ်က ယူဆလိုက်မိသည်။

"ဒီမယ် ကိုရည်မွန်၊ ခင်ဗျားကို ကျွန်တော် ရေးစေချင်တဲ့ အကြောင်းအရာတစ်ခု ခေါင်းထဲ ရောက်လာတယ်ဗျ"

ကိုစစ်အောင်က အဆက်အစပ်မရှိသလို ပြောလိုက်လေသည်။ ထို့နောက် မငြိမ်းယဉ်ဘက်သို့ လှည့်ပြန်ကာ…

"ဒါထက် မငြိမ်းယဉ် Renunciation ဆိုတဲ့ စကားကို ဗမာလို လှလှပပ ဘယ်လိုပြန်မလဲ"

မေးလိုက်လေသည်။ တကယ်သိလိုသော ဆန္ဒမှာ သူ့မျက်နှာတွင် ပေါ်လွင်နေသည်။ မငြိမ်းယဉ်က အနည်းငယ် ပြုံးရယ်လျက်…

"အဲဒါမှ ဒုက္ခပဲ၊ ကျွန်မက ဗမာစာ မတော်ဘူး၊ အဲလေ အင်္ဂလိပ်စာလည်း မတော်ပါဘူး"

ပြောရင်း ရယ်မိပြန်သည်။

"စဉ်းစားကြည့်ပါဦး"

"စွန့်တာလို့ အဓိပ္ပာယ်ရတယ် မဟုတ်လား၊ အမှန်ကတော့ ကျွန်



[illegible]သည်သလောက် သာမန်စွန့်တာမျိုး မဟုတ်ဘူး၊ ဥပမာ ဗုဒ္ဓဘုရားဟာ ဘုရားအဖြစ် ရအောင်ကျင့်တော့ စွန့်နိုင်ခဲ့တဲ့ လောကီစည်းစိမ်ရယ်၊ ကိုယ့်ကိုယ်အင်္ဂါအစိတ်အပိုင်းရယ်၊ သားသမီး၊ မယား၊ နောက် ကိုယ့်အသက်ရယ် [illegible]တာကို စွန့်ခြင်းကြီး ငါးပါးလို့ ခေါ်တယ်မဟုတ်လား၊ ဒီလို စွန့်ပယ်တာမျိုးတွေကို Renunciation လို့ ခေါ်တယ်မဟုတ်လား၊ ရိုးရိုးစွန့်လွှတ်တယ်ဆိုတဲ့ [illegible]ထက် ပိုမြင့်မြတ်မယ် ထင်တယ်"

ကိုစစ်အောင်က သဘောကျသလို ခေါင်းညိတ်လိုက်လေသည်။ [illegible]ကို ကျောပေးလျက်ရပ်ကာ အမှောင်ရိပ်ဘက် ကျနေသော ကိုစစ်အောင်သည် အလင်းရောင်ဘက် လှည့်နေသဖြင့် ဝင်းဝါနေသော မငြိမ်းယဉ်၏ မျက်နှာလေးကို ငေးစိုက်ကြည့်နေမိသည်။

မငြိမ်းယဉ်၏ မျက်နှာတွင် သနပ်ခါးနှင့် ပေါင်ဒါတို့ ပျက်ပြယ်ပြီး[illegible]သည်။ နဖူးနှင့် နှာခေါင်းတို့တွင် ချွေးများစို့ကာ အဆီပြန်နေသည်။ သို့သော်[illegible] သူလေး၏ မျက်နှာအဆင်းကား ကြည်လင်ဝင်းပသည်။

"လီယိုတော်လ်စတွိုင်းနဲ့ မဟတ္တမဂန္ဒီတို့ရဲ့ အတ္ထုပ္ပတ္တိတွေ ဖတ်ရင်[illegible] ဒီစွန့်ခြင်းရဲ့ အဓိပ္ပာယ်က ပေါ်လွင်နေတာပဲ"

ကိုစစ်အောင်သည် မငြိမ်းယဉ်၏ စကားကို ဖြည့်စွက်လိုက်လေ[illegible]

တစ်ချိန်တုန်းက ကောင့်ဘွဲ့ရ နယ်စားကြီး တော်လ်စတွိုင်းသည် [illegible]ရှိသမျှ စည်းစိမ်အားလုံးကို စွန့်ကာ သာမန်အလုပ်သမား ဆင်းရဲသားကဲ့[illegible] နေထိုင်ခဲ့လေသည်။ မြိုးခြဲစွာကျင့်ရင်း အသားစားခြင်း၊ ဆေးလိပ်သောက်[illegible]တို့ကိုပင် ရှောင်ကြဉ်လိုက်လေသည်။

ဆင်းရဲသားအဖြစ် နေထိုင်ခဲ့စဉ်က သူလယ်လုပ်ခဲ့သော ထွန်များ [illegible] သူကောက်ရိတ်ခဲ့သော တံစဉ်များ၊ သူတလင်းနယ်ခဲ့သော ကောက်[illegible]များ၊ သူဖိနပ်ချုပ်ခဲ့သော ကိရိယာများ၊ သူစီးခဲ့သော မြင်းကုန်းနှီးများ [illegible] သူ၏ ပြတိုက်တွင် ယနေ့တိုင် ရှိနေဆဲဟု ဆိုကြသည်။

ဂန္ဒီသည်လည်း တော်လ်စတွိုင်း၏ မြိုးခြဲသောအကျင့်ကို အားကျ

အတုယူသူဖြစ်သည်။ သူကတော့ နိုင်ငံရေးသတ္တဝါဖြစ်သည့် အားလျော်စွာ သူ့အမျိုးသားလွတ်မြောက်ရေးအတွက် အရာရာစွန့်လွှတ်သူ ဖြစ်လေသည်။ ဂန္ဒီသည် ဇာတ်နိမ့်သူများအရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ရာတွင် ထောင်ကျခံရသေးသည်။ ဇာတ်နိမ့်သူတို့အရေးကို ထောင်တွင်းမှပင် ဆက်၍ဆောင်ရွက်သေးသည်။

ဤအချက်များကို ရာဇဝင် သုတေသီဆရာမ မငြိမ်းယဉ် သဘောပေါက်လွယ်လိမ့်မည်ဟု မျှော်လင့်အားထားမိသည်။ မငြိမ်းယဉ်၏ တောက်ပြောင်သော မျက်လုံးတို့သည် စိတ်အားထက်သန်ခြင်းတို့ဖြင့် ဝင်းပြောင်လျက် နက်မှောင်သော မျက်နက်အိမ်ဝသည် သိလွယ်တတ်လွယ်မည်ဟု အကဲခတ်မိရသည်။

ကိုရည်မွန်ကမူ ကိုစစ်အောင်၏ ပခုံးကို ပုတ်ကာ ရယ်မောလျက်…

"လောကကြီးမှာ ဘာအရေးအကြီးဆုံးလဲ၊ လေဝဝရှူဖို့၊ ထမင်းကောင်းကောင်းစားဖို့၊ ကောင်းကောင်းအိပ်ရဖို့၊ ကောင်းကောင်း ချီးပါသေးပေါက်၊ ကန်တော့ခင်ဗျာ၊ ကန်တော့"

အားလုံး ရယ်မောမိကြသည်။

မငြိမ်းယဉ်ကမူ ညောင်ဦးဘိုတဲ ရောက်သည်အထိ ကိုစစ်အောင်၏ စွန့်လွှတ်ခြင်းတည်းဟူသော သဘောတရားကို စဉ်းစားလာမိသည်။

အာနန္ဒာလိုက်ဂူတွင် မငြိမ်းယဉ်ကို စချင် ပြောင်ချင်သဖြင့် တမင်တစ်ယောက်ထီးတည်း ကျန်စေရန် ထားခဲ့သော ကိုလွင်မောင့်ကို သတိမရတော့။

သို့သော်လည်း ကိုလွင်မောင်အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့တာတွေကိုတော့ အမှတ်ရလို့မဆုံးပေ။

ကိုလွင်မောင် တုပ်ကွေးအပြင်းဖျားတုန်းက တစ်ကြိမ်၊ မျက်စိတွေကျိန်းစပ်နာကျင်တုန်းက တစ်ကြိမ် မငြိမ်းယဉ်ပဲ ကိုယ်ဖိရင်ဖိ ပြုစုခဲ့ရသည်။ ကိုလွင်မောင် နေထိုင်ရာ သယ်နီးကျွန်း နေအိမ်တွင် နှမတွေ အစ်မတွေက ရှောင်ဖယ် ရှောင်ဖယ် လုပ်နေကြသည်။ ကူးမှာစိုးလို့တဲ့။ အနားမကပ်ကြ



မငြိမ်းယဉ်ကတော့မူ ရောဂါကူးလည်း ကူးပါစေတော့။ ကိုယ့်အတွက် လုံးဝ သည့်မစဉ်းစားတော့။

တကယ်လို့ ကိုလွင်မောင်တစ်ယောက် သောတ္တိသေနမင်းလို ကုဋ္ဌနာ ခွဲကပ်လျှင် မငြိမ်းယဉ်သည် သမ္ဘူလာပမာ သူ့နောက်လိုက်၍ အပင်ပန်းအဆင်းရဲခံကာ ဝတ်ကြီးဝတ်ငယ် ပြုစုဖြစ်မှာပဲ။ ရောဂါကူးမယ်ဆိုလည်း ကြောက်မနေနိုင်တော့ပါဘူးဟု သံသယရှင်းစွာပင် အာမခံချက်ပေးမိသေးသည်။ ကိုလွင်မောင်သည် နောက်သလိုလိုနှင့် မငြိမ်းယဉ်အား တော်ငါးဝင်နီးလောင်းဟု နေရာပေးကာ အဟုတ်အတည်လည်း သတ်မှတ်သည်။

အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလာ တော်လေးဝင်၊ နောက်ခေတ်သစ် မငြိမ်းယဉ်ပါ ပါသတဲ့။

ချစ်လို့လား မေးလာလျှင်တော့ နောင်သောအခါကာလတွင် မငြိမ်းယဉ် ဖြေတတ်တော့။

သစ္စာရှိတာပါဟုတော့ သေချာနိုင်မြဲစွာ ဖြေနိုင်လိမ့်မည်ထင်သည်။ အချစ်တရားကိုတော့ မြတ်နိုးမိတာ ဦးထိပ်ထားမိတာ အမှန်ပင်။ မငြိမ်းယဉ် ဦးထိပ်ဆင်ရွက်ခဲ့သော အချစ်စစ်ဆိုသည့်တရား ကိုယ်နှင့်တော့လွဲ လွဲခဲ့ရတာက တော့ မငြိမ်းယဉ်၏ ဘဝအကြောင်းပေပဲ။

**သစ္စာဟူငြား**
**မှန်တရားလည်း**
**တိမ်းပါးမရှိ**
**မြဲစေဘိလော့**
**တောင်ရှိမငြို**
**မယိမ်းယိုနှင့်**

မန်လည်ဆရာတော်ဘုရား၏ ဆုံးမသွန်သင်ခဲ့သော ဩဝါဒကို အောက်မေ့ခြင်းသာ။ သို့နှင့်ပင် နောင်အခါကာလတွင် မငြိမ်းယဉ်သည် သစ္စာစကား ကို ထပ်ခါတလဲလဲ ပြောမိသည် ထင်သည်။

□□□

## အခန်း(၁၀)

"တိမ်တောင်တိမ်လိပ်တွေ ကင်းစင်တဲ့ တိမ်ပြာပြာကို မြင်ဖူးမှာပေါ့၊ တစ်ခါတလေ နီလာအရောင်လိုပဲ မိုးတိမ်တစ်ခုလုံး အပြာသားပကတိပဲ၊ နီလာဆိုတဲ့ ကျောက်အရောင်ကလည်း နီလာပါစေလို့ တောင့်တရင်း ပေါ်လာတဲ့ အပြာရောင်ကျောက်၊ တကယ်တော့ အပြာရောင်ဟာ ဘယ်လောက်အေးချမ်းတဲ့ အရောင်လဲ၊ ကောင်းကင်အပြာရောင်ဆိုတာ မိုးသားကင်းစင်တဲ့အရောင်၊ လိမ္မော်ရောင်တိမ်တောင် ပရိယာယ်ကင်းတဲ့ အရောင်၊ ဒီလောက လူ့ဘဝကြီးမှာ ငြိမ်း ဖြစ်စေချင်တာက သိပ်မြင့်မားကြီးကျယ်လွန်းတယ် ဆိုလာရင်တော့ ဝမ်းနည်းစရာပဲ"

သည်လိုစကားမျိုးတွေ မပြောတတ်ခင် အချိန်တစ်ချိန်တုန်းကတော့ မငြိမ်းယဉ်ကို ကလေးသာသာအရွယ်ပဲဟု ထင်ခဲ့မိသည်။

လက်ထောက်ကထိက ဖြစ်နေသည့်ဘဝတိုင် မငြိမ်းယဉ်သည် ပကတိကလေးမငယ်တစ်ယောက်ပမာ လွတ်လပ်ပေါ့ပါးစွာ လှုပ်ရှားသွားလာနေဆဲပင်။

အတွေးအခေါ်တွေပါသော လူကြီးစကားပြောလည်း ကလေးငယ်ကို



ခေါင်းပေါင်း၊ တိုက်ပုံအင်္ကျီနှင့် ပုဆိုးဆင်ပေးသည့်နယ် ကြီးရင့်သောအသွင်လုံးဝမပေါက်သဖြင့် တီးတိုးရယ်ချင်မိသည်။

စင်စစ် မငြိမ်းယဉ်သည် ဒီတုန်းက အသက်အစိတ် မပြည့်သေးသဖြင့် ငယ်နုလှသေးသည်။ မငြိမ်းယဉ်သည် ၁၅ နှစ်သာသာအရွယ်တွင် ကောလိပ်သို့ ရောက်သဖြင့်သာ ငယ်ငယ်ရွယ်ရွယ်နှင့် ဒီဂရီနှစ်ဆင့်ဆက်တိုက် ရနေခြင်းဖြစ်သည်။

သူနှင့်ပါလာသော အတွဲကလည်း အတွဲမည်ကာမတ္တသာ။ အစ်ကိုအကြီးဆုံး၏ နှမအထွေးဆုံးလေးနှင့် တူလှသည်။ ဣန္ဒြေအရဆုံး အတွဲတစ်တွဲသာပဲဟု ကိုစစ်အောင်တို့က မှတ်တမ်းတင်မိသည်။ အတွဲနှင့် ဖြစ်နေတာကိုပင် နှမြောလှသည်။

သည်တုန်းက ဘိုတဲပတ်ဝန်းကျင်၏ စခန်းအခြေက သာယာသည်။ မြေတံရှည်ရှည်နှင့် ခေတ်ဆန်ဆန် သစ်သားဘိုတဲကို တောင်ကုန်းအမြင့်တွင် ဆောက်ထားလေသည်။

စိမ်းစိမ်းလတ်လတ်နှင့် ညိုဖပ်သော သစ်ရွက်တို့ ဖုံးအုပ်နေသော သစ်ဝင်တို့ ပတ်ရံနေကြသည်။

တောင်ကုန်းမှ ကုန်းလျော လျှောဆင်းသွားလျှင် ငွေသောင်ယံ သဲဖြူနှင့် ဧရာဝတီမြစ်ဆိပ်ကမ်းသည် လှပတည်ငြိမ်စွာ ဝပ်စင်းနေသည်။

ဆည်းဆာနေရီရီ၏ ရွှေရည်မှင်သည် မြစ်ရေပြင်ပေါ် ပက်ဖျန်းလိုက်သည့်အခါ မြအသွေး ရွှေရေးလုဘိသကဲ့သို့ ရှိလေသည်။

တောင်ကုန်းတစ်ခုပေါ်တွင် ထုံးဖွေးဖွေးနှင့် စေတီတစ်ဆူကို လှမ်း၍ ဖူးမြင်ရလေသည်။ စေတီထိပ်ဖျားမှ ဆည်းလည်းသံသည် လေနှင့်အတူ ညှင်းညှင်းသံသာ တေးဂီတပမာ သယ်ဆောင်ခဲ့လေသည်။

"ဆရာ..ဟိုမှာကြည့်စမ်း၊ နေကြီးက သိပ်လှတာပဲ၊ အဲဒါ အနောက်ဘက်ဖြစ်မယ် ထင်တယ်နော်"

မငြိမ်းယဉ်သည် မြစ်ဆိပ်တွင် ငါးပျံပမာ ရေကူးပြီး ကိုယ်ကိုဆော့လိုက်သည်။ ပါးစပ်ထဲမှ ရေများကို ပလုတ်ကျင်းပြီး ဖူးခနဲ ထွေးထုတ်

လိုက်သည်။

အနောက်ဘက်တစ်နိုတွင် ပတ္တမြားရောင်ခြည်မျှင် သွယ်တန်းနေသည်။ ထိုအနီရောင် နှုတ်ဆက်အနမ်းတွေနှင့် မိုးကုပ်စက်ဝိုင်းထက်၌ မေးတင်လျက်ရှိသော ရှင်နေမင်းကို ကိုစစ်အောင်သည် လှမ်းငေးကြည့်လိုက်လေသည်။

ကိုလွင်မောင်သည် ဆိပ်ကမ်းမှ ကျောက်ဆောင်တစ်ခုပေါ်တွင် ထိုင်စောင့်ရင်း…

"မြန်မြန်တက်လေ၊ အအေးမိမယ်"

"ဆရာကလဲ…သူ မချိုးရတိုင်း"

မငြိမ်းယဉ်က ကလေးတစ်ယောက်ပမာ ငြူစူနေသည်။

မငြိမ်းယဉ်အနီးတွင် အသာငြိမ်ရပ်လျက် ချေးတွန်းနေသော ရီရီကရယ်မောကာ…

"ဆရာကလည်း စိတ်မပူပါနဲ့၊ မငြိမ်းတစ်ယောက်တည်း အသက်ရှိတာ မဟုတ်ပါဘူး"

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့နှစ်ယောက်စလုံးအတွက် ပြောတာပါ"

"ဩော်…ရီကော ပါသေးလို့လား"

ပြုံးစစနှင့် မေးလိုက်သည်။

"ပါတယ်"

မငြိမ်းကပြောပြီး သူ့ဖာသာသူ သဘောကျကာ ရယ်နေသည်။ ကိုလွင်မောင်သည် မငြိမ်းယဉ်အား မကျေမနပ်နှင့် လှမ်းကြည့်ကာ…

"ဘိုတဲရေချိုးခန်းထဲမှာလည်း ရေအပြည့်ရှိရဲ့သားနဲ့၊ မိငြိမ်းက ရှည်ကိုရှည်တယ်၊ ဘယ်ရေသရဲဘဝက လာတယ်မသိဘူး၊ ချောင်းတို့၊ မြစ်တို့တွေ့ရင် ရေဆင်းမကူးဘဲ မနေဘူး၊ ကူးဖြစ်အောင် ကူးတာပဲ"

ကိုလွင်မောင်သည် ကမ်းပေါ်မှနေ၍ ဗျစ်တောက် ဗျစ်တောက်နှင့် မြည်တွန်တောက်တီး ပြောဆိုနေသည်။

မငြိမ်းယဉ်က ဘာဘာညာညာ ပြန်မပြောဘဲ ပြုံးပြုံးလေး ငေး၍သာနေသည်။ မြစ်ဆိပ်ကမ်းကုန်းအမြင့်ဆီမှ မြမြစိမ်းနေသော သစ်ချုံနွယ်နှင့်



ဒါးရုံပင်များကို ငေးကြည့်နေသည်။ သစ်ခက်သစ်ရွက် အကြိုအကြားတွင် ရွှေခြည်စာပြောက်အကွက်ဖော်လျက် တိမ်ပြာပြာသည် အရောင်ရင့်လျက် နီလာသွေးသို့ လှနေသည်။

မငြိမ်းယဉ်နှင့် မလှမ်းမကမ်းတွင် ရေချိုးနေကြသော ကိုစစ်အောင်၊ ကိုညွှန့်မှိန်နှင့် ကိုနွေဦးတို့သည်လည်း မငြိမ်းယဉ် ငေးကြည့်ရာ ဆိပ်ကမ်းဘက်သို့ လှမ်းမျှော်ကြည့်နေကြသည်။

"ကြည်နူးမှုဆိုတာကို လူတိုင်းခံစားတတ်ရင်၊ ဒါမှမဟုတ် ခံစားခွင့်ရှိရင် ဘယ်လောက်များ ကောင်းလိုက်မလဲ၊ ကြည့်စမ်း…ရွှေမှုန်ကြဲနေတဲ့ ညောင်ဦးဆိပ်ကမ်းဟာ သိပ်လှတာပဲ၊ တိမ်အပြာရောင် မိုးယံမှာ ငှက်တစ်အုပ်ဟာ အိပ်တန်းဝင်ဖို့ တစ်သီကြီး ပျံသန်းလာကြတယ်။ နွေလယ်ရဲ့ အဆင်းလှတာဖြစ်တဲ့ ရွက်ဝါဟာ လေငွေ့တိုင်း ကြွေကျနေတယ်၊ မြရည်သွေးမှာ ရွှေရောင်လှနေတဲ့ သစ်ရွက်လေးတွေ ချာလည်လည်နဲ့ တဝေ့ဝေ့ ပျံနေပုံဟာ အိပ်မက်ရချင်စရာကောင်းတာပဲ"

သို့သော် သည်အလှကို မခံစားတတ်သူနှင့် ခံစားခွင့်မရသူများ ရှိသေးသကဲ့၌ ဒုနှင့်ဒေး။

မခံစားတတ်သူများအတွက် စိတ်မောလှသည်။ ခံစားတတ်စေချင်သည်။ ခံစားခွင့် မရသူများကိုတော့ ကြင်နာ သနားမိသည်။

ညောင်ဦးဘိုတဲ ဧည့်ခန်းတွင် အရာရှိများ၏ ဝိုင်းအစိုသည် စီစီညံနေသည်။ နီမြန်းနေကြသော မျက်နှာများတွင် ဒန်းဟီးလ်နှင့် ငါးသုံးလုံး နိုင်ငံခြားမှ စီးကရက်ငွေ့များ တရိပ်ရိပ် ဖြတ်သန်းသွားကြလေသည်။

ကြိုက်တတ်သူများအဖို့ သင်းချိုသော ဝီစကီရနံ့သည်လည်း ပတ်ဝန်းကျင်တွင် ပျံ့နှံ့နေပေလိမ့်မည်။ ပူနွေးဆဲရှိသော ကြက်သားကြော်များနှင့် ငါးချောင်းကြော်တို့သည် ထမင်းစားပန်းကန်ပြားများတွင် အစီအရီ တည်ခင်းထားလေသည်။

ရုံးလုလင် မောင်သန်းတင့်သည် ဘိုတဲနောက်ဖေးနှင့် အိမ်ရှေ့ကပြင်ကို ကူးချီသန်းချီနှင့် အလုပ်ရှုပ်နေသည်။ သူ့လက်ထဲမှ ဆော်ဒါပုလင်းဖောက်သံ

တို့သည် အရိုန်ပြင်းစွာ အသံမြည်နေသည်။

ကိုစစ်အောင်တို့လူစုနှင့် ကိုလွင်မောင်တို့လူစုကား တစ်ဝိုင်းဖြစ်သည်။ မောင်နွေဦးနှင့် ကိုရည်မွန်တို့က သောက်တတ်သော်လည်း ကိုစစ်အောင်ကား စီးကရက် တွင်တွင်သောက်နေသည်။ ကိုလွင်မောင်ကား ဆေးလိပ်ရော အရက်ရော မသောက်တတ်။ သို့သော်လည်း မကြာမီပင် သူ့မိတ်ဆွေ အရာရှိတစ်ဦးနှင့် ဆုံကာ ထိုအရာရှိဝိုင်းထဲ ဝင်ဆုံသွားလေသည်။ ကျယ်လောင်သော ရယ်သံများ ဘောဘီသို့ ပျံ့နှံ့သွားလေသည်။

နည်းပြဆရာလေးကတော့ အမြုပ်တစီစီနှင့် ထန်းရည်ခါးကို ကြည့်ကာ ပခုံးတွန့်ပြီး ပြုံးလျက် ဝိုင်းတစ်ဖက်က ကမ်းပေးလိုက်သော ကြက်သား ကြော်ပန်းကန်ထဲမှ ကြက်သားကြော်ကို ကောက်ကိုင်လိုက်လေသည်။

ဝိုင်းနှစ်ဝိုင်းမှ စကားသံတွေသည် ရောထွေးထွက်လာလေသည်။ အမေရိကန်နိုင်ငံမှ ပါတီကြီးနှစ်ရပ်ဖြစ်သော ဒီမိုကရက်တစ်နှင့် ရီပတ်ဗလစ်ကန် အားပြိုင်သော အကြောင်းမှစ၍ ပူပူနွေးနွေး မုဆိုးမ ဂျက်ကလင်းကနေဒီနှင့် စတ်လိုက်ဖင်းသား မာလန်ဘရန်ဒိုတို့ နေ့လယ်စာလား ညစာလား အတူစားတဲ့အကြောင်း၊ အဖိုးထိုက်တန်သော စိန်များကို စုနေသော လစ်(ဇ်) တေလာအကြောင်း၊ သတ္တုမမြောက် လင်ယောကျ်ားကို ရွေးချယ်တော့မည် လာမှာတားနားအကြောင်း စုံစုံလင်လင်ပင်။

ကိုစစ်အောင်၊ ကိုရည်မွန်နှင့် ကိုနွေဦးတို့ဝိုင်းဆီမှလည်း စကားသံများ အရှိန်နှင့် မြင့်တက်ကာ ထွက်ပေါ်လာလေသည်။ နည်းပြဆရာလေးနှင့် ကိုရည်မွန်တို့၏ ကာရန်မဲ့ကဗျာအကြောင်း ဆွေးနွေးချက်က တော်တော်နှင့် မပြီးပြတ်နိုင်ပေ။

နည်းပြဆရာလေးက ကဗျာ၏ပုံစံ၊ အဖွဲ့အစည်း၊ အလင်္ကာရသများကို ဆွေးနွေးသွားသည်။ စာဆိုကြီးများ၏ ကဗျာများကို ကိုးကားတင်ပြသွားလေသည်။

ကိုရည်မွန်က ပြန်ဆွေးနွေးသည်။ ယနေ့ကဗျာသည် လူငယ်များ၏ ကဗျာ၊ လူငယ်များ၏ ခံစားချက်ကို ဖော်ပြထားသော အဖွဲ့အစည်း ဖြစ်လာပေပြီ။ လူငယ်တို့သည် ကဗျာကို ချစ်ကြသည့်အားလျော်စွာ လက်တည့်စမ်းကာ



[illegible]ညည်းချင်လာကြသည်။ ကဗျာသည် လူငယ်တိုင်း ခံစားကြရသော ဝေဒနာ [illegible]စေတသိက်တို့ကို ဖော်ပြရာ ဟစ်တိုင်ကြီးသဖွယ် ဖြစ်လာသည်။

"ကျွန်တော်ပြောတဲ့ လက်ခံတယ်ဆိုတဲ့ အချက်က ဒီသဘောပါ၊ [illegible]ချက်စိမ်းသည် မအေက မွေးထားတဲ့ ကိုးတန်းကျောင်းသားလေးဟာ [illegible]မှာ ကက်ဆက်က တေးသံသာလည်း မကြားနိုင်ဘူးဗျ၊ ခြင်စကာတပ် [illegible] လေအေးစက်ရှိတဲ့ အခန်းက စပရိန်မွေ့ယာပေါ်လည်း မလဲလျောင်းနိုင် [illegible] ပေါင်မုန့်ထောပတ်သုတ်လည်း မစားနိုင်ဘူး၊ မာကျောအေးစက်တဲ့ ငစိန် [illegible] စားရတယ်၊ သူ့အရပ်ထဲက ညည်းညူသံ၊ ရန်ဖြစ်သံတွေ ကြားနေရ [illegible] ဘဝအတွက် ရှန်းကန်တာတစ်ခုကိုပဲ အမိကမြင်တယ်၊ သူစီးလာရတဲ့ [illegible]ကျပ်တည်းပြီး လက်ကောက်ဝတ်တွေ ပွန်းပဲ့သွေးစို့တဲ့ ခရီးကိုလည်း [illegible]လေးဟာ နေ့တိုင်း ဖြတ်သန်းနေရတယ်၊ အဲဒီတော့ ဒီကလေးဟာ သူ့ [illegible]အခေါ်လေးကို ဖော်ထုတ်ချင်လာတဲ့အခါ မဖော်ထုတ်ရဲ့၊ မင်း ဆရာကြီး [illegible] ဆရာကြီး မင်းသုဝဏ်တို့၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့လို [illegible]တစ်ဖက်ကမ်းခတ်တော်မှ ရေးပါလို့ ပိတ်ပင်ရမှာလား"

ကိုစစ်အောင်သည် ငြိမ်နားထောင်နေရာမှ ခပေါင်းစီးကရက်ကို [illegible]ခွက်ထဲ ထိုးချေလိုက်သည်။

နည်းပြဆရာနှင့် ကိုရည်မွန်တို့သည် အခြေအတင် ပြောဆိုနေမြဲပင်။

ကိုစစ်အောင်သည် နောက်ဆုံး ကြားဖြတ်ဝင်၍ လက်ဖက်ရည်စားပွဲ [illegible] ဆိုက်ကားဂိတ်၊ ကားဆိပ် နေရာအရပ်ရပ်တို့ရှိ လူငယ်များအကြားမှ [illegible]အကြောင်း ပြောရင်း '၈၂ ကျပ်စားကို သရော်လိုက်ခြင်း' နှင့် '[illegible]တ်ခြင်းသည် ကြီးမွားး၏' ကဗျာများကို ရွတ်ပြပြီး တသောသော [illegible]နေကြသည်။

ထနေ့ လူငယ်လေးအချို့၏ ပွင့်လင်းရွှင်လန်းသော ဟာသဉာဏ် [illegible] ကျေနပ်ဖွယ်ပင်။

ငြိမ်းယဉ်နှင့် ရီရီတို့သည် ကျောင်းစာသင်ခန်းမှ ခေတ္တထွက်၍ [illegible] ချဉ်းနင်းဝင်ရောက်ခဲ့ကြလေသည်။ ညီမျှသော လူ့အခွင့်အရေး၊

လူတန်းစားမဲ့ အဖွဲ့အစည်းအကြောင်းများကို သိခဲ့ရသည်။ မြင်သမျှ ကြားသမျှ တွေကို အထူးအဆန်းသဖွယ် တအံ့တသြ နားထောင်နေမိကြသည်။

ကိုရည်မွန်သည် သူ့စကားလမ်းကြောင်းကို ပြောင်းကာ ယမန်နှစ်က စာဆို ခရီးစဉ်အတွေ့အကြုံများကို ပြောပြနေသည်။

မော်လမြိုင် အစုန်ရထားသည် လူတွေ ပြည့်အန်ပြွတ်သိပ်နေသည်။ အသက်ရှူပေါက် မရအောင် ကျပ်တည်းလွန်းလှသည်။ ပဲခူးဘူတာအရပ်တွင် ပို၍ဆိုးသည်။

'တကယ်ငရဲခန်းပဲ လောကငရဲ' ဟု ကိုရည်မွန်က သရုပ်ဖော်သည်။

မလှုပ်သာ မလှည့်သာ၊ ရပ်စရာပင် နေရာက ရှားပါးသည်။

"လူတွေ လှိမ့်ဝင်လာလိမ့်မယ်၊ တံခါးပိတ်ထား ပိတ်ထားပါ၊ တံခါး တံခါး"

မိန်းမတစ်ဦးက အလန့်တကြား အော်ဟစ်လိုက်သည်။ ကိုရည်မွန် သည် တံခါးကို ကမန်းကတန်း ထပိတ်လိုက်သည်။ တံခါးထုသံ၊ ရိုက်သံ၊ အော်ဟစ်သံများနှင့် ကလေးငိုသံတွေ ဆူညံနေသည်ဆိုပဲ။

"ကလေး ညှပ်နေပြီ၊ ကလေး ကလေး"

မိန်းမငယ်တစ်ဦးက အော်လိုက်သည်။

"အမယ်လေး လက်ကျိုးပါပြီ၊ တောက်…"

ယောက်ျားကြီးတစ်ဦးကလည်း ဆက်တိုက်အော်လိုက်သည်။ တစ်ဖက် ရထားပြတင်းပေါက်မှ အထုပ်အပိုးတွေ တစ်သီကြီး ရထားထဲ ပြွတ်သိပ်ထိုး ထည့်လိုက်လေသည်။ အသက်အရွယ် အစိတ်ခန့် အမျိုးသမီးငယ်တစ်ဦး၏ ခြေထောက်သည် သင်္ကန်းဝတ် ရဟန်းတစ်ပါး၏ခေါင်းပေါ် ဝဲသွားလေသည်။

"ဟယ်…ဘုန်းကြီးမှန်းမသိ၊ ဘာမှန်းမသိ"

"မတော်လို့ပေါ့တော်၊ ခရီးသွားတာပဲ တကယ်တည်း ဘုန်းကြီးက တော့အမျိုးမို့လို့လား"

ကိုရည်မွန်က မငြိမ်းယဉ်တို့ရှေ့မှီ သိမ်မွေ့စွာ ဖောက်သည်ချလိုက် လေသည်။ အမျိုးသမီး၏ ရန့်ဖွယ်ငေါငေါနှင့် ဆူးတောင်ဖြန့်သောအသွင်သည်



သည်း မျက်စိထဲ မြင်ယောင်လာလေသည်။

ကိုစစ်အောင်သည် သက်ပြင်းတစ်ချက် ခပ်လေးလေး ချလိုက်လေ သည်။ ကိုဆွေဦးသည် ကိုစစ်အောင်ဘက်သို့ လှည့်ကြည့်ပြီး…

"ကိုစစ်အောင်တောင် ခြေထောက်က မသန်စွမ်းရတဲ့ကြားထဲ သေရာပါ ဒဏ်ရာတစ်ခု ရခဲ့သေးတယ် တံတောင်ဆစ်မှာ"

သေတ္တာစွန်းနှင့် ဆောင့်တိုက်မိပြီး ကိုစစ်အောင်၏ တံတောင်ဆစ် နေရာတွင် အသားတွေ လန်သွားသည်အထိ ဒဏ်ရာပြင်းထန်လေသည်။ ကိုစစ် အောင်၏ လက်တံတောင်ဆစ်နေရာတွင် ယခုထက်တိုင်အောင် တစ်လက်မခွဲခန့် အရွယ်ခုတ် ခပ်စောင်းစောင်း အနာရွတ်ထင်နေသည်။

"အဲဒီတုန်းကရော ကိုစစ်အောင် ပါသွားသေးလား"

"သူ ကျွန်တော်တို့နဲ့ အမြဲတွဲနေတာပဲ"

မောင်ဆွေဦးက အဖြေပေးလေသည်။

"ကိုစစ်အောင်က ဘာလုပ်သလဲ"

မငြိမ်းယဉ်က တည့်တိုးပင် မေးလိုက်လေသည်။ ကိုရည်မွန်နှင့် မောင်ဆွေဦးတို့က ကိုစစ်အောင်၏ မျက်နှာကို လှမ်းကြည့်ကာ ရယ်မောနေကြ လေသည်။ ကိုစစ်အောင်သည် မငြိမ်းယဉ် မေးသော မေးခွန်းကို မဖြေ။ ပြုံး၍သာနေသည်။ ကိုရည်မွန်ကသာ မနေနိုင်သဖြင့်…

"ဆရာ ဇန်းမော်တင်အောင် ရေးတဲ့ 'ကျားမြီးကိုမှ ဆွဲမိသူ' ဆိုတာ ဆရာမ ဖတ်ဖူးသလား"

အားလုံးအဖို့ ပြက်လုံးထုတ်သည့်ပမာ တသောသောရယ်မောကြလေ သည်။ မငြိမ်းယဉ်သည်သာ ခေါင်းကို ခါရမ်းလျက်…

'ဟင့်အင်း' ဟု ဆိုကာ ဘုမသိဘမသိ ရယ်မောလိုက်လေသည်။

များမကြာမီပင် ကိုလွင်မောင်သည် ကိုစစ်အောင်တို့ဝိုင်းသို့ ကူးလာ ကာ မငြိမ်းယဉ်နှင့် ရှိရိုလက်ထဲသို့ ကြက်ရင်အုံကြော်နှစ်ပိုင်း ဝေငှပေးလိုက် လေသည်။ ကိုစစ်အောင်အား ဒန်ဟီးလ်စီးကရက်တည်တော့ ခေါင်းကို ခါရမ်း လိုက်လေသည်။

''ဒါမျိုး အမြဲမသောက်နိုင်တော့မယ့်အတူတူတော့ မသောက်တာပဲ ကောင်းပါတယ်ဗျာ''

ယဉ်ကျေးစွာ အကြောင်းပြရင်း ငြင်းဆန်ပြောဆိုလိုက်သည်။ ထို့နောက် သူသည် ဆေးလိပ်သောက်ခွင့် လုံးဝမရသော နေ့ရက်များအကြောင်းကို ပြောပြ နေသည်။ မငြိမ်းယဉ်သည် သူမကြားဖူးသေးသော အကြောင်းအရာများကို စိတ်ပါဝင်စားသော မျက်လုံးများ အရောင်တဖျပ်ဖျပ်လက်လျက် နားထောင် နေမိသည်။

စွတ်စိုသော မှိုစော်လိုလို အနံ့အသက်နှင့် စိမ့်အေးနေသော သခ် တလင်းမှ ရေစွက်စွက်သည် သူ၏ ညာဘက်ခြေထောက်နှင့် ဒူးဆစ်ကို ဒုက္ခပေးခဲ့သော အဖြစ်ကိုလည်း ကိုလွင်မောင်၏ မေးခွန်းနှင့် စကားစပ် ဆက်မိကြပြန်သည်။ ကိုရည်မွန်က တစ်ဖန်ဆက်၍…

''ခြေထောက်ရောဂါ ပျောက်လုလုအချိန်ကျမှ ကိုစစ်အောင်ရဲ့ အစ်ကိုတစ်ယောက်က ရေချိုးခန်းထဲ Suicide လုပ်(သတ်သေ)တာကိုးဗျ အဲဒါ စိတ်ပူပြီး ခုန်ချဆင်းလိုက်တာ တစ်ခါတည်း ဒူးဆစ်ရိုးအက်ပြီး အဆစ် ပြုတ်သွားတဲ့အထိ ဖြစ်သွားတာပဲဗျ။ ခုလိုကောင်းလာလိမ့်မယ်လို့ ဘယ်သူမှ မထင်ကြဘူး''

ပြောပြသောအခါ ကိုစစ်အောင်၏ ကိုယ်ရေးကိုယ်တာ အတ္ထုပ္ပတ္တိနှင့် ပတ်သက်သော နောက်ခံအကြောင်းတရားတွေ ရှိလိမ့်ဦးမည်ဟု မငြိမ်းယဉ်က တွေးမိလေသည်။

ဘာပဲဖြစ်ဖြစ်၊ သစ္စာတရားအား မရပ်မနား ရှာဖွေခြင်းနှင့် သစ္စာ တရားသို့ ရောက်ရှိရန် ကြိုးပမ်းအားထုတ်ရခြင်းသည် သာမန်ကိစ္စရပ်မဟုတ်။

နောင်တွင် ဤကြိုးပမ်းမှုနှင့် ပတ်သက်၍ မငြိမ်းယဉ်က ဝိညာဉ် အင်အားနှင့် တွဲပါဟု အကြံပေးတင်ပြလျှင် ကိုစစ်အောင်သည် ခေါင်းကို ခါရမ်းကာ ငြင်းဆိုလိမ့်မည်။ ဝိညာဉ်ကိစ္စကို လက်မခံနိုင်ကြောင်းကို ခေါင်းခါ စွာ ပြုံးနေခြင်းဖြင့် တိတ်ဆိတ်နေပေလိမ့်မည်။

□□□

## အခန်း(၁၁)

တကယ်တော့ လူ့ဘဝဇာတ်ကြောင်းတွင် သစ္စာရှိခြင်းနှင့် သစ္စာမဲ့ [illegible] မှန်ခြင်းနှင့် မမှန်ခြင်း၊ တရားခြင်းနှင့် မတရားခြင်း၊ ပြည့်စုံကုံလုံခြင်းနှင့် [illegible]ဆင်းရဲခြင်းတို့နှင့် ရောပြွမ်းပြည့်သိပ်လျက်ရှိသည်။

ထိုတစ်ညနေ၌ပင် မငြိမ်းယဉ်နှင့် ရီရီတို့ ဘိုတဲပေါ်ကအဆင်း လှေကား [illegible]ခြေ၌ အသက် ၁၈ နှစ်ခန့်သာ ရှိသေးသော မိန်းမငယ်တစ်ဦးသည် [illegible] မောင်သန်းတင့်နှင့် အချီအချ စကားများ ရန်ဖြစ်နေတာကို အမှတ် [illegible] ကြားခဲ့ရသည်။

''တခြားညှော်သည်တွေ ရှိနေတာ နင် မသိဘူးလား၊ ဝန်ထောက်မင်း [illegible] နင့်ကို အတွေ့ခံလိမ့်မယ်အားကြီး၊ စောင့်နေ…စောင့်နေ…''

''အိုး…ကျုပ် ပိုက်ဆံ ၂၀ ကျပ် ရစရာရှိလို့ လာတာ''

''နောက်မှလာလို့ ပြောနေတယ် မဟုတ်လား''

မောင်သန်းတင့်က အသံက ခပ်အုပ်အုပ်။ မိန်းမငယ်ကတော့ အသံ [illegible]…

''ကျုပ်မယ် ပိုက်ဆံမရှိလို့ပါဆိုနေ''

"နင်ကလည်း ကဲလိုက်တာ၊ နင့်ကို ဆရာ့မိတ်ဆွေတွေကတောင် ပြောနေတယ်၊ ရန်ကုန်မှာ ကြေးကြီးဂေါ်လီတစ်ယောက်စာမက…"

"တော်ခွေးစကားမပြောနဲ့၊ ကျုပ် ဖာသည် မဟုတ်ဘူးတော့"

"နင် ဖာသည် မဟုတ်လို့…"

မောင်သန်းတင့်၏ စကားမဆုံးခင်ပင် ထိုမိန်းမငယ်က…

"ငါ ပိုက်ဆံမရှိလို့ပါ၊ ပိုက်ဆံ မရှိလို့ပါ၊ စားစရာရှိရင် ဒီဘိုတဲကို မလာပါဘူး"

ပြောပြောဆိုဆို ငိုယိုမြည်တမ်းနေသည်။ ကောင်မလေးက ငိုရှိုက်နေသဖြင့် မောင်သန်းတင့်သည် ကောင်မလေးပါးစပ်ကို ကမန်းကတန်း လှမ်းပိတ်ကာ…

"ဟော့…ရှူး…တိုးတိုး၊ အားလုံး ကြားကုန်လိမ့်မယ်၊ ကောလိပ်က ဆရာ ဆရာမတွေရော၊ စာရေးဆရာတွေရော ရှိတယ်၊ နင် မရှက်ဘူးလား"

သည်အချိန်က မငြိမ်းယဉ်နှင့် ရီရီအရိပ်ကို မြင်လိုက်ရသော ကောင်မလေးသည် မောင်သန်းတင့်၏ လက်များကို အတင်းဆွဲဖယ်ကာ ထဘီစွန်တောင်ဆွဲရင်း ငိုငိုယိုယိုနှင့် တရကြမ်း ပြေးလေသည်။ ပြေးရင်းလွှားရင်း အရောင်အဆင်း မွဲခြောက်သော နှစ်နံ့စပ် ချည်ကြမ်းထဘီနှင့် မျက်ရည်တွေကို သုတ်သွားလေသည်။

ညှိုညှိုတုတ်တုတ်နှင့် ကိုယ်လုံးတောင့်တင်းသော ကောင်မလေး နောက်ကျောပြင်ကို ငေးကြည့်နေပြီးမှ မငြိမ်းယဉ်သည် ကောင်မလေးနောက်သို့ အပြေးလိုက်သွားမိလေသည်။

"ဟော့…မိန်းကလေး၊ နေဦးလေ ခဏ"

ကောင်မလေးက အပြေးမရပ်ဘဲ…

'ကျုပ် ဖာသည်မဟုတ်ပါဘူး' ဆိုသော စကားကို ထပ်ခါတလဲလဲ ဝမ်းပန်းတနည်းပြောရင်း ရှိုက်ငင်လျက် ပြေးမြဲ ပြေးနေပြန်သည်။

"ညီမလေး"

"ညီမလေးကို မုန့်ဖိုးပေးမလို့ပါ"



"ခဏလေး…ခဏ၊ ပိုက်ဆံ မယူချင်ဘူးလား"

ပိုက်ဆံဟူသော အသံကြားမှ ကောင်မလေးသည် ရုတ်ချည်းအပြေးရပ်သွားသည်။ မငြိမ်းယဉ်နှင့် ရီရီတို့သည်လည်း ထိုကောင်မလေး ရှိရာသို့ ပြေးရင်းလွှားရင်း မောကြီးပန်းကြီးနှင့် ရောက်လာကြသည်။ မငြိမ်းယဉ်၏ လက်ပွေ့အိတ်ထဲမှ အဆင်သင့် ဆွဲထုတ်ထားသော ဆယ်တန်တစ်ချပ်ကို ကောင်မလေးလက်ထဲသို့ ထည့်လိုက်လေသည်။ ကောင်မလေးသည် တစ်ဆယ်တန်ကို မက်မက်စွဲစွဲနှင့် တင်းကျပ်စွာ ကိုင်ဆုပ်လိုက်လေသည်။

"နာမည် ဘယ့်နှယ်ခေါ်လဲ"

"မငွေသဲ"

"နာမည်က ချစ်စရာလေး၊ လှနဲ့လိုက်တယ်"

ကောင်မလေးသည် အသားညိုသော်လည်း ချောမွေ့ညက်ညောကာ မျက်နှာလေးလုံးလုံးနှင့် မျက်လုံးမျက်ဖန် လှလှလေး ဖြစ်သည်။ အသက်အရွယ်ရော ရုပ်ရည်ရော အထက်တန်းကျောင်းသူအရွယ်လေးပေပဲ။ နှမြောစရာတော့ ကောင်းလှသည်။ ဘာဘာညာညာ ဆက်မမေးရက်သဖြင့် ကောင်မလေး နောက်မှ အသာလိုက်လာရင်း…

"မငွေသဲတို့အိမ်က ဘယ်နားမှာလဲ"

"ဒီနားမှာ"

"သြော်…နီးနီးလေးပဲ"

ရီရီက သူ့လက်ထဲမှ ကြက်သားကြော်ကို ဖွဲ့စားကာ သူများကျွေးဖို့ သတိရော အလိုက်မသိသော ကလေးငယ်ပမာ။

"တို့ကို ထမင်းကျွေးပါလား"

"ဟင်းမကောင်းဘူးတော့၊ ထမင်းလည်း မကောင်းပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ၊ စားရရင် ပြီးတာပဲ"

မငြိမ်းယဉ်က ရယ်ရင်းပြောလိုက်ပြန်သည်။ ဒီတော့မှ မငွေသဲက ပြုံး[illegible]ရလာလေသည်။ ဗမာပြည်ဖြစ် စာအင်္ကျီခရမ်းရောင်မှာ သူ၏ ထွားကျိုင်းသော ခန္ဓာကိုယ်လေးတွင် တုတ်နှောင်စည်းကျပ်နေသည်။ နေရာအနှံ့ ဖာထေး

ထားသော ဘော်လီအင်္ကျီအောက်မှ မငွေသဲ၏ အသားစိုင်များသည် ဖွံ့ဖြိုးလှ သည်။

မငွေသဲ၏အိမ်မှာ သက်ငယ်မိုး၊ ထန်းလက်ကာနှင့် မြေအခင်း ဖြစ် သည်။ အိပ်စင်တစ်နေရာစာသာ ဝါးအခင်း ခင်းထားသည်။ မငွေသဲ၏ မိခင် ကြီးသည် ခြေထောက်အောက်ပိုင်းမှာ လုံးဝမလှုပ်ရှားနိုင်။ မီးယပ်ကျိုး ကျိုးနေ သည်။ အိပ်ရာထက်တွင်ပင်ထိုင်လျက် လက်ဖဝါးပေါ်တွင် သံပန်းကန်တင်ကာ ထမင်းစားနေသည်။

မငွေသဲတွင် အဖေ မရှိ။ မောင်ငယ် နှစ်ယောက်နှင့် မိခင်ပဲ ရှိသတဲ့။ မောင်လေးနှစ်ယောက်သည် မြေကြီးပေါ် စားပွဲစုတ်လေးခင်းလျက် ထမင်းစား နေကြသည်။

ပြောင်းဆန်နှင့် ရောချက်ထားသော ထမင်းမှာလည်း နီကြင်ကြင်နှင့် စားချင်စဖွယ်မရှိ။ ပဲရွက်ပြုတ်နှင့် ငရုတ်သီးထောင်းမှာလည်း လေသလပ်ထား သဖြင့် အရောင်အဆင်းမှာ မည်းနေသည်။ 'ထမင်းတဲ့ပြောင်းဆန်၊ ပီလောရေ တုန့်တုန့်နှင့် မြေဇလုံစပျစ်ခင်း၊ မင်းတုစိုးဟန်' ဆိုတဲ့ လွမ်းချင်းထဲမှ ထမင်းဝိုင်း ကမှ ပွနေ့းစိုပြေသေးသည်။

မငြိမ်းယဉ်သည် သူ့လက်ထဲရှိ စားလက်စ ကြက်သားကြော်မှ အသားများကို ကလေးတွေ၏ ပန်းကန်ထဲသို့ ဝေငှထည့်ပေးလိုက်လေသည်။ ရီရီကတော့ သူ့ဝေစု ကြက်သားကြော်ကို မငွေသဲအမေ၏ ထမင်းပန်းကန်ထဲသို့ ထည့်လိုက်လေသည်။ စားလို့ကောင်းလှ၍ လတ်ဆတ်ချိုမြိန်သော ကြက်သား ကြော် အရသာကို တမ်းတရင်း မငြိမ်းယဉ်က…

"ဒါလည်း Renunciationအသေးစားပေါ့၊ ဘိုတဲရောက်ရင် ကိုစံ အောင်ကို ပြောပြရဦးမယ်"

ဟု ပြောကာ တသောသော ရယ်မောမိသေးသည်။

မငွေသဲ၏မိခင်က သာဓု အနုမောဒနာပြုလိုက်လေသည်။ မငွေသဲ၏ အမေ နာမည်ကို မေးကြည့်တော့ 'ဒေါ်နှင်းယုံ' ဟူ၍ သိရသည်။ မငွေသဲတို့ ဆီမှ အပြန်လမ်းတွင် မငြိမ်းယဉ်သည် သတိရသလို…



"ရီရေ…ပုဂံရွှေစည်းခုံဘုရားမှာ ကမ္ပည်းထိုးထားတဲ့ အလှူရှင်တွေရဲ့ …ည်တွေ သတိထားမိလား"

"ဟင့်အင်း မမငြိမ်း၊ ရီ သတိမထားမိဘူး"

"ဩော်…တခြားမဟုတ်ပါဘူး၊ ခု မငွေသဲတို့ ဒေါ်နှင်းယုံ ဆိုတဲ့ …ည်နဲ့ ဆက်စပ်တွေးမိလို့ပါ"

"ဟုတ်ပါရဲ့၊ နာမည်လေးတွေက ချစ်စရာကောင်းလိုက်တာနော် … သူတို့ရဲ့ဘဝနဲ့တော့ မလိုက်ဘူး၊ ဘဝကတော့ တကယ်စုတ်ပြတ်တဲ့ဘဝ …"

"ရှေးတုန်းကတော့ ဘုရားဒါယကာ၊ ဒါယိကာမတွေ နာမည်ပေါ့၊ … မငွေသဲ၊ မနှင်းသယ်၊ ဒေါ်မုန်းမယ်တဲ့။ ပြီးတော့ ဦးလန်း၊ ဒေါ်နှင်းယုံ၊ … ဒေါ်စိုးရ၊ ဦးတိုးလူ၊ ဒေါ်ငြိမ်းချမ်း၊ ဦးလှိုင်ဖူး၊ ဒေါ်မယ်ခင်"

"ဟင်…မမငြိမ်းက အကုန်မှတ်ထားတာကိုး၊ ပြီးမှ ရီလည်း မမဆီ …နာမည်တွေကို ကူးယူထားရဦးမယ်"

သည်တော့ မငြိမ်းယဉ်သည် လမ်းလျှောက်လာရင်း၊ ကြီးငွေး ခဏ … ဆိုတတ်သော မင်းသားကြီး ခင်မောင်ရင်၏ 'မွဲတဲ့လူ လှူဒါန်းနိုင်မည်… …ဆောက်ကာ ဘုရားပါတည်…ဘိုးဘိုးအောင်နဲ့ ရှင်အဓွဂေါဏတို့ …ဆိုက်မည်' ကို တီးတိုးဆိုမိသေးသည်။ ကုန်းမြင့်ကို တက်လာတော့ …ကို မြင့်တင်လိုက်သည်။ ပုဂံခေတ် ရှင်အဓွဂေါဏအကြောင်းကို ဆရာကြီး …တာထင်အောင် ဘယ်လိုလဲမသိ ရေးထားခဲ့တာ။ ဖတ်ခဲ့မိတာ ကြာပြီဆို … နေပြီ။ စဉ်းစားလို့ မရတော့။

မငြိမ်းယဉ်သည် ပုဂံခေတ်ကောင်းကြီး ပေါ်ထွန်းလာစေသော ရှေး …၏ လုပ်ဆောင်ချက်များကို ပြန်၍အတွေးပုဆစ်အိမ်ကွက်များ ရက်ဖော် …သည်။

အနော်ရထာမင်းသည် ကျောက်ဆည်ခရိုင်တွင် ဆည်မြောင်းနှင့် …တ် ၉ ခုကို တည်ဆောက်ခဲ့ပြီးလျှင် လယ်တွင်း ၁၁ ရွာကို ဖြစ … သည်။ လယ်တွင်း ၁၁ ရွာမှာ ပင်လယ်၊ မြစ်မနား၊ မြစ်သား၊ မြင်းခုံတိုင်၊

ယမုံး၊ ပံန၊ မကွေရာ၊ တပြက်သာ၊ သင်တောင်၊ တမုဆိုး၊ ခံလူးရွာများ ဖြစ်ကြသည်။ ထို့ကြောင့် ကျောက်ဆည်ခရိုင်ကို လယ်တွင်းကိုးခရိုင် သို့မဟုတ် ရေလွှဲကိုးခရိုင်ဟု ခေါ်ဆိုကြသည်။

သို့နှင့် လယ်ယာများ မြေကေပေါင်းများ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့လေသည်။

ဆင်းရဲသူမ မုဆိုးမပင် ဘုရားတည်နိုင်သည်ဆိုတော့ ထိုခေတ်ကြီး၏ လယ်သမားတို့ အလုပ်လုပ်သလောက် စားနိုင်သောက်နိုင် ဝင်ငွေလည်း ရခဲ့ကြဟန်တူပါသည်။ လယ်ယာကို လေးနက်စွာ အဓိကထားသော သဘောထားကား နရသီဟပတေ့လက်ထက် ရှင်ဒိသာပါမောက္ခ ကျောက်စာတွင် အထင်ကရ ကမ္ပည်းရေးထိုးထားခဲ့သည်အထိပင်။

***မဟာရာဇ်၊ ဤသူ့ရဲအလုံး၊ သံဃာအလုံး စပါးရှိမှ တည်ကြည်၍ စပါးကား ပြည်၏စည်းစိမ် မဟုတ်လော။***

□□□

## အခန်း(၁၂)

ဆန်စပါးကား ပုဂံခေတ်မှ အစပြု မြန်မာပြည်တို့ အားထားရာတည်း။

ကူဗလေခန်၏ တာတာတရုတ်တို့ မြန်မာပြည်တွင်းသို့ ဝင်ရောက်ရှိခဲ့စဉ်က နရသီဟပတေ့ ခေါ် တရုတ်ပြေးမင်းသည် မြန်မာပြည်နေရာအနှံ့ ပြောင်းရွှေ့နှုန်းအောင်းရရှာသည်။ ပုဂံပြည်သူတို့သည် အကွပ်မရှိသော တောင်းပမာ ချမ်းသာတာ ဖြစ်ကုန်သည်။ လယ်ယာစပါးတို့ ပျက်ကုန်သည်။ ပြည်သူတို့ ဆန်ရေစပါး မရှိသဖြင့် ငတ်မွတ်ကြသည်။

ဤတွင် ဧဆောင်ချမ်းစစ်ပွဲ၌ မြန်မာတို့ အရေးနိမ့်ပြီးနောက် ရှင်ဒိသာပါမောက္ခ ဦးစီးသော တမန်အဖွဲ့ကို ငြိမ်းချမ်းရေးစကားဆိုရန် စေလွှတ်လိုက်သည်။

တကောင်းမြို့သို့ ရောက်သောအခါ သံဃာများသည် နေပူရှိန်နှင့် ငှက်ဖျားရောဂါကို ကြောက်လန့်ကြသောကြောင့် ခရီးမဆက်ချင်တော့ကြောင်း၊ အသက်ကိုလည်း မပြန့်လိုတော့ကြောင်း ရှင်ဒိသာပါမောက္ခအား လျှောက်ထား တောင်းပန်ကြသည်။

နိုင်ငံသမိုင်းတွင် ဒိသာအရှင်၏ လုပ်ဆောင်ချက်က ကြီးမားသော်

လည်း လှသိနည်းလှသော အရှင်တစ်ပါး ဖြစ်ချေသည်။

မငြိမ်းယဉ် ကြည်ညိုလေးစားခဲ့သော ဟိုချီမင်း၊ ဂန္ဒီ၊ တဂိုး၊ လီနင်၊ အာရေဗျလောရင့် စသော ပုဂ္ဂိုလ်တို့ထဲတွင် ရှင်ဒိသာပါမောက်သည်လည်း ထိပ်ဆုံးက ပါခဲ့လေသည်။

သည်ဆွေးနွေးပွဲက ဘိုတဲစားပွဲဝိုင်းအထိ ဆက်ပြန်သည်။

ညဝင်စကာလ ဖြစ်သော်လည်း ၁၃ ရက် လမှာ ပြည့်လုဆဲဆဲနှင့် ငွေဇာမျှင်များ ရက်ဖောက်ယှက်နွယ်လိုက်လေသည်။ ငွေလဝန်းသည် ရွှန်းမြ လျက် ထွန်းပသော အလင်းရောင်များ ဖြန့်ကြဲကာ အမှောင်ရှိသရွေ့ကို တိုက်စစ် ဆင်လိုက်လေသည်။

မငြိမ်းယဉ်၏ မျက်လုံးများသည် လရောင်နှင့် ထိတွေ့တိုင်း ကြယ်ပွင့် ပမာ ပြိုးပြက်နေသည်။

"စဉ်းစားကြည့်လေ၊ ဗမာပြည်ကနေ ပီကင်းမြို့ကို ကုန်းတစ်တန် ရေတစ်တန်ခရီး အဆင့်ဆင့်သွားရတာ လွယ်ကူတာမှ မဟုတ်ဘဲ၊ ဒီခေတ်က လေယာဉ်ပျံ၊ ဟယ်လီကော့(ပ်)တာ နေနေသာသာ မော်တော်ကား၊ ဆိုင်ကယ် တောင် ပေါ်သေးတာ မဟုတ်ဘူး၊ ပီကင်းမြို့တော်ကို သူတစ်ပါးထဲ သွားတယ် လို့ ယူဆနိုင်စရာပဲ၊ ပီကင်းအထိ ဘယ်လိုများရောက်အောင် သွားပါလိမ့်လို့ တွေးစရာပဲ"

"အကြာကြီး သွားရမှာပေါ့နော်"

ကျောင်းသားတစ်ယောက်က မငြိမ်းယဉ်အား မေးခွန်းထုတ်လိုက်လေ သည်။

"ကြာတာပေါ့၊ ပထမ ယူနန်ဖူမှာ ဝါဆိုရတာပဲ၊ မြောက်ဘက် ခရီးဆက်ပြီးတော့ ပီကင်းကို ပြာသိုလလောက်မှ ရောက်တယ်၊ ခြေကျင်ခရီးပဲ ဘယ်လောက်ကြမ်းတဲ့ ခရီးဖြစ်မလဲ၊ နောက်ထပ် တပ်တွေမလွှတ်ခင် အမီသွား ရတာ၊ သူကတော့ တိုင်းကျိုးပြည်ကျိုးအတွက် အနစ်နာခံတာ တကယ့်ကို သက်စွန့်ကြိုးပမ်းပဲ၊ ဟိုမှာရှိတဲ့ မင်းက သူ့ကို ဘယ်လိုပုံစံနဲ့ ဆက်ဆံလိုက်မယ် ဆိုတာ မှန်းဆနိုင်တာ မဟုတ်ဘူး၊ သတ်ချင် သတ်မယ်၊ ရက်စက်ညှဉ်းပမ်းချင်



လည်း ညှဉ်းပမ်းမယ်ပေါ့၊ ဒါက ဘယ်ပြောလို့ရမလဲ"

"ကူဗလေခန်ဘုရင်ကလည်း အင်မတန် စကားပြောလိမ္မာတယ်ဗျ"

ကိုလွင်မောင်က ဝင်ထောက်ပြောဆိုလိုက်လေသည်။ ဒီတော့ နည်းပြ ဆရာလေးက ကြားဖြတ်၍...

"ဟာ...သိပ်ပါးတာ၊ ကျုပ်တို့ တာတာတပ်တွေ ဗမာပြည်ကို လွှတ်လိုက်တာ စစ်ရေးအတွက် မဟုတ်ဘူး၊ သာသနာရေးအတွက်သာဖြစ်တယ် ပြောပြီး ရှင်ဒိသာကို ကောင်းကောင်းမွန်မွန် လက်ခံပြုစုသေးတာ"

ဆွေးနွေးတော့ မငြိမ်းယဉ်က ဆက်၍...

"ရှင်ဒိသာကလည်း စကားပရိယာယ် သိပ်ကြွယ်ဝတယ်၊ တကယ့် သံတမန် ပီသတယ်၊ သူမိန့်ကြားတာကြည့်၊ စစ်သည်သူရဲနဲ့ ရဟန်းတို့ဟာတဲ့ ဆန်စားရမှသာ အသက်ရှင်နိုင်မယ်တဲ့၊ အခုအခါ ပုဂံကို ရဟန်းသံဃာတို့က အောင် စွန့်လွှတ်ခဲ့ကြပြီတဲ့၊ တာတာတပ်တွေ ရုပ်သိမ်းပါမယ့်အကြောင်းကို ရှင်ဒိသာ တင်ပြပုံကို ငြိမ်း သိပ်သဘောကျတာပဲ"

ကိုစစ်အောင်သည် အမှောင်ရိပ်ကွယ်တွင် ထိုင်လျက် မငြိမ်းယဉ်၏ မျက်နှာကို ငေး၍ကြည့်နေမိသည်။ သူ့လက်တွင် သောက်လက်စ ခပေါင်း ...ရက်ပြာတောင့်သည် ရှည်သည်ထက် ရှည်လာကာ ကြမ်းပြင်ပေါ်သို့ ...ကောင့်လိုက် ကြွေကျသွားတော့မည့်ဆဲဆဲတွင် ကပျာကယာ ပြာခံခွက်ထဲသို့ ...တ်ခါလိုက်ရလေသည်။

ကုန်းမြင့်အောက်ခြေမှ သစ်ပင်တို့သည် လရောင်အောက်တွင် သစ် ...အုပ်နှင့် အမှောင်ရိပ်ကျနေဆဲပင်။ သစ်ရွက်လေတိုးသံတို့သည် လေချွန် ...ပီသကြည်မြနေသည်။ စေတီတို့၏ ဆည်းလည်းသံတို့သည် တလွင်လွင် ... သံချိုတေးကို ဖွဲ့ဆိုနေကြသည်။

မငြိမ်းယဉ်သည် ခပ်တောင့်တောင့် ခါးဆန့်ထိုင်နေရာမှ ကိုယ်ကို ...တိုင်းကာ...

"တာတာတပ်တွေကြောင့်မို့ ဆန်စပါး မစိုက်နိုင်လို့ ဆန်လည်း ... ထန်းကိုသာ စားနေရရင် ဝမ်းသွားသေကုန်မှာပဲတဲ့၊ ကျန်တဲ့သံဃာတွေ

လည်း ပြည်တွင်း မဝင်ရဲဘဲ တောဘက်ပြေးပြီး သေကုန်ပြီတဲ့၊ နောက် သူ ဥပမာတစ်ခုက ဥယျာဉ်စိုက်တဲ့လူဟာ ရေသွန်းလောင်းပြီး သစ်ပင်ကို ကြီးစေတယ်၊ အညွှန့်ကို ဘယ်သူမှ မဆိတ်ဘူး၊ သစ်ပင်သီးတဲ့အခါမှ အသီးကို စားရတယ်တဲ့၊ ခု ပုဂံပြည်ကို ရေသွန်းဦးမယ်တဲ့။ နောက်တစ်ခါ ရှင်ဒိသာက ဥပါယ်တစ်မျိုးနဲ့ မင်းကြီးက စစ်အောင်နိုင်တဲ့လူပါတဲ့၊ ဘုရားဆုလည်း ပန်ထားတဲ့ ပုဂ္ဂိုလ်မဟုတ်လားတဲ့၊ အဖဂေါတမရဲ့ သာသနာကို မပျက်ပါစေနဲ့တဲ့၊ မင်းကြီးနိုင်တဲ့ တိုင်းပြည်တွေဟာ အင်မတန်မှ များပါတယ်တဲ့၊ နိုင်ထားတဲ့ တိုင်းပြည်တွေကလည်း ကြီးပါတယ်တဲ့၊ ပုဂံပြည်က ငယ်ပါတယ်၊ တပ်တွေ မဝင်ပါစေနဲ့ဦး၊ ငါ ကောက်စိုက်ပါရစေဦး၊ ကောက်စိုက်ပြီးတော့မှ ဝင်ကြတော့လို့ မိန့်ဆိုခဲ့တယ်''

မငြိမ်းယဉ်သည် ရေပက်မဝင်သလို စကားကို တောက်လျှောက်ပြော သွားလေသည်။

ပုဂံခေတ် ကုန်ဆုံးခါနီးအချိန်က ပြင်ပရန်သူကြောင့် ရဟန်းရှင်လူ ပြည်သူတို့ ပြေးလွှားဒုက္ခရောက်ကြသောအခါမှ ရှင်ဒိသာပါမောက်၏ သက်စွန့် ကြိုးပမ်း ဆောင်ရွက်သောအမှုကြောင့် တရုတ်မင်းက ဆရာတော့်စကားကို အသာတကြည် လိုက်လျောကာ…

*ဤစကားတွင် ငါ့အဖို့လေးပါ၏။ ပဏ္ဍိတ်လာ၍ပြေး၊ ပြေးသောသျှင်တို့ကို ခေါ်လေ။ ကောက်ပဲလည်း စိုက်လေ။ ပြီးပြီးသောခါ ငါ့ကို လွှတ်လတ်တဲ့။*

ဟူ၍ ချက်ချင်းအကြောင်းပြန်လေသည်။

မငြိမ်းယဉ်၏ ကြည်မြပီသသော စကားလုံးများနှင့်အတူ ရှင်ဒိသာပါမောက်တည်းဟူသော ပုဂံပြည်သူ အကျိုးဆောင် ရဟန်းခေါင်းဆောင်ကြီးသည် ရုပ်လုံးကြွ ထင်ပေါ်လာလေသည်။ ဆရာတော်ကြီးသည် မင်းကြီးက ကျေနပ်ဆုတ်လှူဒါန်းသော လယ်မြေကျွန်နွား စသည်များကို စိုးစိမ့်မှု မမက်မောဘဲ ယင်းအလှူအရပ်ရပ်ကို မင်္ဂလာစေတီတွင် ရတနာသုံးပါးအား လှူဒါန်းပြန်သည်။

သို့နှင့်ပင် ပုဂံတောင်ဘက် ပန်ပွတ်ရပ် မင်္ဂလာစေတီတွင် ရှင်ဒိသာပါမောက် ကျောက်စာသည် နိုင်ငံသမိုင်းအဖို့ မှတ်တိုင်တစ်တိုင် ဖြစ်လာလေ



…ညီ။

နွေညဦး လေပြည်တွင် ညငှက်တစ်ကောင်သည် လေဟုန်စီးရင်း …ာရင့်ကျူးလိုက်လေသည်။ ကိုရည်မွန်နှင့် ကိုနွေဦးတို့သည် မီးရောင် …ောက်သော အမှောင်ဘက်သို့ ငေးကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် နား …ောင်နေကြသည်။ ကိုလွင်မောင်ကမူ လိုက်(ဖ်)မဂ္ဂဇင်းကို ရင်ဘတ်ပေါ်တင် …း ချက်လုံးများ မှေးစင်းနေသည်။ တစ်ဖက်စားပွဲဝိုင်းမှ ယော်လီဝုဒ်ပိုကာဝိုင်း …ည် တစ်ချက် တစ်ချက် အသံစုံလွှင့်ကာ စီစီညံနေကြသည်။

ဗဟုသုတ လိုလားသူ ကျောင်းသူနှစ်ယောက်နှင့် ကျောင်းသား …စ်ယောက် နှစ်ယောက်ကား မငြိမ်းယဉ်၏ စကားရပ်အချို့ကို မှတ်စုနှင့် …ိုက်လူးရေးနေကြသည်။ မငြိမ်းယဉ် ပြောသမျှကို ဘယ်တော့မှ မငြင်းဆန်ဘဲ …ောင်လိုသူများပင်တည်း။ မငြိမ်းယဉ်သည် သူတို့ ဖေးဗရိတ်စာသင်ဆရာမ …ည်း ဖြစ်ချေသည်တမုံ့။ မငြိမ်းယဉ်က 'ကလေးတွေကို စည်းရုံးထားရတာ' … ရယ်စရာစကားနှင့် နောက်ရင်းပြောင်ရင်း ရှင်ဒိသာကျောက်စာကို အလွတ် …ွတ်ဆိုပြနေမိသည်။

*မဟာရာဇ်။ ဤသူရဲအလုံး သံဃာအလုံး စပါးရှိမှ တည်ကြည်အံ့။ …ေါ်ကား ပြည်၏ စည်းစိမ်မဟုတ်လော။ ဤသူရဲတို့သည် ထမင်းကိုစည်း၍စား …ှင် ဝမ်းနာ၍ မသေကုန်လော။ ကြွင်းသော သံဃာတို့လည်း ပြည်တွင်း …ဝင်ဝံ့ဘဲ တောသို့ပြေး၍ သေကုန်ခဲ့တကား။ မင်းကြီးအောင်ပြီးသော အမှု …ဟုတ်လော။ ဥယျာဉ်စိုက်သော ယောကျာ်းကား ရေသွန်း၍ သစ်ပင်ကို …ကြီးစေ၏။ အညွှန့်မဆိတ်တကား။ သစ်ပင်သီးပြီးသောအခါမှ အသီးကို စား၏။ …တမ္မဒိပ်ပြည်ကိုလည်း ရေသွန်းဦး။ မင်းကြီးကား ဘုရားဆုတောင်းသောသူ …ဟုတ်လော။ အဖဂေါတမ သာသနာကို မပျက်စေလတ်ပေ။ မင်းကြီးနိုင်သော …ပြည်ကား များလည်းများစွ။ ကြီးလည်းကြီးစွ။ တမ္မဒိပ်ပြည်ကား အငယ်တည်း။ …သူရဲမဝင်စေနှင့်ဦး။ ငါကား ကောက်ပဲစိုက်လေဦးအံ့။ ကောက်ပဲပြီးပြီးသော …ား ဝင်။*

□□□

## အခန်း(၁၃)

မငြိမ်းယဉ်က လူကို မမှတ်မိတော့ဘူး ဆိုသည့်တိုင်အောင် သည်ရေ
ည ဘိုတဲရွှေခင်းကို ဘယ်လိုမှ မေ့ပျောက်နိုင်မယ် မထင်ပေ။

မငြိမ်းယဉ်နှင့် ရီရီတို့ကတစ်ဆင့် ယဉ်ကျေးသိမ်မွေ့စွာ ဖောက်သည်
ချပြခဲ့တဲ့ လယ်သူမလေး မငွေသဲနှင့် သူ့အမေ ဒေါ်နှင်းယုံတို့ရဲ့ အနိဋ္ဌာရုံဇာတ်
ကို ခဏလောက် မေ့ထားလျှင် အလွန်အေးချမ်းတိတ်ဆိတ်တဲ့ညပါ။

လမင်းကလည်း ဝန်းဝန်းစက်စက်နှင့် ပြည့်ရွှန်းနေသည်။ မိုးသားမရှိ
သော မိုးတိမ်သည် ပြာလဲ့လဲ့နှင့် ကြည်လင်နေသည်။ ကြယ်ပွင့်တွေကလည်း
မျက်စပစ်သလို ဖျပ်ခနဲ ဖျပ်ခနဲ ပြိုးပြက်တောက်ပနေသည်။

တစ်ဖက်စားပွဲဝိုင်းက အရာရှိတွေ၏ အသံသာ တစ်ချက် တစ်ချက်
စီခနဲ စီခနဲ ဖြစ်နေသည်။ သူတို့ဘက်မှ အားတောင့်အားနာနှင့် 'ကိုလွင်မောင်ရေ
ဆောရီးဗျာ' ဟု တစ်စုံတစ်ယောက်က တောင်းပန်လိုက်လေသည်။ ရေချိန်လွန်
သွားသောသူ အချို့ကတော့ 'ဟောက်သံ' နှင့် တစ်ညတာ ဘဝတစ်ခုကို
အဆုံးသတ်ကြသည်။

သည်တုန်းက ဘယ်သူက စကားစလိုက်မှန်း မသိ။ ကိုစစ်အောင်



မယ်ဒလင် တီးတတ်တာကို အခွင့်အရေးတစ်ရပ်လို ယူဆပြီး အားလုံးက
ဝိုင်းပွဲတောင်းကြသည်။ ကိုစစ်အောင်သည် သူပြုံးနေကျ အပြုံးမျိုးနှင့် နှုတ်ခမ်း
နေတာ ပြုံးပြီး…

"မယ်ဒလင်နဲ့ လက်နဲ့ ဝေးနေတာ ကြာပြီဗျ၊ မေ့တောင်ကုန်ပလား
သိဘူး"

"အို…မရဘူး၊ မရဘူး၊ ငြင်းလို့မရဘူး"

မငြိမ်းယဉ်သည် ကလေးငယ်တစ်ယောက်ပမာ နားပူနားဆာတိုက်နေ
သည်။ ကိုလွင်မောင်ကပါ…

'စုံတွဲအဆိုရမယ်' ဟု အာမခံချက်တွေ ပေးနေပြန်တော့ မငြိမ်းယဉ်
က ကိုလွင်မောင်ဘက် ဆတ်ခနဲ လှည့်၍ မျက်စိစွေကြည့်ကာ…

"အရေးထဲ မဏ္ဍာပ်တိုင်တက်ချင်တဲ့လူကလည်း ကမန်းကတန်း ပေါ်
လာသေးတယ်နော်"

သည်တော့ ရီရီက ရယ်မောကာ နည်းပြဆရာဘက် မေးငေါ့ပြကာ-

"မဏ္ဍာပ်တိုင် မတက်နိုင်တဲ့လူကတော့ လေးဘက်တွားသွား၊ ဟာ…
ကန်တော့ဆရာ…ကန်တော့…"

ပြောပြီးမှ စကားကို ကပျာကယာရပ်ကာ လျှာထုတ်လိုက်လေသည်။
နည်းပြဆရာက ရယ်လျက်…

"ကိစ္စမရှိပါဘူးဗျာ၊ လေးဘက်တွားသွားတဲ့လူချင်း ကိုယ်ချင်းစာနိုင်
ပါတယ်"

ပြောတော့ အားလုံး တသောသောရယ်ကြလျှင် ရီရီမျက်နှာမှာ
အနီရောက်မှုန်ရင်း နီမြန်းသွားလျက် နည်းပြဆရာကို မျက်စောင်းချိတ်လိုက်လေ
သည်။ ကိုရည်မွန်က ရယ်ရင်း ကိုစစ်အောင်နှင့် ကိုဇွဲဦးတို့ကို လက်ညှိုးထိုး
ကာ…

"မရှက်ပါနဲ့ဗျာ၊ အချင်းချင်းတွေပဲ၊ ကျွန်တော်တို့လည်း လေးဘက်
တွားသွားတဲ့ အုပ်စုထဲမှာ ပါပါတယ်"

ကျောင်းသားတစ်ယောက်က…

"ကျွန်တော်တို့လည်း ပါတာပေါ့"

မငြိမ်းယဉ်သည် ကျောင်းသားဘက် လှည့်ပြီး…

"ဟဲ့…မင်းတို့က ကလေးတွေပဲ ရှိသေးတာ၊ ဟို…အဘိုးကြီးတွေ အစွန်ထုတ်ပါစေဦး"

"ရက်စက်တယ်ဗျာ၊ အဘိုးကြီးတဲ့"

နည်းပြဆရာလေးက မြည်တမ်းနေသည်။

ရီရီက…

"မြေစာပင် ပုခက်လွှဲတဲ့ခေတ်နော်၊ ကိုယ့်ကိုယ်ကိုယ် ငယ်သေးတယ် မထင်နဲ့"

ကိုစစ်အောင်သည် ပြုံးနေရာမှ သူ့မျက်လုံးများကား အတွေးနှင့် မှုန်ငေးသွားလေသည်။ တစ်ဖက်စားပွဲပေါ်မှ နိုင်ငံခြားဖြစ် ဝီစကီပုလင်းနှင့် ဖန်ခွက်များ၊ ဆော်ဒါပုလင်းများသည် မှိန်ဖျော့သော လျှပ်စစ်မီးရောင်အောက် ဝယ် ဝိုးတိုးဝါးတား မှုန်ဝေနေသည်။

မြတ်စွာဘုရားသည် ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နိမိတ်ကောက်ယူသော အိပ်မက်အချို့ကို သတိရလာသည်။

နုနယ်သေးငယ်စွာသော အပင်တို့သည် ပွင့်ကြ၊ သီးကြသည်ဟု အိပ်မက် မြင်မက်သည်တဲ့။

နောင်အခါ ဆုတ်ယုတ်သောကာလ၊ လူတို့ အသက်တမ်း တိုသော ကာလ၌ ယောကျာ်း မိန်းမတို့သည်၊ ထက်သန် ထန်ပြင်းသောရာဂ ရှိကုန်သည် ဖြစ်၍၊ ငယ်ရွယ်စဉ်အခါ၌ပင် အိမ်ထောင်ခြင်း၊ သားမွေးခြင်းတို့ကို ပြုကုန် လတ္တံ့။

သူ့စိတ်ထဲတွင် တွေးနေဆဲအချိန်နှင့်တညီတည်း မငြိမ်းယဉ်က ဒီ အိပ်မက်အကြောင်းကို နှုတ်မှ ထုတ်ပြောနေပြန်တော့ ဒီတိုက်ဆိုင်မှုကို ဝမ်းသာ ရမည်လား၊ အံ့သြရမည်လား မသိ။

ဝရန်တာဘက် အားလုံးအတူတကွ ထွက်လာကြတော့ လေပိုရသဖြင့် အသက်ရှူရတာ ဝလာသည်။ သစ်ဝါးရနံ့နှင့် ညဉ့်မွှေးပန်းရနံ့တို့သည် သင်းပျံ့



သည်။

မောင်သန်းတင့်သည် ဘယ်ကမှန်းမသိ။ မယ်ဒလင်တစ်လုံးကိုရအောင် လာသည်။

"သီဝိလသာတာပဲနော်၊ တကယ်ကြည်နူးစရာကောင်းတယ်၊ သီချင်း သီပ်ဆိုလို့ကောင်းမှာပဲ"

မငြိမ်းယဉ်က တမ်းတမ်းတတ ပြောနေပြန်တော့ ရီရီက အကြောင်း ချင်းမို့…

"ဘယ့်နှယ်လဲ ဆိုချင်လှပလား"

"လောကကြီးမှာ သီချင်းဆိုနေရတာလောက် ပျော်စရာကောင်းတာ ရှိသေးလဲ"

"ဩော်…ဆိုတတ်တဲ့လူကတော့ ပြောအားရှိတာပေါ့"

ကိုလွင်မောင်က မငြိမ်းယဉ်ကို ခနဲ့ရင်း ကိုစစ်အောင် တီးခတ်သော ဒလင်တီးလုံးနှင့် ပြည်လှဖေနှင့် မေရှင်တို့၏ 'သက်ဝေ' သီချင်းကို ဆိုမိကြလေသည်။ ကိုလွင်မောင်၏ ဘယ်လိုမှ ဌာန်ကရိုဏ်းမကျသော တောတော အောက်တောက်တောက် အသံကြီးက ဆက်ဆိုရန်မဖြစ်တော့ဘဲ ရယ်မောမောနှင့် သီချင်းတစ်ပိုင်းတစ်စတွင် ရပ်ပစ်လိုက်ရသည်။

ရီရီက ရယ်မောလျက်…

"ဩော်…ဒုက္ခပါပဲ၊ ဒီမင်းသားနဲ့ မင်းသမီးက အတွဲလည်း မညီဘူး၊ ငြိမ်းတစ်ယောက်တည်း ဆိုကြည့်ပါဦး၊ မမငြိမ်းရဲ့အသံက သိပ်ကောင်းတာ ပဲ မငြိမ်း သီချင်းဆိုတာ တကယ်နားထောင်လို့ကောင်းတယ်"

အားပါးတရ ထောက်ခံနေသည်။ ကိုရည်မွန်က…

"ဆရာမအသံက မိုက်(ခ်)စွဲတဲ့ အသံမျိုးပဲဗျ၊ မေလှမြိုင်နဲ့ မေရှင်တို့ နှစ်ယောက် ဆန့်ကျင်ဘက် အသံနှစ်မျိုးကြားထဲ မျှနေတဲ့အသံဗျ၊ နားထောင်လို့ ကောင်းတာပေါ့"

ရီရီအဆိုကို ဖြည့်စွက်လိုက်လေသည်။

မငြိမ်းယဉ်က မလှုပ်မယှက် အသာငြိမ်နေကာ ကိုလွင်မောင်အား

ရှိသေကျိုးနွံသော မျက်လုံးများနှင့်သာ လှမ်းကြည့်လိုက်လေသည်။

ကိုစစ်အောင်သည် မယ်ဒလင်ကို ဆက်တီးနေသည်။ သူ၏ ရှည်လျား သွယ်ပျောင်းသော လက်ချောင်းများကား မယ်ဒလင်တီးကွက် ဖော်ရာတွင် လွယ်ကူသလောက် ပြောင်မြောက်စေသည်။ ဘယ်ဘက်လက်ညှိုး၊ လက်ခလယ် နှင့် မယ်ဒလင်လည်ပင်း တီးကွက်ကြီးများကို ဖိနှိပ်ရင်း အောက်တီးကွက်များ ကို ကစားသွားသော လက်သူကြွယ်နှင့် လက်သန်းတို့မှာလည်း သာမန်ထက် ရှည်လျားသဖြင့် အသုံးပြုရန် ထိရောက်လှသည်။

ညာလက်ကား အောက်ဘက် မယ်ဒလင်ကြိုးများကို လှပကျွမ်းကျင်စွာ ဆွဲခတ်သွားလေသည်။

"မမငြိမ်း ဆိုပါ"

ဟု ရီရီက နားပူလိုက်လေသည်။

မငြိမ်းယဉ်က ကိုလွင့်မောင့်မျက်နှာကို လှမ်းကြည့်ကာ…

"မင်းသမီးတစ်ယောက်တည်းဆိုရင် မင်းသားက အားငယ်မှာပေါ့"

ပြောရင်း ရယ်မိသေးသည်။ သည်တော့ ကိုလွင်မောင်က မျက်နှာ နည်းနည်းနီလျက် ရယ်ပြီး…

"ဆိုပါ၊ မိငြိမ်းတစ်ယောက်တည်း ဆိုပါ၊ မင်းသားအသံက ရေဝတီ မြစ်ထဲ မျောသွားလို့"

"ဆိုပါ မမငြိမ်းကလည်း ဈေးကိုင်လိုက်တာ"

ရီရီက မငြိမ်းယဉ်၏လက်ကို ကိုင်လှုပ်ကာ ပြောနေတော့ ကိုလွင် မောင်က…

"ဆိုမှာပါ၊ သိပ်မတိုက်တွန်းရပါဘူး"

ပြောပြောဆိုဆို ရယ်နေသည်။

သည်တော့ မငြိမ်းယဉ်က…

"ကဲ…ကဲ…အဆိုကတော့ အဆင်သင့်ဖြစ်ပါပြီ"

ကြေညာတော့ ကိုလွင်မောင်သည်…

"ဆိုချင်လှပါပြီ"



ဟု နောက်ပြောင်နေရာ မငြိမ်းယဉ်သည် တဟားဟားနှင့် ရယ်လိုက်မိ ည်။ ထို့နောက် ကိုစစ်အောင်ဘက်သို့ လှည့်၍…

"အတီးသမားက ဘာသီချင်းတီးမလဲ"

မေးလိုက်လေသည်။

"မငြိမ်းယဉ် ဘာဆိုမလဲ"

"ကိုစစ်အောင် ဘာတီးမလဲ"

အားလုံး ပြိုင်တူရယ်မောမိကြသည်။

"ကျွန်တော် စမ်းတီးလို့ရမယ့် သီချင်းတွေ ရှိပါတယ်၊ မငြိမ်းယဉ် ဆိုချင်သလဲ"

"ကျွန်မလည်း သီချင်းတော်တော်များများ ရတယ်၊ ကိုစစ်အောင် တီးချင်သလဲ"

ရယ်ကြပြန်သည်။ သည်တော့ ကိုရည်မွန်က ကြားဝင်၍…

"ဆရာမ ခေတ်ဟောင်းသီချင်းတွေ ရသလား"

"ဟုတ်ကဲ့ ရတာတ်ပါတယ်"

မငြိမ်းယဉ်က သိပ်မစဉ်းစားဘဲ ဖြေလိုက်သည်။

ကိုစစ်အောင်သည် ဂီတနက်သန်တို့ တီးခတ်လေ့ရှိသော ဂီတာသံ ာကို စတင်တီးလိုက်ပြီး…

'မြပုဏ္ဏမာ' ဟု သီချင်းနာမည်ကို အစဖော်ပေးလိုက်လေသည်။

မငြိမ်းယဉ်သည် မျက်မှောင်ကြုတ်ကာ တွေတွေလေး စဉ်းစားနေဆဲ စစ်အောင်သည် သီချင်းအစကို သွန့်တတ်မှ 'အဇ္ဈာ ကောင်းကင်…မှိုင်းမှိုင်း မှောင်…ညှိမှောင်မြူမှုင်…' တိုင်ပေးလိုက်သည်။ သည်တော့မှ မငြိမ်းယဉ် သီချင်းကို မှတ်မိကာ…

အဇ္ဈာ ကောင်းကင်××မှိုင်းမှိုင်း ရိပ်မှောင်××ညှိမှောင်မြူမှုင်၊ နီလာ ောင်လွှမ်း××တိမ်နန်းရစ်သမ်းယှက်ခွေ××သာယာနိုင်အားရက်ပေ××ညှို့မှောင် လရောင်ဖြာဝေ×××သော်တာမောင်ရေ×××ဖော်ရွေ ကြယ်ပေါင်းရံခနေ၊ ယ်တွက်ကယ်ရှောင်သွေ×××နေနိုင်အားရက်ပေ×××မယ့်မှာ တစ်ကိုယ်ရည်

တွေးလေ ဆွေးရမပြေ××ပုဏ္ဏမာယုန်ငွေပင့်ချွေ××ဖော်မဲ့သူအား ကူညီပါလှည့်
ဆွေ×××။

အရောင်လင်းသော ညအလှ၊ မယ်ဘွဲ့သီချင်းဟု ဆိုရမည်လားမသိ
ကာလံဒေသံနှင့် ဆီလျော်လှသည်။ သည်လိုသီချင်းမျိုးကို ကိုစစ်အောင်သည်
ရွေးလည်း ရွေးချယ်တတ်ပေသည်။ လပြည့်ဝဝ ညရေးလှချိန်မှာ မငြိမ်းယဉ်
တေးသီချင်းသံမှာ ရင်မှလှိုက်၍ ထွက်ပေါ်လာလေသည်။

ဂီတနက်သန် ကိုအုန်းလွင် ရေးဖွဲ့သီကုံးသော တေးသွားအတိုင်း
တင်တင်မြ သီဆိုသလိုပင် မငြိမ်းယဉ်က လိုက်ဆိုလေသည်။

ကြယ်ချွေရွှေပေါင်း ထောင်သောင်း အသချေ××ဖော်တွေစုံညီသာနဲ့
ကွယ်ကာသာတစ်လှည့် ညှိုးငယ်တဲ့ဆွေ၊ မယ်ကဲ့သို့ တစ်ကိုယ်ရေသာလေ
ကြုံပါရင်ဖြင့် ပုဏ္ဏမာ သခင်ပွင့် ကြွေမည်လား××ယုန်အိမ်စံလနတ်ပျံရေ
ခွဲလမ်းမိသူ ထင်မိမှား××လျှောင်သလို ခုများ၊ ဆွေးဆွေးရသူ ပူအောင်ဖန်
နိုင်ရက်ပေ×××။

သစ်ရိပ်ညိုညိုတို့သည် လရောင်နှင့် ထိတွေ့တိုင်း အရိပ်မည်းများ
ဖြစ်နေကြသည်။ လေလာတိုင်း လှုပ်ယိမ်းနေဟန်မှာ လရောင်အောက်
ထင်လင်းနေသည်။ ဝါးပင် ထန်းပင် ရှည်သွယ်သွယ်တို့သည် လေပြည်အ
ဘယ်ညာနွဲ့လျက် ယိမ်းကနေကြသလို ဟိုသည် တိမ်းငဲ့နေကြသည်။

မငြိမ်းယဉ်၏ မျက်လုံးများသည် အရေကြည်လဲ့နေသည်။ ချစ်တ
သူ၏ နှလုံးသားတွင် လွမ်းရိပ်ထင်နေသည်။ ချစ်သူအဖော်ရှိပါလျက် အဘ
ကြောင့် လွမ်းနေသည်မသိ။

မငြိမ်းယဉ်အား အားလုံးက စိုက်ငေးကြည့်နေကြသည်။ အရ
နှစ်ဦး သုံးဦးသည် မငြိမ်းယဉ်တို့ဝိုင်းဘက်သို့ ထလာကာ သီချင်းနားထောင်
သည်။

မောင်သန်းတင့်သည် မငြိမ်းယဉ်အား အရုပ်လေးတစ်ရုပ်ကို မက်မွ
သော ကလေးငယ်ပမာ ပါးစပ်ဟကာ ငေးကြည့်နေသည်။

ကိုရည်မွန်သည် သူ့ဓာတ်ဆောင်အမျိုးသမီးကို မငြိမ်းယဉ်ပမာ စံထ



နီတာဆိုတဲ့ ဝမ်းမြောက်ဝမ်းသာစိတ်နှင့် ရေးဖွဲ့မည်ဟု စိတ်ကူးယဉ်သည်။

မောင်နေဦးကတော့ မငြိမ်းယဉ်၏ ဖြူစင်သန့်ရှင်းသော နှလုံးအိမ်မှ
ကို မျက်နှာတွင် အမိအရ ဖမ်းယူနေသည်။ ရမ္မက်ဆန္ဒ မြူတိမ်ကင်းပ
သော မျက်နှာအလှမှာ ဝင်းသန့်ကြည်စင်မြဲပင်။ မျက်လုံးအိမ်အတွင်း၌ သနား
ဆာသက်ဖွယ်ကောင်းအောင် ရီးဖြောင့်သောအသွင်ကို စုတ်ချက်သွင်းလိုက်
သည်။ ပန်းချီကားနာမည်ကို "ပြကတေအဖြူ" ဟု တပ်လိုက်မည်သာ။

နည်းပြဆရာလေးကတော့ မငြိမ်းယဉ်သည် ပုဂံခေတ် မိဖုရားဖွားစော
၏ သိပ်ပြာနှင့် ရုပ်ဖြိုပ် ဖြစ်လာသည်လောဟု ထင်မိလာသည်။ မြင်စိုင်းကျောက်
၏ ကျောဘက်မှ မိဖုရားဖွားစော၏ ဆုတောင်းကို ရုတ်ချည်းသတိရလိုက်
သည်။

"ငါမူသောကောင်းမှုအကျိုးဖြင့် နိဗ္ဗာန်မရောက်သောကြား လူဖြစ်
ကား လူတကာထက်မြတ်သော စည်းစိမ်ချမ်းသာ ငါရလို၏။ နတ်ဖြစ်သော်
နတ်တကာထက်မြတ်သော အဆင်းအရောင်အဝါနှင့် ပြည့်စုံ၍ အထူး
လျှင် အသက်ရှည်သော၊ အနာမဲ့သော၊ အဆင်းလှသော၊ အသံသာသော၊
အရုပ်လှသော၊ လူနတ်ခပ်သိမ်း ချစ်ခင်သော၊ မြတ်သော ငါ ဖြစ်လို၏"

သည်ဆုတောင်းမျိုးနှင့် ဖွားစောမှသည် မငြိမ်းယဉ် ဖြစ်လာသည်လား
ထင်စားရတာကိုလည်း ပျော်လှသည်။

အရာရှိငယ်တစ်ဦးကတော့ မငြိမ်းယဉ်အား ရာသက်ပန် မြတ်နိုးဖွယ်
ကြင်ဖက်အဖြစ် ထားခွင့်ရချင်သည်။ ကံကုန်သွားဟု ဘယ်တော့မှ မပြော
တဲ့ အမြဲဆန်းဆုံစားချင်လှသည်ဟု ရင်ထဲတိတ်တိတ် စိန်ခေါ်မိလေသည်။

စိတ်နေသဘောထား သေးသိမ်ဖွဲ့နပ်သော ယောကျ်ားအချို့ကမူ
မငြိမ်းယဉ်၏ ချစ်စရာတင့်တယ်သော အပြင်ပန်းရုပ်ဖြိုပ်ကို အနှလုံ ပဋိလုံ
သပ်ရင်း အိပ်ရာထက်မွေ့လျော်ခြင်းကိစ္စကို ရှေ့တန်းတင် စဉ်းစားကြလိမ့်
မည်။ သို့နှင့် မငြိမ်းယဉ် ဆိုသည်ကို စိမ်ခံပစ္စည်းပမာ သဘောထားချင်ထားမည်။

အဘယ်သူသည် ထိုမျက်လုံးမျိုးများကို ဟန့်တားပစ်နိုင်သနည်း။

အထင်အမြင် ဖွဲ့နုပ်သူတို့ ပစ်စလက်ခတ် လွှင့်ပစ်ချင်သော မငြိမ်းယဥ်ကို လင့်စင်နှင့် ထားလိုသူက ထားမည်ပင်။ ကိုစစ်အောင်ကတော့ မငြိမ်းယဥ်၏ ညီမျှခြင်းတွက်ရာ၌ 'အဆင်း' အပေါင်း 'အချင်း' ဟု သင်္ကေတ တစ်ခုကို ထုတ်လိုက်သည်။

ထို့ပြင် မငြိမ်းယဥ်၏ ပြောင်လက်တောက်ပသော အသေးစိတ် အရည်အသွေးကို နားလည်ခွင့် မရရှာဘဲ အိပ်ငိုက်မျည်းနေသော ကိုလွင်မောင်ကို လှုပ်နှိုးလိုက်ချင်သည်။ အပင်မှာ ကြီးသည်။ အသီးကလေး လှသည်။ အမြင်က နီးသည်။ ခရီးကမူ ဝေးသည်။ မငြိမ်းယဥ်နှင့် အနီးဆုံးလူသည် အဝေးဆုံး ဖြစ်နေသောအဖြစ်ကို နှမြောလှသည်။

မငြိမ်းယဥ်ကို ကြည့်ရင်း သူ့ရုပ်ဒြပ်သည် တစ်စစ မှုန်ဝါးသွားလေသည်။ ကြယ်ပွင့်တွေနှင့်အပြိုင် တောက်ပရွှန်းလဲ့သော မျက်လုံးနှစ်လုံးသာလျှင် မငြိမ်းယဥ်၏ ဘဝကို စိုးမိုးနေသည် ထင်ရသည်။

လွမ်းရိပ်များနှင့် ရစ်သိုင်းဖွဲ့ဆင်နေသော မငြိမ်းယဥ်၏ မျက်လုံးများသည် မြောက်မြားစွာသော အဓိပ္ပာယ်ဆောင်သည့် စကားများကို ပြောနေသည် ထင်သည်။ မငြိမ်းယဥ်၏ ငြိမ့်ညောင်းသော အသံကြားထဲတွင် နစ်နေသူတို့သည် ရင်ထဲ လှိုင်းတွန့်လိပ်ပြေးရင်း ငြိမ်သက်တိတ်ဆိတ်နေကြသည်။ ကိုစစ်အောင်၏ မယ်ဒလင်လက်သံသည် အကွက်ဆန်းများနှင့် အသိုင်းအဝိုင်း တောလုံးများ ဖန်တီးလျက်ရှိရာ စောင်းသံပမာ သာယာသည်ဟု ထင်ရသည်။

မျှော်ကာတွေးလို့သာ မအေးနိုင်ခဲ့ပေ×××
ညစဉ်ညတိုင်း တိမ်လှိုင်းရိပ်ဝယ် လရောင်ကွယ်ရင်လေ×××
စက်ရာဆောင်မွေ×××ဖြေမပြေနွမ်းကာ ညှိုးလျှခွေ×××
စိုးရွံ့ပူလို့ဗျာပွေ×××တစ်နယ်စီခြားခဲ့ပေ×××ချစ်သူထံပါး×××
မှာကြားပါရစေ×××တစ်ခွန်းသူ့ကိုသာလေ ပြောလိုက်ပါ
မြပုဏ္ဏမာရေ×××မကြင်နာ မုန်းရှောင်ရက်ပေ×××
မယ့်အားကူညီပါလားဆွေ×××

□□□

**အခန်း(၁၄)**

"ငြိမ်းတော့ ဒါတွေ ပြန်သတိမရချင်ပါဘူး ကြီးဒွေးရယ်၊ အကြောင်း ...တော့မှာမှ မဟုတ်ဘဲ၊ ဒါပေမဲ့ ငြိမ်း ဒီညကို ဘယ်တော့မှ မမေ့ဘူး၊ ...ဘူးဆိုတာက ကိုစစ်အောင်နဲ့ ပတ်သက်တဲ့အကြောင်း မဟုတ်ဘူး၊ ငြိမ်းရဲ့ ...သီးပုဂ္ဂလဘဝနဲ့ ဆက်စပ်နေတဲ့အကြောင်း…"

ကြီးဒွေးက မငြိမ်းယဥ်၏ ဝင်းဝါသော မျက်နှာလေးကိုသာ စိုက်ငေး ...သည်။ လင်းလင်းက မငြိမ်းယဥ်၏ ပေါင်ပေါ်လဲလျောင်းနေသည်။ ထို့ ...တ် မငြိမ်းယဥ်၏ပေါင်ကို တကုတ်ကုတ်လုပ်ကာ 'ပြောပါ ဆက်ပြောပါ' ...ု နားပူနားဆာ လုပ်နေသည်။

"အဲဒီညက လတော်တော်ကို သာတယ်၊ အေးချမ်းသာယာလိုက်တာ ...နဲ့ပဲ၊ ဒီညမျိုးကို အိပ်ပစ်ရမှာ နှမြောစရာချည်းလို့ ရီနဲ့တောင် ပြောမိကြ ...တယ်။ ကိုရည်မွန်ကလည်း ဟုတ်တယ်တဲ့၊ ဒီညမျိုး အရသာ မခံတတ်တဲ့ ...ဟာ အရူးသော်လည်းကောင်း၊ နွားသော်လည်းကောင်း ဖြစ်ရမယ်လို့ ပြော ...တယ်။ ဒါပေမဲ့ သူကိုယ်တိုင်က အိပ်ပျော်သွားတော့ မောင်ရွှေဦးတို့က ...က်လုံးထုတ်နေကြသေးတယ်။ သူကတော့ ဆက်ရက်မင်းစည်းစိမ်နဲ့ဆိုတော့

အပြစ်မဆိုသာဘူးပေါ့၊ အားလုံး ဘိုတဲအခန်းတွေထဲ ဝင်သွားတော့ ငြိမ်း
ရီနဲ့ ကြယ်ပွင့်တွေ ရေတွက်ရင်း ကျန်ရစ်ခဲ့တယ်။ ကိုစစ်အောင်ကို မီးပွင့်န
ထိုင်ပြီး စာရေးနေတာ တွေ့ရတယ်။ ဒီအချိန်မျိုးမှာ သူချစ်သူဆီကို စာရေးမှာ
လို့ ငြိမ်းနဲ့ ရီက ပြောမိကြသေးတယ်''

''နောက် ရီ့ကို ငြိမ်းငယ်ငယ်တုန်းက ဖတ်ခဲ့ဖူးတဲ့ တရုတ်အမျိုးသ
စာရေးဆရာမ 'ဟန်ဆုယဉ်' ရေးခဲ့တဲ့ 'အချစ်ဆိုတာ အင်မတန် ခမ်းနားကြ
ကျယ်တဲ့ အရာပါလား' (A Many Splendored Thing) ဆိုတဲ့ ဝတ္ထုအကြော
ပြန်ပြောမိသေးတယ်။ အဲဒီထဲမှာ ဇာတ်လိုက်မင်းသမီး ဆုယဉ်ပြောတဲ့ စကာ
တစ်ခုရှိတယ်။ 'ကျွန်မနဲ့ မတ်(စ်)မှာ မိတ်ဆွေတွေ အများကြီး ရှိတယ
တစ်ယောက်သော မိတ်ဆွေကတော့ လ' ပါပဲတဲ့။ အဲဒီစကားကို သိပ်သဘော
ကျတယ်''

''မုဆိုးမလေး ဆုယဉ်က အရင်တုန်းက လန်ဒန်မှာ သူယောက်ျ
လသာတဲ့ညကို အိပ်မပျော်ရက်လို့ လမ်းထွက်လျှောက်ကြတဲ့အကြောင်း သူချစ်
ကို ပြန်ပြောပြတယ်၊ အဲဒီတုန်းကလည်း ချစ်သူနှစ်ယောက် ဖြစ်ကြတဲ့ မတ်(စ်
ဆုယဉ်တို့ဟာ ဟောင်ကောင်မြို့က လရောင်အောက်မှာ စကားတွေ ထိုင်ပြော
နေကြတာပဲ၊ လကို မော့ကြည့်ကြပြီး လန်ဒန်မြို့က 'လ'ဟာ ဟောင်ကောင်
က 'လ'ထက် ငယ်တယ်၊ ပီကင်းမြို့ပေါ်က 'လ'ကတော့ အကြီးဆုံးပါပဲ
ဆုယဉ်က အဆိုပြုတော့ မတ်(စ်)က ရယ်ရင်း ဆရာဝန်တစ်ယောက် ဖြစ်
ဆုယဉ်ဟာ သိပ္ပံနည်းမကျလိုက်တာ 'လ'ဟာ ဘယ်နေရာမှာမဆို အရွ
အစား တူတာပေါ့လို့ ပြန်ချေပသေးတယ်''

''အဲဒါ ဆုယဉ်ကလည်း ကလေးလေးတစ်ယောက်လို ပြန်ငြင်း
တယ်၊ 'လ' အရွယ်တူတာ မဟုတ်ဘူးတဲ့၊ တချို့နေရာမှာ မြင်ရတဲ့ 'လ'ဟ
တချို့နေရာမှာ မြင်ရတဲ့ 'လ'ထက် ကြီးတယ်တဲ့၊ နောက်ဆုံး မတ်(စ
တစ်ယောက် ဆုယဉ်နဲ့ ဝေးသွားတဲ့ စင်ကာပူမြို့ကို ရောက်သွားတဲ့အခါ
တော့ လှမ်းစာရေးတယ်။ 'ဆုယဉ်ပြောတာ သိပ်မှန်တာပဲ၊ ခု ဒီစင်ကာပူ
'လ'ဟာ ဟောင်ကောင်ထက် ကြီးတယ်တဲ့၊ ခုတော့ ပီကင်းမြို့ပေါ်က 'လ'



လန်ဒန်ပေါ်က 'လ'ထက် ကြီးတယ်လို့ ဆုယဉ်ပြောတဲ့ စကားကို
ယုံပါပြီလို့ ရေးလိုက်ရော''

သည်တော့ ကြီးဌေးက တူမချောကို ရယ်မောမိသည်။ တကယ်တော့
နားလည်ရန် ခက်ခဲတဲ့ မိန်းကလေးတစ်ယောက်ပေပဲ။ သူ့ရင်ထဲမှာ
ရာစကားတွေ အမြဲပြည့်နေသလိုပဲ။ နောက်ဆုံးတော့ လိုရင်းကို တိုတို
တုတ် မရောက်ဘဲ သူစိုက်ထားတဲ့ ပန်းတိုင်ရောက်ဖို့ရာ အတော်ရှည်ရှည်
နားထောင်ပြီးမှ လိုရာခရီးပေါက်တတ်သည်။ ကြီးဌေးက နားထောင်
မငြိမ်းယဉ် ပြောလိုတဲ့ စကားက ဘာလဲဆိုကာ စောင့်၍နားထောင်
သည်။

''အဲဒီညက ရီနဲ့ စကားပြောတာ တော်တော်ကြာတယ်။ ညတစ်ချက်
နေပြီ။ အိပ်ခန်းကို ပြိုင်တူဝင်ကြတော့ ရီက ရှေ့က၊ ငြိမ်းက နောက်
ကိုလွင်မောင်လည်း သူ့အိပ်ခန်းထဲက ဝိုးတိုးဝါးတားမျက်နှာနဲ့ တစ်ရေးနိုးထ
တယ်။ ဟင်…ငြိမ်းတို့ မအိပ်သေးဘူးလား မေးတယ်၊ ငြိမ်းက မအိပ်သေး
ခုထိတောင် မအိပ်ချင်သေးဘူး၊ အိပ်ရမှာ နှမြောလိုက်တာလို့ ပြောမိတယ်။
မှာ နှမြောရင် လာ စကားပြောရအောင်လို့ ကိုလွင်မောင်က ခေါ်တယ်။
တော့ ငြိမ်းကလည်း ချက်ချင်းပဲ ခေါင်းညိတ်လိုက်မိတယ်။ ကိုလွင်မောင့်ကို
ဉ် ချစ်သူ မတ်(စ်)လို သဘောထားလိုက်တယ်။ ငြိမ်းကိုယ်ငြိမ်းတော့
ပြီး မုဆိုးမလေး ဆုယဉ်ပေါ့။ ဘာလို့လဲဆိုတော့ ငြိမ်းမှာလည်း ချစ်ဦးသူ
အောင်ထက်က ကွယ်လွန်ခဲ့တယ် မဟုတ်လား၊ ဒီတုန်းက ရီကလည်း
တတ်တာသိပဲ သူတစ်ယောက်တည်း အိပ်ခန်းထဲ ဝင်သွားတော့တယ်''

''ပြီးတော့ ဝရန်တာမှာ နှစ်ယောက်သား လက်ထောက်ရပ်နေကြရင်း
ငြိမ်းက စကားတွေ အများကြီး ပြောမိသေးတယ်။ ဟန်ဆုယဉ်ရေးတဲ့
ထဲက 'ငွေလပြည့်ဝန်း သဘင်ပွဲ' (The Moon Feast) ဆိုတဲ့ အခန်းကို
ကာ ရီ့ကို ပြောသလိုပဲ ပြောပြမိသေးတယ်။ အင်္ဂလိပ်တွေရဲ့ တတိယ
နွေနဲ့ဆောင်းစပ်ကြား autumn ဆိုတဲ့ ရာသီရဲ့ လပြည့်ဝန်းအလှ ဖမ်းစား
တာ တန်ဆောင်မုန်းလပြည့်ည လဝန်းနဲ့ တူလေမလား မသိဘူးနော်၊

တကယ်တော့ အော့တွန်ရာသီရဲ့ လဝန်းဟာ ဆုယဉ်ဆိုတဲ့ မိန်းကလေးအတွက် အချစ်လဝန်းတဲ့။ ညောင်ဦးဘိုတဲ့အပေါ်က 'လဝန်းဟာ ကိုလွင်မောင်နဲ့ ငြိမ်းတို့အတွက် အချစ်လဝန်း ဖြစ်ခွင့်မရနိုင်ဘူးလား'။

သိပ်ဝမ်းနည်းစရာကောင်းတာပဲ။ ကိုလွင်မောင်ဟာ ငြိမ်းကို အလစ်ဖမ်းပြီး ဖက်ပွေ့နမ်းဖို့သာ ကြိုးစားနေတော့တာပဲ။ ငြိမ်းပြောတဲ့ စကားတွေကို စိတ်ဝင်စားပုံမရဘူး။ ငြိမ်းက ဟန့်တားကန့်ကွက်ရင်တော့ ဘယ်လိုနေရမလဲတဲ့။ အလှကြည့်နေရမှာလားတဲ့။ ငြိမ်းက ကိုလွင်မောင်ကို ငြိမ်းဟာ ကိုလွင်မောင်ပိုင်ရာသက်ပန်ပစ္စည်းပဲ။ ဒီလိုနေဖို့ အချိန်တွေ အများကြီး ရှိပါသေးတယ်။ ဒီညအလှကိုတော့ မဖျက်ဆီးစေချင်ဘူးပြောတော့ ငြိမ်းဟာ သိပ်စိတ်ကူးယဉ်လွန်းသတဲ့။ ငြိမ်းနဲ့ လက်ထပ်ပြီး ဘယ်လိုများနေရမလဲ၊ လသာတဲ့ညတွေမှာ မနမ်းရဘူးလို့ ဥပဒေနဲ့ တားမြစ်နေမှာလားလို့ ငြိမ်းကို သရော်တယ်၊ ငြိမ်းက ကိုယ်အလွန် မဖြစ်ရအောင် ကိုလွင်မောင်ကို ချော့မော့ပြီး လက်ထပ်ပြီးတော့လည်း ကိုလွင်မောင် ငြိမ်းကို ပိုင်တာပဲ။ ကိုလွင်မောင်ရဲ့ သဘောပေါ့လို့ ပြောလိုက်တယ်။ ခုဟာ ချစ်သူဘဝပဲ ရှိသေးတာ။ ကြည်နူးစရာကောင်းတဲ့ ဘဝကို နွဲ့ပုပ်နဲ့ လိမ်းကျံလိုက်ရင် ပစ်ရတော့မှာပဲလို့ပြောပြီး ငြိမ်း ဝမ်းနည်းမိတယ်။

ဒီညက ကိုလွင်မောင်နဲ့ ငြိမ်းနဲ့ အချီအချ စကားများကြတာပဲ။ ငြိမ်းက ကိုလွင်မောင်ကို ဝတ္ထုထဲက မတ်(စ်)ရဲ့ ပြောစကားဖြစ်တဲ့ "What a pity, the chap has no moon feeling စကားမျိုးကို ပြောလိုက်တယ်။ အဓိပ္ပာယ်ကတော့ ကြီးဒွေးရယ် ဒီလူမှာ လဝန်းနဲ့ ပတ်သက်တဲ့ ခံစားမှုမရှိဘူး သနားစရာကောင်းလိုက်တာတဲ့၊ အမှန်ကတော့ ငြိမ်း သူ့ကို မတရားနှိမ်ပြောလိုက်တာ မဟုတ်ပါဘူး၊ စိတ်ထဲက နည်းနည်းမကောင်းဖြစ်ပြီး ပြောလိုက်တဲ့စကားပါ၊ သူက ငြိမ်းကို ဒါဖြင့် ခံစားချက်ချင်းတူတဲ့လူကိုပဲ လက်ထပ်ပေါ့လို့ ရန်စကားပြောလိုက်တယ်။

ငြိမ်းလည်း ထွေထွေရာရာ စကားတွေ မပြောချင်တော့တာနဲ့ နည်းနည်းသည်းခံပြီး ညော်…သူနဲ့ လက်ထပ်ဖို့ ယတိပြတ် ဆုံးဖြတ်လာတဲ့အချိန်ဟာ



၃ နှစ်တောင် ရှိခဲ့ပြီပဲ၊ အားလုံးကလည်း သူနဲ့ ငြိမ်းနဲ့ ယူကြတော့မယ်ဆိုတာ သိနေပြီပဲ၊ ဒီတော့ ငြိမ်းဘဝမှာ သူကလွဲလို့ တခြား ဘယ်သူ့ကိုမှ လက်ထပ်ဖို့ စိတ်မကူးချင်ပါဘူး၊ သူရှိနေမှတော့ ဘယ်သူ့ကို စိတ်ကူးရမှာလဲ၊ ပြောရင်းပဲ ကိုလွင်မောင်နဲ့ ပြေလည်အောင် ပြောရတယ်၊ အဲဒီနှစ် သီတင်းကျွတ်မှာ လက်ထပ်ဖို့ရယ်၊ ဝါမဝင်ခင်မှာ စေ့စပ်ကြောင်းလမ်းဖို့ သူ့ဘက်က တင်ပြတယ်။

အဲဒီတုန်းက ငြိမ်းလည်း တစ်ယောက်က နှစ်ယောက် မျက်နှာ များချင်တော့တာနဲ့ ကိုလွင်မောင်ကို လွယ်လွယ်ကူကူပဲ အမြန်ဆုံး စေ့စပ်ဖို့ သဘောတူလိုက်ရတယ်။ အလှကို မမြင်နိုင်တဲ့လူဟာ အချစ်ဆိုတာကော မြို့ပဲလားဆိုတဲ့ အတွေးမျိုးလည်း ငြိမ်းခေါင်းထဲ မဝင်သေးဘူး၊ သာမန်ကြိုက် ရုံ သံယောဇဉ်ဖြစ်ရုံ၊ တွယ်တာရုံကို အချစ်လို့ပဲ လွယ်လွယ်ကူကူ သတ်မှတ် လိုက်တာကိုး၊ ငြိမ်း ဘယ်လိုပြောရမလဲ၊ အဲဒါနဲ့ ဘိုတဲအခန်းထဲ ငြိမ်းဝင်တော့ ညဉ့်ဆဲဆဲ မှောင်ရိပ်နားမှာ ကိုလွင်မောင်က…"

မငြိမ်းယဉ်သည် ရှက်ရှက်နှင့် မျက်နှာနီမြန်းကာ ရယ်မောမိလေသည်။ သည်ခေတ် သည်ကာလအနေနှင့် ဆန်းလှသည်တော့ မဟုတ်။ ကိုယ်ကြိုက်နှီးနေခြင်းကိုပင် သာမန်တံတွေးထွေးတာလောက် လွယ်ကူနေကြသဖြင့် အနောက်တိုင်းဆန်ဆန် နှုတ်ခမ်းချင်း နမ်းချင်သည်မှာ အသေးအဖွဲ့မျှသာ စကားထဲ ထည့်ပြောဖို့ပင် မလိုလှသော်လည်း မငြိမ်းယဉ်ရင်ထဲ၌ မရှင်း။ ဘိုတဲကြမ်းပြင် အက်ကွဲကာ မြေပြိုကွဲသည့်အထဲ ဝင်သွားချင်သည်အထိ ခံစားရသည်။

ထိုစဉ်က ကိုစစ်အောင်သည် သူ့အခန်းထဲမှ ထွက်လာသည်နှင့် ကြားလိုက်သည်ကို မငြိမ်းယဉ် ရုတ်ချည်းသိလိုက်သည်။ ကိုလွင်မောင်ကို ပြင်းပြင်း တွန်းထုတ်လိုက်သည်။ ကိုလွင်မောင့်ကိုယ်မှာ ယိမ်းလျက် ဘက် ကျောမှီလုလု ယိုင်သွားသည်။

ကိုစစ်အောင်က သူတို့နှစ်ယောက် အခန်းထဲ ရိုးရိုးဝင်သွားမည်ဆို သော အတွေးသာ တွေးမိဟန်တူပါသည်။ သူ့လက်ထဲတွင် ဘုရားသမိုင်းစာအုပ် တစ်အုပ်ကို ကိုင်လာကာ အားတောင့်အားနာ အမူအရာလား၊ သို့မဟုတ်

သိပ်ဂရုမပြုသည့် အမူအရာလား မကွဲပြားသော မျက်နှာထားမျိုးနှင့် ကိုလွင်မောင်ကိုတစ်လှည့်၊ မငြိမ်းယဉ်ကိုတစ်လှည့် လှမ်းကြည့်ပြီး မငြိမ်းယဉ်လက်ထဲ စာအုပ်ကို ထည့်ကာ…

"ခင်ဗျား လိုချင်တဲ့ ဘုရားသမိုင်း၊ ပြန်ပေးဖို့ မလိုပါဘူး၊ ယူသွားပါ"

အေးဆေးတည်ငြိမ်သော လေသံကြောင့် မငြိမ်းယဉ်သည် စိတ်သက်သာရာရပြီး နည်းနည်းအသက်ရှူချောင်လျက်…

"ဟုတ်ကဲ့ ကျေးဇူး…"

မငြိမ်းယဉ် စကားမဆုံးမီပင် မျက်ရည်တွေ ထိန်းမရတော့ဘဲ ပါးပြင်ပေါ်သို့ ယိုစီးကျလာလေသည်။ ကိုစစ်အောင်သည် မငြိမ်းယဉ် စကားမဆုံးမီပင် ကျောခိုင်းသွားနှင့်လေပြီ။ ကိုလွင်မောင်သည်လည်း 'ဆောရီး မငြိမ်း' တစ်ခွန်းမျှပြောကာ ခေါင်းငိုက်စိုက်ချရင်း သူ့အခန်းရှိရာသို့ ဦးတည်သွားလေသည်။

ထိုတစ်ညတာကတော့ မငြိမ်းယဉ် ဆိပ်မပျော်တော့သော ည။

ဟန်ဆုယဉ် ရေးသားခဲ့သော ဟောင်ကောင်မြို့ ညတစ်ညအကြောင်းကို ပြန်စဉ်းစားသည်။ ဒီဝတ္ထုထဲ၌ ဟောင်ကောင်၏ အလှကို ဖွဲ့ထားသလို အနိဋ္ဌာရုံများကိုလည်း ဖွဲ့ဆိုသွားခဲ့လေသည်။ ဆင်းရဲပင်ပန်းစွာ သမှာန်ခတ်နေသော သားအမိနှစ်ယောက် မြင်ကွင်းကို ပြန်မြင်နေရသည်။ အာဟာရ ချို့တဲ့ခြင်းဖြင့် သားအမိနှစ်ယောက်သည် ဖြူဖျော့နေသည်။

ညစ်ပတ်ပေရေသော ဟောင်ကောင်လမ်းကျဉ်းတွင် အလောင်းအစားဝိုင်းတွေ နေရာအနှံ့ ပျံ့နေသည်။ ဟောင်ကောင်ဟိုတယ်မှ အကြီးစား လောင်းကစားဝိုင်းမှာ ရယ်သံတို့သည်လည်း မြစ်ပြင်ပေါ်သို့ လွင့်စင်ဖိတ်အန်ကျလာလေသည်။

မငြိမ်းယဉ်သည် ပြတင်းပေါက်ကို ဖွင့်လိုက်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်တော့ ငွေလဝန်းကို ညှိုးငယ်စွာ မြင်ရသည်။ လဝန်းကို တိမ်တို့ ဝါးမျိုလိုက်သောအခါတွင်တော့ အမှောင်ရိပ်သည် ညို့လာလေသည်။

တစ်ဖက်ခန်းမှ တစ်ရေးနိုးနေသော ကိုရည်မွန်နှင့် ကိုစစ်အောင်တို့



ကားပြောသံသည် အခန်းထဲမှ အပြေးအလွှား လုံးထွေးထွက်လာခဲ့လေသည်။

"ပဋိပက္ခအား ပြင်းထန်တာ ဝတ္ထုကောင်းတို့ အင်္ဂါတစ်ရပ်ပဲ မဟုတ်ဘူး။ ဝတ္ထုတစ်ပုဒ် ကောင်းပြီဆိုရင် လူတန်းစားပြဿနာက ရှေ့တန်းရောက်တာပဲ၊ ဒါ ကျွန်တော် ဖြစ်စေချင်တာ မဟုတ်ဘူး၊ ဖြစ်သင့်တာကို ပြောနေ ကိုရည်မွန်"

"ဝတ္ထုကောင်းအင်္ဂါရပ်မှာ ရသပိုင်း ခင်ဗျား ပယ်လိုက်လို့ မရဘူးဗျ၊ အားနည်းရင် အားနည်းသလောက် ဝတ္ထုဟာ ကျဆင်းတာပဲ၊ ရှေ့ရှည်ခံချင်မှ ယ်၊ ဆရာမြို့မငြိမ်းသီချင်းတွေ ဘာလို့ ဒီနေ့အထိ ခေတ်စားနေသလဲ၊ စဉ်းစားကြည့်ပေါ့ဗျာ၊ ခင်ဗျားလည်း ခံစားတတ်ပါတယ် ကိုစစ်အောင် ခင်ဗျားလည်း Artist (အနုပညာသမား)တစ်ယောက်ပဲ"

"ကျွန်တော် မပယ်ပါဘူး၊ ပယ်ရမယ့်ဟာမှ မဟုတ်တာ၊ ဒါပေမဲ့ ရဲ့ 'လွှမ်းနွေကမ္ဘာ' တော့ ကျွန်တော် မကြိုက်ဘူးဗျ၊ ဒီထဲမှာ ဇာတ်လိုက် ဘွဲ့လိက ခံစားချက်တွေ များလွန်းတယ်ထင်တယ်၊ ကနေ့ လှုပ်ရှားနေကြတဲ့ ခေတ်ရုပ်ပုံလွှာကို ခင်ဗျား သိပါတယ်၊ ဒါတွေအားလုံးကို ခင်ဗျားဝတ္ထုထဲမှာ ကလပ်အဖြစ် ထားခဲ့သလိုပဲ၊ ဒါ နည်းလမ်းမကျဘူးလို့ ကျွန်တော် ထင်တယ် ။ ကနေ့ လူငယ်တွေရဲ့ ကဗျာတွေနဲ့ ကာတွန်းတွေမှာ အဲလို ခေတ်ရုပ်ပုံလွှာ အများဆုံး မြင်ရတတ်တယ်ဗျာ၊ အားရစရာပဲ"

ထို့နောက် တရုတ်ကဲကျွေးစနစ်နှင့် ကွန်ဖူးဇီး၏ အယူဝါဒများကို ပြင်းအထန် ရှုတ်ချရေးသားထားသော 'အရူး၏ နေ့စဉ်မှတ်တမ်း' ဝတ္ထုတို အကြောင်းကို ပြောပြနေသည်။ ထိုဝတ္ထုတိုလေးသည် တရုတ်နိုင်ငံ၏ သစ် ပြုပြင်ပြောင်းလဲရေးတွင် အလွန်ထိရောက်သော စာပေသစ်ဟု အသိ တ်ပြုကြသည်။

သို့သော်လည်း ပီကင်းတက္ကသိုလ်နှင့် အမျိုးသားဆရာအတတ်သင် ကျောင်းတွင် ကထိကအဖြစ် လုပ်ကိုင်ခဲ့သော 'လူရှွန်း' သည် သူ၏ တိုများတွင် ရေးသားပါရှိသော တော်လှန်ရေးသဘောတရားများကြောင့် ဒါဒီ အစိုးရတို့၏ အမိန့်ဖြင့် ပီကင်းမြို့မှ ထွက်ခွာသွားရလေသည်။

ထို့အတူ နန်းတွင်းပြင်ပရှိ မြန်မာလူမျိုးတို့၏ အမျိုးစုပိုင်ဖြစ်သော တောနေ တောင်သူလယ်သမားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ကို ဖွင့်ဆိုခြင်းကြောင့် ဝန်ကြီးပဒေသရာဇာသည် ရဲရင့်သညာ ဉာဏ်ခံကြီးသည်ဟု ဆရာဇော်ဂျီက ဖွင့်ဆိုခဲ့လေသည်။

များမကြာမီပင် မငြိမ်းယဉ်သည် ငိုက်မျဉ်းခြင်းအဖြစ်သို့ ရောက်တော့မည့်ဆဲဆဲမို့ မျက်တောင်များ မှေးစင်းလာလေသည်။ တစ်ဖက်ခန်းမှ ကိုရည်မွန်၏ တီးတိုးစကားသံများနှင့် ကိုစစ်အောင်၏ ခပ်အုပ်အုပ် ရယ်မောသံများကို ကြားလိုက်ရသည်။ ဘာတွေဆက်ပြောမှန်း မကြားသိရတော့။

မမက်ဖူးသော ည၏နောက်ဆုံးယံ အိပ်မက်များကား ထမင်းလုံး တစ္ဆေခြောက်သလို ခြောက်လှန့်နေသည်။ အစလည်း မရှိ၊ အဆုံးလည်း မရှိသော သဲသောင်ပြင်ပေါ် မငြိမ်းယဉ်သည် နောက်က ရန်သူလိုက်သည့်ပမာ ပြေးလွှားနေရလေသည်။ လူမည်းမည်းတစ်အုပ်ကြီးသည် ငရဲခွေးများကဲ့သို့ လိုက်နေသည်တဲ့။

နောက်ဆုံးအိပ်မက်ထဲ၌ အရာရှိတွေရော၊ မမစိမ်းယဉ်၏ အပေါင်းအသင်း ဆရာဝန်တွေရော၊ ကိုအောင်ထက်ရော၊ ကိုလွင်မောင်ရော၊ မျိုးရော ပြောင်လက်အဆီဝင်းသော မျက်နှာများ၊ တပ်မက်ချင်ခြင်းတပ်သော မျက်လုံးများနှင့် မငြိမ်းယဉ်အား အဓိလိုက်ကြကာ မငြိမ်းယဉ်၏ ခါးဝတ်အကျီ ထဘီများကို အတင်းဆွဲချွတ်ပစ်ကြသည်တဲ့။ နောက် မိန်းမလုံးတီး ရုပ်ပုံသည် မငြိမ်းယဉ် မဟုတ်တော့ဘဲ မငွေသဲ ဖြစ်နေကာ 'ကျွန်မကို ကယ်ပါဦး မေရယ်' ဟု သဲပြင်ပေါ် ခုန်ပေါက်ငိုကြွေးနေတော့သည်။

□□□

## အခန်း(၁၅)

မာဗယ်(လ်)ကျောက်ပြားများနှင့် တိုက်အိမ်၏ ထုထည်သည် ပို၍ [illegible]ည်နေသည်။

သည်တိုက်ကို မြင်ရသည်မှာ မကြာသေး။ မငြိမ်းယဉ် ပုဂံသို့ [illegible]ဦးတစ်ခေါက် သွားခဲ့စဉ်က ချုံနွယ်ပိတ်ပေါင်းများ ထူထပ်ခြံရံနေသည့် [illegible]တွင်ဖြစ်သည်။

ယခုတော့မူ အင်းလျားမြိုင်မှ တိုက်အိမ်ကြီးသည် နတ်နန်းတမျှ [illegible]ကြီး ထွန်းပေါ်လာလေသည်။ တိုက်အိမ်ရှေ့ တင်းနစ်(စ်)ကွင်းဘေးတွင် [illegible](စ်)ဝက်ဂွန်း၊ ဖီးယက်၊ ဖယ်မလီယာနှင့် (ဂျ)နံပါတ် တိုယိုတာ၊ [illegible]သာတို့သည် တန်းစီကာ ဆိုက်ထားကြသည်။

လီမွှော်ရောင်၊ အပြာနုရောင်နှင့် ပန်းနုရောင် ကော်မီးအိမ်တို့သည် [illegible]နား(Santana)၏ တေးသံကြားဝယ် လှုပ်နေကြသည်။ အင်းလျားကန် [illegible]ယ်မှ ဒိုမီနို ကပွဲသည် အင်းလျားမြိုင်အထိ ပျံ့နှံ့လာသည်။ ဆယ်ကျော် [illegible]နှင့် အသက် ၂၀ ပတ်ဝန်းကျင် လူငယ်၊ မိန်းမငယ်တို့သည် ဆတ်တောက် [illegible]တောက် တေးသွားနှင့်အညီ မေးကိုဆတ်၍ ကိုယ်လက် ပခုံးနှင့် ရင်တို့ကို

တွန့်လှုပ်ကနေကြသည်။

ဒန်းပေား(လ်)စီးကရက်၊ ရှာနယ်(လ်)(၅)ရေမွှေး၊ ရုရှားအရယ်
မက်မန်းဝိုင်အရက် ရနံ့တို့ ယှဉ်တွဲကာ သင်းပျံ့မွှေးထုံလာလေသည်။

"လင်းလင်း ပြန်နိုင်"

ဘယ်ဘက်လက်ထဲတွင် ဟောင်ကောင်ချိုချဉ် သုံးလေးလုံး ဆုပ်ကို
ထားလျက် ညာဘက်လက်တွင် ကျူရှိုးတံနှင့် ဗင်တိုပုလင်းခွံကိုင်ကာ ဝေ
သော လင်းလင်းကို မငြိမ်းယဉ်က တီးတိုးခေါ်လိုက်လေသည်။

"အန်တီမေမီက အတင်းခေါ်လို့ လင်း ဒီပါလာတာ"

လင်းလင်းက အပြစ်ရှိသူတို့၏ မလုံမလဲ မျက်နှာထားလေး
လျှောက်လဲချက်ပေးနေသည်။ မငြိမ်းယဉ်က မဆူရက်၊ လင်းလင်းကို ခွင့်လွှ
ခြင်းဖြင့်…

"မေငြိမ်း ထင်တော့ ထင်သားပဲ၊ ဒီနေ့ သူငယ်ချင်းမွေးနေ့ပွဲရှိတ
ဆိုတော့…"

"ကျောင်းမှာ လင်းကို မေငြိမ်း လိုက်ရှာရသေးလား"

"ဟင့်အင်း…မေထရွန်က ပြောလိုက်တယ်"

"လင်း မကပါဘူး၊ ဘယ်သူနဲ့မှလည်း စကားမပြောပါဘူး၊ မှော
မှာ အသာလေး ထိုင်နေတာ၊ စိတ်ကုန်လွန်းလို့ တချို့ကောင်မလေးတွေ မူး
တာပဲ၊ မေငြိမ်း မတွေ့ဘူးလား"

မငြိမ်းယဉ်က လင်းလင်းလက်ကိုတွဲကာ ဧည့်ခန်းထောင့်မှ ဓားလွှ
ခုတ် ဖြတ်ကျော်လာလေသည်။

"အန်တီမေမီကို နှုတ်ဆက်ပါဦး"

ဆို၍ နှုတ်ဆက်ရသေးသည်။ လုပနံ့ပျိုမြဲဖြစ်သော မေမီကို အနော
တိုင်းဆန်သော ဆင်ယင်ထုံးဖွဲ့မှုနှင့် တွေ့ရသည်။ ခေါင်းလောင်းအင်္ကျီ နက်
ရောင် ပြင်သစ်ဇာလွှာပါးနှင့် အဖြူခံတွင် အနီနှင့် အနက်ပွင့်ရိုက် ဂျပန်ကီ
လုံချည်ဆင်နှင့် လှပကြော့ရှင်းနေသည်။ ဒန်းပေား(လ်)စီးကရက်ပြာတောင့်
လှပထည်ဝါစွာ တောက်ခါလိုက်လေသည်။



"ဒေါက်တာစိမ်းယဉ်ရဲ့ ညီမနော်"

"ဟုတ်ပါတယ်"

"လင်းလင်းက ဒေါက်တာဇော်မြင့်နဲ့ ဒေါက်တာမစိမ်းယဉ်တို့က
…တာဆို"

"ဟုတ်ကဲ့ မမ"

"ဪ…ဪ…၊ ဒေါက်တာမစိမ်းယဉ် ဆုံးသွားတဲ့အကြောင်း
…ရတာ စိတ်မကောင်းပါဘူး၊ ဒေါက်တာဇော်မြင့်ကလည်း He's going
…get married ဆို…"

လင်းလင်းဖခင် ဒေါက်တာဇော်မြင့် လက်ထပ်တော့မည့်အကြောင်း
… အင်္ဂလိပ်လို မေးမြန်းလိုက်လေသည်။ နောက် ဆက်၍…

"ခု မငြိမ်းယဉ်က ဘာအလုပ် လုပ်သလဲ"

"အိမ်မှာ ကျူရှင်ပေးပါတယ်၊ အားတဲ့အချိန်မှာတော့ ရှေးဟောင်း
…မိုင်းဆိုင်ရာတွေကို သုတေသနပြုတာပေါ့"

"ကြားတယ်၊ မငြိမ်းယဉ်ရဲ့အိမ်မှာ Museum(ပြတိုက်) လုပ်ထား
…ယ်ဆိုတာ တစ်နေ့နေ့ကျမှ အိမ်လာကြည့်ရဦးမယ်၊ မေမီလည်း ဝါသနာပါ
…ယ်သိလား၊ Tourist(ကမ္ဘာလှည့်)တွေ ခေါ်လာပြရဦးမယ်၊ သူတို့က ဒါမျိုး
… သိပ်စိတ်ဝင်စားကြတာ၊ ကိုယ်တို့ မသိတာတွေ သူတို့က သိလို့ သိပ်ရှက်
…ကောင်းတာပဲကွယ်၊ သူတို့မေးတာတွေ ဘယ်လိုတောင် ဖြေရမယ်မသိဘူး"

မငြိမ်းယဉ်သည် မေမီကို နှုတ်ဆက်ထွက်ခွာခဲ့လေသည်။ လောကွတ်
…ားဖြင့်…

"ငြိမ်းတို့အိမ် မမကြိုက်တဲ့အချိန် ဝင်ထွက်နိုင်ပါတယ်"

ဖိတ်မန္တကပြုခဲ့ရလေသည်။

ခြံထိပ်ဝတွင် ဆိုက်ထားခဲ့သော မငြိမ်းယဉ်၏ ကားပေါ်တွင် ကြီးဒွေး
… ဖျင်းရိပျင်းတွဲနှင့် ထိုင်စောင့်နေသည်။

"ကြာလိုက်တာတော်"

"မေမီနဲ့ စကားကောင်းနေလို့"

"ဘယ်သူရယ်"

"မေမိဆိုတာလေ၊ ကြီးဒွေးကလည်း မသိတော့ဘူးလား၊ ဟို…ကိုစစ်အောင်ရဲ့ မရီးဆိုတာ"

"သြော်…သြော်၊ အင်း…အင်း…ကိုစစ်အောင်အကြောင်း မမေး လိုက်ဘူးလား"

"အိုး…ဘာလို့မေးရမှာလဲ ကြီးဒွေးရဲ့၊ သူတို့ချင်းလည်း အဆက် အသွယ်ရှိပုံမရပါဘူး၊ ဓာတ်ချင်းမှ မတူတာ၊ စရိုက်က တစ်မျိုးစီပဲ၊ မေမိတောင် အိမ်လာမလို့တဲ့"

"ဘာလုပ်ဖို့"

"သူ့နိုင်ငံခြားသား ဧည့်သည်တွေကို ခေါ်ပြီး ငြိမ်းရဲ့ ပုဂ္ဂလိကပြတိုက် လေးကို ပြချင်လို့တဲ့"

"ပစ္စည်းတွေများ ဝယ်နေမှာလား"

"အိုး…မရောင်းပါဘူး၊ ငြိမ်းက အများအတွက် အများနဲ့ဆိုင်တဲ့ တစ်နေရာရာ လှူပစ်မှာ၊ ကြီးဒွေးကလည်း ငြိမ်း ရှာရဖွေရ ခရီးထွက်ရတာ ဘယ်လောက်ပင်ပန်းတယ်မှတ်သလဲ"

"ဟုတ်တယ်၊ မငြိမ်းပြောတာ မှန်တယ်၊ မရောင်းနဲ့၊ ရောင်းရင် ဒီပစ္စည်းတွေ နိုင်ငံခြား ထွက်သွားမှာပေါ့"

လင်းလင်းက ဝင်ပြောလိုက်လေသည်။

ဇက်ဖာကားစက်ကို နှိုးပြီးသည့်နောက် ကားသည် ဆောင့်ခုန်၍ ထွက်ခွာလာလေသည်။

"သိပါဘူး၊ ကြီးဒွေးက ပိုက်ဆံများ အပိုရမလားလို့"

"ပိုက်ဆံအပိုလိုချင်ရင် တခြားနည်းလမ်းတစ်လမ်းနဲ့ ရှာရမှာပေါ့ ကြီးဒွေးရယ်"

"သြော်…သိပြီ…သိပြီ"

ကြီးဒွေးက နောက်တိနောက်ပြောင် မျက်နှာထားနှင့် ကပျာကယာ ပြောလိုက်လေသည်။



"ဘာလဲ ကြီးဒွေးရဲ့"

လင်းလင်းက ကြီးဒွေး၏လက်ကို ကိုင်လှုပ်ကာ မေးလိုက်တော့ ကြီးဒွေးက ရယ်လျက်…

"ဗိုလ်ချုပ်ဈေးမှာ ကောင်မလေးတစ်ယောက်နဲ့ တွဲပြီး တစ်ပတ် ပတ်ရရင် ပိုက်ဆံနှစ်ကျပ် ပေးသတဲ့"

"ဟင်…"

မငြိမ်းယဉ်က မျက်လုံးပြူးသွားလေသည်။

"ကြံဖန် စီးပွားရှာတဲ့လူက ရှာပြီး၊ ဖိမ်ခံအသားယူတဲ့လူက ယူတာ ပေါ့ဟာ"

"တွဲရုံပဲဆိုတော့ ဘာအကြောင်းထူးလို့လဲ"

"ထူးတာပေါ့၊ ငြိမ်းကလည်း အလိုက်တာ၊ တွဲရင်း အလုပ်ဖြစ်ချင် လည်း ဖြစ်သွားမှာပေါ့"

"ဟင်..ကြီးဒွေးကလည်း ဒီလိုဆိုရင် အကောင်း ဘယ်ဟုတ်လို့လဲ"

"အေးလေ၊ ဘယ်အမျိုးကောင်းသမီးကလည်း ဒီလိုကြေးစားအတွဲ ဘယ်အဖြစ်ခံမလဲ"

"စီးပွားလမ်းတော့ အဖြောင့်သားနော်"

မငြိမ်းယဉ်က ရယ်ချင်မိရင်း ဘဝင်လည်း မကျလှပေ။ ကြီးဒွေးက..

"တစ်ယောက်ကို တွဲရင် ၂ ကျပ်ဆိုတော့ ၅ ယောက် ၁၀ ကျပ်၊ ၁၀ ယောက်ကို ၂၀ ကျပ် မဆိုးဘူးဟ၊ ကြီးဒွေးရော ဆံပင်တိုဖြန့်၊ မိတ်ကပ် ထိမ်း၊ ပင်နီစကတ်ဝတ်ရင် အတွဲမဖြစ်နိုင်ဘူးလား"

မငြိမ်းယဉ်သည် တဟားဟား ရယ်မိပြန်သည်။ လင်းလင်းက ကြီးဒွေး၏ ပေါင်ကို လှမ်းပုတ်လျက်…

"ကြီးဒွေးက ဘီရော၊ ဂျီရော ထွားတာပဲ၊ ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်၊ ကြီးစားပေး"

ပြောပြီး ရယ်နေသည်။

"ဒါကြောင့် ဈေးများ လူစည်တဲ့အချိန် လုံးလုံးမသွားချင်တာ

ကြီးဒွေးရဲ့ မလွဲသာလို့သာ သွားနေရတာ''

မငြိမ်းယဉ်က ညည်းညူလိုက်သည်။

ဈေးကတော့ စည်ကားမြဲပင်။

ပုံစံအမျိုးမျိုးနှင့် လူငယ်လူရွယ် မိန်းမအရွယ်အစားစားတို့သည် ဈေး တစ်ပိုက် ပျားပန်းခတ် လူးလားခေါက်တုံ့ခေါက်လှယ် လျှောက်နေကြလေသည်။ ကြိုးသိုင်းဖိနပ်တို့သည် ခြေသည်းနီများနှင့်အတူတူ ခပ်ဖွဖွဟန်ပန်နှင့် မြေပေါ်နင်းနေကြသည်။

အိုင်းရှဲဦး ခေါ် မျက်ဝန်းရိပ်နှင့် မျက်တောင်တုများကို ကဝေမယ်များ ပြယုဂ်နှင့်အတူ မြင်တွေ့နေရသည်။ ဆံကျစ်တစ်ချောင်းနှင့် ရိုးသားသောအသွင် တချို့သည်လည်း ခေါင်းလောင်းဘောင်းဘီများနောက် ခပ်သုတ်သုတ် လိုက်ပါ သွားကြလေသည်။

စပို့ရှပ်အင်္ကျီပွင့်ရိုက်အောက်မှ ဘရာစီယာရင်ပုံ ချွန်းလျှင်ချွန်း၊ မချွန်း လျှင်လည်း ရင်သားပကတိ အထင်သားပေါ်လွင်နေသော ကညာတို့ကို တွေ့ရ သည်နှင့် ယောင်တတ်သော ကြီးဒွေးက…

''ဟဲ့…သပြေသီး''

ဟု ယောင်လိုက်သည်။

''စိတ်မချမ်းသာလိုက်တာနော်''

ပြောရင်း မငြိမ်းယဉ်သည် မျက်နှာလေး ရှုံ့ကာ ရယ်မောမိလေသည်။

ဈေးထဲတွင် 'အတာ' နှင့် သူ့မိတ်ဆွေတစ်ယောက်ကို တွေ့ရာတွင်…

''အတာ နင် ရုံးက လစ်လာတယ်ပေါ့လေ''

အတာက ရယ်နေပြီး…

''အလုပ်ပြီးလို့ ခွင့်တောင်းထွက်လာတာပါ''

''အံမယ် အာလူး၊ နင့်အကြောင်းမသိရင် ခက်မယ်၊ ဘယ်တုန်းက ရုံးအလုပ် လုပ်ဖူးလို့လဲ''

အတာက ရယ်မောနေသည်။ ထို့နောက် သူနှင့်အတူပါလာသူ လူငယ်တစ်ယောက်နှင့်…



''ဒါ…ကျွန်တော့်သူငယ်ချင်း ဒေါက်တာခင်မောင်အုံး၊ အမ်ဘီဘီအက်စ် တီတီအက်စ်''

''ဟဲ့…အမ်ဘီဘီအက်စ်ကတော့ ဟုတ်ပါတယ်၊ တီတီအက်စ်က ဘာလဲ''

ခင်မောင်အုံးက အတာ့ကို တံတောင်နှင့်တွက်ကာ ရယ်မောနေသည်။

''မမကလည်း ခေတ်မမီလိုက်တာ၊ T.T.S လေ တန်းစီ တိုးစားပေါ့''

မငြိမ်းယဉ်က တသောသော ရယ်မောနေမိသည်။ ကြီးဒွေးက ဆရာဝန် ဒေါက်စမျက်နှာကို လှမ်းကြည့်ရင်း…

''ဒီကလေးက လိမ္မာတယ်၊ အလုပ်မရှိတုန်း ကောင်းရောင်းကောင်း ဝယ် လုပ်စားတာပဲ ဘာဖြစ်တုံး၊ ဆက်လုပ် ဆက်လုပ်၊ ကြီးဒွေးဖို့လည်း ဗူးရာမင်းဘီစီ တစ်လုံးလောက် ဝယ်ပေးပါနော်၊ အားနည်းနေလို့''

အတာက ကြီးဒွေး၏ ဝဖိုင့်သော ခန္ဓာကိုယ်ကြီးကိုကြည့်ကာ ရယ် မောနေသည့်အတွက် ကြီးဒွေးက…

''လူက ဝပေမယ့် အားနည်းနေတာ သွေးချိန်လျော့နေတယ် ယုံလား''

''ဒါတော့ မဆိုင်ပါဘူး၊ ဝပေမယ့် လျော့နိုင်ပါတယ်၊ ဘားပလက်စ် လည်း စားပါ၊ ကျွန်တော် ရှာပေးပါ့မယ်''

''အေး…အဲလိုမှပေါ့''

လေးယောက်သား ဈေးကို ပတ်လျှောက်လာကြပေသည်။ ကြီးဒွေးက

''မောင်နှမပေမယ့် နင်တို့တွေ ဝေးဝေးလျှောက်ကြနော်၊ တော်နေ နှစ်ကျပ်တန် အတွဲနဲ့ ရောသွားဦးမယ်''

''ဘယ်လို ကြီးဒွေး''

ကြီးဒွေးက နှစ်ကျပ်ပေးကာ တွဲသည်ဆိုသော အတွဲများအကြောင်း ပြောလာလေသည်။ အတာက…

''ဟင်…ဘာလုပ်ဖို့တုံးဗျ၊ နာတာပေါ့''

''ဘယ်သူက နာတာလဲ''

''နှစ်ကျပ်ပေးတဲ့လူကပေါ့''

"အလိုလေး၊ နင်တို့ယောကျ်ားတွေဘက်ကပဲ"

"လက်ဖက်ရည်နဲ့မုန့် သောက်လိုက်တာမှ အကျိုးရှိသေးတယ်၊ နှစ်ကျပ်ဆို မုန့်နှစ်ခုနဲ့ လက်ဖက်ရည်တစ်ခွက်တော့ ရမှာပဲ"

"ကျွန်တော်တို့မှာ မိန်းကလေးတွေက ရည်းစားစကား လိုက်ပြောလို့ ပြေးနေရတာ"

ခင်မောင်အုံးက ရယ်ရင်းပြောလိုက်သည်။ မငြိမ်းယဉ်က…

"ဒါတော့ မင်းက ဆရာဝန်ကိုးကွ၊ ဒါပေမဲ့ကွယ်"

ကြီးဌေးက ကြားဖြတ်လျက်…

"အလိုလေးတော်၊ ဘယ်လိုလူမျိုးဖြစ်ဖြစ် မိန်းမက ရည်းစားစကား စပြောရမှာလား၊ ကျပ်အိမ်က ဘဲနှာကြီးများ လေးနှစ်လောက်စောင့်ပြီး ကျပ်ဆီက စကားပြန်ယူရတာ၊ ဒါတောင် ကျပ်က 'အင်'နေတာ မိဘက ပေးစားလို့"

"ဒါကတော့ ဟိုခေတ်ကကိုး ကြီးဌေးရဲ့ ခု…ခု မိန်းမပေါတဲ့ခေတ်ဗျ"

အတာက ပြောလိုက်လေသည်။ မငြိမ်းယဉ်က…

"အေးပါ…အေးပါ၊ မိန်းမပေါတယ်ဆိုပြီး နင်တို့ကို အလွယ်တကူ ရည်းစားစကား စပြောတဲ့ မိန်းမမျိုးပဲ ယူကြပေါ့၊ နင်တို့လည်း ဒါမှ ဘယ်လို မိန်းမမျိုး ပေါတယ်ဆိုတာ ခွဲခြားသိမှာပေါ့၊ မိန်းမတွေပေါတယ်ဆိုတာ နင်ပြောတာလည်း အမှန်ပဲ၊ ဒီမှာတော့ မိန်းမနှစ်မျိုးနှစ်စား ရှိတယ်ဆိုတာ နင်တို့ ယောကျ်ားလေးတွေ ကတ္တားခွဲခြားရမှာပေါ့"

"မတူဘူးလား"

အတာက မငြိမ်းယဉ်ကို စချင်လာသည်။ မငြိမ်းယဉ်က ရန်ဖြစ်ချင်လာကာ…

"မတူဘူး သရဲရဲ့၊ သာမန်မိန်းမပီပီ ဗိုလ်ချုပ်ဈေးသွားမယ်၊ လက်ဝတ်လက်စားမက်မယ်၊ မင်္ဂလာဆောင်ခံပွဲ ပျော်ပွဲရွှင်ပွဲ ဟူသရွေ့ သွားချင်မယ်၊ အတင်းပြောမယ်၊ ဂုဏ်တုဂုဏ်ပြိုင် စကားတွေနဲ့ အချင်းချင်း အနိုင်ယူမယ်၊ လူ့ဘဝမှာ သူတို့လုပ်စရာ ဘာမှမရှိသလိုပဲ။ တချို့မှာတော့ မိခင်စိတ်ဓာတ်၊



…င်သားကို ကြင်နာမြတ်နိုးတတ်တဲ့စိတ်ဓာတ်နဲ့ မျက်လုံးနှစ်လုံးပိတ်မှပဲ အနားရ…တော့တယ်။ မမကတော့လေ လောကကြီးမှာ လုပ်ချင်တာတွေ များလွန်းလို့ …ယ်အချိန်များရှာပြီး လုပ်ရပါ့မလဲ။ တစ်နေ့ တစ်နေ့ ၂၄ နာရီအစား ၄၈ …ရီများ တိုးချဲ့လို့ရရင် ဘယ်လောက်ကောင်းမလဲလို့ တွေးနေတဲ့ မိန်းမပါ"

အတာ့သူငယ်ချင်းက မငြိမ်းယဉ်၏ မျက်နှာလေးကို စိုက်ငေးကာ ကြည့်နေမိသည်။

"မမ၊ ပြင်သစ်စာ သင်ဖြစ်သေးလား"

အတာက မေးလိုက်သည်။

"ပြင်သစ်စာက လူများလို့ ရုရှားဘာသာ တက်ချင်တယ်၊ မမ ခံယူ…ချက်ကတော့ လူတစ်ယောက်ဟာ ဘာသာလေးငါးမျိုးလောက် အနည်းဆုံး …တ်သင့်တယ်ထင်တာပဲ၊ ပတ္တလားနဲ့ အဆိုသင်နေတဲ့ အချိန်ကလည်း ရှိသေး…ယ်၊ အိပ်ချိန်တွေကို လျှော့ပြီးရင်း လျှော့နေရတာပဲ အတာရဲ့"

"မပင်ပန်းဘူးလား"

"ပင်တော့ပင်ပန်းတာပေါ့ ငါ့မောင်ရယ်၊ မမလည်း ကိုစစ်အောင်တို့ …သလို လူသားတွေ အကျိုးရှိစေမယ့် အလုပ်တွေ ဆက်လုပ်ချင်တယ်၊ …ယ်လိုပြောရမလဲ၊ လူတွေ ကောင်းလာမယ်၊ လိမ္မာလာမယ်၊ အသိဉာဏ် …တက်လာမယ်ဆိုရင် မမ နယ်ဒေသတွေ ခရီးထွက်ရင်း အလုပ်လုပ်ချင်ပါ…တယ်၊ ဒါကို လူတွေက မမကို စိတ်လေလို့ ခရီးထွက်တာမျိုး ပြောလာရင် …ငြိမ်းယဉ်ဆိုတာ ဘယ်လိုဘယ်ညာနဲ့ သာမန်မိန်းမတစ်ယောက်လို့ အပြစ်ရှာ…ရင်တော့ မမ အရေးစိုက်စရာ မရှိပါဘူး။ ကိုယ့်ဘဝအကြောင်းက ရည်းစား…လည်း ဖြစ်ဖူးပြီ၊ ရည်းစားတစ်ခုလပ်လည်း ဖြစ်ဖူးပြီ၊ ချစ်မယ်လို့ …င်ရတဲ့ လူတစ်ယောက်နဲ့ လွဲခဲ့ပြီ၊ ဒါပေမဲ့ ဒီအတွက် ဘယ်တော့မှ ဝမ်းမနည်း…ဘူး။ ဒါ ဝမ်းနည်းစရာမှ မဟုတ်တာ"

အတာသည် အစ်မဖြစ်သူကို သနားစိတ်နှင့် တွေငိုင်မိသည်။ မငြိမ်း…ဉ်၏ ဖြတ်သန်းလာခဲ့ရသော စိတ္တဇဝေဒနာ ခရီးကတော့ ရှည်လျားတွေပြား…သည်။ မဆုံးနိုင်သော ခရီးရှည်ကြီးက အိပ်မက်ဆိုးကြီးပမာ ချောက်သန့်

နေမည်ကို စိုးရိမ်မိသည်။ မငြိမ်းယဉ်က ပြုံးလျက်…

"ကိုယ့်ဖာသာကိုယ် လုပ်တဲ့ကိစ္စမဟုတ်ရင် ပူစရာမရှိပါဘူး။ ဒီနေ့ထိ မမ လိပ်ပြာသန့်ပါတယ်၊ အရေးကြီးတဲ့ ကိစ္စတွေမှာ တန်ဖိုးမထားတတ်တဲ့လူတွေ ကဲ့ရဲ့တာ မဆန်းပါဘူး၊ လွှမ်းရေးထက် ဝမ်းရေးခက်တာ လူတိုင်းသိတာပဲ"

စကားတပြောပြောနှင့် ပြောလာရင်း မကြာမီ ရုပ်ရှင်ရုံများအနီးမှ စာအုပ်အဟောင်းဆိုင်သို့ ရောက်လာလေသည်။ အင်္ဂလိပ်စာအုပ်ဆိုင်တစ်ဆိုင်တွင်ရပ်ကာ 'မောရစ်ကောလစ်ရေးတဲ့ မာကိုပိုလိုစာအုပ်ရှိလား' ဟု မငြိမ်းယဉ်က မေးလိုက်သည်။

□□□

## အခန်း(၁၆)

စာအုပ်ရှာဖွေရင်း၊ ဝက်သား၊ ဝက်အသည်းနှင့် ဝက်အဆုတ်၊ နှလုံးတုတ်ထိုးလျက် အချဉ်ဆမ်းရောင်းသော ဆွဲခြင်းနှင့် အသည်ရှိရာသို့ ကြီးဒွေးခြေထောက်က ဦးလှည့်နေသည်။

"စားမလို့လား ကြီးဒွေးရဲ့၊ သန်တွေ ပွားကုန်တော့မှာပဲ၊ ဟိုနေ့ကပဲ ကလေးမဟုတ် သူငယ်မဟုတ် သန်ကောင်တွေ ကျတယ်ဆို"

"နောက်မှ သန်ဆေးစားပစ်မယ်"

ကြီးဒွေးက တုတ်တံမှ ဝက်သားဖတ်များကို အချဉ်ဆမ်းနေဆဲ မငြိမ်းယဉ်က ရယ်မောမိသေးသည်။ ပိုက်ဆံမအမ်းနိုင်သဖြင့် ဈေးသည်တရုတ်အဘိုးကြီးသည် ခေါင်းတရမ်းရမ်းနှင့် လုပ်နေရာမှ…

"ဟော…လာပြီ"

ဟု ကျိုးလန့်စာစားပြောကာ သူ့ခြင်းတောင်းဆွဲလျက် ကပျာကယာပြေးလေသည်။

မန်းကျည်းဖျော်ရည် အထမ်းသည်များ၊ နိုင်ငံခြားစီးကရက်သည်လေးများ၊ ယိုးဒယားဂျင်တန်နှင့် ချိုချဉ်၊ စပျစ်သီးကိတ်မုန့်သည်များ၊ မွေးဝဲယားနော

နှင်းခူပျောက်ဆေး၊ တိုလီမုတ်စ မှောင်ခိုဈေးဖန်း၊ ကုလားလေးများ၏ ကာတွန်းစာအုပ်ဟောင်းများ၊ ငါးပြားတန်ပေါင်မုန့်စက်၊ ဝက်သားတုတ်ထိုးဆွဲခြင်းများ ရှာရပတ်ရည်များ ဘောင်ဘင်ခတ်နေသော လေးထောင့်မှန်ပုံးများအားလုံး ဖရိုဖရဲ ကရောသောပါး ပြေးလွှားနေကြလေသည်။

"မြူနီစီပယ်ရဲတွေ လာလို့"

တစ်စုံတစ်ယောက်သူက ပြောလိုက်သည်။

လူတွေနှင့် တိုက်မိသဖြင့် ကြီးဒွေးလက်ထဲမှ ဝက်သည်းဝက်သား တုတ်တံ အောက်သို့ လွတ်ကျသွားလေသည်။ ကြီးဒွေးက...

"ဘယ်ပြိတ္တာဘုံက တက်လာမိသလဲ မသိပါဘူး၊ စားရက်ကြဲလို့ ပါးစပ်နားရောက်ခါနီးမှ တောက်"

မငြိမ်းယဉ်က ရယ်မောနေခိုက် အသက် ၁၂ နှစ်ခန့် ကလေးမငယ် ပိန်ညှော်ညှော်လေးသည် သူ့ဗန်းထဲမှ ဖရဲသီးစိတ်များ မြေပေါ်ပြန့်ကျကုန်သဖြင့် ထဘီချွတ်လျက် စွန်တောင်ဆွဲကာ ထဘီနှင့် မျက်ရည်တွေသုတ်ရင်း ခုန်ပေါက် ငိုယိုနေသည်။ အတာက ကောင်မလေးဗန်းထဲ ဖရဲသီးတွေ ကောက်ထည့်ကာ...

"ငိုမနေနဲ့၊ ဟိုလမ်းကြားထဲပြေး"

ဟု ပြောဆိုလိုက်သည်။

ကတ္တရာလမ်းပေါ် ကျနေရစ်သော ဖရဲသီးစိတ်တစ်စိတ်ကို ၇ နှစ်အရွယ် ကောင်လေးက ပြေးကောက်ရင်း 'ဖရဲသီးစိတ် ချိုချိုလေး တို့အရေးကွ' ဟု အော်နေသည်။ အတာက ရယ်မောလျက်...

"အေး...အေး...ကောင်းတယ်၊ မင်းလည်း အလုပ်ဖြစ်နေပြီကွ"

ပြောရင်း ကောင်လေးခေါင်းကို လှမ်းပုတ်လိုက်လေသည်။

ကမ္ဘာ့လှည့်အုပ်စုတစ်စုသည် မငြိမ်းယဉ်တို့နားရပ်ကာ လှမ်းကြည့်နေကြသည်။ အသားဖြူ နီစပ်စပ် အရပ်မြင့်မြင့် ကမ္ဘာ့လှည့်တစ်ဦးနှင့် အတူတွဲလျက် မလေးရှားလိုလို၊ အင်ဒိုနီးရှားပါတိတ် အထက်အောက်ဆင်တူဝတ် အမျိုးသမီးတစ်ဦးသည် မငြိမ်းယဉ်ရှေ့ လာရပ်ကာ...

"ငြိမ်း...ငြိမ်း မဟုတ်လား"



"ဟင်...မမမေမီ"

"ချိန်းထားရင်တောင် လွဲဦးမယ်၊ ကြည့်စမ်းကွယ်"

မငြိမ်းယဉ်သည် မေမီ၏ ပန်းသွေးနုနုပါးပြင်ကို လှမ်းငေးကြည့်နေသည်။

"မိတ်ဆက်ပေးရဦးမယ်၊ သူက မစ္စတာ(...)၊ မစ္စတာ သူက မငြိမ်းယဉ်၊ ရာဇဝင်ကထိကဟောင်း၊ ရှေးဟောင်းသုတေသနပြုနေတဲ့ မိန်းကလေး"

အင်္ဂလိပ်ဘာသာနှင့် မိတ်ဆက်ပေးလိုက်သဖြင့် ထိုလူက လက်ကမ်းလာသည်ကို မမြင်ယောင်ပြုရင်း 'တွေ့ရတာ ဝမ်းသာပါတယ်' ဟု မငြိမ်းယဉ်က ပြောလိုက်လေသည်။ ထိုလူနီဖြူ ကမ္ဘာ့လှည့်သည် နေဘက်မျက်နှာပြုနေသော မငြိမ်းယဉ်အား ကင်မရာနှင့်ချိန်လျက် လျှင်မြန်စွာ ဖျတ်ခနဲ ရိုက်လိုက်သည်။ ထို့နောက် ဗမာလို မပီကလာပီကလာ 'ကျေးဇူးတင်ပါတယ်' ပြောပြီးမှ မေမီအား လှည့်၍ အင်္ဂလိပ်ဘာသာအားဖြင့်...

"Speaking Burmese is a hard work but Burmese girls are beautiful."

ဗမာလို စကားပြောရတာတော့ အင်မတန်ခက်တယ်။ ဒါပေမဲ့ ဗမာမလေးတွေကတော့ လှတယ်။

မေမီက တသောသော ရယ်မောရင်း ရှင်ပြောတာ မှန်ပါတယ်၊ 'Yes you are right' ဟု ထောက်ခံပြောဆိုနေသည်။

ထို့နောက် မေမီသည် မငြိမ်းယဉ်ဘက်လှည့်ကာ...

"သူတို့က ဘိုင်တွေမဟုတ်ဘူး၊ အကောင်းစားတွေ ဒီကောင်က ဘီပီချမ်းသာတယ်၊ တည်းတာတောင် အင်းလျားလိပ်(ခ်)ဟိုတယ်မှာ တည်းတာ ငြိမ်းရဲ့၊ ငြိမ်း သူတို့မပြန်ခင် တစ်ရက်လောက် လိုက်လည်ပါလား"

"နေပါစေ မမရယ်"

မစ္စတာက စူးစမ်းနေသဖြင့် မေမီက ပြန်ပြောရာ ထိုသူက မငြိမ်းယဉ်အား သူတည်းခိုရာသို့လာရန် ဖိတ်မန္တက ပြုနေသည်။ မငြိမ်းယဉ်က ခေါင်းကို ခါရမ်းလျက်...

"ဒီလိုဖိတ်တာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ ဗမာမလေး တွေက ယောကျ်ားလေးတွေ ရှိရာကိုသွားတဲ့ ထုံးစံမရှိပါဘူး၊ မိန်းကလေးရှိရာ ကိုသာ ယောကျ်ားလေးက လာရပါတယ်"

"အိုး…မငြိမ်း ခင်ဗျား အင်္ဂလိပ်လို ကောင်းကောင်းပြောတတ်တာပဲ ခင်ဗျားဆီကို ကျွန်တော် လာလည်ရမလား" —

"လာရပါတယ်"

"ဘယ်အချိန်လောက်"

"ညနေဘက်ဆိုရင် ကျွန်မ အားပါတယ်၊ ဗမာချိုချဉ်မုန့် စားမယ်ဆို ရင် စီမံထားပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

မေမီနှင့် မစ္စတာတို့သည် မငြိမ်းယဉ်အား နှုတ်ဆက်ထွက်ခွာသွားကြ လေသည်။ မစ္စတာသည် မေမီ၏ ပခုံးကို သူ့ညာလက်တံရှည်ကြီးနှင့် သိုင်းဖက် ကာ လျှောက်သွားကြသောအခါ လူတွေသည် မျောက်ပွဲကြည့်သလို ဝိုင်းအုံ ကြည့်နေကြသည်။ မငြိမ်းယဉ်၏ မျက်နှာသည် နီမြန်းကာ ကျန်ရစ်သည်။

ညစ်ထေးသော နက်ပြာရောင် ခေါင်းလောင်းဘောင်းဘီ၊ လည်ဟိုက် အင်္ကျီအဖြူ ခါးတိုနှင့် ဗိုက်သားများပေါ်လျက်ရှိသော ကမ္ဘာလှည့် ကညာအုပ် နောက်သို့ ကာလသားတစ်အုပ်တို့ လိုက်ပါသွားလေသည်။

"အင်း…အက်(ဖ်)အီးအတွက်တော့ ကောင်းတာပေါ့၊ ကိုယ့်တိုင်း ပြည် ဝင်ငွေတိုးတာ အမှန်ပါပဲ၊ ဒီကလူတွေသာ တာဝန်သိသိ သိက္ခာရှိရှိ လက်ခံတတ်ဖို့ အရေးကြီးတယ်"

မငြိမ်းယဉ်က ပြောအပြီး ကြီးဒွေးက အတာတို့ဘက်လှည့်ကာ…

"မင်းတို့က ရာဇဝင်ကြွေးဆပ်လေကွယ်"

"ဟာ မလုပ်ပါနဲ့ ကြီးဒွေးရာ"

"ညှဲ့လိုက်တာ၊ ဟိုဘက်က ဆံပင်နီနီ အရုပ်ပျှပ်ပျှပ် ကောင်မလေးက ချစ်စရာ"

"ဒီကောင်တွေ ရေချိုးရဲ့လား မသိဘူး၊ တစ်ကိုယ်လုံး ချေးတွေ



ထပ်ထပ်နဲ့"

အတာက လှမ်းကြည့်ရင်း ပြောလိုက်သည်။ မငြိမ်းယဉ်က ရယ်လျက်

"ဘယ်ချိုးပါ့မလဲ အတာရဲ့၊ သူတို့မှာ နေ့တိုင်းရေချိုးတဲ့ အလေ့အထ ရှိတာ၊ သူတို့ကတော့ ဗမာတွေ စည်းကမ်းမရှိဘူး အောက်တန်းကျတယ်၊ ချင်မှာပဲ၊ သူတို့ပုံသဏ္ဍာန်ကလည်း အဲလိုပဲ၊ ဟစ်ပီတွေလိုနေတဲ့လူက ာပဲ၊ ဖိုမကိစ္စကလည်း သူတို့အတွက် ထမင်းစား ရေသောက်ပဲ၊ ဒီရောဂါ တွေ မကူးစက်အောင် တို့က သတိထားရမှာ"

"ဒီတော့လည်း ကျွန်တော်တို့ဆီကကောင်တွေက လက်ဆောင်ပြန် လိုက်တာပေါ့"

ဆရာဝန်ဖြစ်သူ ခင်မောင်အုန်းက ပြောရင်းရယ်နေသည်။ ကြီးဒွေးက နှာရှုံ့ကာ…

"မေမီနဲ့ ကောင်ရှည်ကြီးတော့ နှစ်ပါးကြည်နေကြတာပဲ"

မငြိမ်းယဉ်က ခေါင်းခါလျက်…

"မမမေမီကနော် ဒီတိုးရစ်(စ်)လောက်ကို မိတ်ဖြစ်ဆွေဖြစ်ပဲ၊ ယ်ရင်းရင်းနှီးနှီး ပေါင်းတာက ကုမ္ပဏီအဖွဲ့အစည်းကပဟာတွေ၊ ဒီလူတွေ ငွေကို ရေလိုသုံးနိုင်တာ၊ အမ်ဘက်စီ(သံရုံး)က မနုဿတွေတောင် ပဲ၊ ဒီကုမ္ပဏီကလူတွေကတော့ မြင်းစီးချင်တယ် ပူဆာတဲ့ အမျိုးသမီး ယောက်ကို မြင်းဝယ်ပေးသတဲ့၊ မြင်းဇောင်းဆောက်ပေးတာချည်း ငွေ ၀၀ ကျပ်လောက် ကျတယ်တဲ့၊ ဝင်ဒါမီယာမှာ အိမ်ဆောက်နေတဲ့ တရုတ် သမားကိုယ်တိုင်က ငြိမ်းကို ပြောပြတာ၊ သူပဲ မြင်းဇောင်းဆောက်ပေးရ တိုး"

"ဟာ…ဒီလိုဆိုရင် ကြီးဒွေးတောင် မြင်းစီးချင်လာပြီ၊ ဒီအသက် ရွယ်ရောက်မှ ဖြစ်နိုင်ပါ့မလား"

"အားမငယ်ပါနဲ့ ကြီးဒွေးရဲ့၊ အနောက်တိုင်းသားတွေက အသက် ရွယ်ကို သိပ်သတိမထားကြပါဘူး"

"ရေမချိုးတာတော့ နည်းနည်းသည်းခံလိုက်ပေါ့"

အတာက ပြောလိုက်လျှင် တဟားဟား ရယ်မိကြသည်။

ကြီးဒွေးက ရုတ်ချည်း 'ဦးပေါင်းစင်းနှင့် မြင်းညိုရှင်' ရုပ်ရှင်ကား ထဲမှ ယောက္ခမလောင်းဖြစ်သူ ဖိုးပါကြီးက မင်းသားစိန်မြင့်ကို 'နံမယ်'ဟု နာမည်မေးရာ စိန်မြင့်က အနံ့နံမယ် ပြောသည်ထင်၍ ကိစ္စမရှိပါဘူး ဖြေ ဖြေသည်။ သို့နှင့် 'နံမယ်' 'ကိစ္စမရှိပါဘူး' ထပ်တလဲလဲ အတိုင်အဖောက် ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောနေကြသည်ကို သတိရကာ ကြီးဒွေးက အုလိုက် သည်းလိုက် ရယ်မိပြန်သည်။

"နံမယ်"

"ကိစ္စမရှိပါဘူး"

ကြီးဒွေးက ထပ်ခါထပ်ခါ ပြောနေပြန်သဖြင့် ပြက်လုံးသဖွယ် အားလုံးရယ်မိကြပြန်သည်။

"ကဲ..ဟိုကလေးတွေလည်း ပြေးလို့လွှားလို့ မောကြပြီ၊ မိငြိမ်းလည်း ဓာတ်ပုံအရိုက်ခံရပြီးပြီ၊ ကျွန်မတို့လည်း ရယ်လို့ဝပြီ၊ ရေခဲရေ အေးအေး သောက်ကြစို့၊ ရေတော့ ပေါပါတယ်ကွယ်၊ အဝသောက် ၁၀ ပြား"

ရေခဲရေကို ကြီးဒွေးနှင့် အတာတို့က သောက်ကြသည်။

"အဝသောက် ၁၀ ပြားနော်"

ကြီးဒွေးက မေးလိုက်သည်။

"တစ်ခွက် ၁၀ ပြားပါ"

"ဟေ…ဈေးတက်သွားပြီလား"

"ကောက်ညှင်းပေါင်း ၁၀ ပြားဖိုး ဝယ်စားလို့ မရတော့ဘူးဗျ"

၁၄ နှစ်အရွယ် ကောင်လေးက ချက်ချင်းပြန်ဖြေသည်။ မငြိမ်းယဉ် သည် ရယ်မောနေသည်။ ရေခဲတုံးပေါ်မှ လောင်းချသဖြင့် ရေစစ်ကန်တော့ထဲ မှရေသည် ကြည်လင်နေတာတော့ အမှန်ပင်။

"မင်းလက်တော့ ရေပုံးထဲ မနှစ်မိပါစေနဲ့ကွယ်၊ ရေက ဈေးစော် နေပါဦးမယ်"

ကောင်လေးက စိတ်တိုသွားသည်။



"မရှိလို့ လုပ်စားပေမယ့် အကုန် တန့်တန့်ရှင်းရှင်းပဲဗျ"

မပိုတပိန်နှင့် အဖြေပေးကာ ကြီးဒွေးအား ဘုကြည့် ကြည့်လိုက်လေ သည်။

"အေးပါ အေးပါကွယ်၊ မင်းကလည်း ဈေးရောင်းစားတာ စိတ်ချည်း တိုနေတာပဲ"

"ကျွန်တော်တို့မှာ အခက်အခဲ အနှောင့်အယှက်တွေနဲ့ အလုပ်လုပ်စား ရတာဗျ၊ လွယ်တာမဟုတ်ဘူး၊ နေပူထဲ တစ်နေ့လုံး ခြေထောက်တောင့်အောင် လျှောက်ရောင်းရတာ၊ ဒါကို တချို့က အရင်းအနှီး တော်တော်ကုန်မှာပဲ၊ ဘာပဲနဲ့ ညှိသေးတယ်၊ ဘယ်အမေ့လင်က အရင်းပေးလို့ ကျွန်တော်တို့က ရင်းနှီးရမှာ လဲ"

"တို့လည်း တို့ကို ထမင်းဝအောင်ကျွေးမယ့် ဘယ်အမေ့လင်မှ မရှိတော့ ကိုယ်ချင်းစာတတ်ပါတယ်၊ ဟား…ဟား…ဟား"

ကြီးဒွေးက တဟားဟားနှင့် ရယ်မောပြန်သည်။ ဒီတော့မှ မှုန်ကုတ်နေ သော ကောင်လေးမျက်နှာမှာ တဖြည်းဖြည်း ဖြေလျော့လာကာ ပြုံးဖော်ရလာ လေသည်။ ကြီးဒွေး ဖန်ခွက်ထဲသို့ ရေများ ထပ်ထည့်ပေးလိုက်လေသည်။ ကြီးဒွေးသည် သာဓုအနုမောဒနာ ပြုလိုက်သည်။

"ကြီးဒွေး အပေါင်းအသင်းဖွဲ့ပုံ ဘယ်ဆိုးလို့တုံးဗျ၊ ကြီးဒွေးက စည်းရုံးရေးကောင်းတယ်"

အတာက ရယ်ရယ်မောမောနှင့် ပြောလေသည်။ ကြီးဒွေးက…

"သြော်…နာမည်နဲ့ မလိုက်အောင် အသက်ရှင်နေရတဲ့ ဘဝမို့ အကောင်းသောက်ကောင်းအောင် ကြံဖန်စည်းရုံးရတာပဲ အတာရယ်"

လူ့ဘဝအကြောင်းကို လေးလေးနက်နက် စဉ်းစားမိပြန်တော့ မငြိမ်း ယဉ်သည် အတွေးနှင့် ဆိတ်ငြိမ်သွားလေသည်။

□□□

## အခန်း(၁၇)

လူ့ဘဝတွင် အချိန်ကာလဆိုတဲ့ အတိုင်းအတာကာလည်း တိုတောင်းလှ သည်။ သည်ကာလအတွင်း ဘယ်လိုမှ တားဆီးမရနိုင်သော ကာယဒုက္ခ စိတ္တဒုက္ခ နှစ်မျိုးစလုံးသည် လူသားတွေကို ဖိစီးနှိပ်စက်ပြန်သည်။

လူ့ဘဝဆိုသည်မှာ အသက်ရှင်နေထိုင်ရေးအတွက် လှုပ်ရှားရုန်းကန်ရ သည်ဆိုသော 'ချားလ်(စ်)ဒါဝင်' ၏ အဆိုအတိုင်း ဖြစ်ပျက်နေပြန်ရာ လူတွေ ကိုယ်စိတ်နှစ်ပါး ဆင်းရဲနေသမျှတော့ လောကနိဗ္ဗာန်ဆိုတာ အဓိပ္ပာယ်မဲ့ဖြစ် သည်။

တစ်ဖန် နီရေးက လူ့ဘဝသည် တန်ခိုးပါဝါအတွက် လှုပ်ရှားရုန်းကန် ရသည်ဟု ဆိုနေပြန်တော့ ငွေပါဝါ၊ ဂုဏ်ပါဝါတွေအတွက် အစွမ်းကုန် ကြိုးပမ်းတာတွေလည်း မလွဲမသွေ မြင်တွေ့ရပြန်သည်။

ဤအဆိုနှစ်ရပ်ကို လေ့လာလျှင် လူတန်းစားနှစ်စား၏ အလွန်တရာ ကွာလှမ်းသော အခြေအနေတွေကို ဒိဋ္ဌမျှ မြင်နေ သိနေ ကြားနေရလေသည်။

ဗုဒ္ဓတရားတော်အရတော့ နိဗ္ဗာန်ဆိုသည့် ရပ်ရွာသွားရန် လမ်းကြောင်း က အသင့်ဖြစ်သည်။ ဘဝတကျော့ကြောင့် ဇာတိမပြတ်။ ဒုက္ခတွေ ထပ်တလဲလဲ



တွေ့ခြင်းဖြစ်လေရာ ဇာတိပြတ်မှ နိဗ္ဗာန်ရောက်မည်။ ဒုက္ခဆင်းရဲခြင်း မရှိတော့ ပြီသည်။ သို့ကြောင့်ပင် သိဒ္ဓတ္ထသတို့သားသည် အသက် ၂၉ နှစ်အရွယ်ကောင်း တွင် မက်မောစရာ စည်းစိမ်တွေ၊ ချစ်စရာအရွယ်ပျို မြတ်နိုးဖွယ်ရာ လိမ္မာသော ယသော်ဓရာ၊ မွေးဖွားခါစ ချစ်ချင်စဖွယ် သားလှရတနာ ရာဟုလာကို စွန့်၍ရှာသော တရားကား အချည်းနှီး မဟုတ်တန်ရာ။

တစ်ဖန် ဥရုဝေလာတောအနီး ညောင်ပင်ကြီးအောက်ဝယ် ၆ နှစ်ပတ် လုံး ဒုက္ကရစရိယာ အကျင့်ကို အရိုးပေါ်အရေတင်ထိ ရှာဖွေသော တရားသည် လွယ်လွယ်နှင့် ထုတ်ဖော်နိုင်စွမ်းသော တရားဖြစ်မည်မထင်။

သဗ္ဗညုဗုဒ္ဓအဖြစ် မရောက်သမျှ ဤနေရာမှ မထဟု ကြီးစွာသော ဇွဲလုံ့လတော်ဖြင့်ကျင့်ရာ ဘဝပေါင်းများစွာကို ပြန်၍ဆင်ခြင်သိနိုင်စွမ်းသော ပုဗ္ဗေနိဝါသနုဿတိဉာဏ်၊ သန်းခေါင်ယံ၌ သုံးဆယ့်တစ်ဘုံလုံး၌ ဖြစ်ပျက်၍ နေကြကုန်သော သတ္တဝါအားလုံးကို မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ်၊ မိုး သောက်ယံတွင် ကိလေသာဟူသမျှကို အကြွင်းမရှိ ပယ်စွမ်းနိုင်သော အာသဝက္ခယ ဉာဏ်ကို ရသည်အထိ ဉာဏ်တော်အနန္တကို သာမန်ရှင်းပြလို့ရမည်မထင်။ လွယ်လင့်တကူ အငြင်းပွား၍ ရမည်မထင်။

ထို့ပြင် ရှင်သာရိပုတ္တရာအလောင်းသည် ဂေါတမရှင်တော်ဘုရားနှင့် တွေ့မိကာလ အရှင်အဿဇိကို ချဉ်းကပ်မေးမြန်းရာတွင် အရှင်အဿဇိက "ငါတို့ဆရာသည် ဒုက္ခနှင့် ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခချုပ်ရာနှင့် ထိုချုပ်ရာသို့ ရောက်ကြောင်း လမ်းများကို ဟောတော်မူ၏" ဟု အဖြေပေးလေသည်။ ဤအဖြေသည် မည်မျှနက်နဲကျယ်ဝန်းသည်ကို ကိုယ်တွေ့မကျင့်နိုင်သမျှ မသိ နိုင်။ လွယ်လွယ်ပြောရလျှင် ကျင့်ကြည့်ပါ အာမခံချက်ပေးသွားသော တရား ပင်တည်း။

ဤတရားထူးကို လွယ်လွယ်နှင့် ထောက်ခံပြောဆို၍ မဖြစ်နိုင်သလို လွယ်လွယ်စောဒက တက်နိုင်မည်မထင်ပေ။ ဤကား လောကုတ္တရာလမ်း ဘက် နွယ်ပင်တက်သော 'လွတ်မြောက်ကြောင်း' ပင်တည်း။

တစ်ဖန် တောင်ဗီယက်နမ်ပြည်နယ် ထူထပ်လှသော တောကြီးမျက်

မည်းအတွင်းတွင် ဟိုချီမင်းနှင့် ရဲဘော်များသည် တောင်စောင်းတစ်ခု၌ ဝါးတဲ
ထိုးနေခဲ့ကြရသည်။ ရန်သူတိုက်ကင်းများသည် ဟိုချီမင်းရဲဘော်များအပါးသို့
မကြာခဏ ရောက်လာကာ လူပေါင်းများစွာကို ဖမ်းဆီးတတ်လေသည်။
တစ်ခါတစ်ရံ သူတို့သည် ပိုး၍တောနက်ရာသို့ ရှောင်နေကြသည်။

ချောင်းရေကို သောက်ကြရသည်။ ရိက္ခာပြဿနာသည် ခက်သည်
ထက် ခက်လာသည်။ ပြောင်းကိုသာ စားရသည်။ တစ်ခါတစ်ရံ ဆန်လေး
ဘာလေး ရသည့်အတွက် မစားရက်ဘဲ ဟိုချီမင်းသို့ပေးလျှင် သူက ငြင်းလေ
သည်။

ထိုခေါင်းဆောင်အဘိုးအိုသည် သူ၏ အိုမင်းခြင်း၊ အားနည်းခြင်းတို့ကို
လုံးဝလက်မခံဘဲ ဒုက္ခဟူသမျှကို သူ့ရဲဘော်များနှင့်အတူ ခံလေသည်။ တစ်ခါ
တစ်ရံ တစ်လလုံးလုံး ပြောင်းနှင့် ငှက်ပျောအူတွေသာ ပြုတ်စားနေကြရသည်။

ရန်သူတွေက ပို၍အကြမ်းဖက်လေလေ၊ ဟိုချီမင်းကလည်း လှုပ်ရှားမှု
အတွက် မိနစ်မလပ် ပို၍ဂရုစိုက်လေလေ ဖြစ်သည်။ သို့နှင့် ထိုခေါင်းဆောင်
ကြီးသည် ပိန်လှီနေသည်။ သွေးအားနည်းသလို ဖျော့တော့နေသည်။ တစ်ခါ
တစ်ရံ ဆောင်းခြုံအတွင်းတွင် တဟီးဟီးတုန်လျက် အဖျားတက်နေတတ်သည်။
၁၄ လအတွင်း အကျဉ်းထောင်ပေါင်း ၃၀ သို့ ရွှေ့ပြောင်းနှိပ်စက်ခံရသည်။

အကျဉ်းထောင်တွေမှ ပေးအပ်လိုက်သော ဒဏ်ရာဒဏ်ချက်တွေကို
သူ၏ နိုင်မာသောစိတ်ဓာတ်ဖြင့် ပြန်လည်ကုစားခဲ့သည်။ အကြောအဆစ်
ကိုက်ခဲသော သူ့ခြေထောက်တွေကို တောင်များသို့ လိုက်တက်ရင်း ကုစားခဲ့
သည်။ မှုန်ဝေနေသော သူ့မျက်စိတွေကို အမှောင်ထဲ စူးစိုက်ကြည့်ခြင်းအားဖြင့်
ကုစားခဲ့သည်။ ဗီယက်နမ်လွတ်မြောက်ရေးအတွက် သူသည် ဤမျှအနစ်နာခံ
ကြိုးပမ်းသည်။

သူသည် သူ့ရဲဘော်များအားလုံးကဲ့သို့ ကောက်ရိုးအိပ်ရာ၊ မြက်အိပ်ရာ
ဖြင့်သာ အိပ်သည်။ ထို့ကြောင့် ယားနာတွေ ပေါက်သည်။ အားနည်းသောအချိန်
ဖြစ်သော်လည်း ဆားနှင့် ငရုတ်သီး နယ်ထားသော ထမင်းကလွဲ၍ ဘာမှမစား
ပေ။



ဤခွန်းလွတ်ခြင်းသည်လည်း သာမန်လူတို့ ကျင့်နိုင်ခဲသောကိစ္စတည်း။
ဤကား 'လူ့လွတ်မြောက်ရေးအတွက် ကြီးစွာသော ဆောင်ရွက်ချက်'။ ထို
ခေါင်းဆောင်တို့ သေသည်၏ အခြားမဲ့၌၊ ထိုခေါင်းဆောင်တို့ အသက်ပေး
ဆောင်ရွက်ရသော လူ့လွတ်မြောက်ရေး လုပ်ငန်းကြီးသည် အသက်ဝိညာဉ်
ကင်းမဲ့စွာ လှုပ်ရှားမှုအရှိန် ရပ်တန့်မသွားစေရဘဲ အစဉ်သဖြင့် အသက်ရှင်စွာ
သန်စွမ်းစွာ ရပ်တည်ကျန်ရစ်ခဲ့ရသည်။

သည်နေ့အထိ တောင်ဗီယက်နမ်လွတ်မြောက်ရေးတပ်ဦးက ခရိုင်မြို့
များကို လွတ်မြောက်စေခဲ့သည်။

ထို့ဥပမာနည်းတူ အင်ဒိုချိုင်းနားက လာအို၊ ကမ္ဘောဒီးယားဒေသတွေ
မှာ တပ်နီတွေက နယ်မြေတချို့ကို လွတ်မြောက်စေခဲ့သည်။ ခမာနီတပ်တွေက
မြို့တော် ဖနုံပင်ကို ဝိုင်းရံထားလိုက်ပြီး လာအိုတွင် ညွန့်ပေါင်းအစိုးရ ဖွဲ့လိုက်
သည်။ ကိုရီးယားမြောက်ပိုင်း ပြည်သူတွေကို လွတ်မြောက်စေရာမှာ လူပေါင်း
ထောင်သန်းကျော်သေပြီး 'ဂ' နံပါတ် တပ်မတော်ကို အသစ်လူငယ်တွေနှင့်
ဖြည့်ခဲ့ကြသည်။ ဤမျှ လူတန်းစားအသိကို အဓိကထားခဲ့သည်။

တစ်ဖန် ဒီမှာဘက်ကို ကြည့်ပါဦး။ လောကီစွန့်ခဲ့သော ဗုဒ္ဓသည်
လည်း သူကြွယ်မျိုး၊ ပုဏ္ဏားမျိုး၊ မင်းမျိုး၊ ဆင်းရဲသားမျိုး လူသားအားလုံးကို
ဒေါ်ကူရာအပ်လျက် ဖြစ်တတ်သလို နေစေ အိပ်စေသည်။ မြင့်သောနေရာ၊
မြတ်သောနေရာကို ရှောင်ကြဉ်၍ ရတတ်သမျှဆွမ်းနှင့် တင်းတိမ်သည်။ အဘယ်
ညီသော ရဟန်းကိုမှ အခွင့်ထူးမပေး။ ဘုရားသားတော် ရဟန်းများသည်
တစ်သားတည်း တစ်သွေးတည်း တညီတညွတ်တည်း နေစေသည်။ လှုပ်ရှားစေ
သည်။ သာသနာ့အကျိုး သံသရာလွတ်မြောက်ရေးအကျိုးကို ရွက်ဆောင်စေခဲ့
သည်။

"ကိုစစ်အောင် ပြောနေတဲ့ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းဆိုတာကို
ကြိမ်တော့ လူ့လောကမှာ တွေ့ခွင့်ရရင် တွေ့ဖူးချင်ပါတယ်၊ ဘုရားရဲ့သားတော်
ရဟန်းတွေမှာတော့ လူတန်းစားမဲ့ အဖွဲ့အစည်းကို သေသေချာချာ တွေ့မြင်နိုင်
ပါတယ်"

မငြိမ်းယဉ်နှင့် ကိုစစ်အောင်တို့ ပြန်လည်ဆုံစည်းလာသော တစ်နေ့မှ လူ့ဘဝ(ဝါ)လူ့လောက ပုစ္ဆာတစ်ပုဒ်ကို အဖြေထွက်အောင် တွက်ကြည့်ဖြ သည်။ တွက်ကြည့်ဖို့ အကြောင်းကလည်း ဆိုက်လာလေသည်။

တစ်ဦးနှင့်တစ်ဦး ရေစက်ရှိသဖြင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံလာကြ သည်ဆိုသော အချက်ကိုတော့ ကိုစစ်အောင်က သိပ်လက်ခံပုံမပေါ်။ သူသည် တမလွန်ဘဝကို မယုံကြည်သလို အတိတ်ဘဝဟောင်းကိုလည်း ယုံကြည်သူ မဟုတ်။

မငြိမ်းယဉ်ကို တွေ့ရတာတော့ ဝမ်းသာလှတာအမှန်ပင်။ လောကက ပေးအပ်သော ဆုလာဘ်တစ်ပါးအဖြစ်နှင့်ပင် သတ်မှတ်သည်။ မငြိမ်းယဉ်နှင့် နှစ်အတန်ကြာ ကွဲကွာသွားခြားပြီးမှ ပြန်တွေ့ရသောအခါ ဆွတ်ပျံ့ကြည်နူးဖွယ်ရ သော ခံစားမှုတစ်ခုကတော့ ရင်ထဲ၌ ငြိတွယ်လာသည်။ လွမ်းစရာကောင်းသော လွမ်းအိပ်မက်ပမာ လွမ်းလာမိသည်။

□□□

## အခန်း(၁၈)

တရုတ်စံကားပွင့်တွေသည် တောင်လေအသုတ်တွင် တလှုပ်လှုပ် ကြွေကျနေသည်။

လင်းလင်းနှင့် အတူတကွ တွဲနေရသော နွေရာသီကျောင်းပိတ်ရက် များကိုတော့ ပျော်ရွှင်မြဲဖြစ်သည်။ လင်းလင်းသည် အလွန်ဉာဏ်ရွှင်၍ ဖျတ် ဖျတ်သွက်လက်သော ကလေးမငယ်တစ်ဦး ဖြစ်သည်။ ဒီအဒေါ်ပဲ အဖေ၊ ဒီအဒေါ်ပဲ အမေအဖြစ် ကြီးကောင်ဝင်စပြုနေသော လင်းလင်းကို အတွယ်တာ ကြီး တွယ်တာမိသည်။

အပြာရောင်ကောင်းကင်သည် ယွန်းလုလုနေရောင်ဝယ် လှပကြည် လင်နေသည်။

"ကြည့်ပါဦး၊ တိမ်တွေက ပြာနေတာပဲနော်"

တရုတ်စံကားပွင့်များကို ဝါးခြင်းလေးထဲ ကောက်ထည့်နေသော လင်းလင်းသည် သဘာဝအလှများကိုလည်း နှစ်သက်ခုံမင်တတ်လေသည်။

"အေး…သကြန်မိုးလည်း လုံးလုံးမရွာသေးဘူး"

"မိုးမရွာရင် ဘာဖြစ်လဲ"

"ဘာမှတော့ မဖြစ်ပါဘူး၊ အိုက်တာပေါ့"

လင်းလင်းက ရယ်ပြီး မငြိမ်းယဉ်အား တွန်းလိုက်သည်။

"မငြိမ်းကလည်း အကောင်းပြောပါ"

"အကောင်းပြောတာပဲ"

"သွား…"

"ထုံးစံကတော့ မိုးသုံးခါရွာတယ်၊ ရွာပြီးရင် ပိတောက်ပွင့်တာပဲ ပိတောက်လည်းပွင့်…"

"သင်္ကြန်လည်း ကျရောနော်"

လင်းလင်းသည် သင်္ကြန်ကျတော့မည်ဆိုသော အတွေးနှင့် ပျော်နေ သည်။ သီချင်းတစ်ပုဒ်ကိုလည်း အော်ဟစ်သီဆိုနေသည်။ 'နေမလား မောင့်ရင် ထဲဝယ်' သီချင်းကို ခါတလဲလဲ ဆိုနေရာမှ 'သေမလား ခေါင်းဝယ်ပေးမယ်… သေမလား ခေါင်းဝယ်ပေးမယ်' ဟု သီချင်းကာရံကို လိုက်လျက် ဖျက်ဆိုနေ သည်။

ကြီးဒွေးက ပန်းပင်ရေလောင်းနေရာမှ…

"ဟဲ…ဟဲ…ကြောက်နေရပါလား"

ရယ်နေသည်။ ရယ်နေရာမှ ဝါယောသည် တွန်းကန်လှုပ်ရှားလာ သည်။ လင်းလင်းက တသောသော ရယ်မောလျက်…

"ဝေးဝေးပြေးပါ၊ ဘင်္ဂလားအော်မှ လေမုန်တိုင်းသည် တစ်နာရီ မိုင် ၁၀၀ နှုန်းနှင့် တိုက်ခတ်လာပါပြီ"

"ကောင်မလေးဟာ ရှာရှာပေါက်ပေါက်ကို ပြောတယ်"

ကြီးဒွေးက မဆုံးနိုင်အောင် ရယ်မောရင်း သူ့လုပ်ငန်းက အဆက် ပြတ်သည်မရှိ။ မငြိမ်းယဉ်က ကြီးဒွေးဆီမှ ဝေးဝေးပြေးကာ 'လေထုတ်လုပ် စက်' ကို အင်္ဂလိပ်လို ဂက်(စ်)ပရိုဒပ်(က်)ရှင်းဟု လှမ်းပြောလိုက်သည်။

လင်းလင်းက သီချင်းဆိုသည်။ သူ့ထုံးစံအတိုင်း 'ချစ်သူရဲ့ ဘယ် တွက်ရယ်များ မျက်ထားညှိုတယ်' ဆိုတဲ့ သီချင်းအလိုက်ကို 'ချစ်သူရဲ့ အိမ် ပေါက်သံများ ကိုယ်ကြားချင်တယ်' ဟု ထပ်တလဲလဲ ဆိုနေပြန်သဖြင့် တသော



ရယ်မိကြပြန်သည်။

ထိုအခိုက် လင်းလင်းရယ်သံသည် တန့်ခနဲ ရပ်သွားလေသည်။ မငြိမ်း နှင့် မျက်နှာချင်းဆိုင်ရပ်နေသော လင်းလင်းက ရုတ်တရက် မငြိမ်း ၏ နောက်ကျောဘက်ကို လက်ညှိုးထိုးပြလိုက်ပြီး…

"မငြိမ်း…ဟိုမှာ…"

မငြိမ်းယဉ်က နောက်ကျောဘက်သို့ လှည့်ကြည့်လိုက်လေသည်။ ကို့အဖြူလက်ရှည်၊ ယောလုံချည်နှင့် ထိုသူတစ်ယောက်သည် မငြိမ်းယဉ် ပြုံးလျက် ငေးကြည့်နေရင်း ဘယ်သူနှင့်မှ မတူနိုင်သော ဒီမျက်လုံး ည့်၊ ဒီအပြုံးတွေကို ပြန်တွေ့ရသည်။ အေးစက်စက်နှင့် အပြုံးရှင်မှာ ရောကိုင်စရာများ၊ မညာမတာ ဝေဖန်စရာများကို ဤအပြုံးကြားထဲမှပင် ကိုင်သွားလိမ့်မည် ထင်သည်။ ရက်စက်စရာရှိလျှင်လည်း ဤအပြုံးနှင့်ပင် က်လိမ့်မည်ဟု မငြိမ်းယဉ်က အကဲခတ်မိလေသည်။

"ဟင်…ကိုစစ်အောင်"

"မှတ်မိသွားပြီနော်"

"ဟာ…မှတ်မိတာပေါ့၊ ဟိုနေ့က ကိုစစ်အောင်နဲ့တွေ့ပြီး အိမ်အထိ ောင် မရောက်ဘူး လမ်းမှာတင် သတိရသွားတာ၊ ဘယ်လိုကနေ သတိရပါ ြော်…သိပြီ၊ အတာက မေးလို့ထင်တယ်၊ ကိုစစ်အောင်ခြေထောက် ဖြစ်တာလဲဆိုလို့၊ ဟင်…ဆောရီး၊ စိတ်မဆိုးနဲ့၊ ငြိမ်းက စကားပြောရင် ာတတ်တယ်၊ ဒီတော့ ဝမ်းထဲဘာမှမချန်ဘဲ အကုန်ပြောမိရော"

မငြိမ်းယဉ်က ကိုစစ်အောင်၏ ညာခြေထောက်ကို ငေးကြည့်ကာ ကယာ တောင်းပန်လိုက်လေသည်။

"ကောင်းပါတယ်"

ကိုစစ်အောင်က ထောက်ခံလိုက်သည်။ မငြိမ်းယဉ်က နားမလည်။

"ရှင်…"

"ဪ…ရိုးရိုးဖြောင့်ဖြောင့် စကားပြောတတ်တာ ကောင်းပါတယ်လို့"

"ဪ…ဪ"

မငြိမ်းယဉ်က ကိုစစ်အောင်အား အိမ်ပေါ်သို့ တက်ရန် ဖိတ်မန္တ ပြုလိုက်လေသည်။ ထို့နောက် ကိုစစ်အောင်သည် အနည်းငယ် ထော့နင်းဖြစ် သောခြေထောက်နှင့် မငြိမ်းယဉ်ရှေ့မှ လျှောက်သွားလေသည်။ မငြိမ်းယဉ်သည် လင်းလင်းဘက်လှည့်၍…

"ဒီတရုတ်စံကားပွင့်တွေကို ကြီးဒွေး ဖြုတ်ထားပါလို့ ပြောပြီးတော့ နှမ်းလှော်ပြီး မြေပဲလည်း အခွံချွတ်ထားပါ၊ ဆီချက် မရှိရင်လည်း ကြက်သွန် ဆီချက်လို့ပြောနော် လင်းလင်း၊ ကဲ…ကြီးဒွေးဆီသွား၊ ပြီးတော့ ရေနွေးကြမ်း အိုးလည်း တည်ထား"

မငြိမ်းယဉ်သည် ကိုစစ်အောင်နောက်မှ လိုက်လာခဲ့သည်။ ကြ ကုလားထိုင်များ၊ ဖော်မီကာအပြာနုနု လေးထောင့်စားပွဲရှည်၊ အပြာနုနု တ ဆီးများနှင့် အသင့်အတင့် သားနားသပ်ရပ်သော ဧည့်ခန်းတွင် ကိုစစ်အော ထိုင်လိုက်လေသည်။

ကိုစစ်အောင်သည် ဧည့်ခံစားပွဲမှ တိုင်း(မ်)မဂ္ဂဇင်းကို ကောက်ယူ လှန်လှောလိုက်သည်။ ရွှေနေခြည်သည် ကိုစစ်အောင်၏ ဘိုကေဆံစတွင် ဖြာလ နေသည်။

"နေပူရင် ဒီဘက်ရွှေ့ပါလား"

"ရပါတယ်"

ထို့နောက် စီးကရက်တစ်လိပ်ကို သူ့အိတ်ထဲမှထုတ်ကာ 'ဆေးလိ သောက်ပါရစေနော်' ဟု ခွင့်တောင်းလိုက်သည်။

"သောက်…သောက်၊ ငြိမ်း ဆေးလိပ်မသောက်တတ်ပေမယ့် အိ မှာ ဆေးလိပ်ထားတတ်ပါတယ်၊ ဟောဒီယွန်းသေတ္တာထဲ မီးခြစ်ရော ဆေးလိ ရော အစုံရှိတယ်၊ ဆေးပြင်းလိပ် သောက်တတ်ရင် ဆေးပြင်းလိပ်တောင်ရှိတယ်"

ကိုစစ်အောင်က စီးကရက်ကို ပါးစပ်တွင်တပ်ကာ အားပါးတ မီးညှိရှိုက်ဖွာလိုက်လေသည်။ မငြိမ်းယဉ်သည် ဖန်ထည်ပြာခံခွက်ကို ကိုစ အောင်၏ရှေ့သို့ ထိုးပေးလိုက်လေသည်။ ကိုစစ်အောင်သည် နှုတ်ဆိတ်ပုံရလျ သူ့မျက်နှာတွင် အတွေးနှင့် အပြုံးနှစ်ခုက အမြဲလိုပင် တန်ဆာဆင်ထားသည်



သူ့မျက်လုံးများကား တည်ငြိမ်သည်။ ထို့ကြောင့်ပင် သိက္ခာရှိသော အကြည့်မှာ ငြိမ်းသာသည်။

ယခုတော့ မငြိမ်းယဉ်သည် မြင်တတ်၊ ကြည့်တတ်၊ အကဲခတ်တတ် သော မငြိမ်းယဉ်ဘဝသက်တမ်းတွင် ဖြတ်သန်းလာခဲ့ဖူးသော ကိုစစ်အောင် ဘက် ကိုလွင်မောင်မျိုး ခေါ် ကိုမျိုးဟိန်းတို့တွင် ရှာဖွေလို့မရနိုင်သော အရည် အချင်းတွေ ကိုစစ်အောင်တွင် တွေ့ရသည်။ ဝမ်းနည်းဖွယ်ရာပင်။ အချိန်ဆို သည်ကလည်း အပြေးလျင်မြန်လှသည်။

"ဒီမနက်ကပဲ နိုင်ငံသမိုင်းဌာနက မိတ်ဆွေဟောင်းတွေနဲ့တွေ့လို့ မငြိမ်းယဉ်အကြောင်း စကားစပ်မိပြီး ပြောမိကြသေးတယ်"

ကိုစစ်အောင်က စကားဝိုင်းကို စတင်လိုက်သည်။ မငြိမ်းယဉ်က ပြုံးလျက်…

"ငြိမ်းမှာ ပြောစရာအကြောင်း အကောင်းတစ်ခုမှ မရှိတာ ကိုလွင် မောင်တပည့်တွေက ဘာပြောမလဲ၊ မငြိမ်းယဉ်ဆိုတာ ယောကျ်ားတွေကို တစ်ယောက်ပြီးတစ်ယောက် ပြောင်းလဲချစ်နေတတ်တဲ့…"

"သူတို့ ဒီလိုမပြောပါဘူး၊ မငြိမ်းယဉ် အချစ်ရေးမှာ ကံဆိုးတယ်လို့ ဘဲ ပြောတာပါ၊ အားလုံး မငြိမ်းယဉ်ကို သနားနေကြပါတယ်"

"ဘဝအကြောင်း မကောင်းဘူးပြောရင် ပိုမှန်မယ်ထင်တယ်၊ ဒါပေမဲ့ ငြိမ်းကို ဘယ်သူမှ မသနားစေချင်ပါဘူး၊ ငြိမ်းကိုယ်ငြိမ်းလည်း ဘယ်တော့မှ သနားဘူး"

မငြိမ်းယဉ်က စိတ်မပါဘဲ ရယ်လိုက်သည်။ ထိုအခါ ကိုစစ်အောင် သည် မငြိမ်းယဉ်၏ အရေးကြည်လှဲ့နေသော မျက်လုံးနှစ်လုံးကို စိုက်ကြည့်ကာ-

"ဝမ်းနည်းပါတယ်၊ ကျွန်တော် မငြိမ်းယဉ်ဆီကိုလာတာ ဒီအကြောင်း ပြောဖို့လာတာ မဟုတ်ပါဘူး"

"ကျွန်မလည်း ဝမ်းနည်းပါတယ်၊ ကျွန်မကတော့ ဒီအကြောင်းတွေ ကို ပြောခွင့်ရရင် ပြောချင်ပါတယ်"

မငြိမ်းယဉ်သည် 'ငြိမ်း' ဟု ထည့်ပြောနေရာမှ 'ကျွန်မ' ဟု ပြင်

ပြောလာသည်ကို သတိထားမိသည်။ ကိုစစ်အောင်ကတော့ ပြုံးမြဲပင်။

"သူများ ကိုယ်ရေးကိုယ်တာကိစ္စတွေ စိတ်ဝင်စားရတာ အားနာစရာ ကောင်းတယ် ထင်လို့ပါ"

"သေးဖွဲတယ် ဝေဖန်ချင်လို့လား၊ ကျွန်မကို မညှာပါနဲ့"

ကိုစစ်အောင်က ပြုံးမိပြန်သည်။

"မငြိမ်းယဉ်ကို ကျွန်တော် ခင်ပါတယ်၊ ခင်မင်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက် ထင်မိလို့ ခင်တာပါ၊ ခင်မင်လာရင်တော့ တစ်ယောက်ကို တစ်ယောက် ညှာစရာ မလိုဘူးလို့ထင်တယ်"

သည်တော့ မငြိမ်းယဉ်သည်လည်း ပြုံးမိလာသည်။ ရင်ထဲပေါ့သွားသော အပြုံးမျိုးနှင့် ပြုံးလိုက်ခြင်းဖြစ်သည်။ သည်လိုတော့လည်း မငြိမ်းယဉ့် အပြုံးသည် နှစ်လိုဖွယ် ဖြစ်လာလေသည်။ မငြိမ်းယဉ်၏ မျက်နှာပေါ်တွင် မာန်အရိပ်သည်လည်း ကွယ်သွားလေသည်။ တကယ်တော့လည်း မငြိမ်းယဉ်သည် ရိုးသေကျိုးနွံတတ်သူဖြစ်ကြောင်းကို ကိုလွင်မောင့်ချစ်သူဘဝတည်းက ရိပ်စားမိခဲ့လေသည်။

"ဟုတ်ပါတယ်၊ ကျွန်မလည်း ကိုစစ်အောင်ကို တောင်းပန်စရာတွေ အများကြီးပဲ ရှိပါတယ်၊ ကျွန်မ ကိုစစ်အောင်ကို မှတ်မိသင့်ရဲ့နဲ့ မမှတ်မိတာက ဖြစ်ချက်တစ်ခု"

"ကျွန်တော်ကတော့ ဒါကို အပြစ်လို့ မယူဆပါဘူး"

"ကျွန်မကတော့ ကျွန်မရဲ့ အားနည်းတဲ့ မှတ်ဉာဏ်နဲ့ သတိကိုပဲ အမြဲအပြစ်တင်နေမိတော့တာပဲ၊ နောက်တစ်ခုက ကိုစစ်အောင်ရဲ့မိတ်ဆွေ ရေးထားတဲ့စာကို ဘုရားသမိုင်းစာအုပ်က ရခဲ့တယ်၊ ညောင်ဦးဘိုတဲတုန်းက စာအုပ်ချက်ချင်းသိမ်းလိုက်မိလို့ မသိရဘူး၊ ရန်ကုန်ရောက်မှပဲ"

"ဒါ ကိစ္စမရှိပါဘူး၊ ကျွန်တော် အရေးတကြီးလိုရင် လာယူမှာပေါ့"

"ကျွန်မလည်း ကိုစစ်အောင်လိပ်စာနဲ့ ပို့ပေးရမလား အောက်မေ့ခဲ့တယ်၊ နောက် ကိုစစ်အောင် လာယူလိမ့်မယ်လို့လည်း ထင်ခဲ့တယ်၊ စာက အရေးကြီးသလိုပဲ"



"အရေးတော့ကြီးပါတယ်၊ ဒါပေမဲ့…"

"ဟုတ်ကဲ့ ပြောပါ"

"ဒီစာကို ပေးရမယ့်အချိန်မှာ ဒီလူ မရှိတော့ပါဘူး"

တိုးတိုးညင်သာသော လေသံနှင့် ဖြေလိုက်သည်။ မငြိမ်းယဉ်က အံ့ဩလျက်…

"အဲဒီလူက ဘယ်ရောက်သွားလို့လဲ"

ကိုစစ်အောင်သည် ထိုမေးခွန်းကို မဖြေဖြစ်။ ဓာခန်းဆီး တလူလူ လွင့်နေသော ပြတင်းပေါက်ကို လှမ်းမျှော်ကြည့်ကာ…

"ဒီနေရာလေးက တော်တော်လှတယ်၊ ပြတင်းပေါက်ကို ကျော်ပြီး ကြည့်ရင် ဘိမ်ကအပြာရောင်နဲ့ တရုတ်စံကားပင်နဲ့ တကယ့်ပန်းချီကားချပ် တစ်ချပ် ဆွဲချိတ်ထားသလိုပဲ"

စကားလိုးလွှဲလိုက်ဟန်တူသည်။ မငြိမ်းယဉ်သည် ရှက်ရှက်နှင့်ပင် ပြုံးလိုက်မိလေသည်။

"ကိုစစ်အောင် ပန်းချီဆွဲတတ်သလား"

"ပန်းချီဆွဲတတ်ချင်ပါတယ်"

သူ့အဖြေကို သဘောကျသလို ပြုံးမိလေသည်။ ကိုစစ်အောင်သည် စီးကရက်ကို ပြာခံခွက်ထဲသို့ထည့်ကာ ထိုင်ရာမှ ထလျက် ပြတင်းပေါက်တံခါး ဘောင်ကို လက်ထောက်ရင်း အပြင်သို့ လှမ်းမျှော်ကြည့်ရင်း…

"မငြိမ်းယဉ်ဆီကို ကိစ္စတစ်ခုနဲ့ ပတ်သက်လို့ လာခဲ့တာပါ"

"ဟုတ်ကဲ့ ပြောပါ"

"မငြိမ်းယဉ်နဲ့ ကျွန်တော်တို့ ရွှေဂူလေးဘုရားမှာ ဆုံကြတုန်းက ကျွန်တော်နဲ့ အတူတူပါလာတဲ့ အစ်ကိုဝမ်းကွဲလေ၊ မှတ်မိရဲ့လား"

"သြော်…မှတ်မိပါတယ်၊ မှတ်မိတယ်ဆိုတာက…"

"ကျွန်တော် နားလည်ပါတယ်၊ ဘယ်လိုပဲ မှတ်မိမှတ်မိပေါ့၊ ခု သူ သင်္ကန်းဝတ်နဲ့ ဘွဲ့မည်က ဦးသောဘိတ"

"ဟင်…ကြာပြီလား"

"ကြာပြီ၊ မငြိမ်းယဉ်နဲ့ ကျွန်တော်တို့ ရွှေဂူလေးဘုရားမှာ ဆုံပြီး ကတည်းကပဲ၊ သူအောင်ထားတဲ့ ဘီအက်စ်စီဘွဲ့ရော၊ သူ့မိဘ ပေးအပ်ထားတဲ့ စည်းစိမ်တွေရော အားလုံးပဲ"

"သြော်…သြော်"

မငြိမ်းယဉ်က ဆက်မမေးတော့ဘဲ နေလိုက်သည်။

"သူက သက်နီးဝတ်နဲ့ ပရဟိတလုပ်ငန်းတွေ လုပ်နေတယ်၊ ရွာအနှံ့ မြို့အနှံ့ပဲ၊ စာသင်ကျောင်းတွေ လေးငါးဆယ်ကျောင်းလည်း ဖွင့်ပြီးပြီ၊ ရွာသုံးရွာ တည်ထောင်ပြီးပြီ၊ ရေးဟောင်းသုတေသနလည်း လုပ်တယ်၊ အဲဒါ သူတူးလာတဲ့ ပစ္စည်းတွေနဲ့ ပတ်သက်လို့ မငြိမ်းယဉ်ကို လိုက်ကြည့်စေချင်တယ်"

"ကြည့်ပေးပါ့မယ်"

"စောစောက မငြိမ်းယဉ်အကြောင်း ကျွန်တော် စကားပြောတယ်ဆိုတာ ဒီကိစ္စရပ်နဲ့ ပတ်သက်လို့ပဲ ပြောတာပါ၊ ဒါနဲ့ သူလည်းသိတဲ့ တခြား အကြောင်းတွေ ပါဝင်လာတာတော့ ဝန်ခံပါတယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်မ အရေးထူပါတယ်၊ ကျွန်မလည်း ဒါလောက် အသက်တွေရလာလို့ ပတ်ဝန်းကျင်နဲ့ ရင်ဆိုင်ဖူးပါပြီ၊ လူ့အဖြစ်မှာ တစ်ခု သတိထားမိတာက လူတွေဟာ မချိုးမွမ်းရင်သာ နေရမယ်၊ အပြစ်ပြောဖို့ အင်မတန်လွယ်တယ်ဆိုတာပဲ၊ အပြစ်ပြောဖို့ စောင့်ကြည့်နေသလိုပဲ၊ ဒါပေမဲ့ ကျွန်မက အပြစ်တစ်ခုမှ မလုပ်တာ သေချာတော့လည်း သိပ်အရေးမစိုက်မိပါ ဘူး၊ ဖြေရှင်းရတယ် သံသယရှင်းရတယ်ဆိုတဲ့ အလုပ်ကလည်း သိပ်အချိန်ကုန် တာပဲ။ ကျွန်မလည်း နုစဉ်တုန်းကတော့ တော်တော်ပဲ အချိန်ကုန်ခံခဲ့ဖူးပါတယ်"

မငြိမ်းယဉ်က ရယ်နေသည်။ ဘာပဲပြောပြော နာကြည်းသော ဝေဒနာ က ရင်ထဲ လောင်စာသဖွယ် တမြည့်မြည့် လောင်နေသည်။

"တစ်ခါတလေတော့လည်း အားငယ်မိတာပေါ့၊ ဒီတော့ အင်အားနဲ့ သတ္တိကိုပေးပါလို့ ကမ္ဘာကို စောင့်ကုန်တဲ့ နတ်တွေ အစောင့်အရှောက်တွေကို တောင်းမိတာပဲ၊ အရူးတစ်ယောက်လိုပါပဲ၊ ဒါပေမဲ့ ကျွန်မ ကျင့်နေတဲ့ တရားက တော့ ကျွန်မရဲ့စိတ်ကို ငြိမ်းချမ်းစေတယ် အေးမြစေတယ်၊ မရူးသေး



သေးဘူး"

ကိုစစ်အောင်သည် မငြိမ်းယဉ်၏ မျက်နှာကို မီးခိုးမျှင်ကြားမှ ငေး ကြည့်နေမိသည်။ မငြိမ်းယဉ်တွင် ပြောစရာတွေ တော်တော်ရှိလိမ့်ဦးမည်ထင် သည်။

"အရေးကြီးတာက ဘယ်ကိစ္စမှာမဆို ရိုးဖြောင့်ဖို့နဲ့ သတ္တိရှိဖို့ပဲ၊ ရေးမကွယ်လွန်ခင်က သူ့သမီး အင်ဒရာဂန္ဒီကို ဆုံးမတဲ့စကားထဲမှာ ရှက်ဖွယ် ကိုလို လုပ်ရပ်မှန်သမျှ လုပ်မှာမဟုတ်တော့ဘူး၊ နေမင်းနဲ့ ဖေဖေတို့ မိတ်ဆွေဖွဲ့ပြီး အလင်းရောင်ထဲမှာ လုပ်ကိုင်ဆောင်ရွက်ကြပါစို့တဲ့၊ နောက်ပြီး ရဲစွမ်းသတ္တိရှိဖို့ ဆိုတယ်၊ ဒီတစ်ခါမှာ ကျန်တာတွေအားလုံးကို အလိုအလျောက် ရလာလိမ့် မယ်၊ ရဲစွမ်းသတ္တိရှိလာတာနဲ့ တစ်ချက်တည်း သမီးကြောက်မှာ မဟုတ်ဘူးတဲ့"

ဤအမျိုးသမီး၏ မျက်နှာသည် သွေးရောင်လွှမ်းလျက် တက်ကြွလာ သာ အားမာန်နှင့် မျက်လုံးများကား တောက်ပလာပြန်သည်။ မြားလွှတ်လိုက်သ ကဲ့သို့ အားအရှိန် တက်လာလေသည်။ အောင်မြင်ထက်မြက်သော မငြိမ်းယဉ် ၏အသံသည် ညှို့ခန်းတစ်ခုလုံး လွှမ်းသွားသည်။

ကိုစစ်အောင်သည် မငြိမ်းယဉ်၏ စကားအဆုံးတွင် နေရူးနှင့် ပတ် သက်၍ နိုင်ငံရေးလုပ်လာသည့် နောက်ပိုင်းတွင် မက်(စ်)ဝါဒကို သက်ဝင်ယုံ ကြည်လာသော ဆိုရှယ်လစ်တစ်ဦး ဖြစ်လာပုံ၊ သို့သော် ကွန်မြူနစ်ဝါဒကို ဆန့်ကျင်ပုံ၊ သူ၏ ရည်မှန်းချက်ဖြစ်သော အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီး အာရှတိုက် လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့ပုံ၊ အာရှတိုက်သည် အာရှတိုက် သားများအဖို့ဟူသော ဆောင်ပုဒ်နှင့် နယ်ချဲ့လက်အောက်တွင် ကြာရှည်လေး မြင့်စွာ ဖိနှိပ်ချုပ်ချယ်ခြင်း ခံနေခဲ့ရသော အာရှတိုက်တစ်တိုက်လုံးသို့ အမျိုးသား စိတ်ဓာတ် အဟုန်ဖြန့်လွှတ်သူမှာ နေရူးပင်ဖြစ်ပုံ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ပြင်းပြင်း ထန်ထန် ဆောင်ရွက်ခဲ့သည့်ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂ ဝင်ခွင့်ပြုဖို့ တောက်ခံတောင်းဆိုခဲ့ပုံ စသည်တို့ကို တိတိကျကျ အသေးစိတ် ပြောပြနေသည်။

□□□

## အခန်း(၁၉)

ကမ္ဘာ့နိုင်ငံရေးပြဿနာနှင့် လူသားတိုင်း လွတ်မြောက်ရေး ပြဿနာ မုန်တိုင်းကြားထဲမှပင် ကိုစစ်အောင်နှင့် မငြိမ်းယဉ်တို့ ဆုံစည်းကြရသော လွှမ်းအိပ်မက်မြူကလည်း မှေးမှိန်၍မနေ။

ကိုစစ်အောင် လာလည်တဲ့တစ်ရက်မှာ နှစ်ယောက်သား စကားပြော နေတုန်း တင်တင်မြရဲ့ မြပုဏ္ဏမာသီချင်းက တိုက်တိုက်ဆိုင်ဆိုင် လာလေသည်။

“ဟော…”

မငြိမ်းယဉ်က ကလေးလေးတစ်ယောက်ပမာ အာမေဋိတ်သံပြုမိလေ သည်။ ကိုစစ်အောင်၏ မျက်လုံးအိမ်သည် ဖျပ်ခနဲ အရောင်လက်လျက်…

“သီချင်းဆိုသေးလား”

“ဆိုပါတယ်၊ အလုပ်လုပ်ရင်း သီချင်းဆိုပါတဲ့ အင်္ဂလိပ်စကားပုံကို လည်း သတိရမိတယ်၊ ကျွန်မကတော့ စိတ်ညစ်လေလေ သီချင်းဆိုလေလေပဲ”

နှစ်ယောက်သား ပြိုင်တူရယ်မိကြသည်။

ထို့နောက် လင်းလင်း၏ ဂီတာနှင့် တီးကြ ဆိုကြသည်။

“လင်းလင်းကို တစ်လောက ဂီတာနဲ့ ဗမာသီချင်းကြီးတွေ သင်ပေး



တယ်၊ ဂီတာက ဗမာသံညှိထားတာ၊ လက်ခတ်လည်းရှိတယ်”

မငြိမ်းယဉ်က လင်းလင်းလက်ထဲမှ ပလတ်စတင်အပြားချွန်လေးကို ကမ်းပေးလိုက်သည်။ ကိုစစ်အောင်သည် ဂီတာသံများကို နှိပ်စမ်းရင်း…

“ကိုသန်းလှိုင်သီချင်းတွေ ရလား”

“ဘယ်လိုပါလိမ့်”

မငြိမ်းယဉ်က ပြောပြောဆိုဆို ရယ်မောလိုက်လေသည်။ ကိုစစ် အောင်သည် ပြုံးလျက် သီချင်းကို စတင်တီးလိုက်ရာ မငြိမ်းယဉ်သည် အေး အေးကြည်သာသောအသံနှင့်…

ကြင်နာရသည်က ဘဝတစ်လျှောက်လုံး×××ချစ်ရသည်က သက် ထက်ဆုံး×××

ချမ်းမြမြ××စမ်းလနယ်တန္တန်း××ချစ်သူမျက်နှာရွှင်ကြည်တပြုံးပြုံး×× မြင်ပါရ အေးမြမြ ဘဝင်မှာသာကြည်ရွှင်မဆုံး××ဒါလီကြော့ဆုံး သည်းခူ ညည်း××စွဲယူချေသုံး××ပြုံးမော့မော့ သာသာဝေ့းဝေ့း ဖေးဖေးမမ ယုယုယယ ဘယ်မဆုံး×××။

မငြိမ်းယဉ်၏ အဆိုက ရုတ်တရက် ရပ်သွားသည်။ ကိုစစ်အောင် သည် မငြိမ်းယဉ် သီချင်းသား မရတော့ဘူးထင်ကာ ‘မဟာကပ်ကမ္ဘာ စကြဝဠာ တစ်ခုလုံး…ချစ်ရသည်က သက်ထက်ဆုံး…’ ဟု ဖြည့်ဆိုပေးနေသည်။ မငြိမ်းယဉ်သည် ခေါင်းကိုခါရမ်းလျက် ရယ်၍သာနေသည်။

“သီချင်းကို မကြိုက်ဘူးလား”

ကိုစစ်အောင်က မေးတော့…

“ကြိုက်ပါတယ်၊ မဆိုချင်တော့လို့ပါ”

“ကျွန်တော် လူတွင်ကျယ် သိပ်လုပ်မိပြီထင်ပါရဲ့၊ ကျွန်တော်ကချစ်ခင် မငြိမ်းယဉ်ကို ဆိုခိုင်းတာ နှစ်ခါရှိပြီနော်၊ တောင်းပန်ပါတယ်”

“အို…ဒါကြောင့်မဟုတ်ပါဘူး၊ အတီးနဲ့အဆို အတီးကို ဦးစားပေးရ မှာပေါ့၊ အတီးက ပိုခက်တယ်လို့ ကျွန်မထင်တာပဲ၊ မဆိုချင်တာကတော့ အကြောင်းတစ်မျိုးကြောင့်ပါ”

ကိုစစ်အောင်က စီးကရက်မီးခိုးမျှင်ကြားမှ မငြိမ်းယဉ်၏ ရုပ်သွင်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

အဖြူပေါ် ပန်းနုရောင်နှင့် အညိုရောင်အကွက် ဘလောက်(စ်)အကျီ အညိုဖျော့ဖျော့ ချည်ထဘီတို့ကို ဖြူဖွေးသန့်စင်စွာ လျှော်ဖွပ်မီးပူထိုးဝတ်ထား သည်။ သည်ဆင်ယင်မှုသည် နွေရာသီတွင် အမြင်အေးလှသည်။ ဆံပင်ကို လည်း သပ်ရပ်စွာ ဖြီးသင်ကာ ပင့်တင်ထုံးလျက် စံပယ်ရနံ့မှာ သင်းထုံနေသည်။ ရေကျဲကျဲလိမ်းထားသော ရှင်မတောင်သနပ်ခါး ပါးကွက်ပါးပါးသည်လည်း အပူအအိုက် သက်သာစေသော အမြင်မျိုးမို့ စိတ်နှလုံးချမ်းမြေ့လှသည်။

ကိုစစ်အောင်သည် ဂီတာကို ချထားရာမှ ပေါင်ပေါ်ပြန်တင်လိုက်လေ သည်။ သီချင်းအသံကို ပြန်စမ်းပြန်သည်။ ဂီတာသံသည် ငြိမ့်ညောင်းသာယာစွာ လူးလိမ့်ရိုက်ခတ်ကာ ထွက်ပေါ်လာသည်။

"ဂီတာကို ဗမာသံနဲ့ တီးတာလည်း သိပ်နားထောင်ကောင်းတာပဲနော် စစ်မဖြစ်ခင်က ဂီတာဗဘေကြည်နဲ့ စစ်ပြီးတော့ ဂီတာကိုစောငြိမ်းတို့ ပေါ်လာ ပြီး ခုတော့ အဲဒီဂီတာလက်ရာတွေ မှေးမှိန်မှာကို ကျွန်မ စိုးရိမ်မိတယ်၊ ကိုစောငြိမ်းရဲ့ မြနန္ဒီတီးလုံးချည်း အသံသွင်းထားတာတောင် ကျွန်မမှာ ရှိသေး တယ်၊ သိပ်သုတိသာယာတာပဲ၊ အဆန်းထွင်ပေမယ့် အရိုးကို အရွက်မဖုံးဘူး"

ကိုစစ်အောင်က စကားမပြန်ဖြစ်ဘဲ ဂီတာတီးလုံးနှင့်အတူ သီချင်းကို တီးတိုးဆိုလိုက်သည်။ မငြိမ်းယဉ်သည် ဝမ်းသာလျက်…

"ဟင်…ဒီသီချင်း ကျွန်မလည်း ကြိုက်တယ်၊ ကိုစစ်အောင်က ဆိုတီးလည်း ရတာကိုး၊ ဆိုတီးက ခက်တယ် မလွယ်ဘူး"

ကလေးငယ်ပမာ တအံ့တသြ ပြောလိုက်လေသည်။ ထို့နောက် မငြိမ်း ယဉ်ကပါ လိုက်ဆိုပြီး တစ်ပိုင်းတစ်စတွင် ရပ်လိုက်ပြန်သည်။ ကိုစစ်အောင် သည် နဖူးတွင် ချွေးတွေစို့လျက် ဝဲကျနေသော ဘိုကေဆံစကို မသပ်အားဘဲ ဂီတာသံစဉ်များကို နှိပ်နေသည်။

ဆည်းဆာနေခြည်နုသည် မငြိမ်းယဉ်၏ နူးညံ့သော ပါးပြင်ကို မထိခလုတ် ထိခလုတ် တို့ကစားနေသည်။ အစွမ်းကုန် ဖူးပွင့်နေသော ငုဝါဝါတို့



သည် လေပြည်အေးသွဲ့ ဘယ်ညာငဲ့လျက် ယိမ်းနေကြသည်။ ခရမ်းပြာလွင် ပွင့် ဖူးမတို့သည်လည်း လေတွင် လှုပ်ကစားလျက်။ ခရမ်းရောင်ပွင့်ဖတ်တို့ သည် လွင့်လာကာ ပြတင်းပေါက်မှ တံခါးပေါင်ကို တချို့ထိမှန်ပြီး တချို့က မ်းသီးစကို တို့ဆိတ်ကစားနေကြသည်။

တစ်မိနစ်ကလေးတောင်မှ ခွဲလို့ဖြင့် မနေနိုင်ပါတယ်၊ တစ်ယောက်ဆို စ်ယောက်ကွယ်×××မျက်စိအောက်မှ ပျောက်မှာစိုးလို့ ဒေါက်ထောက်ကြည့် ချင်တယ် အချစ်မြားလေးအသည်းဝယ် စွဲမြဲစူးနစ်ဝင်ပြီကွယ်×××မင်းယုံစေ ချင်တယ်×××၊ ရဲရဲတင်းတင်း ကြည်ဖြူပါတော့ကွယ်×××။

မငြိမ်းယဉ်သည် တောင်လေအေးမှတစ်ဆင့် သယ်ဆောင်လာသော ရက်ပွင့်ရနံ့များကို ရှူရှိုက်မိလေသည်။ ထိုရနံ့နှင့်အတူ အဝေးသို့သာ လွင့်နေ ချင်သည်။ ရေတွင် ပေါလောပေါ်နေသော သစ်ယောင်းဝါစပမာ မြောနေသည်။

မောင်လည်းလေ လောကီသားမို့ ချစ်နေပါတယ်၊ လွန်သလားကွယ်×× ချစ်ကလေး နည်းနည်းလောက်တော့ မျှစေချင်တယ်××ရွှေမြင်းမိုရ်မက ပါတယ်ကွယ်××မောင်မလိမ်ဘူး အရှူးအမူးချစ်တယ်××စွဲလမ်းတဲ့စိတ်များ ယ် ထပ်ပြောရင်လည်း ချစ်တယ်ပဲပြောမယ်×××

ကိုစစ်အောင်သည်လည်း သီချင်းကို တစ်ပိုင်းတစ်စတွင် ရပ်ပစ်လိုက် လေသည်။ သူသည် နှုတ်နည်းတတ်သူမို့ ထုံးစံအတိုင်း တိတ်ဆိတ်နေပြန်သည်။

စားပွဲပေါ်တွင် ယွန်းလင်ဗန်းနှင့် တည်ခင်းထားသော လက်ဖက်ရည် ကြမ်းပန်းကန်ကို ကောက်ကိုင်လိုက်သည်။ ယွန်းထည်အမာခံ လင်ဗန်းတွင် ဆေးရေးအရုပ်ဖြစ်သော မင်းသားမင်းသမီးနှစ်ပါးသွား ကဟန်သို့ ငေးစိုက်နေ သည်။ မငြိမ်းယဉ်သည် ထိုလင်ဗန်းကို လက်ညှိုးထိုးပြကာ…

"ပုဂံ ရွှေစည်းခုံစောင်းတန်းက ဝယ်လာတာလေ"

"ကျွန်တော်လည်း တစ်ခု ဝယ်လာသေးတယ်"

"ဟင်…ဟုတ်လား၊ ခု ရှိသေးလား"

"တူမလေး မွေးနေ့လက်ဆောင် ပေးလိုက်တယ်"

"မမမေမိ သမီးလား"

“ဟုတ်တယ်”

“တူမလေးတွေကိုတော့ ချစ်မှာပေါ့နော်”

“ကလေးဆို ဘယ်ကလေးမဆို ကျွန်တော် ချစ်ပါတယ်၊ ကလေး လောက် ချစ်စရာကောင်းတာ ဘာရှိသေးလဲ”

သည်တော့ မငြိမ်းယဉ်သည် ကိုစစ်အောင်တစ်ယောက် လင်းလင်း အတွက် ခုတစ်ခေါက်ယူလာသော ‘ပစ်တိုင်းထောင်’ အရုပ်ကြီးကို သတိရရင်း ပြုံးမိလေသည်။ ကနေ့ထိ လင်းလင်းအား စကားတစ်ခွန်းမှ မပြောသေးပေ။

လင်းလင်းယူလာသော ခြံထွက်ပိန္နဲသီးတစ်မွှာကို ယူစားရင်း လင်းလင်း အား တစ်ချက်မျှသာ လှမ်းကြည့်ကာ ပြုံးပြလိုက်လေသည်။

“ခြံထွက်လေ၊ မချိုဘူးလား”

မငြိမ်းယဉ်က မေးတော့…

“ချိုပါတယ်”

“အဲဒါ အမာမျိုး၊ ကုလားလို့ခေါ်တယ်”

“ဘယ်လို ခွဲခြားထားလဲ”

“ဟောတော့…မသိဘူးလား၊ အိမ်မှာကို ကုလားတဲ့၊ အိမ်ပျော့ကို တလိုင်းတဲ့ ခေါ်တာ၊ ဒီပိန္နဲသီးအသား အမာအပျော့ကို ခွဲထားတာပဲ၊ ခု ကိုစစ်အောင် စားနေတာက အမျိုးကောင်း ပိန္နဲပဲ၊ ပျားရည်ဆမ်းလို့ ခေါ်တယ်”

“တော်တော်ကို ချိုပါတယ်”

သည်တော့ သူသည် ပိန္နဲသီး ငါးမွှာ၊ ခြောက်မွှာကို တစ်ပြိုင်တည်း ဆက်တိုက်စားပစ်လိုက်လေသည်။ မငြိမ်းယဉ်သည် တရုတ်စံကားပွင့်သုပ် ပန်းကန်ကို ကိုစစ်အောင်ရှေ့သို့ တိုးပေးကာ…

“တရုတ်စံကားပွင့်သုပ်လည်း စားပါ၊ လက်ဖက်ရည်ကြမ်းနဲ့ လိုက် ပါတယ်”

“အရင်တစ်ခါ ကျွန်တော် ပထမဆုံးလာတဲ့နေ့က ကျွေးတဲ့ဟာလား”

“ဟုတ်တယ်လေ၊ ဒါလည်း ခြံထွက်ပဲ မကြိုက်ဘူးလား”

“ကြိုက်ပါတယ်၊ စားလို့ အင်မတန်ကောင်းပါတယ်၊ သူ့ကို လက်ဖက်



ဘုံသုပ်ထားတာလား၊ ဘာလား”

“သနပ်သဘောမျိုးပေါ့၊ အဲဒီတရုတ်စံကားပွင့်တွေကို ရေနွေးနဲ့ပြုတ်၊ အရည်ညှစ်ပြီး ပါးပါးလှီး၊ သံပုရာသီးညှစ်၊ ဆား၊ ပုစွန်ခြောက်မှုန့် အချိုမှုန့် နည်းနည်းလေးစေချင်ရင် အချိုမှုန့်ထည့်နယ်။ ပြီးတော့ နှမ်း၊ မြေပဲ လုံးကြွဲထောင်း ထည့်၊ ကြက်သွန်နီဆီချက် ထည့်နယ်သုတ်တာပဲ။ ပြီးတော့ အပေါ်က ကြက်သွန် ကြော်တွေ ဖြူးစားတာ၊ ဒါပါပဲ၊ သက်သတ်လွတ်စားသမားအတွက်တော့ ပုစွန်ခြောက် မထည့်နဲ့ပေါ့”

“ဒါလည်း အစာအဟာရတစ်မျိုးပေါ့”

“ကျွန်မအတွက်တော့ အဲဒီတစ်ခွက်တည်းနဲ့ ထမင်းစားလို့ ရပါတယ်၊ ဖြစ်ခဲ့တဲ့အကျင့် ကျင့်တာလည်း တော်တော်ကြာပါပြီ”

မငြိမ်းယဉ်တို့အိမ်ကား အေးချမ်းလှသည်။ စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလှသည်။ သို့သော် မငြိမ်းယဉ်တွင် အဖေ မရှိ၊ အမေလည်း မရှိ။ ခင်ပွန်းယောကျ်ားလည်း မရှိ။ မောင်နှမသားချင်းလည်း မရှိ။ မိန်းမရွယ်ရွယ် ဦးစီးသော အိမ်ထောင်စုတွင် သူ့ကို စောင့်ရှောက်နေသော ကြီးဒွေးဆိုသည့် အမျိုးသမီးကြီးတစ်ဦး၊ သူ့ယောကျ်ား ဦးချမ်းသာဆိုသည့် ဂိလာနလူကြီး တစ်ယောက်၊ လင်းလင်းဆိုသည့် အရွယ်မရောက်တရောက် တူမလေးတစ်ဦး။ ဒါပဲ အိမ်သားစု ရှိသည်။

“စဉ်းစားကြည့်လေ၊ အဖေနဲ့ အမေ ကွယ်လွန်ခဲ့တာ တစ်ယောက်နဲ့ တစ်ယောက် တစ်လပဲခြားတယ်၊ အို…သည့်ထက် ပြည့်ပြည့်စုံစုံ ပြောရရင် တော့ ဖေဖေက အလုပ်ဝတ္တရားနဲ့ ပဲခူးဘက် လင့်ရိဗာကား စီးသွားရင်း ကားမှောက်ပြီး ပွဲချင်းပြီး ကွယ်လွန်ခဲ့တယ်။ ဒီတုန်းက ကားပေါ် မေမေလည်း ပါသွားတာကိုး။ ဖေဖေရဲ့ ဦးဆက်ကလန်ပြီး ဦးနှောက်တွေ ထွက်လာတဲ့အထိ အထိရာက ပြင်းထန်တယ်၊ မေမေ့အင်္ကျီတစ်ခုလုံး ဦးနှောက်တွေ ပေနေတာပဲ၊ မေမေလည်း အဲဒီတည်းက သတိလစ်သွားခဲ့တယ်၊ သတိလည်အောင် မနည်းပြန် ပြောမယ့် မေမေဟာ နဂိုပကတိလူကောင်း မဟုတ်တော့ဘူး။ စိတ်ရောလူရော ဘုန်းဘုန်းကျနေပြီ။ အဲဒီတုန်းက ခဲအိုရော၊ အစ်မရော ဆရာဝန်တွေ မဟုတ်

လား၊ အစွမ်းကုန် ကြပ်မတ်ကုကြတာပဲ၊ ဦးနှောက်တွေ စွန်းနေတဲ့ အင်္ဂျီလေ ကို မလျှော်ရက်၊ အရာမယွင်းရဆံနဲ့ ညှီနံ့ အပုပ်နံ့ နံနေတာပဲ၊ လူကလည်း ကြောင်တောင်တောင်ဖြစ်လို့''

ကိုစစ်အောင်ထံမှ သက်ပြင်းချသံတစ်ချက်သည် ခပ်လေးလေး ထွက် ပေါ်လာခဲ့လေသည်။

''အဲဒါနဲ့ ကျွန်မလည်း အလုပ်က ထွက်လိုက်ရတယ်၊ အိမ်မှာ ဒါလောက် ပရမ်းပတာတွေဖြစ်နေတော့ အလုပ်မထွက်လို့ ဖြစ်မှမဖြစ်တော့ဘဲ ကိုဇော်မြင့်…ကိုဇော်မြင့်ဆိုတာ ခဲအိုကို ပြောတာ၊ ကိုဇော်မြင့်နဲ့ မမစိမ်းလည်း အလုပ်က ခွင့်ယူရတဲ့အထိပဲ၊ ဒါပေမဲ့ မရပါဘူး၊ ဪ…မမစိမ်းဆိုတာ မှတ်မိလားမသိဘူး၊ ကျွန်မနဲ့ ရွှေဂူလေးဘုရားမှာ ပါလာတဲ့ အစ်မဟာလေ မှတ်မိသေးလား၊ ကျွန်မနဲ့ သိပ်တူတာ၊ တစ်ခါတလေ ခွဲလို့မရဘူး အမြွှာ လိုပဲ၊ အမြဲတမ်း ဆင်တူဝတ်တော့ ပိုမှားကြတယ်၊ ငြိမ်းကိုတွေ့ရင် စိမ်းလို့ ခေါ်တယ်၊ စိမ်းကိုတွေ့ရင် ငြိမ်းလို့ ခေါ်တယ်၊ သူ့နာမည်ကလည်း မစိမ်းယဉ်ပဲ လင်းလင်းရဲ့ မေမေပေါ့''

''မစိမ်းယဉ်ကိုတော့ ကျွန်တော် မမှတ်မိတော့ပါဘူး''

''မှတ်မိချင်လည်း မရတော့ဘူး၊ ခု သူ မရှိတော့ဘူး၊ လင်းလင် ၁၂ နှစ်သမီးတည်းက ဆုံးသွားခဲ့တယ်''

မငြိမ်းယဉ်၏အသံက တိုးသွားသည်။ မျက်ရည်လည်း နည်းနည်းဝေ လာလေသည်။ ကိုစစ်အောင်က အလိုက်တသိ ငြိမ်သက်နေသည်။ သူထုံး အတိုင်း နှုတ်ဆိတ်တာလည်း ဖြစ်သည်။ မငြိမ်းယဉ်က သူ့စကားကို ဆက် လျက်…

''အကျွတ်တရား မရချင်လို့သာ နေတာ၊ သေခြင်းတရားဆိုတာက တော့ မှန်းဆဆင်ခြင်ဖို့တောင် မလိုဘူး၊ လက်တွေ့ပဲ၊ မမက လင်းလင်းကြီးလာ မှ ကလေးကိုယ်ဝန်ရှိတော့ သားအိမ်အပြင်ဘက် သန္ဓေတည်တယ်၊ အဲဒါ အောင်အောင်မြင်မြင် ခွဲစိတ်ထုတ်ပြီးမှ ဆုံးရှာတာ၊ ဆေးရုံမှာပဲ ဆုံးတာ စကားတပြောပြောနဲ့ပဲ၊ လင်းလင်းထက် နင့်ကို စိတ်မချဘူး မိငြိမ်းတဲ့။ နင်ဟာ



တစ်အိမ်လုံးက အလိုလိုက်ထားတော့ ကလေးတစ်ယောက်လိုပြော၊ ကလေး တစ်ယောက်လို နေတတ်တယ်တဲ့၊ စကားတွေလည်း အထိန်းမရှိ ပြောတတ် တယ်တဲ့၊ သတိဆိုတဲ့တရားကို နင် ဘယ်တော့မှ ဖမ်းမထားဘူးတဲ့၊ နင်အပြစ် ရှိဘဲ လူတွေက အပြစ်လုပ်ပြောမှာ စိုးရိမ်တယ်တဲ့၊ တကယ်တော့ နင့်ဖာသာ နင် အမ်အေမကလို့ ပါရဂူဘွဲ့ရရ ငါ့မျက်စိထဲမယ် နင်ဟာ အရူးအမိုက်ပဲတဲ့၊ အမိုက်မလေးပြောပြီး…''

ဝေ့လာသော မျက်ရည်စတို့သည် မျက်လုံးအိမ်မှ ပါးပြင်ပေါ် လိမ့် ဆင်းလာကာ လက်ခုံပေါ်တချို့ လွင့်စင်ကျလာလေသည်။ မငြိမ်းယဉ်သည် အသံမထွက်ဘဲ ငိုနေသည်။ ဒီတစ်ခါ ငိုဖြစ်ပြီ။ သူ့မျက်ရည်များနှင့်အတူ ဘဝကျိန်စာများ မျောပါသွားပါစေ ဆုတောင်းပြုလိုက်သည်။

ကိုစစ်အောင် ရင်သည် မြင့်တက်လာကာ တဖြည်းဖြည်း နိမ့်သွားလေ သည်။ လေပြင်းပြင်းရှူသံနှင့်အတူ ညင်သာသော ထွက်လေအသံကို ကြားလိုက် သည်။

''လင်းလင်း ဖေဖေကော''

ကိုစစ်အောင်က စကားတစ်ခွန်းနှင့် မေးလိုက်သည်။

''အင်္ဂလန်မှာ အမ်အာရ်စီပီ သွားယူတယ်၊ နှစ်နှစ်ရှိတော့မယ်၊ သူလည်း သိပ်စိတ်ထိခိုက်သွားတာပေါ့''

''လင်းလင်းနဲ့ အတူတူနေသလား''

''မနေပါဘူး၊ လင်းလင်းကို ကျွန်မပဲ ယူမွေးလိုက်တယ်၊ သူ့မိခင် နေရာ ကျွန်မအစားဝင်လိုက်ရတာပေါ့၊ ကိုဇော်မြင့်ကတော့ သူ့မိဘနဲ့ ပြန်နေ တယ် ပါရမီမှာ။ လင်းလင်းကိုတော့ ပါရမီက ဘွားအေ၊ ဘိုးအေတွေက အလည်ခေါ်ထားတတ်တယ်၊ လူကြီးတွေနဲ့ နေရတော့ လင်းလင်းက ဟိုမှာ သိပ်မပျော်ပါဘူး၊ ကျွန်မနဲ့ကျတော့ သူငယ်ချင်းတွေလို ဆက်ဆံတော့ ပျော် တယ်၊ ဒီမှာက အချုပ်အနှောင် မရှိဘူး၊ သိပ်လွတ်လပ်တယ်၊ လင်းလင်းကို အစွမ်းကုန် လွတ်လပ်ခွင့်ပေးထားပေမယ့် လိမ္မာပါတယ်၊ အသိဉာဏ်လည်း ရှိတယ်၊ ကျောင်းမှာ လင်းလင်းတို့အရွယ် ကောင်မလေးတွေ ရည်းစားကိုယ်စီ

ဖြစ်ကုန်ကြပြီ၊ လင်းလင်းကတော့ ကျွန်မ မသိဘဲ ဘာမှမလုပ်ဘူး၊ ကျွန်မက လည်း လင်းလင်း မသိဘဲ ဘာမှမလုပ်ဘူးလို့ ကတိပေးထားတယ်၊ ရယ်စရာ တော့ကောင်းတယ်၊ ဘာကိစ္စမဆို လင်းလင်းကို ပြောပြတယ်၊ မငြိမ်း ဒီလိုနေတာ ဒီလိုပြောတာ မှားသွားပြန်ပြီလို့ ပြောတဲ့အခါ ကျွန်မ ဝန်ခံရို ဝန်မလေးဘူး၊ ဒီခေတ်ကလေးတွေက သိပ်အကင်းပါးတာပဲ၊ သက်ငယ်စကား သက်ကြီးကြားပေါ့လေ''

မငြိမ်းယဉ်သည် ရယ်လိုက်သည်။ စောစောက ကျလာသော မျက်ရည် များကိုလည်း သုတ်ပစ်လိုက်ပြီဖြစ်သည်။ ခဏချင်းပင် ရယ်ရယ်မောမောနှင့် စကားပြောနိုင်လာသည်။

ဘာပဲဖြစ်ဖြစ် မငြိမ်းယဉ်ကို ယောကျ်ားအများတကာတို့ ထားလေ့ရှိ သော မိန်းမသည် မိန်းမဆိုတဲ့ အတွေးမျိုးနှင့် တွေးလို့မရ။ မငြိမ်းယဉ်တွင် အပေါ်ယံ ဆုံးဖြတ်လို့မရနိုင်သော၊ နက်ရှိုင်းသော၊ အရည်အသွေးများနှင့် တောက်ပသော ရတနာနှင့်တူသည့် အရည်အချင်းကို တူးဖော်လို့ ရမည်ထင် သည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုသော ဂေါတမဘုရားရှင်၏ ဟောကြားချက်ကို အကြွင်းမဲ့ ယုံကြည်သည်ဆိုသော မငြိမ်းယဉ်အဖို့ကတော့ ဘယ်သို့သော လျှို့ဝှက်ချက်မျိုးမှ ရှိမည်မထင်ပေ။

တူမလေး လင်းလင်းကို လူကြီးသူမသဖွယ် သဘောထားလျက် အပ်ကျတာကမကျန် ပြန်ပြောတတ်သည့် မငြိမ်းဆိုသော မြတ်နိုးဖွယ်ရာ အမျိုးသမီးကို အဘယ်သို့သောသူက စကားတင်းဆိုဝံ့မည်နည်း။ ဆိုရက်မည် နည်း။

တကယ်ဆိုတော့ မငြိမ်းယဉ်ဆိုတာ အဖိုးတန်တုန်းပါပဲ။ နှမြောစရာ ကောင်းတုန်းပါပဲ။ လေးစားဖွယ်ရာကောင်းအောင် သိက္ခာရှိဆဲပါပဲ။

သို့သော်…

□□□

## အခန်း(၂၀)

အရေတော့ ထူရသည်။ လူတချို့တို့ အဆိုးထင်မြင်ချက်ကို ကြိတ် မှိတ်သည်းခံလိုက်ရုံပါပဲ။ ကြာတော့လည်း ရှင်းသွားမည်ပင်။

မငြိမ်းယဉ်သည် နောက်တီးနောက်တောက် လုပ်လိုလာလျှင်တော့ အင်းဝသတိုးမင်းဆက်တွင် ထင်ရှားသော ရှင်ဘို့မယ် မိဖုရားနှင့် စပ်လျဉ်း၍ ဘဝလက္ခဏာသတ်ပုံ စပ်ဆိုထားသည့်

**မင်းဆက်ငါးသွယ်၊**

**ရှင်ဘို့မယ်**

**နန်းလယ်တင့်သည်သာ။**

အဆိုစကားကို မငြိမ်းယဉ်က ဖျက်လျက်…

**ရည်းစားငါးသွယ်**

**ယဉ်ငြိမ်းမယ်**

**ရွာလယ်ဖူးစာ၊ ရေးသည်သာ။**

ပြောပြီး တဟားဟား ရယ်တတ်သည်။

မငြိမ်းယဉ်ကို နမူနာထားပြီး ကြောက်လွန်းလို့ ယောကျ်ား မယူရဲ

တော့ဘူးဆိုကာ ခုချိန်ထိ အပျိုကြီးလုပ်နေသော ဒေါက်တာရီရီကတော့ မငြိမ်း ယဉ်အတွက် မျက်ရည်စတွေ တဝေဝေ ရစ်ဝဲနေမြဲသာ။

"ကိုအောင်ထက်က နံပါတ်(၁)၊ ကိုလွင်မောင်က ဒုတိယ၊ မိုးကသာ(3) ဝမ်း(Third One)။ နောက်ဆုံးကံစီမံရာကို နာခံလိုက်ရတဲ့ ကိုဇော်မြင့်က စတုတ္ထ၊ ကိုဇော်မြင့်နဲ့ လွဲသွားရင်တော့"

"ဒီလိုမပြောပါနဲ့ မမရယ်"

ရီရီက မျက်စိမျက်နှာပျက်လျက် ဆိုရှာသည်။

"တကယ်တော့လည်း မမငြိမ်း ဖြစ်ချင်လို့ ဖြစ်ရတာမှ မဟုတ်ဘဲ ရီရယ်…"

စိတ်မကောင်းသံနှင့် ပြောနေပြန်တော့…

"ဒါပေါ့ မမငြိမ်းရယ်၊ ကနေ့ထိ မမငြိမ်းကို ကလပ်နဲ့တင်ပြီး တောင်းနိုင်ပါသေးတယ်၊ ဖြူစင်သန့်ရှင်းတဲ့ မမငြိမ်းကို ဘယ်သူမှ ဘာမှမပြော နိုင်ပါဘူး၊ ဒီလိုမှ မမငြိမ်းရဲ့ သိက္ခာကို အမိုက်ပုံးထဲ လွှင့်ပစ်ရက်ရင် လွှင့်ပစ်တဲ့ လူလောက် ရက်စက်တာ မရှိဘူး၊ မိုက်ရိုင်းဆိုးရွားတာ မရှိဘူး"

ရီရီက အားပေးစကားပြောသည်။ စိတ်ကောင်းရှိသူနှင့် တွေ့ပြန်တော့ စိတ်တစ်မျိုး အေးချမ်းရသည်။ လောကကြီးမှာ ရီရီလိုလူမျိုးတွေ၊ ကြီးမွေတို့ လင်းလင်းတို့လို လူမျိုးတွေ၊ အတာလိုလူမျိုးတွေ၊ ကိုစစ်အောင်လိုလူမျိုးတွေ ချည်းရှိရင် သိပ်ကောင်းမှာပဲ၊ ကလေးလို တွေးမိပြန်သည်။

ပန်းတောင်မှ မွေးတဲ့ပန်းချည်းပဲ ရှိတာမှ မဟုတ်တာ။ ဘယ်တတ်နိုင် ပါ့မလဲ။ လူ့ဘဝတွင် အကောင်းအဆိုး ဒွန်တွဲစမြဲပင်။

ကိုစစ်အောင်၏ အတွေးအခေါ် အယူအဆတွေကို သိရပြန်တော့ လောကတွင် အများအတွက် စွန့်လွှတ်သော ကိုစ္စကလွဲလို့ ကျန်တာကို အသေး အဖွဲ့ဟု ထင်နိုင်လာသည်။

ဦးပဥ္စင်း ဦးသောဘိတအာဂန္တုအဖြစ် သီတင်းသုံးနေသော ဗဟန်း ကျောင်းတိုက်သို့ ကိုစစ်အောင်၊ သူ၏ဦးလေး သခင်ကြီးရှိန်၊ ရီရီတို့နှင့်အတူ လိုက်လာပြန်တော့ သခင်ကြီးရှိန် ဆိုသော ဆံဖြူသွားကျိုးနေသော အဘိုးအို



စကားများကို မှတ်သားထားရပြန်သည်။

"အန်ကယ် မိဘဆီက ရခဲ့တဲ့ အမွေတွေဟာ နိုင်ငံရေးလုပ်တာနဲ့ အကုန် ကုန်တာပဲ၊ စစ်မဖြစ်ခင်ကနေစပြီး အသက် ၆၀ ကျော်ခဲ့တဲ့ သက်တမ်း တစ်လျှောက်မှာ ထောင် ၁၂ ခါ ကျခဲ့တယ်၊ အပြင်မှာ နေရတဲ့ဘဝနဲ့ ထောင်ထဲနေရတဲ့ဘဝ ချိန်ထိုးကြည့်ပေါ့၊ ခု ရန်ကင်းတိုက်ခန်းကျဉ်းလေးမှာ သားသမီး မြေးတွေနဲ့ အတူတူနေရပြီး ငါးပိရည်၊ ပိန္နဲသီးပြုတ်နဲ့ ညှော်မထဆန် ချက်စားတယ်၊ ဘတ်(စ်)ကား တိုးစီးတယ်၊ မျက်စိမှုန်ပြီး ခါးတစ်ဖက်ကိုက်ခဲ တဲ့ ဝေဒနာ အမြဲရှိတယ်၊ ဒါလည်း ခု အန်ကယ်လုပ်ချင်တာတွေ လုပ်နိုင်ဖို့ကို"

ယခုအချိန်၌ သူစားနေသော သိမ်ဖြူဆရာတော်၏ ဆေးများအကြောင်း ကို ပြောဆိုပြီးသည့်နောက် နယ်ချဲ့အင်္ဂလိပ်လက်ထက်မှစ၍ အမေကမွေး၊ ထောင်ကကျွေး၊ ထောင်သာလာယံ၊ ငါတို့ စံမည်ဟု ထောင်ကို အံတုသောတိုက် ပွဲ စက်တိုင်နှင့် ကြိုးစင်မနေး အလျှင်ရောက်နိုင်သောတိုက်ပွဲ၊ လက်ထိတ် သံခြေကျင်းကို ရွှေလက်ကောက်၊ ဘယက်တန်ဆာ ဥါဒရာဟု ထင်မှတ်ထားရ သော တိုက်ပွဲများအကြောင်းကို အလျှဉ်မပြတ် ပြောဆိုနေလေသည်။

အသက်ပေး၍ လွတ်လပ်ရေးတိုက်ပွဲဝင်သူများ၊ ဗြိတိသျှလက်ပါးစေ ပုလိပ်များ ဖိနှိပ်ညှဉ်းပမ်းမှုကြောင့် မစွမ်းမသန် ကိုယ်အင်္ဂါချွတ်ယွင်းသွားသူ များ၊ ထိခိုက်ဒဏ်ရာရသူများ၊ ဂါတ်တဲ ထောင်တန်း အချုပ်ခန်း အသီးသီး၌ အချုပ်အနှောင်ခံခဲ့ရသူများအကြောင်းကို အဘိုးအိုက အပြောကောင်းလှသည်။

လောကမှာ ဘာကိုမှ ကြောက်စရာမလိုဘူး၊ ကိုယ်လုပ်စရာရှိတာကို သာလုပ်။ လူဆိုတာ လူ့လောကကြီးရဲ့ တာဝန်ကိုထမ်းဖို့ မွေးလာတဲ့လူချည်းပဲ ဆိုသည့် ဂေါ်ကီရေးသားခဲ့သော စကားလုံးများကိုလည်း ပြောမြဲပင်။

ဗဟန်းကျောင်းတိုက်သို့ ရောက်သောအခါ မငြိမ်းယဉ်မှာ လုပ်စရာရှိ တာတွေကို လုပ်ရလေသည်။

"ဒါတွေကတော့ မျိုးလူမျိုးတွေရဲ့ ဒင်္ဂါးနဲ့ ခေတ်ပြိုင် ရခိုင်ဒင်္ဂါး တောင်းပါဘုရား၊ ရခိုင်ပြည် စန္ဒြမင်းလက်ထက်သုံး ဒင်္ဂါးပါ"

"ဒကာမလေးက ဘယ်လိုအထောက်အထားနဲ့ ပြောနိုင်တာလဲ"

''တပည့်တော်မှာလည်း အဲဒါမျိုးတွေ ရှိပါတယ်၊ တပည့်တော်ကိုယ်တိုင် တစ်မြန်နှစ်က စစ်တွေ၊ မြို့ဟောင်း၊ မင်းပြား၊ ကျောက်ဖြူ၊ သံတွဲ၊ ဘူးသီးတောင်၊ မောင်းတောအထိ ရောက်ခဲ့တယ်ဘုရား၊ ရခိုင်ပြည်ခရီး သုံးလလောက်ကြာတယ်ဘုရား၊ ခု တပည့်တော် ရခဲ့တဲ့ ဒင်္ဂါးတွေလည်း ယူခဲ့တယ်ဘုရား''

မငြိမ်းယဉ်က သူ့လက်ပွေ့အိတ်ထဲမှ ဒင်္ဂါးပြား သုံးပြားကို နမူနာထုတ်ပြနေသည်။

''ဒကာမ မငြိမ်းယဉ်ကလည်း ကျုပ်လိုပဲ တော်တော်စုစပ်တယ်လို့ ပြောသံကြားရပါတယ်''

ဦးသောဘိတသည် ကိုစစ်အောင်၏ မျက်နှာကို လှမ်းကြည့်ကာ မိန့်ကြားလိုက်လေသည်။

''နိုင်ငံသမိုင်းအရ ရခိုင်ပြည်သားတွေဟာ ရောင်းဝယ်ရာမှာ ရွှေဒင်္ဂါးကို ပိုက်ဆံအဖြစ် အသုံးပြုတာ ဗမာနိုင်ငံ အလယ်ပိုင်းက ပျူတို့နဲ့ ခေတ်ပြိုင်ပဲလို့ ဆိုထားတာကိုဘုရာ့''

ထို့နောက် မငြိမ်းသည် ကြေးနီဆင်းတုတစ်ဆူကို လက်ထဲပင့်လျက်-

''ဒါကတော့ ပျူခေတ်လက်ရာပဲ''

''ဒါတော့ ကျုပ်ကိုယ်တိုင် ဟန်လင်းကြီးက ရခဲ့တာ၊ ဟောဒီရွှေကြုတ်နဲ့ အတူတူပေါ့''

''တပည့်တော်ဆီမှာတော့ ခြသေ့ရုပ်ရှိတယ်၊ တံကဲတွေက ရုပ်လုံးဝတ်ဖောင်းကြွဖော်ထားတာ၊ အရှင်ဘုရားလည်း တပည့်တော်အိမ် ဆွမ်းစားကြွခဲ့ပါဦးဘုရား''

''ကျုပ် အချိန်မရတော့ဘူးဗျ၊ ဒီကိစ္စတွေ ဆောင်ရွက်ရတာ ဆွမ်းဆောင် ငတ်တယ်ဗျ၊ တစ်ခါတလေ ဘုန်းကြီးလုပ်ရတာ ဝိနည်းသိက္ခာပုဒ်တွေက အများသားလား''

''အရှင်ဘုရား ဘယ်လိုရည်ရွယ်ချက်နဲ့ ရဟန်းဝတ်''

''သာသနာပြုချင်လို့ပါပဲ၊ သင်္ကန်းဝတ်နဲ့ဆိုတော့ လူလည်းရှိသေ



ဘောကြို့အုံကြားလည်း ပေါက်ပေါက်မြောက်မြောက် သွားနိုင်မယ်ဆိုပြီး တစ်ခါတည်း ပဉ္စင်းတက်တာပဲ၊ မြက်ပင်တောင် မနုတ်ရတဲ့ ဝိနည်းသိက္ခာပုဒ်ကြောင့် ငါယူထားတဲ့ ပညာတွေ၊ ရည်မှန်းချက်တွေ လွှင့်ပစ်ရပါပြီဆိုပြီး ချက်ရည်တောင် ကျမိတယ်''

ဦးကြီးရှိန်က ထိုဦးပဉ္စင်းသည် ဝိနည်းနှင့်အညီ အဘယ်မျှ သိက္ခာထိန်းကြောင်း၊ သူအိပ်သော သားရေခင်းအိပ်ရာကို ညွှန်ပြနေသည်။ သူသည် မြင့်သောနေရာ မြတ်သောနေရာကို ရှောင်ကြဉ်လျက် သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ထားသည်။

''အရှင်ဘုရား ဒီအလုပ်လုပ်တာ ကြာပြီလား''

''အင်း…သိပ်မကြာသေးဘူးဗျ၊ နှစ်နှစ်လောက် ရှိဦးမယ်၊ ကျုပ်ကတော့ တပည့်တပန်းများတယ်၊ ရောက်တဲ့နေရာတိုင်းမှာ ကျုပ်ဆွေမျိုးချည်းပဲ''

''တပည့်တော်လည်း ဒီလိုပါပဲဘုရား''

''ဒကာမကရော ဘယ်အဖွဲ့အစည်းနဲ့ သွားလဲ''

''တပည့်တော်ရဲ့ သမိုင်းဌာနက လူတွေနဲ့ လိုက်သွားရင်သွား၊ တစ်ခါတလေ ပုဂ္ဂလိက ဝါသနာတူတွေစုပြီး တပည့်တွေနဲ့ သွားတာပါပဲဘုရာ့''

''အင်း တူးရဖော်ရတာက လွယ်တာမဟုတ်ဘူးဗျ၊ ဒီရှေးဟောင်းသုတေသနဆိုတာ တူးဖော်ရေးဆိုတာကလည်း ရှေးခေတ်လူဟောင်းတို့ရဲ့ လူနေမှုစနစ်ကို ဖော်လာတဲ့ သိပ္ပံပညာတစ်ရပ်ပဲ၊ သူက ပထဝီပညာနဲ့ မနုဿဗေဒပညာနှစ်ရပ်က ထောက်ကူဖို့ လိုတာဗျ''

ကိုစစ်အောင်သည် ဆေးလိပ်တစ်လိပ်ကို ဖွာရှိုက်ရင်း ငြိမ်နေရာမှ…

''အရှင်ဘုရား…တချို့ပစ္စည်း ပိုရင် ဒီဒကာမကို စွန့်ကြဲပါလားဘုရား''

''ဟာ…မဖြစ်ဘူးကွ၊ ငါလည်း ပြတိုက်တစ်ခုဖြစ်ဖို့ ကြိုးစားနေတာ၊ မင်းတို့ ရန်ကုန်မှာက အခွင့်အရေးတွေက အပြည့်ပဲ၊ ကျောင်းသူကျောင်းသားတွေအတွက် တယ်နေးသာတာကွ၊ တို့ဆီက ကလေးတွေ သိပ်သနားစရာကောင်းတယ်၊ ဖြစ်နိုင်ရင် ဒီဒကာမဆီက ပစ္စည်းတွေကိုသာ ငါက အလှူခံရမှာ''

"ပြောကာမှ အရှင်ဘုရားဟာက ပိုဆိုးသေးတယ်"

ကိုစစ်အောင်က ရယ်နေသည်။

"မဆိုးနဲ့လေ၊ ငါက နည်းမှန်လမ်းမှန်ကို ပြောတာပဲ"

မငြိမ်းယဉ်သည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေရာမှ

"တပည့်တော်လည်း တပည့်တော် အပင်ပန်းခံထားတာတွေကို အကျိုးရှိမယ့် နည်းလမ်းမှာ အသုံးပြုဖို့ ဆုံးဖြတ်ထားပါတယ်ဘုရား၊ အရှင်ဘုရား လိုတဲ့ပစ္စည်းလည်း လှူပါ့မယ်"

"ဒီလိုဆို အတိုင်းထက် အလွန်ပေါ့ဗျာ၊ သာဓု...သာဓု...သာဓု"

ဦးသောဘိတထံမှ ပြန်ခါနီးတွင် ဦးသောဘိတအား ထိုင်ကန်တော့ကြလေသည်။ မကန်တော့ဘဲ ငေါင်းစင်းစင်းနှင့် ရပ်နေသော ကိုစစ်အောင်အား လှမ်းကြည့်ပြီး...

"ဒကာစစ်အောင်လည်း ခုထိ သရဏဂုဏ်သုံးပါး မတည်သေးဘူးလား ဟေ"

ကိုစစ်အောင်က ပြုံး၍သာနေသည်။

"တမလွန်ဘဝရှိတယ်ဆိုတာလည်း မယုံ၊ နိဗ္ဗာန်လည်းမယုံ၊ နိဗ္ဗာန်ထားတော့ ထားပါတော့၊ ဘယ်လိုမှ ဉာဏ်နဲ့သုံးသပ်လို့ မရနိုင်ပေမယ့် လူတွေရဲ့ ဘဝအကူးအပြောင်းဆိုတာတော့ လေ့လာကြည့်ဦးပေါ့ကွာ၊ အံမယ်...မင်းကို ငါ ရုပ်ဝါဒ စဟောခဲ့တဲ့လူပါကွ၊ လောကကြီးမှာ လူတွေဟာ အနေလှဖို့ချည်း ကျင့်ကြံလို့ မရဘူး စစ်အောင်၊ အသေလှဖို့လည်း ကျင့်ရမယ်ကွ၊ သေဖို့အတွက် အားလုံးပြင်ဆင်ကြရမယ်"

ဦးပဥ္စင်း ဦးသောဘိတသည် ခေါင်းတညိတ်ညိတ် မိန့်ကြားလိုက်လေသည်။ ဦးကြီးရှိန်က ကိုစစ်အောင်၏ ပခုံးကို အသာကိုင်လျက်...

"ငယ်သေးလို့ပါဘုရား၊ အချိန်က စကားပြောလာပါလိမ့်မယ်"

"အချိန်က စကားမပြောခင် သေသွားရင်ကော"

ဦးသောဘိတက မေးလျှင်တော့ ကိုစစ်အောင်သည် ပြုံးရယ်လျက်...

"တပည့်တော် သေတွင်းထွက်ပါဘုရား၊ သေမင်းကလည်း တပည့်



တော်ကို လက်မြှောက်လိုက်ပြီနဲ့တူပါတယ်"

"မင်းပြောတဲ့ စကားကိုက သဘာဝမကျတာ၊ ကိုင်း...ကိုင်း မင်းကို ငါ မငြင်းချင်ဘူး၊ အငြင်းပွားရတာ သဘောချင်း အယူအဆချင်း မတူရင် အချိန်ကုန်လူပန်းတာပဲ၊ ဆွေးနွေးရင် အမှန်ရောက်မှကောင်းတယ်၊ မင်းကိုယ်တိုင် ကျင့်ကြည့်ပါလို့၊ အာရုံနိမိတ်တွေ ပေါ်လာပြီး ထူးထူးဆန်းဆန်းတွေ သဘာဝလွန်ကဲတာတွေ မြင်ရ သိရမှ မင်းယုံမယ်။ တို့တရားက လက်တွေ့ အစမ်းသပ်ခံနိုင်ပါတယ်ကွ၊ မင်းပြောရတာက တော်တော်လက်ဝင်တယ်၊ တော်ပြီကွာ"

ဦးသောဘိတက စိတ်တိုလာသည်။ မငြိမ်းယဉ်နှင့် ရီရီတို့သည် ရယ်မောနေကြသည်။ ကိုစစ်အောင်သည် ပြုံးလျက်...

"တပည့်တော် ကျင့်ချင်တဲ့တရားက တပည့်တော် လုပ်ချင်တာတွေ လုပ်နိုင်အောင် လူနေကောင်းဖို့၊ သူများဝမ်းထဲက အကြံအစည်သိဖို့၊ တပည့်တော် ဘယ်ဘဝဖြစ်မယ်ဆိုတာသိပြီး အန္တရာယ်ကြိုတင်ကာကွယ်ဖို့၊ တပည့်တော် တစ်ယောက်တည်း ကောင်းစားတာလည်း မလိုချင်ဘူး၊ နိဗ္ဗာန်လည်း မလိုချင်ဘူး၊ နောက်ဘဝကူးကောင်းဖို့လည်း မတွေးဘူး၊ ဒီဘဝမှာ အများချမ်းသာမယ်ဆိုရင်..."

"ဒီမယ် ငါပြောတယ်မဟုတ်လား၊ မင်း ဘယ်လိုနည်းနဲ့ကျင့်ကျင့် မင်းကျင့်စဉ်ကို ကျင့်တာသာ လိုရင်းပဲ၊ တို့ဘုရားက ဉာဏ်နဲ့ပွင့်တဲ့ဘုရား၊ ဉာဏာဓိကဘုရားလို့ ခေါ်တယ်၊ ဉာဏ်များတယ်၊ ပရိယာယ်များတယ်၊ ညီတော် နန္ဒမင်းနန်းကို ဘယ်လိုချွတ်လည်း သိတယ်မဟုတ်လား၊ ဘဒ္ဒကလျာဏီထက်လှတဲ့ နတ်သမီးကို လိုချင်ရင် ဒီလိုကျင့်ဆိုပြီး ဆွဲဆောင်ခဲ့တာပဲ"

"ကိသာဂေါတမီရဲ့ သားငယ် ဆုံးတုန်းကလည်း လူမသေဘူးတဲ့အိမ်တွေက မုန်ညင်းစေ့တစ်ဆုပ်စာရရင် ကလေးရှင်အောင် ဆေးကုမယ်လို့ ဉပါယ်တံမျဉ်နဲ့ နိုင်းတဲ့သဘောမျိုးပဲနော်၊ ရသင့်ရထိုက်တဲ့ တရားအတွက် ဒီလိုပဲ ပရိယာယ်သုံးလိုက်တာပဲ မဟုတ်လား၊ ဇာတိကကလူတွေ ဘုရားဖူးမြင်ဖို့ ဇေတဝန်ကျောင်းမှာ ဥစ္စာရွှေငွေ ကျောက်သံပတ္တမြားတွေ ကြဲဖြန့်ထား

တယ်။ ဒီတော့ လူတွေဟာ ဥစ္စာရှေငွေ ကျောက်တွေ လိုချင်လို့ ကျောင်း
လာတာပဲ၊ နောက်တော့ ဘုရားကြည်ညိုဖို့ ဖြစ်လာတယ် မဟုတ်လား''

ဦးသောဘိတသည် နဖူးမှာသီးနေသော ချွေးများကို လက်နှင့်သပ်
လိုက်လေသည်။ ထိုဦးပဥ္စင်း၏ ရုပ်ရည်သည် သန့်ပြန့်သပ္ပာယ်လှသည်။ ဝါဝင်း
သော အသားမှာ သစ်ခေါက်ဆိုးသင်္ကန်းဝတ်နှင့် ကြည်ညိုဖွယ်ရာပင်။

စည်းစိမ်ဥစ္စာနှင့် ဘွဲ့ထူးများကို စွန့်ခဲ့သည့် အရွယ်ဖို့တွင် ဃရာဝါသ
အိမ်ထောင်ကိစ္စလည်း ကင်းသည်။

အသက်အရွယ် ငယ်စဉ်အခါက ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာ
တော်၌ လှုံ့လပြုသော ရဟန်းသည် တိမ်တိုက်မှ ကင်းလွတ်သော လမင်းကဲ့သို့
ဤလောကကို ထွန်းလင်းတောက်ပစေသည်ဟု ဓမ္မပဒက ဆိုသည်။

ကမ္ဘာလောကရှိ လောဘဟူသမျှကို စွန့်ပယ်၏။ ထိုရဟန်းကား
ငြိမ်းချမ်းသော ရဟန်းတည်း။

ဦးသောဘိတသည် ပွင့်လင်းစွာ ရယ်ပြီးနောက်…

''ငါလည်း ရှင်ဒိသာပါမောက္ခလို ပီကင်းပြန် ဘုန်းကြီးပါကွ၊ မင်းနဲ့
ထက် ခေတ်မီပါတယ်၊ မင်းနဲ့ ငါနဲ့ အလုပ်တွဲလုပ်ခဲ့ကြတာပဲ၊ ငါ့အလုပ်မှာ
ငါလည်း သံယောဇဉ်မကင်းပါဘူး၊ မင်းအိမ်ပြန် ငါပြောသလိုကျင့် မင်းအလုပ်
ကို အထောက်အကူပြုလိမ့်မယ်၊ သစ္စာသာ တည်ပါစေ၊ ငါလည်း ဘုန်းကြီး
ဝတ်နဲ့ ပြောရတာ မကောင်းဘူး၊ သွားကွာ…သွားကွာ''

သည်တော့ ကိုစစ်အောင်သည် ရယ်ကာ မတ်တတ်ရပ်လျက်ကပင်
ဦးသောဘိတအား လက်အုပ်ချီရင်း…

''တပည့်တော်ငယ်ငယ်က သီတင်းကျွတ်ရင် ဗုဒ္ဓဘာသာ ဗမာထုံးစံ
အတိုင်း တစ်ရက်ကြီးတဲ့ တစ်လကြီးတဲ့သူအနေနဲ့ အရှင်ဘုရားကို ကန်တော့ခဲ့
ပါတယ်၊ ခုလည်း ကန်တော့ပါတယ်ဘုရား''

''သွားကွာ၊ ငါ့မျိုး တရုတ်ဘုရားကျနေတာပဲ၊ မတ်တတ်လက်အုပ်ချီ
လို့…သွား…သွား''

မငြိမ်းယဉ်တို့သည် တသောသော ရယ်မောမိကြလေသည်။ ကိုစစ်



အောင်သည်လည်း ဦးသောဘိတအား အစ်ကိုဝမ်းကွဲအနေနှင့်လည်းကောင်း၊
ဘော်ရဲဘက်အနေနှင့်လည်းကောင်း ရင်းနှီးစွာ နောက်ပြောင်သော စကားများ
ကို အားမနာတမ်း ပြောဆိုနေလေသည်။

''ဦးပဥ္စင်းရဲ့ ရှေးဟောင်းပစ္စည်းတွေအားလုံး တန်ဖိုးကတော့ အထူးပဲ၊
ဒါတွေ နိုင်ငံခြားသားတွေကို ရောင်းစားဖို့ သူဌေးဖြစ်ရင် တိတ်တိတ်လူ
ဖျောက်သွားပါနဲ့၊ တပည့်တော်လည်း အသိပေးပါဦး''

''ခွေးမသား''

ဦးပဥ္စင်းက ဆဲရေးနေသည်။ ဒီလိုတော့လည်း သူ နောက်တတ်သားပဲ။
မငြိမ်းယဉ်သည် ကိုစစ်အောင်မျက်နှာကို ငေးကြည့်ကာ ရယ်နေသည်။ ထို့နောက်
သူသည် ဦးပဥ္စင်းကြီး၏ ပြည့်ဖြိုးသော ပခုံးကို ပုတ်ကာ ပုတ်ကာနှင့် မျက်နှာ
ကို စိုက်ကြည့်ရင်း…

''ခုနေခါ ပစ္စည်းတန်ဖိုး ရှိနေတယ်၊ ဘာမဆိုရောင်းလို့ အလုပ်ဖြစ်နေ
တယ်၊ အရှင်ဘုရား လက်သည်းခွံတွေတောင် မပစ်နဲ့ ရောင်းစားရင်ရမယ်''

''သွား…ဒီကောင်''

ဦးပဥ္စင်း၏ ရယ်သံသည် ကျောင်းတစ်ကျောင်းလုံး ဟိန်းသွားလေ
သည်။

□□□

## အခန်း(၂၁)

"လူတစ်ယောက်ဟာ အဆိပ်လူးတဲ့ မြှားစူးရင် အဲဒီစူးတဲ့မြှား အရင်နှုတ်ပစ်ရမယ် မဟုတ်လားတဲ့၊ မြှားပစ်လိုက်တဲ့လူဟာ ဘယ်သူ ဘယ်ဝါလဲ ဘယ်သူ့မျိုးရိုးလဲ။ အရပ်မြင့်လား၊ အရပ်နိမ့်လား မေးခွန်းတွေ မေးပြီးမှ ဒီအချက်အလက်တွေကို မသိရသမျှ ကျွန်ုပ်ခန္ဓာကိုယ်တွင်းမှ မြှား အနှုတ်မခံဆိုရင် အဆိပ်တက်သေသွားတဲ့လူလို ဖြစ်နေမယ်ဆိုတဲ့ ဥပမာ အရှင်အရိယမ္မေက ဖြေသွားတာပဲလေ"

မငြိမ်းယဉ်သည် စိတ်အားထက်သန်လှသည်။ ပင်ပန်းနွမ်းနယ် သော်လည်း သူ့မျက်လုံးများကား အရောင်တောက်နေသည်။ စုတ်တံကိုင်ထား သော သူ့လက်ဖနောင့်ကို ချွေးများ သုတ်လိုက်သည်။

"ဗုဒ္ဓက နိဗ္ဗာန်နဲ့ ပတ်သက်ပြီး အဖြေမပေးခဲ့တာ အမှန်ပဲ ကျွန်တော်က ဘုရားဟာ ဒီနိဗ္ဗာန်ဆိုတဲ့ မေးခွန်းကို ဖြေနိုင်စွမ်း မရှိဘူး ပြောချင်တာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ မဖြေတာလဲဆိုတာသာ စူးစမ်းတာပါ"

"အလွန်နက်နဲတဲ့ ပြဿနာဗိုလ့်လို့ သာမန်ရှင်းရုံနဲ့ သာမန်နားလည် သဘောပေါက်ဖို့ အလွန်ခက်တယ်၊ ဒီကိစ္စတွေကို အဝိဇ္ဇာတရားဆိုသမျှ



ခုတ်ထွင်ပယ်ရှားထားပြီးတဲ့ ဗုဒ္ဓရှင်တော်မြတ်သာ အကြွင်းမဲ့ လုံးဝဥဿုံ သိမြင်နားလည်တော်မူတာကိုး။ ပြီးတော့ ဒီအမေးပုစ္ဆာဟာလည်း အသိဉာဏ် အရ အလွန်မြင့်မားလှတဲ့အတွက် အရပဟာတ္တမဂ်၊ အရပဟာတ္တဖိုလ် မရောက်မချင်း ဘယ်သူမှလည်း နားမလည်နိုင်ဘူး။ နိဗ္ဗာန်ရောက်ကြောင်းတရားကို မကျင့်ဘဲ အဖြေရှာနေတာဟာ အဖိုးထိုက်တန်လှတဲ့ အချိန်တွေ ဖြုန်းတီးရာ ရောက်တာ ပေါ့၊ မြှားကို နှုတ်ဖို့သာ အရေးကြီးတယ်ဆိုတဲ့ ဥပမာကိုသာ ကျွန်မ သဘော ကျပါတယ်"

ချွေးတွေစို့နေသော မငြိမ်းယဉ်ကို ဆက်မငြင်းလိုတော့သဖြင့်…

"ကျွန်တော်ကတော့ ကျွန်တော် လက်တွေ့လုပ်ကိုင်နေရတဲ့ အလုပ် တွေကလွဲလို့ ဘာမှမယုံသလိုပဲ"

ခေါင်းမာစွာ ပြောနေမြဲပင်။

"ကျွန်မရဲ့ အတွေးတွေကလည်း တခြားဗုဒ္ဓဘာသာဝင် အတွေးတွေနဲ့ တူပါဘူး၊ ကျွန်မလည်း ကျွန်မဉာဏ်နဲ့ ကျွန်မ စဉ်းစားပြီး ကောင်းမယ်ထင် တာတွေသာ လုပ်နေတာပါ၊ ခုနေ နိဗ္ဗာန်ရမယ် ယူမလားဆိုလာရင် မှန်တာပြော ရင်ယူချင်သေးဘူး၊ ရုပ်ရော နာမ်ရော ချုပ်ငြိမ်းသွားတယ်ဆိုတဲ့ တရားကို အလှမ်းဝေးနေသေးတယ်၊ ကျွန်မ ဖြစ်စေချင်တာက ဘဝပေါင်းများစွာ ကျင် လည်ပါစေဦး၊ ဘဝပေါင်းများစွာ လူသားအကျိုးကို ခလုတ်မထိ ဘေးမငြိဘဲ ဆောင်ရွက်ချင်သေးတယ်"

ကိုစစ်အောင်သည် မငြိမ်းယဉ်၏ စကားကို မအံ့ဩလှသော်လည်း မငြိမ်းယဉ်၏ မျက်နှာကို ငေး၍ကြည့်နေမိသည်။ မငြိမ်းယဉ်က ဆက်၍…

"ဘုရားကျောင်းကန်တွေသွားပြီး ရုပ်နာမ်တရားကျင့်မယ့်အစား ကျွန်မကတော့ လူတွေ နေ့စဉ် ကြုံတွေ့နေရတဲ့ ဒုက္ခတရားတွေကို မျက်ကွယ် မပြုချင်ဘူး၊ ကမ္မဋ္ဌာန်းကျောင်းတွေ ဆောက်မယ့်အစား ဆေးရုံတွေ ဆောက် ချင်တယ်၊ ကိုယ်ကျင့်တရားကောင်းစေမယ့် တရားတွေ ဟောချင်တယ်၊ ကိုယ်တစ်ယောက်တည်း ဒုက္ခကင်းငြိမ်းရာအရပ်ကို ရောက်အောင်သွားမယ့် အစား တခြားလူတွေကိုလည်း ကိုယ်နဲ့ လက်တွဲခေါ်သွားချင်တယ်။ ကိုယ်စိတ်

အေးချမ်းသလို လူတွေလည်း အေးချမ်းစေချင်တယ်၊ ကျွန်မ ကြီးပွားသလို ကြီးပွားစေချင်တယ်''

''ဒါတော့ မမငြိမ်းကို ကျွန်တော် ထောက်ခံပါတယ်၊ လူ့ဘဝဟာ ငြိမ်နေဖို့မဟုတ်ဘူး၊ ရှင်သန်လှုပ်ရှားရင်း ကြီးပွားနေဖို့ပဲ၊ နို့မဟုတ် တိုးတက်မှု မရှိဘဲ အနှုတ်ဂဏန်းပြနေမှာပေါ့''

''အချုပ်ပြောရရင်တော့ သမထနဲ့ ဝိပဿနာတို့ကို ကျင့်တာဟာ မမှားပါဘူး၊ သာမန်မျက်စိနဲ့ မကြည့် မမြင်နိုင်တာတွေ မြင်နိုင်စွမ်းရှိလာပါတယ်၊ လူတစ်ယောက်ရဲ့ စိတ်အကြံကို သိလာရတယ်၊ သိဒ္ဓိတန်ခိုးဆိုတာ ခေတ်က လက်မခံခဲ့ပေမယ့် အံ့သြဖွယ်ကောင်းတဲ့ တန်ခိုးဟာ တကယ်ကျင့်ရင် တကယ်ရပါတယ်၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ ဘိုးမင်းခေါင်ဟာ အဝေးမှာနေတဲ့ သူ့တပည့်ကို ခေါ်ချင်ရင် စိတ်နဲ့ပဲ ခေါ်လိုက်တာပဲ၊ လူလွှတ်ခေါ်ဖို့ စာပို့ဖို့ မလိုဘူး၊ ဒီပညာတွေကျတော့ သိပ္ပံနည်းနဲ့ ရှင်းလို့မရပါဘူး ဒါပေမဲ့ စမ်းသပ်လို့ ရပါတယ်''

''စိတ်ပညာအရ တယ်လီပယ်သီလို့ ခေါ်တယ်မဟုတ်လား''

''ဟုတ်ပါတယ်၊ မိုင်ပေါင်း ဘယ်လောက်ဝေးဝေး အဆင်သင့်ရင် စိတ်ချင်းဆက်သွယ်လို့ရပါတယ်၊ ရုပ်ပိုင်းကို အဓိကထားတဲ့ ကွန်မြူနစ် ရုရှားနိုင်ငံမှာ ဒီပညာကို စမ်းသပ်ခဲ့တဲ့အကြောင်း ဒေါက်တာအုန်းမောင် ရေးခဲ့ဖူးတယ်၊ မော်စကိုနဲ့ မိုင်ပေါင်း ၁၅၀၀ လောက်ဝေးတဲ့ နေရာကို မော်စကိုကနေပြီး သတင်းပေးပို့ စကားပြောတယ်။ ဥပမာ မော်စကိုမှာ လူတစ်ယောက် နေတယ်၊ ဆိုက်ဘေးရီးယားမှာ လူတစ်ယောက်နေတယ်၊ သူတို့ စိတ်ချင်းဆက်သွယ်တာကို သိပ္ပံပညာရှင်တွေက သက်သေအဖြစ် စောင့်ကြည့်ကြတယ်၊ မော်စကိုက လူက အခု သူ ဖန်ခွက်တစ်ခုကို ကိုင်လိုက်ပြီ၊ ခင်ဗျားလည်း ကိုင်လိုက်ပါလို့ စိတ်ထဲကပြောတာကို ဆိုက်ဘေးရီးယားကလူက ကြားတယ်တဲ့၊ ချက်ချင်းပဲ ဖန်ခွက် ကောက်ကိုင်လိုက်သတဲ့''

''မငြိမ်းယဉ်ကရော ဘယ်လိုတရားကျင့်နည်းမျိုး ကျင့်သလဲ''

''ကျွန်မအကြောင်းပြောရရင် နည်းနည်းတော့ ထူးခြန်းတယ်၊ သူများ



နဲ့မတူပါဘူး၊ မှန်တာပြောရရင် ကျွန်မလည်း အရင်က ဘုရားတောင် မှန်မှန် ကန်တော့ဘူး၊ သမထ ဝိပဿနာကျင့်ဖို့ဆိုတာ အဝေးကြီး၊ ကျွန်မ ယုံကြည်တာကတော့ သစ္စာတရားပဲ၊ လောကုတ္တရာသစ္စာတောင် မဟုတ်ဘူး၊ လူတိုင်း ကျင့်သုံးနိုင်တဲ့ လောကီသစ္စာပဲ။ ဒီမှာလူတွေဟာ ရိုးဖြောင့်ဖို့လိုတာပဲလို့ ထင်တယ်လေ၊ ဘယ်ဘဝရောက်ရောက် သူများကိုရော၊ ကိုယ့်ကိုယ်ကိုယ်ရော မလိမ်မိဖို့ အရေးကြီးတယ်၊ ကျွန်မ ဒုက္ခရောက်တော့မှပဲ လူတော်တော်များများ က ညာနေကြပါလား၊ မရိုးဖြောင့်ပါလားဆိုတာ သိလာခဲ့ရတယ်၊ လူတွေဟာ အမှန်ကို သိပ်မပြောတတ်ကြဘူး၊ မရိုးကြဘူး''

''ရိုးဖြောင့်တာတော့ ကျွန်တော်လည်း နှစ်သက်ပါတယ်''

ကိုစစ်အောင်က အဖြေပေးလိုက်လေသည်။

''ကျွန်မဘဝကို ကယ်လိုက်တာကတော့ စောစောက ကျွန်မပြောခဲ့တဲ့ လောကီသစ္စာပဲ၊ ဒီလောကီသစ္စာဆိုတာ ရှင်းပါတယ်၊ ကျွန်မတို့အိမ် တစ်ခါ တစ်ခါ ဆွမ်းစားကြွတတ်တဲ့ ဆရာတော် ဦးဥတ္တမ မိန့်တာ သိပ်သဘောကျတယ်၊ ငါဖျင်းလို့ ဘုန်းကြီးဝတ်တာဟတဲ့၊ သူ့အဖြေကို တချို့ဒကာ ဒကာမတွေက ဘဝင်ကျချင်မှ ကျမယ်၊ ကျွန်မကတော့ ကြိုက်တယ်၊ သူ လိမ်မပြောဘဲ၊ ငါ နိဗ္ဗာန်မလိုချင်သေးဘူးဆိုပြီး ထွက်ရပ်ပေါက်ကျင့်စဉ် ကျင့်တာပဲ၊ သတ္တဝါတွေ ကယ်တင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူကယ်တဲ့လူတွေလည်း နည်းတော့ဘူး၊ သူ့ကျောင်းကြီးက ဟိန်းနေတာပဲ၊ ဒါပေမဲ့ သူက ခု ဦးပဉ္စင်း ဦးသောဘိတလိုပဲ ဝိနည်းနဲ့အညီ ကျင့်တယ်၊ ကြမ်းပြင်မှာ နီးဖျာတစ်ချပ် ခုန်းခေါင်းအုံးနဲ့ပဲ အိပ်တယ်၊ မွှိုအုံးတွေ ထိုင်ခုံတွေနဲ့ ဘယ်တော့မှ မထိုင်ဘူး၊ တေတ်သဖျ ဆွမ်းနဲ့ ရောင့်ရဲတင်းတိမ်တယ်''

ကိုစစ်အောင်သည် အငြင်းမပွားတော့ပေ။ အမှန်တရား(သစ္စာ)တစ်မျိုး တည်းသာလျှင် ရှိသည်။ နှစ်မျိုး မရှိပေ။ အမှန်တရား(သစ္စာ)အတွက် ပညာရှင် များသည် အငြင်းမပွားကြပေဆိုတဲ့ ဟောကြားချက်ကိုတော့ သဘောတူမှုသည် သာ။

မဟာတ္တမဂန္ဓီသည်လည်း သူ၏ မြောက်မြားစွာ မှားခဲ့သော အမှားများ

ကို ဖွင့်ဟဝန်ခံရင်း သူ့ချွတ်ယွင်းအားနည်းချက်များကို ပြုပြင်ရင်း သေလွန်သည်အထိ သစ္စာတရားဘက်တော်သား ဖြစ်ခဲ့လေသည်။

မငြိမ်းယဉ်သည် စကားပြောရင်း သူ့လုပ်ငန်းတစ်ခု ပြီးဆုံးသွားလေသည်။ ပုံဆွဲစက္ကူပေါ် ဆေးနက်နှင့် ဆွဲထားသော ကြာပလ္လင်ပေါ်ဘုရား တရားဟောဟန်ပုံသည် ရုပ်လုံးပေါ်လာလေသည်။

"အပေါ်မှာထိုင်ပါ ကိုစစ်အောင်၊ ကျွန်မ အလုပ်ရှိလို့ အခန်းထဲ ခေါ်လိုက်တာ"

"ကျွန်တော် လာလည်တာ အနှောင့်အယှက် ဖြစ်နေပြီ ထင်ပါရဲ့ ကျွန်တော့်ကို မငြိမ်းယဉ် မှာတယ်ဆိုလို့"

"ဟုတ်ပါတယ်၊ ကျွန်မလည်း ကိုစစ်အောင်ကို ထူးဆန်းတာတွေ ပြမလို့ ခေါ်လိုက်တာ၊ ဒီနေ့ ကျွန်မရဲ့ ဆရာတစ်ဦး သမထပေါက်တဲ့လူကို ကိုစစ်အောင်နဲ့ ဆိုင်ပေးမလို့၊ ဒီနေ့ သူ မလာနိုင်ဘူး၊ သူ့မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုပေါ်လို့"

"သူ မလာဘူးဆိုတာလည်း တယ်လီပယ်သီနည်းနဲ့ သိတာပဲလား"

ကိုစစ်အောင်သည် မငြိမ်းယဉ်၏ မျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်တော့ မငြိမ်းယဉ်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။ ထို့နောက် မျက်နှာထားလေး တည်လာကာ...

"လောကီသစ္စာဆိုလို့ မာဂဓေတိုင်းမှာ တောမီးလောင်တော့ ငှက်တွေ ပျံပြေးကြတာ ငုံးကလေးရဲ့ မိဘတွေက ငုံးကလေးတစ်ကောင်တည်း ထားခဲ့ပြီး ပြေးခဲ့ကြရော၊ ဒီတော့ ငုံးငယ်မှာ မိဘတွေလည်းမရှိ၊ အတောင်နုနုလေးနဲ့ မပျံနိုင်၊ ခြေနုနုလေးနဲ့ ပြေးလည်း မပြေးနိုင်တော့ ငါ သစ္စာပြုမယ်၊ ငါ့ကိုမီးပြီး တခြားငှက်တွေလည်း ချမ်းသာစေတော့လို့ အောက်မေ့ပြီး...၊

အို...တောမီး၊ ငါ၌ အတောင်ရှိသော်လည်း မပျံနိုင်ပါ၊ ခြေတို့သည် ရှိသော်လည်း မသွားနိုင်ပါ၊ အမိအဘတို့ ရှိပါသော်လည်း ပြေးကြလေကုန်ပြီ ဤ ငါဆိုသော စကားတို့ မဖောက်မပြန် မှန်ပါလျှင် ထိုမှန်ခြင်း တည်းဟူသော သစ္စာတန်ခိုးကြောင့် အသင်တောမီးသည် ဖယ်ရှားရှောင်ကွင်းပါလေလော...



အဲလို အသိုက်မှာ အိပ်လျက်ပဲ သစ္စာပြုတော့ သစ္စာတန်ခိုးကြောင့် တောမီးဟာ ဖယ်ရှားရှောင်ကွင်းရုံမက တစ်ခါတည်း ရေနဲ့ဖြန်းလိုက်သလို ငြိမ်းကုန်ရောတဲ့"

မငြိမ်းယဉ်သည် စကားတွေအားလုံးကို မထိန့်ဝှက်ဘဲ အမှန်အတိုင်း ပြောလိမ့်မည်ဟု သူယုံကြည်သည်။ ရိုးဖြောင့်ခြင်း ဆိုသည်ကလည်း မငြိမ်းယဉ် နှုတ်မှထွက်သော စကားများထက် မငြိမ်းယဉ်၏ တောက်ပသော မျက်လုံး အစုံတွင် ပို၍သိသာ မြင်သာလေသည်။

"တစ်ချိန်တုန်းက ကျွန်မရဲ့ဘဝဟာ မီးတွေပတ်လည် ဝိုင်းနေတဲ့ ငုံးကလေးအတိုင်း ဖြစ်ခဲ့တာပေါ့၊ မြေနိမ့်ရာ လှံစိုက်ခံရမတတ်ပဲ၊ ဒုက္ခရောက် လိုက်တာ၊ ဒီတော့ ကိုစစ်အောင်က ကျွန်မကို ဘယ်လိုတရားမျိုးတွေ ကျင့်သလဲ လို့မေးတဲ့ မေးခွန်းကို ကျွန်မ လွယ်လွယ်နဲ့ အဖြေပေးလို့ မရဘူး"

□□□

## အခန်း(၂၂)

မှုန်ဝါးနေသော အရိပ်များသည် တစ်စစ ထင်ရှားပြတ်သားလာလေသည်။

ကိုစစ်အောင်နှင့် ရွှေဂူလေးဘုရားတွင် ဆုံတွေ့ကြပြီးနောက် မငြိမ်းယဉ်ရဲ့ အကျည်းတန်ဇာတ်ကလေးက စတင်လာသည်။

မငြိမ်းယဉ်၏ အစ်ကိုတစ်ဝမ်းကွဲ ကိုအောင်ထက်သည် မငြိမ်းယဉ်တို့ အိမ်သို့ လာနေ၍ ကျောင်းတက်သည်။ ကိုအောင်ထက်သည် မငြိမ်းယဉ်၏ အမေ့အစ်မက မွေးဖွားသော သားအကြီးဖြစ်သည်။ ကိုအောင်ထက်တို့အမေမှာ မန္တလေးမှ တနင်္သာရီတိုင်းတစ်ခုသို့ လယ်ဝန်အလုပ်နှင့် ပြောင်းရွှေ့ရသဖြင့် တက္ကသိုလ်ကျောင်းပညာ တစ်ပိုင်းတစ်စဖြစ်နေသော ကိုအောင်ထက်က မငြိမ်းယဉ်တို့အိမ်နေ၍ ကျောင်းဆက်တက်ရသည်။

တကယ်တော့ ကိုအောင်ထက်သည် မငြိမ်းယဉ်ထက် လေးနှစ်မျှသာကြီးသော အသက် ၂၀ ပတ်ဝန်းကျင် လူငယ်တစ်ဦးမျှသာ ဖြစ်သည်။ နောက်ဆုံးနှစ် ဘီအက်စ်စီဘွဲ့ယူရန် ရန်ကုန်သို့ ရောက်လာခြင်းဖြစ်သည်။

ခြံထဲမှ ပိန္နဲပင်အောက်တွင် ကိုအောင်ထက်နှင့် မငြိမ်းယဉ်တို့ စာသင်ကြသည်။ စာသင်ကြရင်း ပိန္နဲပင်အနီး အရိုးပြိုင်းပြိုင်းနှင့် တရုတ်စံကားပင်မှ



ကြွေကျနေသော စံကားပွင့်များကို ရေတွက်နေကြသည်။

တစ်ခါတစ်ရံ မာလကာသီးများကို နှုတ်သီးလေးများနှင့် ထိုးဆွချသော ငှက်ကလေးများ၏ အမျိုးအမည်ကို စူးစမ်းနေကြသည်။

မာလကာသီးကို အလုအယက် ပြေးကောက်ကြရသည်။ တစ်လုံးတည်း ရလာသော မာလကာသီးကျတော့ နှစ်ယောက်သား အချင်းချင်းညှိနှိုင်းပြီး တစ်ယောက်တစ်ကိုက် ဝေမျှစားကြရသည်။

အဝါနှင့် အမည်း ရောစပ်သော အမွေးအတောင်နှင့် ဆက်ရက်တို့သည် သစ်ပင်များထက် ဒွိယံ ဒွိယံ နားကြလေသည်။ မငြိမ်းယဉ်က သူတို့ကိုသားအမိလား၊ မောင်နှမလား၊ သမီးရည်းစားလားဟု ခွဲခြားလေ့လာနေတတ်သည်။ ဆက်ရက်များသည် အမြဲလိုပင် စုံတွဲပူးတွဲနေကြသည်။

ဆက်ရက်တို့သည် တစ်ကောင်ကို တစ်ကောင် နှုတ်သီးများနှင့်ထိုးကာ ထိုးကာ အတောင်များကို ဖြူပြင်ပေးကြသည်။ တစ်ခါတလေ ကြင်နာစွာ တစ်ကောင်ကိုတစ်ကောင် အစာခွံ့ကျွေးနေကြသည်။ တစ်ခါတလေတော့လည်း နှုတ်သီးနှင့် ထိုးဆိတ်ကာ တကျီကျီ တကျာကျာ မြည်လျက် ရန်ဖြစ်နေကြသည်။

"ဟော…ရန်ဖြစ်နေကြပြီ"

မငြိမ်းယဉ်က ရယ်မောကာပြောလျှင်…

"ဒီဘက် ဆက်ရက်မလေးက မငြိမ်းယဉ်အတိုင်းပဲ၊ သိပ်နှုတ်သီးစွာတယ်"

"မစွာပါဘူးနော်"

"စွာပါတယ်"

"မစွာပါဘူး"

အလကားနေရင်း အငြင်းပွားနေကြသည်။

ထို့နောက် ပိန္နဲပင်ကြားတွင် နားလာသော ငှက်ခါး နှစ်ကောင်သုံးကောင်တို့ အစာရှာဖွေ ဖမ်းစားတာကို အသာမလှုပ်မယှက် စောင့်ကြည့်ကြလေသည်။ ပလူ၊ နံကောင်၊ ပိုးတုံးလုံးနှင့် ပေါက်ဖတ်များ ဖမ်း၍စားပုံမှာ

လျှင်လှသည်။

စိမ်းပြာတောက်တောက် ဦးခေါင်းအလွန်ပြာသော အတောင်နှင့် အမြီး၊ အပြာဖျော့ဖျော့ ရင်အုပ်နှင့် ကျောတို့နှင့် လှပသော ငှက်ခါးလေးများ မြေပေါ် ခုန်ဆွ ခုန်ဆွ သွားနေတတ်သည်ကို တအံ့တသြ ကြည့်၍မဆုံးပေ။

"ကိုအောင်…ငြိမ်းယဉ် စာမကျက်တာ ပြန်မပြောရဘူးနော်၊ ကိုအောင်ကြိုက်တဲ့ ဝက်သားပေါင်း ကျောင်းက ဝယ်လာခဲ့မယ်"

ကိုအောင်ထက်က မပြုံးမရယ် မျက်နှာထားတည်ပြီးမှ ပြုံးတယ်ဆိုရုံ သာပြုံး၍ မငြိမ်းယဉ်ဦးခေါင်းကို ပုတ်လိုက်လေသည်။ ကိုအောင်ထက်သည် မျက်နှာထားဆိုးပြီး မျက်မှောင်ကြုတ်နေတတ်သည်။ တွေ့စက ဘယ်လိုမှ ခင်မင်လို့ရမည်မထင်။ နောက် ခင်သွားတော့လည်း ဘယ်ကဘယ်လို ခင်သွားသည်မသိ။ မေမေက ကိုအောင်ထက်အား မငြိမ်းယဉ်ကို အင်္ဂလိပ်စာ ပြနိုင်းသည်က စတင်ရင်းနှီးခွင့်ရသည်ထင်သည်။

တွင်းထဲမှ ထွက်လာသော ပုရစ်များကို ကိုအောင်ထက်၏ လည်ရစ်မှ ရှပ်အင်္ကျီထဲ တိတ်တိတ်ထည့်လိုက်ရတာ ပျော်လှသည်။ အိမ်တွင် အငယ် ဖြစ်သော မငြိမ်းယဉ်ကို အားလုံးက အလိုလိုက်ထားရသည်။ ကိုအောင်ထက် သည် ကျောဘက်မှ ရှပ်အင်္ကျီစကို ကိုင်ခါကာ လုံချည်ကိုလည်း ခါလျက်ပြင် ဝတ်ရသည်။

"အေး…နင့်ကျမှ မြေပေါက်စလေး ထည့်ထားမယ်"

"မထည့်ရပါဘူးနော်၊ မြွေက အဆိပ်ရှိတယ်၊ ငြိမ်းယဉ် သေသွားမှာပေါ့"

"အဆိပ်မရှိတဲ့မြွေကို ထည့်မှာပေါ့"

"ဘယ်မှာလဲ အဆိပ်မရှိတဲ့မြွေ"

"လင်းမြွေက ဘယ်မှာ အဆိပ်ရှိလို့လဲ၊ နင့်အင်္ကျီထဲ လင်းမြွေပေါက်စ လေးတွေ ဖမ်းပြီးကို ထည့်မယ်"

မငြိမ်းယဉ်သည် အဟုတ်တကယ် ယုံကြည်ကာ မျက်လုံးအစုံတို့သည် ပြူးတိုင်းသွားလေသည်။ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ကာ မျက်နှာ နည်းနည်း တင်းသွားသည်။



"အိုး…လုပ်ရဲလုပ်ကြည့်ပေါ့"

နှုတ်မှ အလျှော့မပေးသော်လည်း ကိုအောင်ထက်နှင့် လေးငါးရက် လောက် ခွာနေတာကို သတိထားမိသည်။

နောက်တော့လည်း…

"တစ်အိမ်တည်းနေပေမယ့် ဝေးနေပြန်တော့ လွမ်းလိုက်တာ"

ဟု မငြိမ်းယဉ်က ကြေညာပြီးနောက် ပြန်ပူးကပ် ယှဉ်တွဲကြပြန် သည်။ နှစ်ယောက်သား ခေါင်းချင်းဆိုင် စာသင်ကြပြန်သည်။ ရှဉ့်ကိုက်ဖောက် ၍ ကြွေကျလာသော ရွှမ်းပြင်းမှည့် မန္တလေးရင်ကွဲသရက်သီးများကို အလု အယက် ကောက်ကြပြန်သည်။ အိမ်ခေါင်းရင်းဘက်မှ ရေတွင်းပေါင်းနံရံ ပေါက်တွင်းရှိ ဆက်ရက်ဥပြာပြာလေးများကို ကိုင်ကြည့်ကြပြီး နေရာမပျက် ပြန်ထားလေသည်။

နက်ပြီး ရေခန်းလုဆဲဆဲ ရေတွင်းထဲသို့ တရုတ်စံကားပွင့်များ ပစ်ချ ကြလေသည်။ မငြိမ်းယဉ် လုပ်သလို ကိုအောင်ထက် လိုက်လုပ်စေသည်။ ကိုအောင်ထက်ကလည်း စိတ်ရှည်လက်ရှည် မငြိမ်းယဉ်၏ အလိုပြည့်စေသည်။

မငြိမ်းယဉ်၊ မစိမ်းယဉ်နှင့် ကိုအောင်ထက်တို့ ရုပ်ရှင်ကားကြည့်လည်း အတူတူပင်။ တစ်ခါတလေ အိမ်မှာလာအိပ်သော အတာက ချာတိတ်ဘဝ၊ သူတို့မောင်နှမတွေကြားထဲ ကန့်လန့်ကန့်လန့် ပါတတ်သည်။

ကိုအောင်ထက်နှင့် အတာတို့ အင်္ဂလိပ်ရုပ်ရှင် ဖော်ချွတ်ခန်းတွေကို တိတ်တိတ်ခိုးကြည့်တာတွေ မငြိမ်းယဉ် သိလျှင် ကိုအောင်ထက် အင်မတန် မြတ်နိုးလှသော အကောင်းစားပီရမစ် မီးနိုးဖျော့ဖျော့ လက်ကိုင်ပုဝါနှင့် အတာ ၏ လောက်လေးခွတို့ကို ရေတွင်းထဲ ပစ်ချလေသည်။

အတာက နှမြောတသပြီး ကျယ်ကျယ်လောင်လောင်ငိုလျက် ကိုအောင် ထက်က မျက်မှောင်ကြုတ်လိုက်သည်။ ထို့နောက် သိတတ်နားလည်ခြင်းမရှိ သော နှမငယ်ကို ခွင့်လွှတ်စိတ်နှင့်ပင် ချက်ချင်းစိတ်ပြေကာ မငြိမ်းယဉ်၏ ခေါင်းကို လှမ်းပုတ်လိုက်လေသည်။

□□□

## အခန်း(၂၃)

"ဒီတုန်းက ချစ်တယ်ဆိုတာတွေ ဘာတွေ နားမလည်လှပါဘူး။ အိမ်မှာ ဖေဖေနဲ့ မေမေက အချစ်ဝတ္ထုတွေမှ ပေးမဖတ်တာ၊ ဖေဖေတို့က သမီးတွေကို လူ့ကိစ္စတွေကို နားလည်သွားမှာ သိပ်စိုးတာပဲ၊ လင်မယားဆိုတာ အတူတူထမင်းစားတာ၊ အတူတွဲသွားတာကို ခေါ်တယ်လို့ထင်တာ၊ ကလေးက သူ့အလိုလို ဖြစ်လာပြီး ဗိုက်ခွဲမွေးထုတ်ရတယ်လို့ အောက်မေ့ခဲ့တာ၊ အတန်းထဲမှာလည်း မိန်းကလေးတွေချည်းပဲမို့ ငယ်လည်းငယ်ကြသေးတော့ မဟုတ်မဟတ်တွေ မပြောမိကြဘူး၊ ပြီးတော့ ကက်သလစ်သီလရှင်တွေကလည်း သိပ်စည်းကမ်းကြီးတာပဲ၊ ဒီအရွယ်မျိုးတွေကို အလုပ်နဲ့ လက်နဲ့ မပြတ်စေဘူး၊ အိမ်စာတွေ အများကြီး အိမ်ကိုပေးလိုက်တယ်၊ လက်မှုပညာတွေလည်း တစ်ခုပြီးတစ်ခု နိုင်းနေတာပဲ၊ မပြီးရင် အတန်းထဲမှာ ဒဏ်တပ်တယ်၊ စာဆွဲတယ်၊ ရှက်တာနဲ့ပဲ အလုပ်တွေပြီးအောင် လုပ်ရတယ်"

သည်လိုနှင့်ပင် ကိုအေဝင်ထက်နှင့် ချစ်သူဘဝ ရောက်လာကြပုံမှာ သနားစရာလည်းကောင်းရဲ့၊ ချစ်စရာလည်းကောင်းရဲ့၊ အမိုက်အမဲများမို့ စိတ်ဆိုးဒေါသထွက်စရာလည်း ကောင်းရဲ့"



ကိုအောင်ထက်သည် စာမေးပွဲအောင်၍ ဒီဂရီရပြီးတာနဲ့ စစ်ထဲဝင်သည်။

ခွဲရခါနီးကျတော့ မခွဲချင်ကြ။ တစ်ယောက်နှင့်တစ်ယောက် တွေ့ချင်နေကြသည်။ တွေ့ရရင် ပျော်နေကြသည်။ ကိုအောင်ထက် သွားတော့မယ်၊ အထုပ်အပိုးတွေပြင်တော့ ဝမ်းနည်းနေမိသည်။ မျက်ရည်တလည်လည်နှင့်ဖြစ်နေသည်။ ကိုအောင်ထက်ကလည်း မျက်နှာညှိုးလျက် မျက်မှောင်ကိုကုပ်သည်ထက် ကုပ်ထားပြီး နှုတ်ခမ်းများကို တင်းတင်းစေ့ထားသည်။

လူကြီးတွေရှေ့တွင် ဣန္ဒြေမပျက်လှကြသော်လည်း နှစ်ယောက်သားနှုတ်ဆိတ်လျက် အတွေးကိုယ်စီနှင့် ငိုင်နေကြသည်။

ကိုအောင်ထက် မသွားခင်ညတွင် မေမေက အိမ်တွင် ဆန္ဒင်းမကင်းကိုယ်တိုင်ဖုတ်တာကို ဝိုင်းကူကြရသည်။ ဘဲဥခေါက်သူခေါက်၊ အုန်းသီးကိုခြစ်သူခြစ်၊ ညှစ်သူက ညှစ်သည်။ ဘိန်းစေ့များကို ရေဆေးသူက ဆေးကြသည်။ အားလုံး ချွေးတလုံးလုံးနှင့် အလုပ်ရှုပ်နေကြသည်။

ထို့နောက် ခြံထဲ ဆန္ဒင်းမကင်းတစ်အိုးနှင့် အိမ်သားအားလုံးလက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့ကြသည်။

ခါတိုင်း အစားမက်လှသော မငြိမ်းယဉ်သည် ဆန္ဒင်းမကင်း မစားနိုင်တော့။ 'ငါ့သမီးလေး မောသွားပြီ၊ မစားနိုင်တော့ဘူး' ဟု မေမေက ဘုမသိဘမသိ ပြောရှာသည်။

ဖေဖေနှင့် မေမေတို့က အစောကြီး အိပ်ရာဝင်ကြတော့ မစိမ်းယဉ်၊ ကိုအောင်ထက်၊ မငြိမ်းယဉ်ရယ်၊ အတာရယ် လူငယ်တွေချည်း ကျန်ရစ်သည်။ ငယ်စရာမောစရာတွေ ပြောဆိုနေကြသော်လည်း ရင်တွင်တော့ 'ဟာ'နေကြသည်။

"ငြိမ်းယဉ် သီချင်းဆိုကွယ်"

"ဆိုချင်ပါဘူး"

"ဆိုပါ၊ ဆိုချင်ရဲ့သားနဲ့၊ ဈေးကိုင်မနေပါနဲ့"

ကိုအောင်ထက်က နောက်လိုက်သဖြင့် မငြိမ်းယဉ်က ရယ်မောမိ

လေသည်။ ခါတိုင်းဆိုလျှင် ငြိမ်းယဉ် သီချင်းတကြော်ကြော် အော်ဆိုတိုင်း 'မဆိုရင် ဘယ်လောက်ပေးရမလဲ' 'ထမင်းစား ပျက်လိုက်တာ' စသည်ဖြင့် နောက်နေကျ။

တကယ်ဆိုရတော့မယ်ဆိုတော့ ဘာဆိုရမှန်းမသိ။ သီချင်းစာအုပ်သာ တဖျပ်ဖျပ် လှန်လှောနေမိသည်။

"ကျေးစေတမာန် ဆိုပါလား"

မစိမ်းယဉ်က တိုက်တွန်းလိုက်သည်။ အစကတော့ သီချင်းအမည်ကို မသိ။ ဆိုရင်း သတိထားမိလာသည်။ အဆိုက ပို၍လှိုက်လှဲလာကာ တေးသွားတွင် တေးစာသားသည် လှုးလွန့်လှုပ်ရှားလာလေသည်။ ရော်ရွက်ဝါတို့သည် လေပြည်တွင် ဝေ့တက်ပျံ့ဝဲလာလေသည်။ စိတ်ဝေဒနာ ပြင်းပြနေသော ချစ်သူတို့၏ မျက်နှာတွေကို ဖုံးကွယ်စေရန် လရောင်သည် သစ်ကိုင်းကြားထဲ ပြေးဝင်နေသည်။

စစ်သွေးတွေက ဝေဝေ××စစ်ရေးထွက်ခဲ့သူမလေ××ပူနေ××နှင်းရှုံ့ ချွေလေပြည်သွင်းချိုမှိုန့××မယ့်တစ်ကိုယ်ချင်း××မျှော်ရင်းမှာလေ××စစ်ခင်းသူရော အသည်းရင်တွင်း××ထင်မြင်လာမိသလေ။

ဆရာရွှေပြည်အေး၏ တေးစာသားရော၊ တေးသံရော ဆွတ်ပျံ့ကြည်နူးဖွယ် ကောင်းလှသည်။ အလွမ်းသို့ ပို့ဆောင်သော ကရုဏာရသသည် နားထောင်သူရင်ထဲမှ နှလုံးသားကို ဖမ်းဆုပ်လိုက်လေသည်။

ဖော်ရွေ ပျော်နေ×××မေချစ်သူ့တစ်ပါးပေမို့×××ခွင့်လွှတ်ကာထား မတားသင့်ပေ××ချစ်အားတွေ အလွန်မြူးသော်လည်း ကြည်နူးခွန်းချို မြူး ပြောရန် ခက်သေး××မေ့ကြင်သူလေးရယ်က အဝေးနှင်လို့နေ×××ချစ်ရေး××× စစ်သွေး ဆူကာဝေ။

မငြိမ်းယဉ်အသံသည် အသံလုံးသေးသော်လည်း အောင်သည်။ အနေ အငင် နည်းနည်းတိုပေမင့် အသံအေး အသံသာ ဖြစ်သဖြင့် နားထောင်ရတာ မထောင့်မယွင်း ချောမောပြေပြစ်သည်။ မငြိမ်းယဉ်သည် ပိန္နဲပင်စည်ကိုမှီထား မျက်လုံးများကား အဝေးသို့ စိုက်ငေးနေသည်။ လက်ဖျစ်တီးနေသော သူညာ



လက်ချောင်းလေးများမှာ မသိမသာ တုန်ယင်သည်။ လှုပ်ရှားသောစိတ်နှင့်ပင် သီချင်းဆိုရင်း ရယ်လိုက်မိသေးသည်။

မြသွေးဖြာတဲ့ ကျေးတမာ၊ ပေါက်လဲဝါ နိုင်ရွှေညာက မေစက်ရာ နွေသင်ဇာသို့၊ တူယှဉ်ကာ မေမှာစမ်းမယ်ပ၊ လွမ်းသူရဲ့ သဝဏ်ကိုယူကာ××× ခေမြေတလင်းမှာကွယ်၊ ချစ်နေရင်းသူကလေးသို့သာ××ပေးပါတော့၊ မြသွေး×× နက်ကျေးရွှေတမာ×××

သီချင်းဆိုကြပြီးနောက် ညလုံးပေါက် မအိပ်တန်း စိန်ခေါ်၍ စကားတွေ ထိုင်ပြောကြသည်။ အတာက မှေးစင်းသော မျက်လုံးများနှင့် မစိမ်းယဉ်ကျာပေါ်မှီနေသည်။ ကြီးဒွေး တည်ပေးသော လက်ဖက်ရည်ကြမ်းများ တစ်ကရားပြီး တစ်ကရား ကုန်အောင်သောက်ကြလေသည်။

"ငြိမ်းယဉ်အသံက မေရှင်အသံနဲ့ တူတယ်နော်"

မစိမ်းယဉ်က ညီမအား ငေးကြည့်ရင်း ကိုယ့်ငါးချဉ် ကိုယ်ချဉ်လေသည်။ ကိုအောင်ထက်က စ,နေကျမို့...

"ဒါဖြင့် ငြိမ်းယဉ်က ဒေါ်မေရှင့်ညီမ...မေ..."

သူ ဘာပြောမည်ဆိုသည်ကို သိသဖြင့် 'သွား' ဟု တစ်ခွန်းဆိုလိုက်သည်။ အတာက ဖျတ်ခနဲ ကြားကဝင်လျက်...

"မေဖင်"

ဟု အော်လိုက်သည်။

"ငါ ခေါက်လိုက်လို့"

"မေဖင်"

အတာက အကျယ်ကြီးအော်ပြီး ပြေးလေသည်။ မငြိမ်းယဉ်က ဘုန်ကယာ ထလိုက်ရာ လမ်းခုလတ်တွင် သစ်တိုစတစ်ခုကို ခလုတ်တိုက်ရင်း ချော်လဲပြီး ငိုလေသည်။ စင်စစ် ခွေးရောဥပါဒ် ရောယှက်နေခြင်း ဖြစ်သည်။ ချော်လဲနေရာက ရုတ်တရက် မထသဖြင့် မစိမ်းယဉ်သည် ကမန်းကတန်း ပြေးလာကာ ထူလေသည်။ ညီမငယ်၏ ပခုံးကိုဖက်ကာ ရယ်ရယ်မောမောနှင့်–

"နင်တို့ကလည်း ဒီမှာမည် မခေါ်ကြပါနဲ့၊ မေလွင်လို့ ခေါ်ရောပေါ့"

မငြိမ်းယဉ်သည် မေလွင်ကို အသည်းစွဲကြိုက်လေသည်။ မင်းသမီး မေလွင်၏ အမူအရာကို အတုခိုးကာ မကြာခဏ လုပ်ပြတတ်သည်။

အိမ်ထဲဝင်ကြတော့ ည ၂ ချက်တီးပင် ကျော်နေပေပြီ။ အိမ်ထဲမဝင်ခင် ကိုအောင်ထက်သည် တမင်နောက်ချန်နေခဲ့ကာ…

"မနက်ဖြန်ကျ အမှတ်တရ နှင့်လက်ကိုင်ပဝါရယ်၊ ဖဲပြားရယ် ပစ္စည်းတစ်ခုခုပေါ့လေ ပေးလိုက်နော်၊ ငါတော့ သိပ်လွမ်းမှာပဲ၊ နင့်ကို ငါ တကယ်ချစ်တာ"

တီးတိုးလေသံနှင့် ကမန်းကတန်း ပြောလိုက်လေသည်။

"နင်ကော…"

ပြန်မေးသည့်အခါ မငြိမ်းယဉ်သည် ရှက်ရှက်နှင့် မျက်နှာနီမြန်းကာ ကြောင်အမ်းနေသည်။

မနက်ဖြန် နံနက်ကျတော့ မငြိမ်းယဉ်သည် နီမို့နေသော မျက်ခွံများနှင့် မျက်နှာဖောင်းကြွကာ ကိုအောင်ထက်လက်ထဲ ယွန်းသေတ္တာတစ်ဘူးကို ကမ်းပေးလိုက်လေသည်။

ယွန်းသေတ္တာဘူးကို အသာဖွင့်ကြည့်လိုက်လျှင် ပန်းထိုးချည် အနီရောင်နှင့် ဖူးပန်းလေးများ ထိုးထားသော လက်ကိုင်ပဝါ အဖြူရောင်၊ အပြာနုနု ဖဲပြားသေးသေး။ အစိမ်းရောင်နှင့် အဝါရောင် ကလစ်ငယ်နှစ်ချောင်း၊ စာအုပ် ထဲတွင် ကြာရှည်ညှပ်ထားဟန်တူသော အနက်နှင့် အဝါပြောက် လိပ်ပြာသေး ပြားချပ်ချပ်လေး တစ်ကောင်ကို တွေ့ရတော့ မငြိမ်းယဉ်အား နှုတ်ဆက်အနမ်း မိုးတွေ ရွာသွန်းတော့မည် အားခဲထားပြီးမှ ပွေ့ဖက်ထားသော လက်များကို ဖြေလျှော့လိုက်လေသည်။

ထို့နောက် မငြိမ်းယဉ်၏ ပါးပြင်လေးကို လက်နှင့်အသာဆွဲလိမ်လိုက်ပြီး မျက်နှာထားညှိုညှိုနှင့်ပင် ပြုံးလိုက်မိလေသည်။ မငြိမ်းယဉ်၏ ခေါင်းတွင် ပန်ထားသော မွှေးပျံ့သင်းထုံနေသော တတိုင်းမွှေးပန်းကို…

"ဒါလည်း ပေးလိုက်နော်"

ပြောပြောဆိုဆို ဖြုတ်ယူထားလိုက်သည်။

## အခန်း(၂၄)

နယ်ခြားဒေသ
ရွှေတန်းစစ်မျက်နှာ
…။ …။ ၆၁။

*ငြိမ်းယဉ်ရေ…*

*လွမ်းလွမ်းနဲ့ပဲ စာရေးမိပြန်ပြီ။ ငါ ကျောင်းလပ်မရောက်ခင် တစ်ခေါက် ပြန်ကုန်ပြန်လာခဲ့ရပြီး နင် ကျိုက်ထီးရိုးသွားနေလို့ လွဲခဲ့ရတာတော့ သိပ်နှမြောတာ ပေါ့။ တို့တော့ ဆွေးတာပဲ၊ ဘယ်တတ်နိုင်မလဲ။ ကျိုက်ထီးရိုးကို လိုက်လို့ရရင် လိုက်လာချင်တာပေါ့၊ နင်ကလည်း ဒီနှစ်မှပဲ ဆတ်ဆတ်ဆော့ဆော့ သူငယ်ချင်း တွေနဲ့ လိုက်သွားရသေးတယ်။ ကြီးဒွေး ပါသွားလို့ အိမ်က စိတ်ချပေမယ့် ငါဖြင့် စိတ်ပူမိသေးတယ်။ နင် တော်တော့်ကို ကဲတယ်၊ အကဲမလေး။ ပြီးတော့ ပေါတောတောနဲ့ ပေါ်တာမ။ အဆိုတော် မဖြစ်သေးဘူးလား။ ဒီမှာတော့ ရေဒီယို နားမထောင်နိုင်ဘူး၊ အားရင် ပါးစပ်ရေဒီယို ကိုယ်စီနဲ့ပေါ့၊ သံသေး သံကြောင် အစုံပဲ။ မနည်းသည်းခံရတယ်။ ဒီတော့ မေဖင့်အသံ အဲလေ မေလွင့်အသံကို သတိရတာ အထူးပဲပေါ့။ အတာနဲ့ ရန်ဖြစ်သေးလား၊ အတော့ကို*

*မုန့်ဖိုး ၁၀ ကျပ် ပေးခဲ့တယ်၊ မေဖင်တစ်လုံးခေါ်ရင် ငါးပြားနှန်းနဲ့၊ ခု အတောခေါ်တာ ဘယ်နှလုံး ရှိသွားပြီလဲ၊ များများခေါ်ဖြစ်ပါစေ…။*

မငြိမ်းယဉ်သည် ကိုအောင်ထက်စာကို ဖတ်လျက် မျက်ရည်လည်ရှင်ရယ်ရသည်။

စားပွဲတင်ဖန်ပန်းအိုးထဲတွင် ခွာညိုပန်းတို့သည် လှိုင်လှိုင်သင်းနေကြသည်။

ခွာညိုပန်းတို့မှာ တရိပ်ရိပ် မှိန်သွားကာ ထူထပ်သော သစ်တောကြီးသည် တမျှော်တခေါ်ကြီး ပိတ်ဆို့ကာဆီးနေသည်။ ကောင်းကင်တစ်ဝိုက်တွင် ဆီးနှင်းတို့သည် မှိုင်းမှိုင်းဆိုင်းဆိုင်းကာ နေပေလိမ့်မည်။

ကိုအောင်ထက်တို့တပ်သည် 'ကျိုင်းလပ်' သို့ ရောက်ခဲ့ပြန်သည်။ ရန်ကြီးအောင် စစ်ဆင်ရေးအပြီးတွင် တရုတ်ဖြူတို့သည် 'လာအို'နယ်စပ် မဲခေါင်မြစ်အထိ ဆုတ်ခွာပြောင်းရွှေ့ကြသည်။

သို့သော်လည်း နောက်ပိုင်းတွင် တရုတ်ဖြူတို့သည် ကျိုင်းလပ်၌ ဌာနချုပ်တည်ပြီး 'မိုင်ပါလီယို' မှာ လေယာဉ်ပျံကွင်း စခန်းကြီးများ လုပ်ထားကြလေသည်။

ကျိုင်းလပ်သည် ဗမာပြည်၏ နယ်ခြားဒေသနေရာ လာအို(လော)နိုင်ငံနှင့် ကပ်လျက်တွင် ရှိသည်။ ထိုဒေသတွင် သူတို့၏ အင်အားမှာ လေးထောင်ကျော်ကျော်အထိ ဖွဲ့စည်းမိကြပြန်သည်။

မဲခေါင်မြစ်သည် ကျိုင်းလပ်အလွန်တွင် အရှေ့မှ အနောက်သို့ တည့်တည့်မတ်မတ် စီးခဲ့ရာမှ တစ်နေရာ၌ တောင်ဘက်သို့ ထောင့်ချိုးကွေ့၍ စီးဆင်းသွားလေသည်။

မဲခေါင်မြစ်၏ လှပသာယာလှသော ရှုခင်းနှင့် အေးချမ်းသာယာခြင်းကို တဝုန်းဝုန်း တဒိုင်းဒိုင်း သေနတ်သံများသည် နှောင့်ယှက်ဖျက်ဆီးနေလေသည်။ ယမ်းငွေ့တလူလူသည် မြူနှီးဝေသော တောင်တန်းနှင့် မြစ်ကမ်းခြေတို့ ရက်စက်စွာ ဖုံးလွှမ်းနေသည်။ စိမ်းလဲ့ကြည်လင်သော မြစ်ရေပြင်သည် ချင်းချင်းနီရဲသော သွေးတို့နှင့်အတူ ကြေကွဲဖွယ်ရာ စီးဆင်းနေကြလေသည်။



မိမိတို့မြေပေါ် ကျူးကျော်၍ မိုင်ပါလီယိုတွင် လေယာဉ်ပျံကွင်းဆောက်ကာ ကျိုင်းလပ်တွင် ဌာနချုပ်လုပ်သည့် ရန်သူကို တိုက်ရပြန်တော့သည်။

ကိုအောင်ထက်တို့၏ 'မဲခေါင်စစ်ဆင်ရေး' တိုက်စစ်ကြီးကား စခဲ့ပေပြီ။

တောင်အဆင့်ဆင့် တောအထပ်ထပ်ကိုလည်း ကျော်ဖြတ်ခဲ့ရပြန်သည်။ မြင့်မားသော တောင်နံရံများကို တွယ်ဖက်တက်ရသည်လည်း ရှိသည်။ ခါးလယ်မျှနက်သော တောင်ကျချောင်းရေ၊ စမ်းရေများကို ဖြတ်ခဲ့ရပြန်သည်။

တပ်စခန်းချသည်နှင့်တစ်ပြိုင်နက် စစ်သည်တို့သည် ခရီးပန်းကြသဖြင့် တုံးလုံးပက်လက် အိပ်မောကျနေကြလေသည်။ ဆောင်းတွင်းကလည်းဖြစ်သဖြင့် ခိုက်ခိုက်တုန် ချမ်းကြလေသည်။

နံနက်ဝေလီဝေလင်းကြီး ဖြစ်သောကြောင့် ဆီးနှင်းတို့သည် အုံ့ဆိုင်းမှိုင်းဝေကာ ပိန်းပိန်းပိတ် မှောင်နေသည်။ မီးဖိုဘေးတွင် အနွေးဓာတ်ကိုခိုလှုံနေကြသော်လည်း ကျောဘက်မှ အအေးဓာတ်ရိုက်၍ ရိုးတွင်းချဉ်ဆီထိအောင် ထိုးဖောက်ဝင်လာပြီး အရိုးကွဲမတတ် နာကျင်ထုံနေကာ အသားတွေအကြောတွေမှာ ထုပိန်းလေးလျက် ဆိုင်းနေသည်။

ကိုအောင်ထက်ကတော့ 'လွမ်းသူရဲ့ သဝဏ်ကိုယူကာ စစ်မြေတလင်းမှာကွယ် ချစ်နေရင်းသူကလေးသို့သာ' ဆိုတဲ့ တေးသွားကို ရင်ထဲ ထပ်တလဲလဲမြည်တမ်းရင်း ပို့ခွင့်ရသည်ဖြစ်စေ မရသည်ဖြစ်စေ မငြိမ်းယဉ်ထံသို့ စာတွေလှလှပပအောင် ရေးမိလေသည်။

"ကျေးစေတမာန်ထဲက မြသွေးဖြာတဲ့ ကျေးတမာဆိုတဲ့ အပိုဒ်မေ့သွားလို့ ငြိမ်းယဉ် စာထည့်ရင် ထည့်ကူးပေးလိုက်ပါဦး"

ဆိုတာမျိုးကို ရေးတတ်သလို…

"ချစ်ငြိမ်းခေါ်တာကို တုံ့ပြန်သောအားဖြင့် ချစ်အောင်လို့ ခေါ်တာကို ရင်ထဲပီတိအဟုန်တွေ လွှမ်းခြုံနေပါတယ်၊ ချစ်ငြိမ်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ရေးမပြတတ်ဘူး၊ မေတ္တာသဘောမှာ အပြန်အလှန် ရှိတတ်တယ်ဆိုတဲ့

ချစ်ငြိမ်း တို့ကို ဘယ်လောက်ချစ်သလဲ မမေးတော့ပါဘူး၊ ခုတော့ ချစ်တဲ့ခံစား ချက်သာမက လွမ်းတတ်တဲ့ ဝေဒနာပါ စွဲကပ်နေပြီ၊ လွမ်းတဲ့ရောဂါက ရောဂါရင့်လာတော့ ဆွေးတတ်လာပြီပေါ့။ ဆွေးလာရာကနေ မြည့်လာပြီဆိုရင် တော့ ဗမာပြည် ရှေ့တန်းတိုက်စစ်နေရာတွေက အလားတူ ခံစားတတ်တဲ့ စစ်သည်တွေရဲ့ ကံကုသိုလ်ပေါ့လေ၊ တို့ကုသိုလ်ပေါ့၊ တစ်နည်းအားဖြင့်လည်း တို့အကုသိုလ်လို့လည်း ပြောနိုင်ပါတယ်''

တမ်းတစရာများသည် ရစ်ဝဲနေသော မျက်ရည်များကို တစ်ပေါက် ပြီးတစ်ပေါက် ချွေချတတ်လေသည်။ တစ်ခါတလေလည်း···

*စိမ်းယဉ်ဆီက စာလာတယ်။ တို့အကြောင်းကို ချစ်ငြိမ်းပြောလို့ သူသိရပြီတဲ့၊ အဲဒါ မိဘတွေပြောပြီး ချစ်ငြိမ်းကို လာတောင်းရမ်းပစေတဲ့ လူကြီးတွေကို အမြန်ဆုံး အသိပေးတာ အကောင်းဆုံးပဲတဲ့၊ တို့လည်း တို့မိဘ တွေကို ပြောပြပြီးပါပြီ။ မောင်နှမတော်ပေမယ့် သဘောတူကြပါတယ်။ တို့ချစ် နေမှ သူတို့ ဘာတတ်နိုင်မှာလဲ၊ အစကတော့ သူတို့သဘော တီးခေါက်ကြည့်ရ တာ စိမ်းယဉ်နဲ့ ပိုသဘောတူပုံရတယ်၊ ချစ်ငြိမ်းက ငယ်လွန်းသတဲ့။ ဒါပေမဲ့ ဒီတစ်ခါစာထဲမှာ အသက်ငယ်ငယ်လေးနဲ့ ရည်စားထားရတာ စိတ်မကောင်းပါ ဘူး၊ ညာဘူးနဲ့ ညည်းညည်းညူညူ မရေးပါနဲ့၊ တို့ပင်ပန်းရတဲ့ကြားထဲ အမောဆို့ တယ်။*

စစ်မြေအရပ်တွင် ပင်ပန်းတာလောက်တော့ စကားထဲ ထည့်ပြောစရာ မဟုတ်။ သည်မှာက မြောက်မြားစွာ စစ်သည်တို့ ဖျားကြသည်။ အချို့များ အပြင်းဖျားကာ အဖျားကြီးပြီး ကယောင်ကတမ်းများ ပြောဆိုနေလေသည်။

''ဖျားတဲ့လူနာတွေကို ဗားတော(Vertol)နဲ့ ပြန်ပို့ပေးမတဲ့''

တစ်စုံတစ်ယောက်က အော်လိုက်သည်နှင့် စစ်သည်လူနာတို့၏ မျက်နှာများကား ဝင်းထိန်သွားတော့သည်။ ဗားတော(Vertol)မှာ ရိုက္ကာလေယာဉ် (ဟယ်လီကော်ပတာ)၏ အမည်တည်း။

*ခက်တာက တို့က မဖျားတတ်ဘူး။ လက်တစ်ဖက်ကတော့ အေးလွန်း လို့ ကိုက်နေတယ်။ ချစ်ငြိမ်းပေးလိုက်တဲ့ လိပ်ပြာခြောက်လေးရဲ့ အတောင် ဘစ်ဖက် ကျိုးသွားတော့ စိတ်မကောင်းဘူးဟာ၊ လိပ်ပြာခြောက်အသစ် ပို့ထား ပေးဦး၊ လှလိုက်ဆို ခြေတပေါင်ကျိုးဖြစ်နေတဲ့ လိပ်ပြာခြောက်လေးပေါ့။ တို့က တော့ အယူမသည်းတတ်ပါဘူး။ ဒီမှာ ဘာနီမိတ်မှ မပြဘဲ ကားခနဲ ကားခနဲ ဘိုက်ပွဲကျကုန်ကြတာပဲ။ စိတ်ကူးယဉ်ပြီး ပြောစရာ မကျန်ရစ်ပါဘူး။ လူ့ အသက်တစ်ချောင်းဟာ ကွေးသောလက် မဆန့်ခင်နဲ့ ဆန့်သောလက် မကွေးခင် ပျောက်သွားတာပဲ။ ဗိုက်ထဲ ကိုးလ၊ ဆယ်လ တပင်တပန်း လွယ်ခဲ့ရပြီး ဒေါ်းလက်နှလုံး ပန်းလက်နှစ်သစ်ကနေ မနည်းကြီးပြင်းလာအောင် ပြုစုမျိုး ထောင်ခဲ့ရတဲ့ လူသားတစ်ယောက်ဟာ လွယ်လွယ်နဲ့ ပျောက်ကွယ်သွားရတာ တော့ နှမြောစရာကောင်းပါတယ်ဟာ၊ အဖြစ်တရားထက် အပျက်တရားက ဘယ်မြန်ပါလား။ ငါတော့ စစ်သားဖြစ်တာ မှားသွားပြီ၊ ဘုန်းကြီးဖြစ်ဖို့ ကောင်းတာ၊ ညစာ မဆာစေရဘူးဆိုတဲ့ အာမခံချက်သာရှိရင် တစ်သက်လုံး ဝတ်ပါရဲ့၊ နင်ကော သီလရှင် ဝတ်ပါလား၊ ခေါင်းတုံးလေးနဲ့ သိပ်လှမှာပဲ။*

□□□

## အခန်း(၂၅)

သို့နှင့်ပင် အဖိုးတန်သလောက် နုနယ်လှသော အသက်ကလေး တစ်ချောင်းသည် မြန်းစားကြီး ဆုံးပါးသွားခဲ့လေသည်။

ကိုအောင်ထက်၏ မိဘများထံမှ ကြေးနန်းစာအရ သိခဲ့ရလေသည်။ အစကတော့ မငြိမ်းယဉ်သည် သူကစားနေကျ ယုယမြတ်နိုးနေသော အရုပ် ကလေးတစ်ရုပ် ပျောက်ကွယ်ဆုံးရှုံးသွားသဖြင့် နမြောတသ သလို ငိုကြွေးလေ သည်။ ပထမတော့ ကိုယ့်အတွက်ကိုယ် ငိုခြင်းဖြစ်သည်။

နောက် အချိန်မြင့်လာမှ သူ့အတွက် ပူဆွေးသောက ရောက်လာလေ သည်။ သတင်းစာထဲမှ အသက် ၂၃ နှစ်မျှသာ ရှိသေးသော လူငယ်လေး တစ်ဦး၏ နာရေးကြော်ငြာသည် ကြေကွဲဝမ်းနည်းဖွယ်ရာကောင်းသော အဖြစ် ဆိုးကို မီးမောင်းထိုးပြနေလေသည်။ 'တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း' ဆိုသည့် စာလုံးမည်းတွေက လူတွေကို အမှတ်ထင်ထင်ဖြစ်စေသည်။ သက်ဆိုင် သူကို ရင်ကျိုးစေသည်။

သတင်းစာထဲတွင် နာရေးကြော်ငြာ ပါလာသောနေ့တွင် ကိုအောင်ထက် ထံမှ ပေးပို့သော စာများ ကတ်ပြားများ တစ်ထပ်ကြီး ရောက်လာခဲ့လေသည်။



ငှက်နှစ်ကောင်တွဲလျက် သစ်ကိုင်းထက် နားနေဟန်မှာ နှစ်သစ်ဦးကို ...ပစွာ ကြိုနေသည်။ အညိုရောင် စပျစ်သီးများ အကိုင်းထက်မှ စိမ်းပြာပြာ ...က်ကလေးနှစ်ကောင်သည် တစ်ကောင်ကိုတစ်ကောင် နှုတ်သီးကာ ခေါင်းလေး ...များ စောင်းငဲ့နေကြသည်။

ကတ်ထဲတွင် လှပဆန်းသစ်သော ပန်းချီစာလုံးများနှင့်…

ရွှေဟင်္သာမောင်နှံ ငှက်ကယ်တို့၊

ကြင်ဖော်မှာ ကြင်ဖော်ဖက်ကယ်နှင့်၊

တူပျော်ပျော် ဘယ်ခါစက်ရပ်၊

လည်ယှက်ခါ သူတို့လို…။

ထိုလက်ရေးများသည် တမလွန်ဘဝသို့ ရောက်နေသူတစ်ဦးက ပို့ ...သလို ဖြစ်နေသဖြင့် ယုံရက်စရာပင် မရှိ။ ကြေကွဲဖွယ်ကောင်းလှသည်။ ...စ်ခါတလေ မယုံ၊ အိပ်မက် မက်နေတယ်ထင်ပြီး သူ့ဆီကို စာတွေပြန်ရေးနေ ...သေးသည်။ စာရေးရင်း စိတ်ထိခိုက်ပြီး မျက်ရည်တွေ ကျလာမိတာ ခဏ ...အောပင်။

သေတယ်ဆိုတာကို သတိပေးလိုက်သလို ဖြစ်မှာစိုးလို့ အမှုမထေရက် ...ဘူးဟု အယူတိမ်းသလို ထူးဆန်းသော စကားမျိုးများလည်း ပြောမိသည်။

လူသေလို့ ရုက္ခစိုး ချက်ချင်းဖြစ်လာမယ် ဆိုလျှင်တော့ ပိန္နဲပင်မှာ ...ဖြစ်စေ၊ တရုတ်စံကားပင်မှာဖြစ်စေ လာစောင့်လျှင် သိပ်ကောင်းမှာပဲ။ စင်ထိုး ...ချက် သောက်ရေချမ်းနှင့် သပြေပန်းကပ်မည်။ ငြိမ်းယဉ် စားသမျှ အစာတွေ ...ကို ဦးဦးဖျားဖျား တင်မြှောက်ပူဇော်ပသမည် ဆိုတာမျိုးတွေလည်း တွေတွေ ...ရာ တွေးမိသေးသည်။

တကယ်တော့ မရဏဆိုသည့် သေခြင်းသည် အိမ်တိုင်း လူတိုင်းတွင် ...ရှိသည်ပင်။ မြေကြီးကို လက်နှင့်ခတ်လျှင် လွဲချင်လွဲမည်။ ဘယ်သူမှ သေခြင်း ...နှင့် မလွဲ။ တစ်နေ့ကျလျှင် ဒီလမ်းကို အားလုံးသွားရမှာပင်ဖြစ်သည်။ တန်ခိုး ...ရှိသည် မရှိသည်၊ ကြီးသည် ငယ်သည်၊ လှသည် အရုပ်ဆိုးသည်၊ လိမ္မာသည် ...မိုက်မဲသည် မရွေး။ သေခြင်းသည် အားလုံးအပေါ် လွှမ်းမိုးကြီးစိုးကာနေသည်။

တန်ခိုးကြီးမားတဲ့ ဖြဟ္မာဘုံ၊ နတ်ဘုံတောင် သေခြင်းတရားနဲ့ မလွတ်။

''တကယ်ဆိုတော့ လူ့ဘဝဆိုတာ အိပ်မက်ပါပဲ၊ ဒါကြောင့် ဘုရားဟော သုတ္တန်ကျမ်းတွေမှာလည်း ဆိုသားပဲ၊ လူသည် အိပ်မက်ထဲတွင် မြင်သည့်အရာကို နိုးသည့်အခါ မတွေ့မြင်နိုင်သကဲ့သို့ ထိုနည်းတူစွာ လူသည် ဘဝတစ်ပါးသို့ ပြောင်းသွားသော မိမိချစ်သူကို မမြင်မတွေ့နိုင်ပေတဲ့။ ကျွန်မကတော့ သေခြင်းတရားကို ယုံတယ်။ သေခြင်းတရားအတွက် ကြိုတင်ပြင်ဆင်တဲ့တရားကိုလည်း ယုံတယ်၊ အသေလှဖို့ ကြိုးစားရမယ်ဆိုတဲ့ တရားကိုလည်း ယုံတယ်၊ သေတဲ့အခြားမဲ့မှာ တမလွန်ဘဝကို ခဏနေဦး၊ လောလောဆယ် တဒင်္ဂ မသေခင် စိတ်ချမ်းသာမှုကို ရှာဖွေတဲ့ တရားလည်း ယုံတယ်''

မငြိမ်းယဉ်က ပြောပြသည့်အခါတွင် ကိုစစ်အောင်၏ ဆေးလိပ်မှာ အငွေ့သေနေပြီ ဖြစ်သောကြောင့် ထပ်မံမီးညှိလိုက်ရလေသည်။

□□□

## အခန်း(၂၆)

''ထမင်းဝတ်ပြီး အင်အားချို့တဲ့နေတဲ့ လူတစ်ယောက်ဟာကော ငြိမ်းချမ်းမှုကို ရှာဖွေတဲ့တရားကို စိတ်ဝင်စားပါ့မလား၊ ဥပမာဆိုပါတော့ နေ့က်ခင်းအစောကြီးထပြီး ပဲပြုတ်အမီရောင်းရမယ့် မိန်းမဟာ ဘုရားအာရုံပြု ပြီးတဲ့ဆက် သူ့ အချိန်မှီ အလုပ်လုပ်ရဖို့ စိတ်အားထက်သန်မှာပဲ၊ ဒါကို အပါယ် လားကြောင်းလို့ ရက်ရက်စက်စက် ပြောတော့မလား''

ကိုစစ်အောင်သည် ဒီတစ်ခါ ရှည်ရှည်ဝေးဝေး မေးလိုက်လေသည်။

''ကျွန်မလည်း ခဏခဏတွေ ဒီကိစ္စကို ဆွေးနွေးဖူးပါတယ်၊ တရားကျင့်ကြံအားထုတ်တာထက် လူတွေနဲ့ နီးနီးကပ်ကပ်နေပြီး တရားရှာတာ ပြီးပါရမီဖြစ်တယ်တဲ့၊ ကျွန်မတို့ အနီးအပါးမှာ နေကြတဲ့လူဆိုးတွေဟာ ပါရမီဖြည့်ဖက် ဖြစ်တယ်လို့တောင် ဆိုတာပဲ၊ ဒါမှ ခန္တီဆိုတဲ့တရားဟာ ပေါ်လွင်မှာပေါ့၊ ဆိုကရေးတီးလား မသိဘူး ပြောဖူးတယ်၊ မယားကောင်း ရရင် စိတ်ချမ်းသာပြီး မယားဆိုးရရင် ပညာရှိဖြစ်လာမတဲ့''

မငြိမ်းယဉ်သည် ပြောကာ သဘောကျသလို ရယ်မောပြီး…

''ခုလောလောဆယ် ဝန်ခံရရင် ကျွန်မတော့ ပညာရှိ မဖြစ်သေးဘူး

စိတ်လည်းမချမ်းသာဘဲ ဒေါသအိုးပဲ ဖြစ်နေတော့တယ်။ ဖြည်းဖြည်းချင်းတော့ ကျင့်သားရချင်လည်း ရလာမှာပေါ့လေ၊ ထမင်းအိုးတည်ရင်း အဝတ်လျှော်ရင်းလည်း တရားရှုလို့ရတာပဲ၊ ဘယ်လိုပြောရမလဲ၊ ကျွန်မပြောတာ လိပ်ပတ်မလည်ရင်လည်း သည်းခံပါ၊ ကျွန်မ ဆိုလိုတာက ဒီတရားဟာ ထမင်းဝတ်တာကိုလည်း မညည်းညူဘူး၊ ကိုယ်လက်ခန္ဓာ နာတာကိုလည်း သည်းခံတယ်၊ တိသရဟန်းကြီး ကြည့်ပါလား၊ သူခိုး ဓားပြလက်ထဲမှာ သေရတော့မယ့်အတူတူ သူ့ခြေထောက်ကို သွေးစက်လက်ယိုအောင် ရိုက်ချိုးပြီး မိုးမသောက်ခင်မှာ အရဟတ္တမဂ်ဆိုက်တဲ့အထိ Short cut(ဖြတ်လမ်း)က တရကြမ်းချသွားတာပဲ မဟုတ်လား"

"ခု ကျွန်မပြောနေတာက နိဗ္ဗာန်ရောက်ကြောင်းတရားအဆင့်ထိ မရောက်သေးဘူးနော်၊ ကျွန်မစကားတွေက လောကီကိစ္စနဲ့ တွဲလျက်ပဲရှိသေးတယ်၊ လောလောဆယ်မှာ လူတွေဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေကြလို့သာ လောကုတ္တရာကျင့်စဉ်ကို လွယ်လွယ်ကူကူ ပြောနေကြတာ၊ ထင်သလောက်မလွယ်လှဘူး၊ ပြီးတော့ လောကုတ္တရာနဲ့ လောကီဟာ ဘယ်လိုမှ တွဲမရဘူး၊ တစ်ခုက ဘဝကိုဖြတ်တယ်၊ ဓာတ်ပြတ်မှ ကိစ္စအေးမှာကိုး၊ တစ်ခုကတော့ ဘဝကို တွယ်နေရတုန်းပဲ၊ ဓာတ်ပြတ်သွားရင် အလုပ်သိပ်မဖြစ်သေးဘူး၊ ဒီတော့ ကနောင်မင်းသားဟာ နယ်ချဲ့တပ်သားတွေကို အံတုဖို့ ကျုံးမှာ ဗုံးဖောက်ခွဲတော့ ငါးတွေ ပေါ်လောသေတာကို မြင်ရတဲ့ မင်းတုန်းမင်းဟာ မျက်နှာလွှဲတယ်၊ ဗုံးတွေ ဖျက်ဆီးလိုက်ဖို့ အမိန့်ပေးတယ်၊ သည့်နောက် ဗမာဟာ ခပ်လွယ်လွယ်နဲ့ သူ့ကျွန်ဖြစ်ရတယ် ဆိုတယ်"

မငြိမ်းယဉ်က ဆက်၍…

"ဒီလိုဆွေးနွေးရတာ ကျယ်ဝန်းလွန်းတယ်၊ ကျွန်မလည်း မဆွေးနွေးတတ်ဘူး"

ထို့နောက် မငြိမ်းယဉ်သည် ရယ်လျက် ကိုစစ်အောင် မျက်နှာကို လှမ်း၍စူးစူးစိုက်စိုက် ကြည့်ပြီး…

"ကြက်ဥနဲ့ နွားနို့လိုမျိုး ရောခေါက်လို့ရရင် ကျွန်မဖြင့် လောကီကိစ္စ



နဲ့ လောကုတ္တရာကိစ္စကို သမအောင် မှုလိုက်ချင်တာပဲ၊ အစွန်းနှစ်ဖက်ကို မရောက်စေဘဲနဲ့ပေါ့၊ ဒါကြောင့် သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက်သွားမယ့်အစား လူတွေထဲနေရင်းလည်း တရားရှာဖွေချင်ပါတယ်၊ မျက်မှောက်လောကကြီးမှာ ကျွန်မ ကြည်ညိုတဲ့လူနှစ်စားရှိတယ်၊ ကိုစစ်အောင် ညောင်ဦးဘိုတဲမှာ ပြောခဲ့ဖူးတဲ့ 'စွန့်လွှတ်ခြင်း' ဆိုတဲ့စကားလေ၊ မှတ်မိသေးလား၊ အင်္ဂလိပ်လို…"

"Renunciation"

ကိုစစ်အောင်က ထောက်လိုက်သည်။ မငြိမ်းယဉ်သည် ခေါင်းတစ်ချက်ညိတ်လျက်…

"တစ်စားက ခု ကျွန်မနဲ့အတူတူ အဓိဋ္ဌာန်လုပ်ငန်းတွေ လုပ်နေတဲ့ဆရာရယ်၊ ဦးပဥ္စင်း ဦးသောဘိတရယ်၊ တစ်စားက ကိုစစ်အောင်ရဲ့ ဦးလေး သခင်ကြီးရှိန့်လို လူရယ်၊ ကိုစစ်အောင်ရယ် ဆိုပါတော့"

"ကျွန်တော့်ကိုတော့…"

ကိုစစ်အောင်က လှမ်းကန့်ကွက်မည်ပြင်သည်ကို မငြိမ်းယဉ်က သတိမထားနိုင်ဘဲ…

"ဒီလူနှစ်မျိုးနှစ်စားစလုံးဟာ လူသားတွေရဲ့ သာသနာ့အကျိုး၊ လူလွတ်မြောက်ရေးအကျိုးကို ဆောင်ရွက်နေကြတဲ့လူချည်းပဲ မဟုတ်လား၊ ကျွန်မဆရာဆိုတာ သူ့ထမင်းသူစားပြီး ဆေးလိုက်ကုပေးနေတာ တော်တော်ကြာပြီ၊ ဝဋ်နာကံနာ မဟုတ်တဲ့ ရောဂါတွေကို သူက ဒိဋ္ဌဓမ္မ ချက်ချင်းပျောက်အောင် ကုပေးနိုင်တယ်၊ ပိုက်ဆံတွေ ပုံပေးလည်း သူ့အဓိဋ္ဌာန်နဲ့သူမို့ တစ်ပြားတစ်ချပ်မှ မယူဘူး၊ ကလေးခြောက်ယောက်နဲ့ သိပ်ဆင်းရဲတာပဲ၊ ဆရာကတော်ဆိုတာလည်း သူ့ပါရမီ ဖြည့်ရတာနဲ့ပဲ အချိန်ကုန်တယ်၊ ဆေးကုရင်း ထမင်းနပ်ကျော်သွားတာလည်း တွေ့ဖူးတယ်၊ လူနာက ကြမ်းပြီး တုတ်နဲ့ရိုက်လို့ နဖူးကွဲတာလည်း တွေ့ဖူးတယ်၊ ဒါလည်း သူသည်းခံတာပဲ။

လောကမှာ စန္ဒကူးပင်ဟာ ခြောက်သွေ့သော်လည်း အနံ့ကို မစွန့်၊ ကြံဟာ ယန္တရားစက်ရဲ့ အဝကို ရောက်သော်လည်း ချိုတဲ့အရသာကို မစွန့်၊

ပညာရှိ သူတော်ကောင်းဟာ ဆင်းရဲခြင်းရောက်သော်လည်း သူတော်ကောင်းတရားကို မစွန့်လို့ဆိုတဲ့ လောကနီတိ စကားလည်း ရှိသားပဲ၊ ဒီစကားအရ လောကမှာ သိပ်ကောင်းတဲ့လူနဲ့၊ သိပ်ဆိုးတဲ့လူ နှစ်မျိုးခွဲလို့ရပြန်တယ်။

တချို့များ ဝမ်းရေးအတွက် မပူရပေမယ့် အကုသိုလ်ဒုစရိုက်လုပ်တယ်၊ ဆိုလိုတာက လုပ်ဖို့မလိုဘဲ ဝမ်းဝရဲ့သားနဲ့ သီလမစောင့်ဘူး၊ တချို့ကျတော့ ဥပမာ ဒီဆရာလိုလူပေါ့၊ ဝမ်းတော့မဝဘူး၊ ဒါပေမဲ့ သီလတော့စောင့်တယ်၊ သူဟာ ထမင်းငတ်ပေမယ့် ခိုးတော့ စားတော့မယ် မထင်ပါဘူး၊ ဒါကတော့ ကျွန်မရဲ့ အမြင်ပါလေ၊ စာဒက တက်မယ်ဆိုလည်း တက်ပါ ကျွန်မဆိုလိုတာက ကျွန်မ ကျင့်နေတဲ့ ကျင့်စဉ်ဆိုတာဟာ ပတ်ကား၊ ဖတ် ကလပ်တရား အကောင်းစားကြီး ဟုတ်ချင်မှ ဟုတ်မယ်လေ”

ကိုစစ်အောင်သည် စီးကရက်ပြာတောင့်ကို ချွေကာ ပြုံးမိလေသည်။ မငြိမ်းယဉ်က ရယ်လျက်…

“ကလေးပြော ပြောမိတယ်ဆိုရင်လည်း သည်းခံပါဦး၊ ကျွန်မမြင်တာ ခုလောလောဆယ် ဝိပဿနာ ရုပ်ကွဲနာမ်ကွဲကျင့်တဲ့ တရားထက် သမာဓိကို အရင်ထူထောင်ရင် ကောင်းလိမ့်မယ်ထင်တယ်၊ အဓိကက သီလစင်ကြယ်ဖို့နဲ့ သမာဓိတည်ဖို့ပဲ။ ဒါကြောင့်မို့ ကျွန်မ သစ္စာစကားတွေ ပြောနေတာပေါ့၊ အဲဒီနှစ်ခုကို အောက်ခြေခိုင်ခိုင် အုတ်မြစ်ချမှ ကျွန်မတို့ လိုချင်တဲ့ ဗိမာန်တည် ဆောက်နိုင်မှာပေါ့”

“နောက်ပြီး ဘုရားတောင်မှ သမထနဲ့ လောကီဈာန်ရအောင် အရင်ယူသေးတာပဲ မဟုတ်လား၊ ဒါမှ သာသနာ့ဆူးညှောင့်ခလုတ်တွေကို ဒီမဟိဒ္ဓိ တန်ခိုးတွေပြပြီး ဖယ်ရှင်းရမယ် မဟုတ်လား၊ ကျွတ်ထိုက်သူလည်း ကျွတ်စေရမယ် မဟုတ်လား။ တစ်ခုတော့ ရှိပါရဲ့၊ တရားတော်က အပျက်ကို အပျက်လို့ ရှုစေတယ်၊ ခု ကျွန်မဖြစ်စေချင်တဲ့လမ်းက အပျက်ကို အဖြစ်ဖြစ်အောင် လုပ်ပြီးမှ ကျင့်တာပဲ။ လောကီကိစ္စတွေမှာ ပြီးပြည့်စုံအောင်ပေါ့။ ဒီလိုကော ကျင့်လို့ရသလား မေးလာရင် လောကကြီးမှာ ဘာမဆို ဇွဲနဲ့အလုပ်လုပ်ရင် ကံဆိုတာကို လက်ပိုက် မကြည့်နေနဲ့တော့။ အဲဒီကံက မိုးကုတ်ဆရာတော်ရဲ့



မိန့်ကြားချက်မျိုးနဲ့ ဖြတ်လို့လည်းရသလို၊ ပြင်းထန်တဲ့ကျင့်စဉ်နဲ့ စိတ်ဓာတ်နဲ့ ကံဆက်လို့လည်း ရမယ်လို့ ကျွန်မ ထင်တယ်လေ”

“ဒီအချက်ကိုတော့ ကျွန်တော် လက်ခံပါတယ်၊ လက်ခံချင်တာလည်း ပါတာပေါ့၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့မှာ လုပ်စရာကိုင်စရာ ဆောင်ရွက်စရာတွေကလည်း ရှိသေးတာကိုး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် မငြိမ်းယဉ်နဲ့ ဆွေးနွေးခွင့်ရတာ အကျိုးရှိပါတယ်၊ ခဏခဏ ဆွေးနွေးခွင့်လည်း ရချင်ပါတယ်”

“ရပါတယ်၊ ဒါပေမဲ့ ကျွန်မပြောတာတွေ ရှင်းရဲ့လား၊ ကျွန်မမှာ ပြောစရာတွေ အများကြီးပဲရှိပြီး ဘယ်လိုပေါ်လွင်အောင် ပြောရမယ် မသိဘူး၊ ကျွန်မက လက်ထောက်ကထိကသာ ဖြစ်တယ်၊ စကားပြောတော့ ညံ့တယ်”

“ကျွန်တော် သဘောမတူတာတွေ အများကြီး ရှိပေမယ့် မငြိမ်းယဉ် ပြောတာတွေ နားထောင်ရတာ ဘဝင်ကျပါတယ်”

“ဗုဒ္ဓတရားတော်မှာ ကျွန်မရဲ့ အတွေးအခေါ် အယူအဆတွေ ပါဝင် နှောနေလို့ ဓမ္မန္တရာယ်ဖြစ်မှာလည်း စိုးရိမ်မိတယ်”

“ဘာပဲဖြစ်ဖြစ် မငြိမ်းယဉ် မလိမ်တတ်တာကိုတော့ ကျွန်တော် သဘောကျပါတယ်၊ မုသားမပါ လင်္ကာမချောဆိုတာလို လူတွေ မုသားမကင်း တတ်တာတော့ လက်ခံပါတယ်၊ ဒါပေမဲ့ ကြီးမားတဲ့ကိစ္စတွေမှာ မလိမ်တတ် တာကို ပြောချင်တာ လောကီသစ္စာဆိုတာလည်း မငြိမ်းယဉ်ကြောင့် ခွဲခြား သိလာရတဲ့အတွက် ကျေးဇူးတင်ပါတယ်”

“ကံဖြတ်တာနဲ့ ကံဆက်တာဆိုလို့ ပြောဦးမယ်၊ လူတွေနေမကောင်း ရင် ကံနိမ့်ရင် တံတားခင်းတာတို့ ညောင်ထောက်တာတို့ ငါးလွှတ်တာတို့ လုပ်လေ့လုပ်ထရှိတယ်၊ အဲဒါကို မိုးကုတ်ဆရာတော်က သဘောမကျလှဘူး၊ ကံဆက်တော့ ကံမပြတ်၊ ကံမပြတ်တော့ ဇာတိဆက်၊ ဒီတော့ သံသရာလည်စေ သတဲ့။ ဆရာတော်ဘုရားကြီးက နိဗ္ဗာန်ရောက်ကြောင်း တရားမို့လို့ ကွင်းကွင်း ကွက်ကွက်မြင်အောင် ဟောခဲ့တာ။

အင်္ဂုလိမာလ ကြည့်ပါလား၊ လူတစ်ထောင် သတ်လာတဲ့ အကုသိုလ်

ဟာ နည်းတဲ့အကုသိုလ်လား၊ ဒါပေမဲ့ ဒီဘဝထဲမှာ အရဟတ္တမဂ်ဆိုက်အောင် အပြတ်ချတော့…"

မငြိမ်းယဉ်က သူ့စကားကို သဘောကျပြီးရယ်လျက် 'သည်းခံပါ ကျွန်မရဲ့ choice of words (စကားလုံးရွေးချယ်တာ)တွေက မကောင်းဘူး' တောင်းပန်လိုက်လေသည်။

"ဒေဝဒတ် လို့လထုတ်ပုံကျတော့တစ်မျိုး၊ တောင်ပေါ်က ကျောက်တုံးလှိမ့်ချပြီး မြတ်စွာဘုရားကို အသေသတ်တာ၊ ခြေမဟက်တက်ကွဲပြီး သွေးစက်လက်ယိုတယ်၊ ဘုရားမှာ သူများကို လုပ်ထားတဲ့ ဝဋ်ကြွေးအကုသိုလ်ပါလားဆိုတော့ မပါဘူးတဲ့။ ဒါဖြင့် ဘာလို့ ခြေမကွဲရသလဲ၊ ဒေဝဒတ်ရဲ့ မျက်မှောက်ဘဝမှာ လုံ့လဉ္စာသဟ အားကြီးတော့ ဖြစ်ရသတဲ့။ ဒါဟာ ဘုရားရှင့်မာကြီးကို ကြံတာနော်၊ ဒီတော့ ကျွန်မပြောချင်တာက ကံကိုချည်း ပုံးမယ်ဖွဲ့ရင် လူဟာ ပျော့ညံ့တယ်၊ အလုပ်မဖြစ်ဘူး၊ အတတ်နိုင်ဆုံး ကျင့်ကြံရမယ်ဆိုတာ ထင်ရှားနေတယ်။ ဒါကြောင့်မို့ ဘာကြီးဖြစ်နေဖြစ်နေ ကျွန်မကိုယ်ကျွန်မ ကံဆိုးတယ်လို့ ဘယ်တော့မှ မထင်ဘူး၊ ဒီလိုကံဆိုးတာတွေလည်း အကာအကွယ်တွေယူရင် ရလိမ့်မယ်လို့ ကျွန်မ ယုံကြည်တာကိုး။

အဲလေ…ယုံချင်တာလည်း ပါတယ်လို့ ဝန်ခံရမှာပဲ၊ ဗုဒ္ဓတရားတော်ကလည်း ကုသိုလ် အကုသိုလ်ဆိုတာ 'အကာလိကော' အချိန်အခါမရွေး အကျိုးပေးနိုင်တယ် ဆိုထားတော့ ကျွန်မလည်း အမြဲသန်ပါရမီဖြစ်အောင် အချိန်ပေးသလောက် ကျင့်နေချင်တော့တာပဲ၊ ဒီလိုစိတ်မျိုး ဖြစ်ပေါ်လာရတာပဲ"

□□□

## အခန်း(၂၇)

ရုပ်ကလေး ချစ်စရာကောင်းပြီး ပညာတွေ တတ်ပါလျက် အကြိမ်ကြိမ် နာမည်ပျက်ခဲ့ရသော မငြိမ်းယဉ်။ ရည်းစားသေ မုဆိုးမနှင့် ရည်းစားပစ်ဘစ်ခုလပ်မလေး မငြိမ်းယဉ်။

ညှာညှာတာတာ ပြောရလျှင်တော့ ဘဝကံခေသူပေါ့။ မညှာမတာ ပြောရလျှင်တော့ မျက်နှာများသူ၊ မငြိမ်းယဉ်၏ ပတ်ဝန်းကျင်တွင် ဆိုးရွားမိုက်မဲသော မိန်းမတစ်ယောက်သာလျှင် ဖြစ်တော့သည်။

"မျက်နှာများတယ်လို့ အထင်ခံရမှာစိုးလို့ ကိုလွင်မောင် ချုပ်ချယ်သမျှကို သည်းခံလာခဲ့တာပေါ့၊ ကိုလွင်မောင်နဲ့ စတွေ့ပုံကတော့ ကိုအောင်ဘက်နဲ့တုန်းကလို လွမ်းလွမ်းတတ ဘာမှပြောစရာမရှိပါဘူး၊ ဒီတုန်းက ဒီဂရီဘစ်လုံးလည်း ရနေပြီ၊ စဉ်းစားတတ်တဲ့ အရွယ်လည်းရောက်ပြီ ဆိုပါတော့၊ ကိုလွင်မောင့်ကို လက်ခံတဲ့အခါမှာ နှလုံးသားထက် ဦးနှောက်နဲ့ပဲ ရွေးခဲ့မိတယ်၊ အဲလေ သူကလည်း ဦးနှောက်နဲ့ ရွေးခဲ့တာကိုး။

သူလည်း ကထိက တစ်ယောက်ဆိုတော့ မိန်းမတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ ကျွန်မကို ရွေးခဲ့တာတော့ စိတ်သဘောအကောင်းဆုံး၊ ပညာတတ်ပြီး

ရှင်းရှင်းပြောရရင် လူပါးမဝဆုံး လင်သားကို ရှိသေကျိုးနွံမယ့် ဩဇာခံမယ့် မိန်းမကို ရှာဖွေရင်း မငြိမ်းယဉ်ဆိုတဲ့ အရူးအမိုက်ကို တွေ့တာပဲ၊ ကျွန်မနဲ့ သူနဲ့ အလုပ်အတူတူလုပ်ရင်း တွေ့ကြတာပဲ၊ သူက ကိုအောင်ထက်ထက်တောင် အသက်ကြီးသေးတော့ ကျွန်မကို နှမငယ်တစ်ယောက်လိုပဲ ကြင်နာလိမ့်မယ် ထင်မိတာကိုး။

သူ့ကို ကိုစစ်အောင် တွေ့ဖူးပါတယ်၊ ညောင်ဦးမှာတုန်းက ကျွန်မတို့ နှစ်ယောက်ဟာ လူတကာက အားကျအသိအမှတ်ပြုခဲ့တဲ့ အတွဲတစ်တွဲပေါ့၊ ဒီတုန်းက ကျွန်မတို့ သမီးရည်းစားသက် သုံးနှစ်လောက်ရှိပြီ။ သမီးရည်းစားလို့ ရင်းရင်းနှီးနှီးလည်း နေခဲ့တယ်၊ အိမ်မှာလည်း အထင်ကရ ဝင်ထွက်သွားလာနေ ခဲ့တယ်။ သူနဲ့ ကျွန်မ နှစ်ယောက် ဘဏ်မှာလက်ထပ်စရိတ် စုဆောင်းကြတယ်၊ ရှေ့ရေးစီမံကိန်းတွေ အသေအချာ ဆွဲပြီးသားပဲ။ ကိုလွင်မောင်က အလုပ်လုပ်တဲ့ နေရာမှာ သိပ်သေချာတယ်၊ ပီရိတယ်၊ ဒီတုန်းကတော့ သူ့ရဲ့ ရာသက်ပန် ကြင်ဖက်ဟာ ကျွန်မပဲလို့ သတ်မှတ်ခဲ့တယ်။

ဒါကြောင့်လည်း သူမကြိုက်တာဆို ကျွန်မ အကုန်ရှောင်တယ်၊ လူတွေရှေ့ ဟက်ဟက်ပက်ပက် ရယ်တာကအစ သူမကြိုက်ဘူး။ ဖော်ဖော် ရွေရွေ နှုတ်ဆက်တာမျိုးလည်း သူက မုန်းတယ်၊ အထူးသဖြင့် ယောကျ်ားတွေ ကိုပေါ့၊ ပွဲလည်း မကြိုက်ဘူး၊ ကျွန်မရဲ့ သုတေသနလုပ်ငန်းအတွက် ဟိုဟိုဒီဒီ သွားလာတာမျိုးလည်း မကြိုက်ဘူး၊ ဒီတော့ ကျွန်မလည်း သူမကြိုက်တာတွေ ကို သူ့ရှေ့မပြောနဲ့ သူ့ကွယ်ရာကိုတောင် မလုပ်မိအောင် ရှောင်တယ်။ ကျွန်မ ကလည်း ကျွန်မ ယုံကြည်ချက်ကို ရှေ့တန်းတင်လိုပေမယ့် တစ်ရည်းစားထ နှစ်ရည်းစား မျက်နှာများမှာစိုးလို့ စိတ်ကို အသာချိုးနှိမ်လိုက်တယ်၊ လုပ်ချင်သမျှ ကို မျိုသိပ်လိုက်တယ်။

ဒီကြားထဲကကို ကျွန်မရဲ့ ကုသိုလ်ပဲပေါ့၊ သူတို့ဆွေမျိုးသားချင်း ကောင်းတဲ့ မိန်းမတစ်ယောက်နဲ့ တွေ့သွားတာပဲ၊ တွေ့စက မပြောဘူး၊ ကျွန်မနဲ့ သူနဲ့ ခဏခွဲရအောင်တဲ့၊ သူတို့ Further Study(ပညာတော်သင်) သွားမယ်၊ ကျွန်မလည်း ကြိုးစားတဲ့၊ နှစ်ယောက်စလုံး ကောင်းဖို့ပဲတဲ့၊ ရည်းစားဘဝနဲ့



ကွဲခြားစီဖြစ်နေတာ စိတ်ပူနေရသတဲ့၊ တစ်ယောက်ကိုတစ်ယောက် စိတ်မချဘဲ နေရတာ စိတ်နည်းနည်းမှ မချမ်းသာဘူးတဲ့၊ တကယ်လို့ သူ နိုင်ငံခြားကို ထွက်တာတွဲ့ သွားယူတုန်း ကျွန်မကို တကယ်ချစ်ခင်မြတ်နိုးမယ့်သူတွေ့ရင် ယူပါတဲ့၊ ကြည်ကြည်ဖြူဖြူ ခွင့်ပြုမယ်တဲ့၊ နောက်တော့ ကျွန်မ နာမည်နဲ့ထား တဲ့ဘဏ်က ပိုက်ဆံကို နှစ်ယောက် မျှယူကြတာပဲ၊ ချက်ချင်းပဲ သူ အဲဒီအမျိုး သမီးနဲ့ ခမ်းခမ်းနားနား လက်ထပ်လိုက်တာပဲ''

''မငြိမ်းယဉ် စိတ်မထိခိုက်ဘူးလား''

''ပြောရရင်တော့ ကိုလွင်မောင် ဒေါက်တာတွဲ့ယူမလို့ နိုင်ငံခြားသွား မယ်ဆိုပြီး ခွဲခိုင်းတဲ့အချိန်တုန်းကတော့ ရူးမတတ်ပါပဲ၊ ရှက်တာရော မခံချင်တာ ရောပေါ့၊ ကျွန်မနာမည်နဲ့ထားထားတဲ့ ဘဏ်ကပိုက်ဆံတွေ တစ်ဝက်စီ ပြန်ခွဲကြ တဲ့အခါ၊ နှစ်ပတ် သုံးပတ်လောက် အိပ်ဆေးတွေချည်း သောက်အိပ်နေတာ၊ အိပ်နေရင်း သေသွားပါစေချည်း ဆုတောင်းခဲ့တာ''

သက်ပြင်းချသံသည် လေထဲတွင် ညင်သာစွာ လွင့်လာလေသည်။ မငြိမ်းယဉ်သည် ဝေလာသော မျက်ရည်ကို ဖျတ်ခနဲ မျက်တောင်တခတ်ခတ် နှင့် ပြန်ရုပ်သိမ်းကာ...

''ကိုလွင်မောင် လက်ထပ်တဲ့အချိန်မှာတော့ တော်တော်သွေးအေးသွား ပြီ၊ လုံးဝစိတ်မညစ်တော့ဘူး၊ ဥပေက္ခာတရားလည်း တော်တော်ရှေ့ရှုနိုင်ပြီ၊ ဖြစ်လေရာဘဝမှာ ကျွန်မဟာ ယုံကြည်ချက်အတွက် အသက်ရှင်ရတဲ့ မိန်းမ ဖြစ်ပါစေ၊ အချစ်ရဲ့ ကျေးကျွန်နောက်လိုက် မဖြစ်ပါစေနဲ့၊ အသည်းကွဲရတဲ့ အဖြစ်မျိုး ဘယ်တော့မှ မရောက်ပါစေနဲ့၊ အသည်းကွဲစရာအကြောင်း ပေါ်လာ ရင်လည်း ကိုယ့်အသည်းကိုကိုယ် ဓားနဲ့ခွဲထုတ်ပစ်လိုက်ရပါစေလို့ ပြင်းပြင်း ထန်ထန် ဆုတောင်းတယ်၊ အချစ်အတွက် ဒါမှမဟုတ်၊ ယောကျ်ားတစ်ယောက် အတွက် ဘဝကို ဖျက်ဆီးရမှာ သိပ်နမြောတယ်''

''အချစ်ဆိုတာရော မငြိမ်းယဉ် ယုံသလား''

ကိုစစ်အောင်က မေးလိုက်လေသည်။

''အချစ်ဆိုတဲ့တရားကိုတော့ ယုံပါတယ်၊ ရှိလိမ့်မယ်လို့လည်း ထင်

ပါတယ်၊ ကျွန်မ မယုံတာက လူတွေကိုပါပဲ၊ လူတွေမှာ ချစ်စရာကောင်းလှတဲ့ နှလုံးအိမ်ရှိနေပါရဲ့နဲ့ အချစ်ဆိုတဲ့ တရားကို ဥပေက္ခာပြုကြတယ်၊ ယောက်ျား မိန်းမ ကြုံကြိုက်လို့ စကားလှလှ သကြားဖုံးပြီး တပ်မက်ကြတာ၊ ကိုယ်လက် နှီးနှောတာလောက်ကိုပဲ အချစ်လို့ သတ်မှတ်ရမှာ နှမြောစရာသိပ်ကောင်းတာ ပဲ''

''မငြိမ်းယဉ်ဆိုလိုတာက တပ်မက်တာ၊ ကိုယ်လက်နှီးနှောတာ မပါ ဘဲနဲ့ ချစ်ရမယ်လား''

ပွင့်လင်းစွာ မေးလိုက်မိလေသည်။

''ကျွန်မ ဒီလိုမဆိုလိုပါဘူး၊ လူ့လောကမှာ ဖိုမဆက်ဆံရေး၊ ခပ် လွယ်လွယ်ပြောရရင် Sex(လိင်စိတ်)ဟာ အဓိကကျတဲ့ အချက်ပဲ။ လူမျိုးဆက် ပြန့်ပွားဖို့ အိမ်ထောင်ပွားစည်းဖို့ သူက ဘယ်လောက်အရေးပါတယ်ဆိုတာ ကျွန်မ လက်ခံပါတယ်၊ ပြီးတော့ ရှေးလူကြီးတွေ ယူဆသလို ဒီစိတ်ကို ဒုစရိုက် အမင်္ဂလာလို့ မယူဆပါဘူး၊ သူက သဘာဝကိစ္စပါ၊ ဒါကြောင့် ဒီလောကမှာ အပျိုကြီး၊ လူပျိုကြီးတွေ မရှိသင့်ပါဘူး''

ကိုစစ်အောင်က သဘောကျသလို ရယ်မောနေသည်။ မငြိမ်းယဉ်က ပါ ရယ်မောမိပြီး…

''ကျွန်မပြောချင်တဲ့ အချစ်တရားကတော့ ဒီဖြစ်ရိုးဖြစ်စဉ် လိင်စိတ် ထက် ပိုမြင့်မြတ်ပါတယ်၊ ဗုဒ္ဓဘုရား ဟောကြားတဲ့ သမုဒယ၊ မုဒိတာ ကရုဏာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်တရားလောက် အမြတ်ဆုံး ဖြစ်ချင်မှ ဖြစ်ပေမယ့် လိင်စိတ်နဲ့ ဗြဟ္မစိုရ်တရားအကြားမှာရှိတဲ့ မေတ္တာသန့်သန့်တစ်မျိုး ပါပဲ၊ အချစ်ဆိုတာ မရှိဘူး၊ တပ်မက်တာ ကိုယ်လက်ရင်းနှီးတာလောက်ပဲ ကိစ္စပြတ်ရင်တော့ လူစင်စစ်က လေးဘက်ထောက်နေဖို့ပဲကောင်းတယ်၊ ကျွန်မ ပြောတာ ရှိုင်းသွားရင်လည်း ခွင့်လွှတ်ပါ''

''ကိစ္စမရှိပါဘူး၊ မငြိမ်းယဉ် စိတ်ထဲရှိတာ ပြောနိုင်ပါတယ်၊ ကျွန်တော်ကတော့ ရုပ်ဖြစ်ကို ပိုယုံကြည်တဲ့လူမို့ မငြိမ်းယဉ်ပြောတဲ့ အချစ်တရား ကို လေ့လာကြည့်ပါဦးမယ်၊ နိုင်ငံခြားစာပေတွေ၊ သီချင်းတွေမှာတော့ တွေ့ဖူး



ပါတယ်၊ ဘယ်လောက်ထိ မှန်ကန်မလဲဆိုတာတော့ ကျွန်တော် အချိန်ယူ တွေးမိသေးဘူး''

''ကိုစစ်အောင် မယုံဘူးလား၊ အချစ်တရားကို''

''မယုံဘူးလို့ မဆိုလိုပါဘူး၊ ယုံကြည်လာတဲ့အထိ မလေ့လာရသေး ဘူးလို့ ဆိုလိုတာပါ၊ တစ်ခုတော့ မေးပါရစေ၊ မငြိမ်းယဉ် အခုလက်ထပ်မယ့် သူဟာ မငြိမ်းယဉ် ခုရှေ့တန်းတင်တဲ့ အချစ်တရားနဲ့ ပတ်သက်လား''

''ဒီလူကို ကျွန်မ ချစ်သလားလို့ ပွင့်ပွင့်လင်းလင်းပဲ မေးလိုက်ပါ တော့''

''စိတ်မရှိပါနဲ့၊ ကျွန်တော်မေးတာ မဖြေနိုင်ရင်လည်း နေပါစေ''

''ဖြေနိုင်ပါတယ်၊ ကျွန်မမြတ်နိုးတဲ့ အချစ်တရားဆိုတာကတော့ ရှာဖွေရမှာ ခပ်ခက်ခက်ပဲ၊ ကိုအောင်ထက်တုန်းကတော့ ဆုံးအောင်မကြည့်လိုက် ရဘူး၊ ကိုလွင်မောင်ကတော့ ဗူးပေါ်သလို ပေါ်လာတယ်၊ 'မျိုး'ဆိုတဲ့လူမှာတော့ အချစ်တရားနဲ့ အနီးစပ်ဆုံးလို့ ထင်လိုက်ရပြီးမှ ကပ်လွဲသွားတယ်၊ ကျွန်မပြော ချင်တာ လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းကြမှ အချစ်ရှိတယ်လို့ ပြော ချင်တာ မဟုတ်ပါဘူး၊ ဥပမာ မျိုးနဲ့ ကျွန်မ ယူဖြစ်ချင်မှ ယူဖြစ်မယ်၊ ကိုအောင်ထက်နဲ့ ယူဖြစ်ချင်မှ ယူဖြစ်မယ်၊ ချစ်တယ်ဆိုတာဟာ တစ်မျိုးပါပဲ၊ သိမ်မွေ့နူးညံ့လွန်းတယ်လို့ ထင်ပါတယ်၊ သူ့ကို နားလည်ဖို့ တော်တော်ခက် မလားပဲ၊ ကျွန်မလည်း နားမလည်ဘဲ ပြောနေမိသလား မသိပါဘူး''

မငြိမ်းယဉ်သည် ဟက်ဟက်ပက်ပက် ရယ်မောမိပြန်သည်။ ကိုစစ် အောင်သည် မငြိမ်းယဉ်၏ ရွှန်းလဲ့တောက်ပသော မျက်လုံးများကို ဖျတ်ခနဲ လှမ်းကြည့်ပြီးမှ သူ့မျက်လုံးများကို စားပွဲစိုက်ထားလျက်…

''မငြိမ်းယဉ် ဆိုလိုတာက အချစ်ဆိုတာ ခံစားတတ်တဲ့ လူတွေ အတွက်ပေါ့၊ ဒါကြောင့် လင်မယားပေါင်းသင်းကြပြီး သံယောဇဉ်ရှိတိုင်း ချစ်ချင်မှ ချစ်တာ၊ ချစ်လာမိပြီဆိုရင်တော့ သံယောဇဉ်က ထက်ကြပ်မကွာ လိုက်လာတာပဲဆိုတော့ ဘယ်မှာပါလိမ့်၊ ရေးထားတာ တွေ့ဖူးပါတယ်''

မငြိမ်းယဉ်သည် အတွေးတွေနှင့် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

"မျိုးနဲ့ကတော့ သမီးရည်းစားလည်း မဟုတ်ပါဘူး။ ဘာမှလည်း မဖြစ်လိုက်ပါဘူး။ တစ်ယောက်ကို တစ်ယောက် တွယ်တာလာခဲ့တာ တစ်မျိုးပါပဲ။ ဝိညာဉ်ချင်း ခလုတ်တိုက်မိတယ်လို့ ထင်စားမိသေးတာ အမှန်ပင်။

ဝိညာဉ်ချင်း ဆက်တယ်ဆိုတာကို ကိုစစ်အောင် ယုံပါ့မလားမသိ။ ဝိညာဉ်ချင်း ဆက်သွယ်တယ်ဆိုတာ လင်မယား ချစ်သူတွေသာ မဟုတ်ပါဘူး။ သားနဲ့အမိ၊ မောင်နှမ၊ သိပ်ချစ်ကြတဲ့ သူငယ်ချင်း မိတ်ဆွေတွေမှာလည်း ဖြစ်တတ်တဲ့ သဘောတရားပဲ။

အစိမ်းသေ သူငယ်ချင်းရဲ့ နာနာဘာဝဟာ သူအင်မတန်ခင်တဲ့ မိတ်ဆွေရောင်းရင်းကို ကိုယ်ထင်ပြသလိုပေါ့။ မအေသေရင် ကလေး စိတ်ဆင်းရဲပြီး စိတ္တဇဖြစ်မှာစိုးလို့ အလွမ်းပြေ ချည်မျှင်ကို မအေ့ကိုယ်နဲ့ အညီအမျှတိုင်းပြီး ကြိုးကွင်းလုပ်တယ်။ 'မေမေ့ကိုယ်စား ထားခဲ့တယ်သား' လို့ ဆိုပြီး ကလေးလည်ပင်းမှာ စွပ်ပေးမှ ကလေး အငိုတိတ်သတဲ့။

တစ်မိတည်းမွေး ကလေးနှစ်ယောက်မှာ တစ်ယောက်သေသွားရင် ကျန်တဲ့ကလေး မကျန်းမမာဖြစ်မှာစိုးလို့၊ နို့မဟုတ် လိုက်သေမှာစိုးလို့ ငှက်ပျော သီးနှစ်လုံးမီးကင်၊ တစ်လုံးကို ကျန်ရစ်တဲ့ ကလေးကျွေး၊ ကျန်တစ်လုံးကို သေတဲ့ကလေး ခေါင်းထဲထည့်လိုက်ပြီး 'စူးစူးရေ…ကျန်ခဲ့တဲ့ မင်းညီမလေး တူးတူးတို့ ကနေ့ကစ ပြတ်ပြီ' လို့ ကြေကွဲစရာ ပြောရသတဲ့။ ဒါကို လိပ်ပြာခွဲတယ်လို့ ရှေးထုံးစံအတိုင်း ခေါ်ကြတယ်။

မျိုးနဲ့ကလည်း တစ်မိတည်းပေါက် မောင်နှလိုပဲ ထင်မိတယ်။ သူက မငြိမ်းယဉ်ထက် လပိုင်းမျှသာ ကြီးသော်လည်း ဘဝဟောင်းက အစ်ကိုလို့တောင် ထင်စားမိသေးတယ်။ မောင်နှမတွေ အများကြီး ရှိတယ်ဆိုရင်လည်း မျိုးဟာ မငြိမ်းယဉ်ရဲ့ အချစ်ဆုံးအစ်ကိုဖြစ်သလို မငြိမ်းယဉ်ဟာ မျိုးရဲ့အချစ်ဆုံးနှမဖြစ်မှာပဲလို့ တွေးမိပြီး ဒီလိုသန့်စင်တဲ့ အချစ်မျိုးကို ဘယ်သူချစ်နိုင်မှာလဲလို့ စိတ်ထဲဝင့်ဝါမိသေးတယ်"

မျိုးနဲ့တွေ့ရတဲ့အချိန်ဟာ တိုတောင်းလွန်းလှပေမယ့် မျိုးဟာ မငြိမ်းယဉ် သတ်မှတ်တဲ့ အချစ်နယ်မြေနဲ့ အနီးစပ်ဆုံးလို့ ထင်မိတယ်။

## အခန်း(၂၈)

မျိုးနှင့်ပတ်သက်၍ ရှည်ရှည်ဝေးဝေးတော့ ပြောစရာမရှိပါ။ တစ်နှစ်ဘာကာလမျှ မျိုးနှင့် သိကျွမ်းပြီး အုံ့သြဖွယ် ကောင်းလောက်အောင်ပင် ဝိတ်ချင်း နှစ်ကိုယ့်တစ်စိတ်မျှ တရင်းတနှီး လိပ်ပြာချင်းဆက်တဲ့ မောင်နှမ သဖွယ်ပါပဲ။

မငြိမ်းယဉ်အပေါ် စေတနာသဒ္ဓါတရား အထက်သန်ဆုံး ထင်လိုက်သည်။ ထင်မိရသည်။

ကိုလွင်မောင်နှင့် ဝေးကြရပြီးနောက် ဗမာပြည် အလယ်ပိုင်း တစ်နေရာကို ခရီးအကြာကြီး လွှင့်နေခဲ့သည်။ ရုပ်ရှင်ရုံတစ်ခုတွင် ကျင်းပသော စကားရည်လုပွဲတစ်ခုမှ မငြိမ်းယဉ်ကို ဧည့်သည်အဖြစ် ကျပမ်းစကားပြောရန် တောင်းဆိုကြသည်။

ကျပမ်းပြောရမည့် အကြောင်းအရာက 'ကျွန်မ အဆိုတော် နာမည်ကြီး' ဖြစ်သည်။ အားလုံးက ခေါင်းစဉ်ကို ကြားရသည်နှင့် တစ်ပြိုင်နက် မငြိမ်းယဉ်နှင့် မအပ်စပ်ဘူးထင်ပြီး တသောသော ရယ်မောနေကြသည်။ နိုင်ငံသမိုင်းဆိုင်ရာ ဌာနလက်ထောက် ကထိကဟောင်း ရှေးဟောင်းသုတေသန

ပညာရှင်ဆိုတော့ ဆံပင်တွေဖြူနေကာ မျက်မှန်တပ်ထားသော ရင့်ကျက်သော အဘွားကြီးဟု ထင်ကြသည်။

နှင်းပွင့်လို ဖြူဆွတ်သော ဇာနုနုအင်္ကျီလက်စကပေါ် အစိမ်းနုနုပဝါ လွှမ်းခြုံလျက် အစိမ်းဖန့်ဖန့် ရခိုင်ဖြစ် ချည်ချောတွင် အနက်ပုလဲဖောက်ထားသော ထဘီ။ အဖြူရောင်သဲကြိုးနှင့် ခွာမြင့်ဖိနပ်၊ မိုးကုတ်မြများပွင့်၊ လည်တံ့နှင့် လက်ကောက်အပျော့ ဆင်ယင်ထုံးဖွဲ့မှုဖြင့် သေသပ်အေးမြသော မငြိမ်းယဉ်အား မိန်းကလေးများကား ချစ်ခင်မြတ်နိုးလေးစားသော အမူအရာများနှင့် စိုက်ငေးနေကြသည်။

မငြိမ်းယဉ်၏ ဆံထုံးထက်တွင် တစ်ပွင့်တည်းသော အဝါဖျော့ဖျော့ နှင်းဆီသည် သိက္ခာအလှကို ဖန်ဆင်းပြန်သည်။ မငြိမ်းယဉ်က သူငယ်စဉ်က သီချင်းဆိုချင်လွန်းသဖြင့် ကွယ်လွန်သူ အစ်ကိုက မေရှင်နှင့် ကာရုံညီစွာသော နာမည်တစ်လုံး ဘွဲ့ထူးပေးပုံကို စမျိုးပြီး မာမာအေး၊ တင်တင်မြနှင့် နွဲ့ယဉ်ဝင်းတို့ သီချင်းတစ်ပုဒ်စီကို ဆိုပြသဖြင့် တစ်ရုံလုံး သြဘာသံများ ပြည့်လျှံဆူဝေလာလေသည်။

"ဆရာမ သူက ဦးမျိုးဟိန်း၊ ကျွန်တော်တို့မြို့နယ် တိုင်းဥပဒေ အရာရှိပါ"

ကျောင်းဆရာတစ်ဦးက ကြားက မိတ်ဆက်ပေးလိုက်လေသည်။ 'ဦး' တပ်ခေါ်လိုက်သော်လည်း အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် လှပချောမွေ့သော လူငယ်လေးတစ်ဦး ဖြစ်သည်။ ကိုမျိုးဟိန်းက နှစ်လိုဖွယ် ပြုံးလိုက်သည်။

"ကျွန်တော့်စိတ်ထဲ ဒေါ်ငြိမ်း သီချင်းမဆိုနိုင်ဘူးလို့ ထင်နေတာ"

"ခု ဆိုနိုင်လို့လား"

မငြိမ်းယဉ်က သူ့ထုံးစံအတိုင်း တရင်းတနှီးမေးပြီး ရယ်သေးသည်။

"သိပ်ဆိုနိုင်တာပေါ့ဗျာ၊ အံ့သြလောက်အောက်ပါပဲ၊ အတီးသာ ပါလာရင်တော့ အပျံပဲ"

"ဒါတောင် သံပုရာသီးနဲ့ ပျားရည်မသောက်ရသေးလို့"

မငြိမ်းယဉ်က ရယ်စရာလုပ်ပြီး တသောသော ရယ်မိပြန်သည်။



သို့နောက် မိနစ်ပိုင်းအတွင်း မျိုးနှင့် ရင်းနှီးသွားတာပဲ။ မျိုးကလည်း စကားပြော ကောင်းကောင်း၊ မငြိမ်းယဉ်ကလည်း လေပေါပေါနှင့် နှစ်ယောက်သား နှစ်ပေါင်းများစွာက ကွဲကွာနေခဲ့သော ဆွေရင်းမျိုးရင်းပမာ ဖြစ်သွားကြသည်။

မငြိမ်းယဉ်နှင့် ညီ့သည်များကို ကိုမျိုးဟိန်းက သူ့အိမ်ခေါ်၍ ထမင်းကျွေးသည်အထိပင်။ ဘုရားအနှံ့ ဖူးရန်လည်း လိုက်ပို့သေးသည်။ သူ့မိတ်ဆွေ တစ်ဦး လင့်ရှိဗာကားကို ကိုယ်တိုင်မောင်းပို့သည်။

သည်တုန်းက မိတ်ဆွေပေါသော မငြိမ်းယဉ်သည် မိတ်ဆွေသစ် တစ်ဦး တိုးတာပဲ သာမန်တွေးလိုက်သည်။ နယ်အနှံ့ရောက်တိုင်း မိတ်ဆွေသစ် များနှင့် တွေ့ရဦးမည်ပင်။

ထိုညက မျိုးသည် သူ့အိမ်မှ ကက်ဆက်နှင့် မငြိမ်းယဉ်၏ အသံကို မရ ရအောင် ဖမ်းထားလိုက်သည်။ ပတ္တလားတီးတတ်သော သူငယ်ချင်းတစ်ဦး ကို ရှာဖွေလာကာ ပတ္တလားရွက်အိမ်ကို ကုလားထိုင်နှစ်လုံးတွင် တစ်ဖက် တစ်ချက်ချည်လျက် မငြိမ်းယဉ်အား သီချင်းဆိုရန် တိုက်တွန်းသည်။

"သိပ်မတိုက်တွန်းရပါဘူး"

မငြိမ်းယဉ်က ရယ်လျက်ပြောပြီး စိန်ခြူးကြာညောင်ဘောလယ်ကို သီဆိုခဲ့သေးသည်။ 'သစ္စာတော်ရှူးပါစေ့ ဆိုဦးကပင်၊ ခင်လေးကို မောင်ကြင်ငဲ့၊ ရာသက်တွင်ပဲ၊ နောင်သွေမလွှဲပါဘု ယုံတော့မေ' ဆိုတဲ့ အပိုဒ်ရောက်သော အခါ မျိုး၏မျက်လုံးများကား မငြိမ်းယဉ်ကိုကြည့်ကာ ငေးသွားလေသည်။

ကြီးဒွေးက မငြိမ်းယဉ်အပေါ် မျိုး၏ ဂရုတစိုက်ပြုစုမှု၊ အရေးပေးမှု များကိုသော်လည်းကောင်း၊ မျိုးရဲ့ မှုန်ငေးသော အကြည့်ကိုသော်လည်းကောင်း၊ သတိထားမိတာကို ပြောပြတော့ ပေါ့ပေါ့ဆဆပင် ရယ်မောနေမိလေသည်။ ပြီးတော့ အလေးအနက် မပြုမိသောကြောင့်ပင် ကျောင်းအုပ်မကြီးတစ်ယောက် က၊...

"ခုထိ မစွံသေးဘူးလား"

မေးသော အမေးကို...

"ရှေ့လထဲမှာ သေချာပါပြီ"

"ဘယ်သူနဲ့တုံး"

မေးလာတော့ ပိုက်ဆံအိတ် ပလတ်စတစ်အိတ်ကပ်ထဲမှ မေ့ပြီးမဖြုတ်ရသေးသော ကိုလွင်မောင့်ဓာတ်ပုံကို ပြကာ…

"ကျွန်မတို့ဆရာပဲ"

ဟု ပြောမိသေးတော့ မျိုးက မသိမသာ လှမ်းကြည့်ကာ…

"မဆိုးပါဘူး"

ဟု ထင်မြင်ချက် ပေးလိုက်သေးသည်။

အိမ်သို့ပြန်ရောက်တော့ မငြိမ်းယဉ်က စာရေးမည် စာရေးမည်ဟု ထုံးစံအတိုင်း အချိန်ဆွဲနေဆဲ မျိုးထံမှ စာရှည်ကြီးတစ်စောင် ရောက်လာလေသည်။

*အချိန်ကာလ တိုတောင်းပေမယ့် ခင်မင်ရင်းနှီးမှုစရိုးကတော့ ကျယ်ဝန်းလှပါတယ်။ သတိရတာ အောက်မေ့တာ တမ်းတမိတာတွေကလည်း ရေးမယ်ဆိုရင် အများကြီးပဲပေါ့။ ရှေးရေစက်ပြုခဲ့ကြလို့ ဒီလိုလာဆုံရတာလို့ တွေးမိတိုင်း ဝမ်းသာကြည်နူးမိပါတယ်။*

ကြီးဒွေးကတောင် ဒီစာဖတ်ပြီး နောက်တီးနောက်တောက်တွေ ပြောနေသေးသည်။

*ငြိမ်းနဲ့ တွေ့ခွင့်ရရင် ထပ်တွေ့ချင်ပါသေးတယ်။*

စာသားကျတော့ ကြီးဒွေးက 'အကြောင်းမသိရှာသေးတော့ ဒီလိုပေါ့' လို့ နောက်ရင်း ရယ်နေသေးသည်။ မငြိမ်းယဉ်သည် ညည်းညည်းညူညူဖြင့်…

"ဩော်…ခုနေ ခရီးသွားတာ 'ကွန်း'လို့ အပန်းဖြေတာပဲ၊ ငြိမ်းက ရိုးဖြောင့်တဲ့သူမို့ ရေတော့မနောက်တတ်ပါဘူး၊ ဒါပေမဲ့ ခြေရာတော့ ဖျောက်ခဲ့ပါရစေ"

လို့ ထုံးထုံးဆန်းဆန်းတွေပြောပြီး မှန်တာပြော စာလည်း တစ်ခေါက်တည်းဖတ်ပြီး အံဆွဲထဲ ထည့်ထားလိုက်တာပဲ။

တကယ်လို့များ ကိုမျိုးဟိန်းကို ငြိမ်းကိုယ်အမှုအရာနဲ့သော်လည်းကောင်း၊ နှုတ်အမှုအရာနဲ့သော်လည်းကောင်း ဆွဲဆောင်ခဲ့မိသလို ဖြစ်ရင်



'ခွင့်လွှတ်ပါ' လို့ တောင်းပန်ရတော့မှာပဲ။ ကိုယ့်ဖာသာကိုယ် အထင်ကြီးပြီး…

မောင်လာချင်လည်း၊ လာခက်ခဲ၏။
လက်တွဲသိမ်းပွေ့၊ ကြင်မွေ့ခေါ်ငင်
မက်မောခင်မည်၊ မထင်ဝံ့စား
စကားမသွက်၊ ဖွင့်ဟခက်ခဲ၊
မြေအက်ကြားမှ၊ မြက်ပွင့်မျှသာ
နှမတစ်နေ့ မေ့ရစ်မည်။

"နောက်ဆုံးတော့ မေ့ပစ်ရှာမှာပဲ"

ပြောမိသေးသည်။

ခုနေတော့ ဘယ်သူ့ကိုမဆို မတွယ်တာချင်ပါဘူး။ မြေအက်ကြား မြက်ပွင့်မျှသာ၊ နှမ တစ်နေ့ မေ့ရစ်မည်လို့ ဆိုရမှာပဲ။

□□□

## အခန်း(၂၉)

ဒီလိုပြောလို့မှ မဆုံးသေးခင် စာရပြီး တစ်ရက် နှစ်ရက်အတွင်း မျိုးတစ်ယောက် အိမ်ဝသို့ ရောက်လာလေသည်။ တိုက်ပုံအင်္ကျီအနက်၊ ယောလုံချည်နီညိုရောင်နဲ့ သပ်သပ်ရပ်ရပ် ဝတ်လာတဲ့လူကို မျိုးလို့တောင် မထင်မိဘူး။

"မျိုးဟိန်း"

"ယင်းမာရပ်က မျိုးဟိန်းပါ"

လို့ သေချာအောင်ပြောပြီး အိမ်ထဲ ဝင်လာလေသည်။ ဒီတုန်းက မျိုးလက်ထဲ အထုပ်လေးတစ်ထုပ်ပိုက်လို့၊ သူ့တပည့်တွေ ရှာဖွေတူးပေးတဲ့ 'ငွေရည်စိမ်' ဘုရားတစ်ဆူကို ပင့်လာတဲ့ စက္ကူထုပ်ဖြစ်သည်။

ကြီးဒွေးက မျက်စိမှိတ်ပြပြီး ပြောင်ပြနေတော့ စိတ်ထဲနည်းနည်း လှုပ်ရှားပြီး ငိုင်နေမိသေးသည်။ ရင်ထဲကလှိုင်းက သံလိုက်လိုပဲ ဆွဲငင်လိုက်သလို ဘယ်သူ့ဘယ်သူ ဆွဲငင်သည်မသိ။ သူလည်း ငိုင်နေသည်။

နောက်မှ သတိရပြီး သူ့ကို မငြိမ်းယဉ်၏ ပင်ကိုပြတိုက်ကို ခေါ်ပြလေသည်။ ထိုနေ့က တရုတ်စံကားပွင့်သုပ်နှင့် ပိန္နဲသီးတွေ တည်ခင်းကျွေးမွေးသေးသည်။ ဂန္ဓီဆေးရုံမှ ဂျူတီပြီးလို့ ပြန်လာသော မစိမ်းယဉ်နှင့်ပင် မိတ်ဆက်



ပေးလိုက်သေးသည်။

'သိပ်တူတာပဲ' လို့ မျိုးက တအံ့တသြ ပြောနေသေးသည်။

"မမနဲ့ငြိမ်းက အမြွှာပူးပဲ"

တကယ်ဖြစ်စေချင်တဲ့ ဆန္ဒနဲ့ မငြိမ်းယဉ်က ဤသို့ မကြာခဏ ပြောတတ်လေသည်။

မျိုးပြန်သွားတော့ မစိမ်းယဉ်က 'သဘောမတူပါဘူး' ဟု ချက်ချင်း ပြောလိုက်သည်။

"ဘာဖြစ်လို့"

"နင်နဲ့သူနဲ့ Type(ပုံစံ)ချင်းမှ မတူဘဲ။ သူက မပွင့်တပွင့်နဲ့ ကြည့်ရဘာ၊ နင်က အာပြလျှာပြ ဟောဟောဒိုင်းဒိုင်း တခြားမှ တခြားစီပဲ"

"တခြားစီပဲပေါ့၊ ခုလည်း ဘာမှမဆိုင်ဘဲနဲ့ ရိုးရိုးခင်တာပဲလို့ ငြိမ်းသင်တတ်တာပဲလေ"

"အဲလိုထင်တတ်တာပဲ ကောင်းပါတယ်"

"သူ့မှာလည်း ရည်းစားရှိမှာပေါ့၊ ဒီခေတ် ယောကျ်ားလေးတွေက ယုံရတာမဟုတ်ဘူး၊ Secret marriage(လျှို့ဝှက်လက်ထပ်တာ)တွေ ဘာတွေ လုပ်ချင်လုပ်ထားမှာ၊ အကြောင်းမသိဘဲ မကြိုက်ရဲပါဘူး"

"ဒီလိုတွက်တတ်တာ မမှားပါဘူး"

"ပြီးတော့ သူ့ရုပ်ကလေးက မိန်းကလေးတစ်ယောက် လှသလိုပဲ ကန့်ကလျန့်၊ ကိုအောင်ထက်ရော ကိုလွင်မောင်ရောက တကယ့်ယောကျ်ားပီသတဲ့ ယောကျ်ားရုပ်မျိုးတွေ။ သူကတော့ တစ်မျိုးလေးလိုပဲ၊ အပြောအဆို အပြုအမူတွေတော့ တည်ငြိမ်သားပဲ မဆိုးပါဘူး၊ ငြိမ်းလည်း အတော့သူငယ်ချင်းတွေ အများကြီးနဲ့ ပေါင်းဖူးတာပဲ၊ အကဲခတ်တတ်ပါတယ်"

ထုံးစံအတိုင်း အကောင်းကိုသာတွေးပြီး အကောင်းကိုသာ မြင်တတ်သော ညီမငယ်ကို မစိမ်းယဉ်က ဘယ်လိုပြောရမည် မသိသဖြင့် တွေဝေ၍သာ နေမိသည်။ လောလောဆယ် ဖတဆိုး၊ မိတဆိုး ဖြစ်သွားသော မငြိမ်းယဉ်အဖို့ သူသာလျှင် အဖ သူသာလျှင် အမိ ဖြစ်ချေသည်။ နှစ်ကြိမ်တိုင်တိုင် အချစ်ရေး

တွင် ရှုံးနိမ့်တပ်ဆုတ်ခဲ့ရသော မငြိမ်းယဉ်ကို ဆက်မရှုံးစေချင်။ မရှုမလှဖြစ်မှာ စိုးလှသည်။

တည်တည်ကြည်ကြည် နေတတ်သော မိန်းကလေးမို့ လိမ်လည်းလိမ်မည် မဟုတ်သော်လည်း စိတ်ဝေဒနာ စိတ်ခံစားမှုများနှင့် စိတ်ဆင်းရဲမှု ကြုံမှာကို မလိုလားပေ။ အချစ်ဆိုတဲ့တရားကို ကိုးကွယ်တတ်သော မငြိမ်းယဉ်၏ နှလုံးသားက နုနယ်လွန်းလှသည်ထင်သည်။

ကိုမျိုးဟိန်းထံမှ စာတွေ တဖွဲဖွဲရောက်လာလေသည်။

“စာတွေကလည်း များလှချည်လား”

စိတ်ပူပန်လျှင် ရိုးဖြောင့်၍ မလိမ်တတ်သော အမိုက်အမဲက…

“ငြိမ်းကလည်း ရေးမိတာကိုး မမရဲ့”

ရယ်လျက်ဖြေသည်။

“ဘာတွေများ ရေးပါလိမ့် ငြိမ်းရယ်၊ ဒါလောက်ရှည်တဲ့ စာတွေကို”

“အစုံပါပဲ မမရယ်၊ လူတွေရဲ့အကြောင်း၊ ငြိမ်းရဲ့အလုပ်အကြောင်း၊ ဘုရားတရားတော်အကြောင်း၊ ဘဝအကြောင်း”

ပြောပြီးမှ ပူပန်နေတတ်သော မစိမ်းယဉ်၏ မျက်နှာကို လှမ်းကြည့်ပြီး…

“ဘာမှ မပါပါဘူး မမရဲ့၊ ငြိမ်းရဲ့စာတွေကိုတောင် ကြီးဒွေးရော လင်းလင်းရော ဝိုင်းဖတ်ကြသေးတယ်၊ စာက ရှည်တာတစ်ခုပါပဲ၊ မငြိမ်းရဲ့ စာတွေက ဖတ်လို့ မဆိုးပါဘူးလို့တောင် လင်းလင်းက ဝေဖန်သေးတယ်”

“သြော်…ငြိမ်းရယ်”

လင်းလင်းလောက်တောင် အသိဉာဏ်မဖျော်လတ်သော မငြိမ်းယဉ်အား ကြင်နာသနားမိပြန်သည်။ ထို့နောက် ကိုမျိုးဟိန်းတစ်ယောက် မငြိမ်းယဉ်ဆီ မကြာခဏ လာလည်တာပဲ။ သူတို့နှစ်ယောက် ဣန္ဒြေရရ စကားပြောနေတာတွေ တွေ့ရပြန်တော့ ကျေနပ်နှစ်သိမ့်ရပြန်သည်။

“အစ်ကိုတစ်ယောက်လိုပဲ ခင်မိတာပါ မမရယ်”

ပြောပြီး သူ့အခေါ်အဝေါ်များ ပြောင်းလဲလာသည်ကို သတိထားမိလေ



သည်။

“မျိုးက တစ်ဦးတည်းသောသားမို့ သူ့မိဘက သိပ်ချစ်တာပဲတဲ့၊ သူ့အမေကို ကနေ့ထိ ရင်ခွင်ထဲတိုးဝှေ့ပြီး ချွဲနေတာ၊ ဒီတစ်ခေါက် ငြိမ်း သူ့အိမ်သွားလည်တော့ မျိုးက သူ့အမေပေါင်ပေါ် ခေါင်းအုံးပြီး ‘မျိုး’ကလေ ‘မျိုး’ကလေ ထည့်စကားပြောတာ တွေ့ခဲ့ရတယ်။ တခြားယောကျ်ားလေးဆိုရင် ငြိမ်း ဘယ်လောက်မြင်ပြင်းကတ်လိုက်မလဲ၊ ဟားလိုက်မလဲနော်။ မျိုးကျတော့လည်း ငြိမ်းက အပြစ်မမြင်ပြန်ဘူး”

“ဟုတ်တယ် ငြိမ်းရယ်၊ ငြိမ်းက စကားပြောတာကစ ပြတ်တယ်၊ စက်သေနတ် ပစ်သလိုပဲ”

မစိမ်းယဉ်က ရင်ထဲမချိတင်ကဲနှင့်ပင် ရယ်လိုက်မိလေသည်။

မငြိမ်းယဉ်သည် အရိုန်အားရတိုင်း မျိုးအကြောင်း ပါးစပ်ဖျားက မချ။ မငြိမ်းယဉ်သည် ဘယ်သို့ပင် အတွေ့အကြုံတွေ ရှိလာသည်ဆိုစေ၊ အချစ်နှင့် ပတ်သက်၍ အရိုင်းမျှသာတည်း။ မသောက်ခင်ကပင် မူးနှင့်သည်။ သုံးကျော့ပြောင်းသောရင်၊ သုံးလင်ပြောင်းသောမိန်းမဟု ဗမာ့ရိုးရာက လက်မခံချင်။ ယခု မငြိမ်းယဉ်တစ်ယောက် သုံးရည်းစားပြောင်းတော့မည်။

“ရည်းစားမဟုတ်ပါဘူး မမရဲ့၊ ဘာမှမဟုတ်ပါဘူးဆိုတာ ငြိမ်း ဘယ်နှခါပြောရမလဲ၊ မျိုးဟာ အပြင်မှာ ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ငြိမ်းအပေါ် စေတနာထားတာ ရိုးဖြောင့်တာတော့ အမှန်ပဲ၊ ဒီအတိုင်းပဲ ယုံမိတယ်”

“ယုံချင်တယ်လို့ ပြောစမ်းပါဟာ”

“ယုံချင်တာလည်း ပါတာပေါ့”

ဖွင့်ဟဝန်ခံသည်။

“ယုံချင်တာတင် ရပ်ထားလိုက်၊ ရှေ့ဆက်ပြီး သိပ်မပုံလိုက်နဲ့၊ ငြိမ်းဟာ ခဏခဏယုံတတ်တယ်၊ ယုံတတ်တဲ့လူကို လိမ်တတ်တဲ့လူဟာ လိမ်မှာပဲ၊ အယောင်ဆောင်နဲ့မိမှာ မမစိုးတယ် ဒါပဲ”

ဒီလိုတော့လည်း စိတ်သဘော ဖြူပြင်လွယ်ရှာသူ ညီမငယ်က…

“ဟုတ်တယ်နော် ဘယ်စာအုပ်မှာလဲ မသိဘူး၊ ပန်းပွင့်တစ်ပွင့်

ဒါမှမဟုတ်ရင် လိပ်ပြာတစ်ကောင်ကိုသာ ရုပ်ဆင်းသဏ္ဌာန်နဲ့ အကဲဖြတ်လို့ရတယ်၊ လူသားတစ်ယောက်ကို မရဘူးလို့ ရေးထားတာ တွေ့ရတယ်။ အဲဒီ အကဲဖြတ်တဲ့ပညာ သင်လို့မရဘူးလား၊ အတွေ့အကြုံကပဲဖြစ်ဖြစ် သင်မပေးနိုင်ဘူးလား၊ မျိုးက ငြိမ်းကို ဘယ်လိုသဘောထားတယ်လို့ မမ ထင်လို့လဲ''

''ငြိမ်းဟာ ယောကျ်ားတွေနဲ့ ဘယ်လောက်နီးစပ်နီးစပ် မညွှတ်ပြောင်းလွယ်ဘူးဆိုတာ မမယုံတယ်၊ မမ ဆရာဝန်ပဲ၊ ငြိမ်းကို အကဲခတ်လို့ရပါတယ်၊ ငြိမ်းက ချစ်တယ်ဆိုရင် နီးစပ်လို့ဖြစ်တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒါတော့ မမယုံတယ်၊ ငြိမ်းကို လိုချင်တဲ့လူတွေ အများကြီးပဲ ရှိတာပဲ၊ ငြိမ်းက ပြန်ချစ်တယ်ဆိုတဲ့လူဟာ တော်တော်ကံကောင်းတဲ့လူပဲ၊ ဒီတော့ မျိုးဟာ ကံကောင်းတဲ့ ဘဝမျိုးရောက်အောင် ငြိမ်းကို အင်မတန်လိမ္မာပါးနပ်စွာ ချဉ်းကပ်တယ်လို့ မမ ထင်တာပဲ၊ သူချဉ်းကပ်ပုံက သိမ်မွေ့လွန်းမက သိမ်မွေ့လွန်းလို့ ငြိမ်း စွဲလမ်းတမ်းတနေမှာ မမစိုးရိမ်မိတယ်''

''မမ ထင်သလို မဟုတ်ပါဘူး၊ ငြိမ်းက ရိုးရိုးခင်တာပါ၊ ဒါကြောင့်မို့ မျိုးမှာ အဆက်ရှိရင် ငြိမ်းဆီကို ခေါ်လာပါ၊ တကယ်လို့များ မျိုး လက်ထပ်မယ်ဆိုရင် ငြိမ်း ကောင်းကောင်းလက်ဖွဲ့ဖို့ မုန့်ဖိုး ၁၅၀ ကျပ်တောင် ဖယ်ထားတယ်၊ ငြိမ်းအဖို့ 'မျိုး' လက်ထပ်သွားရင်တောင် ကြည်ဖြူနိုင်တာပဲ၊ ပြီးတော့ ဘာမှဖြစ်တာမှ မဟုတ်တာ''

''ဘာမှမဖြစ်တာ တစ်မျိုးဆိုးတာပေါ့ ငြိမ်းရယ်၊ ခုဆိုရင် ငြိမ်းနဲ့ မောင်မျိုးဟိန်းက စိတ်ချင်းက တော်တော်ရင်းနှီးနေပြီပဲ၊ undeclared lovers(မကြေညာတဲ့ ချစ်သူများ)လို့တောင် ကိုဇော်မြင့်က ငြိမ်းကွယ်ရာပြောနေတာ၊ သူက ယောကျ်ားအချင်းချင်း သိတာပေါ့။ ချစ်တတ်တဲ့ ငြိမ်းရဲ့နှလုံးသားအပေါ် လူတွေက အမြတ်ထုတ်သွားမှာကို မမစိုးရိမ်တယ်''

''မျိုးက အမြတ်ထုတ်မယ့်လူစားမျိုး မဟုတ်ပါဘူး''

ဟု ခိုင်မာစွာ ပြောနေမြဲပင်။

''ရိုးရိုးခင်ကြတာကော မဖြစ်နိုင်ဘူးလား''

သူများမေးသလိုနှင့် ကိုယ့်ဖာသာကိုယ်လည်း ပြန်မေးခြင်း ဖြစ်သည်။



''ရိုးရိုးသာခင်ကြရင် ဘယ်လောက်ကောင်းလိုက်မလဲနော်''

ပြောရင်း မျက်ရည်လည်လာလေသည်။ ထို့နောက် ဥရောပစာပေမှ Bea Trice(ဘီထရက်)နှင့် Dante(ဒန်တေ)တို့ အချစ်ဇာတ်လမ်းကို သတိရမိသည်။ ဘီထရက်အပေါ်ထားသည့် ဒန်တေ၏ အချစ်မှာ သမီးရည်းစား လင်မယားအချစ်မျိုးမဟုတ်ဘဲ အဖိုးတန်ပစ္စည်းတစ်ခုကို ကြည်ညိုစွဲလမ်းခြင်းမျိုး ဖြစ်သည်ဆိုသည့် အချစ်ကိုလည်း အားကျလှသည်။

ဒန်တေတို့ အချစ်ဇာတ်လမ်းသည် ရာဇဝင်သမိုင်းတွင် ထင်ရှားခဲ့သည်။ တစ်သက်လုံး သုံးကြိမ်လောက်သာ မြင်ဖူးသော မိန်းကလေးအပေါ် တသစွဲလမ်းသော ဒန်တေ၏အချစ်သည် အဘယ်မျှ မြင့်မြတ်သည်ဆိုတာ ပြောရန်ပင် မလိုပေ။

''မျိုးနဲ့ ငြိမ်းနဲ့ ဝိညာဉ်ချင်း ခလုတ်တိုက်မိတာပါ''

ထူးဆန်းသော စကားကိုလည်း ဆိုတတ်လေသည်။

မငြိမ်းယဉ် ဖျားနေတာကို 'မျိုး' က မငြိမ်းယဉ်အတွက် ဆေးတွေ လိုက်ဝယ်ပေးရတယ်လို့ မျိုးက အိပ်မက် မက်သတဲ့။

မျိုးက မငြိမ်းယဉ်ဆီသို့ မချိန်းထားဘဲ ဖြုတ်ခနဲ ဖြုတ်ခနဲ ရောက်လာတတ်သည်။ မျက်နှာညှိုးနေသော မငြိမ်းယဉ်ကိုတွေ့လျှင် ဘာဖြစ်လို့လဲ ငြိမ်းဟု မေးတတ်သည်။ မငြိမ်းယဉ်အား ကြည့်သော မျိုး၏ မျက်လုံးများသည် အပူရောင်ကင်းလျက် အေးဆေးတည်ငြိမ်သလို ထင်ရသည်။ မငြိမ်းယဉ်ကိုလည်း မကြာခဏ ကြင်နာစွာ စိုက်ငေးနေတတ်သည်ထင်သည်။

မျိုး ပြန်သွားတော့ မငြိမ်းယဉ်က…

''ဝဲ့မပါတဲ့ လေ့ငယ်နှစ်စင်းလိုပါပဲ၊ ဘယ်သူ့ ဘယ်သူမှ လော့တက်လည်း မပါကြဘူး၊ မျိုးလည်း ရည်းစားနှစ်ခုလပ် ဖြစ်ခဲ့ပြီတဲ့၊ ဒီလောကကြီးမှာ မိန်းမဆိုတာ စိတ်နာစရာကောင်းလွန်းလို့ ရှောင်နေရတယ်တဲ့''

ဘာမဆို တိုင်ပင်တတ်သော်လည်း ကိုလွင်မောင့် စာတစ်စောင်ကိုတော့ 'မျိုး' နှင့် ပတ်သက်တာမို့ မပြဘဲ ထားထားသည်။

*တိုင်းဥပဒေအရာရှိ ကိုမျိုးဟိန်းနဲ့ ငြိမ်းယဉ်နဲ့ မိတ်ဆွေမကော ခင်ကြ*

*တာကို ကြားပြီးပါပြီ။ လူကောင်းသူကောင်းတစ်ယောက် ဖြစ်မယ်ဆိုရင် ကိုယ့်နှမအတွက် ဝမ်းသာရမှာပဲ၊ ငြိမ်းယဉ်ကို အထီးကျန်ဘဝနဲ့ ထားခဲ့မိတာက ကိုယ်ပဲကိုး။ တစ်ခုတော့ သတိထားစေချင်တယ်၊ ငြိမ်းယဉ်ဟာ ခေတ်ပညာတွေ ဘယ်လိုတတ်သော်လည်း ကြောင်ကွက်လေးတွေ၊ သတိလစ်မှုတွေ အများကြီး ရှိတယ်၊ ငြိမ်းယဉ်ကို လူလည်တွေနဲ့ မတွေ့စေချင်ဘူး၊ လူလည်ဆိုတာလည်း ငြိမ်းယဉ်စိတ်ထဲ ချစ်နိုင်လောက်တဲ့ လူမျိုးပေါ့၊ အချစ်တရားကို ကိုးကွယ်တတ်တဲ့ ငြိမ်းယဉ်အတွက် Sugar Coated အယောင်ဆောင် သကြားဖုံးတဲ့ အချစ် သမားဟန်ဆောင်သူနဲ့ကို တွယ်ငြိမှာ စိုးလို့ပါ။*

ဒီစာကိုတော့ ပြလို့မဖြစ်တာ မငြိမ်းယဉ် ခွဲခြားသိသည်။ 'ငြိမ်း သိတတ်ပါတယ်' ဟုလည်း ဂုဏ်ယူ၍ မစိမ်းယဉ်အား ပြောမိသေးသည်။ စင်စစ် ကိုလွင်မောင် ဆိုသည် မငြိမ်းယဉ်၏ ဘဝမှာရော၊ နှလုံးသားမှာရော မရှိတော့ပေ။ ကိုလွင့်မောင့်စာတွေ ပြသည်ကလည်း မငြိမ်းယဉ်နဲ့ ပတ်သက် သော အကြောင်းဟူသမျှ အပ်ကျတာပင်မကျန် 'မျိုး' ကို ပြောပြချင်သော ကြောင့်ပင်တည်း။

နောက် မျိုးနှင့် သမီးရည်းစားလည်း မဟုတ်ဘဲနှင့် အင်းလျားကန် ပေါင်ရိုးတွင် ဆုံကြကာ စကားပြောမိသေးသည်။

"စကားတွေပဲ ပြောနေကြတာပဲ၊ စကားတွေပဲ ပြောနေကြတာပါ။ မျိုးနဲ့ ငြိမ်းနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ ပတ်သက်စရာအကြောင်းမှ မရှိတာ သူနဲ့ ငြိမ်းနဲ့ တခြားစီပဲ"

မစိမ်းယဉ်ကို ပြန်ပြောပြပြီး မစိမ်းယဉ်ရှေ့မှောက်တွင် ငိုသေးသည်။ မစိမ်းယဉ်က ဘာကြောင့်မှန်းမသိ နည်းနည်းခံပြင်းလျက် မငြိမ်းယဉ်၏ ကိုယ် ကို ကိုင်လှုပ်ကာ ဆူလိုက်မည် စိတ်ကူးပြီးမှ မဆူရက်၊ အပြစ်မတင်ရက်တော့ပေ။

မငြိမ်းယဉ် လိမ်ပြောတတ်တာကို ယုံသည်။ သိက္ခာရှိတာလည်း ယုံသည်။ မိန်းမတို့မာယာ မရှိတာလည်း သိသည်။ သို့သော်လည်း မငြိမ်းယဉ် အဖိုးတန်ဖြူစင်တဲ့ နှလုံးအိမ် ဆောက်ထားတာ ဘယ်သူက သိမည်လဲ။



"အဲဒီတုန်းက အင်္ကျီလက်ပြတ် ဝတ်ထားမိလို့ ဆွယ်တာတောင် မချွတ်ရဘူး၊ အိုက်တာ ဒီလိုပဲ ပေနေတယ်"

ကလေးလေးတစ်ယောက်လို ပြောလေသည်။ မငြိမ်းယဉ် ပြောချင် တာကို နားလည်လိုက်ပါသည်။ သူဟာ အပြင်ပန်းရုပ်ဒြပ်၊ အပြုအမူနဲ့ ထိန်း သိမ်းတာကို ပြောဟန်တူပါသည်။ မစိမ်းယဉ်က မငြိမ်းယဉ်၏ လက်မောင်းအိုး ကို ဆုပ်ကိုင်လိုက်ရင်း နှစ်သိမ့်လိုက်သည်။

"ပြီးတာတွေ ပြီးပြီ၊ မတွေးနဲ့တော့၊ လူဆိုတာ အမှားကို ခဏခဏ တွေ့မှ အမှန်ကိုရောက်တယ်၊ ပြီးတော့ အတွေ့အကြုံတွေလည်း ရှိလာတာပေါ့၊ ဆင်ခြင်တတ်လာတာပေါ့"

နောက် မျိုးဆီက စာလာသည်။

"ငြိမ်းရဲ့အကြောင်းတွေ တွေးမိတိုင်း ကျွန်တော်ဟာ ငြိမ်းကို စေတနာ ထားမိတယ်၊ ကြင်နာတဲ့စိတ်နဲ့ပဲ ငြိမ်းဘဝ အေးချမ်းပါစေလို့ ခဏခဏ ဆု တောင်းမိတယ်"

သို့နှင့်ပင် အချိန်အားသရွေ့ မျိုးထံမှ စာတွေမျှော်ကာ စာတွေရေးတာ နှင့် ဘဝသံသရာလည်စေသည်။

□□□

## အခန်း(၃၀)

စိတ်ကူးယဉ်ဝတ္ထုတွေကဲ့သို့ လွမ်းလွမ်းတတ ပြောစမှတ်ပြုစရာ မကျန်ခဲ့ပါ။

အချုပ်ဆိုရလျှင် မျိုးနှင့် မငြိမ်းယဉ်တို့ တစ်နှစ်တာ စိတ်ချင်းဆက်သွယ် ခင်မင်ခဲ့ကြသော၊ တွယ်တာကပ်ငြိခဲ့သော သဘောထားတို့သည် နွေဦးမြူလို လွင့်စင်ပျောက်ပျက်ကုန်လေသည်။

ကိုစစ်အောင်သည် မငြိမ်းယဉ်၏နှုတ်မှ ပြောသောစကားကို နားထောင်ရင်း မငြိမ်းယဉ်၏ ရင်တွင်းဖောက်လျက် အတွင်းအဇ္ဈတ္တသဏ္ဌာန်ကိုပါ စူးစိုက်လိုက်သည်။ ထိုအဇ္ဈတ္တသဏ္ဌာန်ကို အမိအရ ဖမ်းဆုပ်ရင်း စီးကရက်သောက်ရန်ကိုပင် မေ့ထားလေသည်။

"မျိုးလည်း သူတို့မြို့နယ် ခရိုင်ဝန်ကြီးရဲ့ သမီးအငယ်ဆုံး ၁၀ တန်းကျောင်းသူတစ်ယောက်နဲ့ တွဲနေတဲ့သတင်းကို ကြားတာပဲ၊ မျိုးကိုယ်တိုင်လည်း ဖွင့်ပြောပါတယ်၊ အဲဒီကောင်မလေးနဲ့တောင် ငြိမ်းဆီ လာလည်ကြသေးတယ်၊ ငြိမ်းစိတ်ထဲ ဘယ့်နှယ်မှ မနေတော့ပါဘူး၊ နဂိုတည်းက ငြိမ်းပြောသားပဲ၊ မျိုးလက်ထပ်ရင် ပစ္စည်းတစ်ခုခုကို လက်ဖွဲ့မယ်၊ ဘာလို့လဲဆိုတော့ သူဟာ



ငြိမ်းအပေါ် စေတနာထားတဲ့ လူတစ်ယောက်အနေနဲ့ သတ်မှတ်ထားတာကိုး၊ ဒီတော့ မျိုးကို 'မိန်းမကောင်း' သို့မဟုတ် ဇနီးကောင်းနဲ့ တွေ့ပါစေ၊ မျိုး စိတ်ချမ်းသာပါစေလို့ ဆန္ဒပြုခဲ့တာ အမှန်ပဲ"

"မစိမ်းယဉ် နည်းနည်းမှ စိတ်မချမ်းမသာ မဖြစ်လိုက်ဘူးလား"

"ဖြစ်လိုက်ပါတယ်၊ သတင်းကြားကာစကတော့ တစ်ယောက်တည်း ပဲငြိမ်ပြီး နေချင်နေတာပဲ၊ တွေးနေတာပဲ။ အံမယ်…မျိုးနဲ့ ပတ်သက်တဲ့ ခံစားမှုကတော့ သိပ်ပြီးယောက်ယက်ခတ်မနေဘူး၊ လှိုင်းငြိမ်နေတဲ့ ရေလိုပဲ တည်ငြိမ်တယ်၊ ခွင့်လည်း ခွင့်လွှတ်တယ်၊ ဘာမှမဖြစ်ခဲ့ဘဲကိုး"

"ဒါပေမဲ့ မငြိမ်းယဉ်တို့က နှလုံးသားချင်း စကားပြောခဲ့ကြတာဆို"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တစ်ယောက်ကို တစ်ယောက် မနီးနိုင်ဘူးဆိုတဲ့ အတွေးကလည်း ကြိုတင်ဝင်ထားတော့လည်း ခွင့်လွှတ်နိုင်တာပေ့၊ နောက်ဆုံး လေပူဖောင်းကို အပ်နဲ့ ဖောက်လိုက်သလို ဖြစ်တဲ့အဖြစ်ကတော့ တစ်ခုပါပဲ"

ထို့နောက် မငြိမ်းယဉ်က ရယ်လျက်…

"အဲလေ…ကျွန်မပြောတာ ရှင်းမှရှင်းပါ့မလား မသိဘူး၊ ကျွန်မ မျိုးကို ကနေ့ထိ အခင်အမင်မပျက်သော်လည်း ရင်ထဲက စာရင်းထဲမှာ တိတ်တိတ်ပယ်ဖျက်လိုက်ရတဲ့အကြောင်းက တစ်ချက်တည်းပါပဲ"

ကိုစစ်အောင်သည် သဘောကျသလို ပြုံးလိုက်မိလေသည်။ မငြိမ်းယဉ်၏ စကားများကိုတော့ နှစ်မြိုက်မိသည်။ စိတ်နေသဘောထားချင်းတူလှသည်ဟု တအံ့တသြ တွေးမိသည်။

"တစ်ညနေ ကျွန်မရယ်၊ မမရယ်၊ လင်းလင်းရယ်၊ အတာနဲ့ သူငယ်ချင်းတစ်ယောက်ရယ်၊ မျိုးနဲ့ သူ့ဇနီးလောင်း ထွေးလေးရယ် လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့ကြတယ်၊ ဟောဒီလိုပဲ ပိန္နဲပင်အောက်မှာပေ့။ မျိုးရော ထွေးလေးရော ပျော်ပျော်ပါးပါးပဲ၊ ချစ်စရာအတွဲလေးတစ်ခုပါပဲ၊ ကျွန်မဖြစ်စေချင်တာက တစ်ခုပါပဲ၊ ကျွန်မမျက်မြင် မိတ်ဆွေရဲ့ညီမ အတွဲတစ်တွဲရှိတယ်၊ တကယ့်ကို မောင်နှမလေးနှစ်ယောက် ထိုင်စကားပြောနေသလိုပဲ၊ ကြင်လည်း ကြင်နာ

တယ်၊ တစ်ယောက်ကို တစ်ယောက် သိပ်လည်းမသဲကြဘဲ တည်ငြိမ်တယ်၊ ဒီလိုဖြစ်ကြရင်ကောင်းမှာ။ ဒါမှ သူတို့နှစ်ယောက် တည်တည်ကြည်ကြည် ရာသက်ပန်မြဲမှာလို့ တွေးနေမိသေးတယ်။

ကျွန်မ ယူဆတာကတော့ သမီးရည်းစား ကြင်နာတယ်ဆိုတာ ဖတ်မှ မွေ့မှ လက်ချင်းဆုပ်မှ မဟုတ်ပါဘူး၊ ဆရာလင်းယုန်နီ ရေးတဲ့ 'မုန်း' တို့ 'ချစ်မမ' တို့ ဆိုတဲ့ ဝတ္ထုတွေ ဖတ်ကြည့်ပါလား၊ ဦးတင်မောင်နဲ့ မုန်းတို့ ချစ်ကြပုံရော၊ မောင်စောလွင်က မြင့်ကို ချစ်တာရော တစ်ချက်လေးမှ ထိကပါး ရိကပါး မပါဘဲ တစ်ယောက်ကို တစ်ယောက် အနစ်နာခံချစ်ကြတာ။ မြင့်ကို ဘိုနီဆိုတဲ့ အင်းခွေးကြီးတစ်ကောင် လွှတ်လာပြီး ပြေးအခုန်မှာ မောင်စောလွင်ဟာ မြင့်ရှေ့က ကာဆီးပြီး သူ့ကိုယ်နဲ့ တိုက်ပစ်လိုက်တာပဲ။ မောင်စောလွင်နဲ့ ခွေးနဲ့ လုံးထွေးပြီး ခွေးကိုက်တဲ့ဒဏ်ရာနဲ့ ဖျားတာပဲ၊ ဒါတောင် မောင်စောလွင်ဟာ ခုခေတ် မိန်းကလေးတွေပြောသလို 'တုံး'တဲ့အစား မဟုတ်ဘူး၊ မောင်စောလွင် ဘယ်လောက်ထက်မြက်တဲ့ လူငယ်တစ်ယောက်ဆိုတာ ဝတ္ထုထဲ စရိုက်သွင်းပြီးသား။

အဲလေ…ဒါကတော့ ကျွန်မနဲ့ မဆိုင်ပါဘူး၊ မျိုးနဲ့ ထွေးလေးတို့ ကိစ္စပဲ၊ ကျွန်မနဲ့ ဆိုင်လိုက်တာ တစ်ခုကတော့ အဲဒီတုန်းက Enchantment (အစွဲအလမ်း)ဆိုတဲ့ ရုပ်ရှင်ကားထဲက အဘိုးအိုရဲ့ အတွေးကို ဇာတ်လမ်းဖွဲ့ထားတဲ့ အချစ်ဇာတ်လမ်းကို ပြောပြတယ်။ နှစ်ပေါင်းများစွာက ချစ်ခဲ့တဲ့ ချစ်သူတွေ အကြောင်းဟာ သိပ်လွမ်းဆွတ်စရာကောင်းတာပဲ၊ ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ စကားဝိုင်းဖွဲ့ပြီး အချစ်နဲ့ ပတ်သက်တဲ့အကြောင်း ပြောမိပြောရာတွေ ပြောမိတာပါ။ ဒါကို မျိုးက ဘယ်လိုအတွေးပေါက်တယ် မသိဘူး၊ နည်းနည်း ရယ်ပြီး သိပ်စိတ်ကူးယဉ်လွန်းတာပဲလို့ သရော်သလို ပြောလိုက်တယ်"

"မျိုးက ရှေ့နေလုပ်ခဲ့တဲ့လူမို့ စကားကို ယဉ်ယဉ်ကျေးကျေး ပြောတာ၊ ကြာကာစက မျိုးကို နည်းနည်းအံ့သြသွားတယ်၊ ကျွန်မ တွေးထင်ထားတဲ့ မျိုးနဲ့ ခု ဒီစကားပြောလိုက်တဲ့ မျိုးဟာ တခြားစီ ဖြစ်သွားတယ်။ ဒါပေမဲ့ မျိုးကို ဘယ်လိုမှ မအောက်မေ့ပါဘူး၊ စိတ်ထဲကသာ 'မျိုး စာတွေရေးထားတဲ့



အယူအဆတွေနဲ့ ခုအယူအဆဟာ မတူပါလား၊ ခု မျိုးက အပေါ်ယံသိပ်တွေးတာပဲ၊ အချစ်ဆိုတဲ့ သဘောမှာ အရွယ်ဖို့တာ အရွယ်ညှောင်းတာ ကာလအတိုင်းအရှည် သတ်မှတ်ချက် မရှိပါဘူး။ ငြိမ်းအသက်အရွယ်ကြီးလို့ ဆံပင်တွေဖြူသွားတွေကျိုးတဲ့ ၇၀ အရွယ်ရောက်လည်း ဒီစကားမျိုး ပြောမိဦးမယ် ထင်ပါရဲ့' လို့ တိတ်တိတ်ချေပနေမိတယ်"

ကိုစစ်အောင်သည် မငြိမ်းယဉ်၏ ပြောစကားများကို ချက်ချင်းလိုပင် သဘောပေါက်မိလေသည်။

ယခုတစ်လော ဖတ်နေမိသော ဂန္ထ၏ သဏ္ဌာတရားနှင့် စမ်းသပ်မှုများ အကြောင်းတွင်လည်း ဒီသဘောထားမျိုးနှင့် တိုက်ဆိုင်လှသည်။

ကျွန်ုပ်တို့နှစ်ဦး၏ ချစ်ခြင်းမေတ္တာမှာ တဏှာပေမနှင့် လုံးဝမဆိုင်ဟု မဆိုနိုင်သော်လည်း တဖြည်းဖြည်း သန့်စင်လာ၏ ဆိုထားတာပဲ။ ရှင်းပါသည်။

ထို့နောက်…

**ဘား(ဓနီး)အား၊ လိင်အားဖြင့် ကြည့်ခြင်းမှ ရပ်စဲသောအခါမှ ကျွန်ုပ်သည် အိမ်ထောင်ရေးအတွက် တကယ့်ပျော်ရွှင်မှုကို ရပါသည်။**

လေးစားကြည်ညိုဖွယ်ပေတကား။

ဤသို့ပင် တွေးခေါ်ယူဆသော မငြိမ်းယဉ်၏ မျက်နှာအဆင်းကား ကြည်လင်သည်။ မျက်လုံးများကား အရှိန်အဝါနှင့် တောက်ပနေသည်။

"မျိုး နားမလည်ပါဘူး၊ သူလည်း တစ်နေ့ကျ (Enchantment)ထဲက အဘိုးအိုအရွယ် ရောက်လာမှာပဲ၊ လောကမှာ ဇာတိဆိုတဲ့ ဘဝအသစ် ပြန်ဖြစ်ခြင်း တရားတစ်ခုသာ ယုံအောင်မပြောနိုင်ပေမယ့် အိုခြင်း၊ နာခြင်းနဲ့ သေခြင်းဆိုတဲ့ တရားကိုတော့ လက်ဆုပ်လက်ကိုင် ပြနိုင်ပါတယ်။ အဲဒီတော့ ကျွန်မ ကျင့်တဲ့တရားဟာ ဘာလဲဆိုတဲ့စကားကို ရောက်လာပါတော့မယ်"

မငြိမ်းယဉ်သည် တသောသော ရယ်မိပြန်သည်။ ထို့နောက် ကိုစစ်အောင်အား စိုက်ငေးပြီး…

"ကိုစစ်အောင်ကို သိပ်အားနာတာပဲ၊ ကျွန်မပြောတာတွေက ရှည်ဝေးနေပြီလား မသိပါဘူး"

"ကိစ္စမရှိပါဘူး၊ လူတစ်ယောက်ရဲ့ အယူအဆအသစ်ကို သိရတာ မှန်တာ မမှန်တာ အပထားလို့ လက်ခံကြိုဆိုပြီး ဝေဖန်ဆွေးနွေးသင့်ပါတယ်။ ဆိုကရေးတီးဟာ တပည့်တွေနဲ့ မေးခွန်းပေါင်းများစွာ မေးပြီးမှ အဖြေတစ်ခု ထွက်လာတာပဲ၊ မငြိမ်းယဉ်ရဲ့ အဖြေကိုလည်း အများကြီး နားထောင်မှရမယ် ဆိုတာ ကျွန်တော် နားလည်ပါတယ်"

ကိုစစ်အောင်က စိတ်ရှည်ရှည်နှင့် ပြောလိုက်လေသည်။ မငြိမ်းယဉ်က ဆက်၍...

"ကျွန်မရဲ့ ကျင့်စဉ်က ကျွန်မဘဝအကြောင်းနဲ့ ဆက်နေလို့ပါပဲ။ မျိုးကိစ္စကလည်း မျိုးတို့ပြန်သွားတဲ့ညမှာပဲ တစ်ခါတည်း ပြတ်သွားတယ်။ မမတို့ကတော့ မျိုးကို မကျေနပ်ကြဘူး၊ ကျွန်မကတော့ အမြတ်တစ်ခု ထွက်လိုက်တယ်၊ ကျွန်မတပည့်မလေးတစ်ယောက်ပြောတဲ့ စကားနဲ့ပဲ ပြောရဦးမယ်။ လမ်းသွားရင်း ခလုတ်တိုက်ရင် ဒဏ်ရာရတာပဲ၊ ခလုတ်တိုက်လဲလို့ ကိုယ်သွားမယ့်လမ်းကို မသွားဘဲမနေဘူး၊ ဒဏ်ရာကို ဆေးထည့်ပြီး ဆက်သွားရမှာပဲတဲ့။

ခုတော့ ဒဏ်ရာတောင် အရာမထင်ပါဘူး၊ ခလုတ်တိုက် လဲရုံပါပဲ။ လေပူဖောင်းကို အပ်နဲ့ဖောက်လိုက်တဲ့ ဥပမာလိုပေါ့၊ နောက်ဆုံးတော့ ဘာမှမဖြစ်ပါဘူး၊ မပိုင်ပါဘူး၊ ငါမဟုတ်တဲ့ ငါကို ငါလို့ ထင်ကြတာဟာ ကျွန်မရဲ့ အမှားပဲပေါ့၊ နောက်ဆုံးတော့ ဘယ်သူမပြု မိမိမှုပေပဲ။ ချက်ချင်းပဲ ကျွန်မစိတ်က ရှင်းသွားတယ်၊ ကြည်အေးသွားတယ်၊ ကျွန်မရဲ့ မျက်လုံးနှစ်လုံးကို ညှိုးညှိုးငယ်ငယ်နဲ့ လှမ်းကြည့်လိုက်တဲ့ မမနဲ့ လင်းလင်းကို လက်နှစ်ချောင်း V ပုံ ထောင်ပြပြီး ကြည်စေ၊ အေးစေ ပိ(စ်)လို့ပြောရင်း ပြုံးလိုက်မိသေးတယ်"

□□□

## အခန်း(၃၁)

မငြိမ်းယဉ်လက်မှ တဖျတ်ဖျတ်ခတ်နေသော ၄က်ကလေးနှစ်ကောင် နှင့် ဝါးယပ်တောင်မှာ ရပ်သွားသည်။

အိမ်ရှေ့ ကတ္တရာလမ်းမမှ ရေလှည်းတွန်းနေကြသော အသံမှာ တကျောင်းကျောင်းနှင့် ဆူညံလှသည်။ ရေလှည်းတွန်းသောသူအချို့၏ အသက်အရွယ်က ကြီးပြင်းလှပေပြီ။ ဆံပင်ဖြူနေကြသောအရွယ်မို့ ပါးစပ်များ 'ဟ'နေကြသည်။

နေကလည်း ချစ်ချစ်တောက် ပူလွန်းလှသည်။ ရေခဲခြစ်စားနေသော လင်းလင်းက...

"လေးလေးစစ်အောင်တို့ မြောက်ဥက္ကလာပက ရေသိပ်ရှားတာပဲနော်" မှတ်ချက်ချလိုက်လေသည်။

"ကဆုန်ဆိုရင် ပိုဆိုးပြီ"

ဖျော့ရည်ထည့်ထားသော ဖန်ချိုင့်မှ ဖန်ခွက်ထဲ ပြောင်းထည့်သော ကိုစစ်အောင်အား ထူးဆန်းသလို ငေးကြည့်လိုက်လေသည်။

"ကိုစစ်အောင်က သူငယ်ချင်းအိမ်တွေမှာပဲ လိုက်နေတာလား၊ အရင်

တစ်လောက စမ်းချောင်းမှာဆို''

ကိုစစ်အောင်က မဖြေဘဲ ပြုံးနေသည်။ မငြိမ်းယဉ်က မေးမိပြီးမှ နောင်တရပြီး ဆက်မမေးတော့။ ကိုစစ်အောင်သည် တကယ်တော့ သူ၏ သန့်ပြန့်သော ရုပ်ရည်နှင့် မလိုက်အောင် ဇာတ်မြှုပ်နေချင်တဲ့လူပဲ။

ဟိုတစ်လောကပင် မေမိနဲ့ သူ့ညှိသည်များ မငြိမ်းယဉ်၏ ပြတိုက်ခန်း လာကြည့်စဉ် ကိုစစ်အောင်၏ လက်မှတ်နှင့် ဂန္ဒီ၏ သစ္စာတရားနှင့် စမ်းသပ်ခြင်း An Autobiography or the story of my Experiments with Truth စာအုပ်ကို စားပွဲပေါ် အဆင်သင့် တွေ့သဖြင့်…

''ငြိမ်းနဲ့ စစ်အောင်နဲ့က ရင်းနှီးကြသလား''

မေးဖူးသည်။

''ဟုတ်ကဲ့၊ ကိုစစ်အောင်က ငြိမ်းရဲ့ မိတ်ဆွေတစ်ယောက်ပါ''

''ခင်သလား''

''ဘယ်လိုပြောရမလဲ''

မငြိမ်းယဉ်က ရယ်မောမိသည်။ ထို့နောက်…

''ပေါင်းတာလည်း မကြာသေးတော့''

''မပေါင်းနဲ့၊ မပေါင်းနဲ့''

''ဘာဖြစ်လို့လဲ''

''အလကားလူပါ''

မေမိက မျက်နှာကို အလှမပျက်အောင် မဲ့ရွဲ့လိုက်ပြီး ပြောလိုက်သည်။

''သူက စာတော့ တော်တော်ဖတ်တယ်၊ အရည်အချင်းရှိတဲ့ လူတစ်ယောက်လို့ ငြိမ်း ထင်မိတယ်''

''ဘယ်လိုအရည်အချင်းလဲ၊ သူ့ဝမ်းသူ မကျောင်းနိုင်တဲ့လူတစ်ယောက်ကို အရည်အချင်းရှိတယ်လို့ ပြောမလား''

''အလုပ်မရှိဘူးလား''

''ဟင်''



ဟု တစ်ချက်ပြောပြီး မေမိက ရယ်လိုက်လေသည်။

''မိဘအမွေတွေ မနည်းဘူးရတယ်၊ ပြောရင် ယုံမလား ငြိမ်း၊ ကျောင်းကလည်း အိုင်အက်စီတောင် မအောင်ဘဲ တစ်ပိုင်းတစ်စ ထွက်လိုက်ရတယ်။ သိန်းနဲ့ချီ ရထားတဲ့အမွေတွေ သူလုပ်ချင်တာတွေ လျှောက်လုပ်ရင်း ကုန်တာပဲ၊ အဓာတသတ်နဲ့ ဒေဝဒတ်နဲ့ ပေါင်းသလိုပေါ့၊ ဦးကြီးရှိန်နဲ့ ပေါင်းနေ ဘာ ခဏခဏ ထောင်ထဲရောက်…''

မငြိမ်းယဉ်သည် မေမိ၏ လှပဖြူဖွေးသော မျက်နှာလေးကို စိုက်ငေးရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။ မေမိက…

''သူ့အစ်ကိုနဲ့လည်း စကားပြော အပေါက်အလမ်း မတည့်ကြဘူး၊ အများဆင်းရဲနေတဲ့အချိန်မှာ ကျွန်တော် ချမ်းချမ်းသာသာ မနေချင်ဘူးတဲ့လေ၊ ကျွန်တဲ့ပိုက်ဆံကို ဗီးယက်ကားလေး ဝယ်ထားလိုက်၊ ကားဈေးတွေက တဖြည်းဖြည်း တက်လာပြီ ပြောတာမရဘူး၊ ခု ပြောတဲ့အတိုင်းပဲ ကားဈေးတွေ ဘယ်လောက်တက်လဲ၊ ကိုယ်တို့ ဖယ်မလီယာ (ဆ)နံပါတ်တောင် တစ်သိန်းကျော် လာပေးနေပြီ၊ ကော်ရော်လာက လေးသိန်း''

မငြိမ်းယဉ်သည် စိတ်မဝင်စားလှသော်လည်း ခေါင်းညိတ်ကာ နားထောင်မိသည်။

''ပြီးတော့ သူ့ခြေထောက်ကလည်း မသန်ဘူး''

''ခြေထောက်က ဘာဖြစ်တာလဲ''

''မဖြေချင်တဲ့ဟာ မေးလို့ကို မရဘူးကွယ်၊ နောက်ဆုံး ရေချိုးခန်းနံရံပေါင်ပေါ်က ခုန်ချတာပဲ၊ ဒဏ်ရာအဟောင်းက ထပ်ဖြစ်တယ်လို့ ပြောသံကြားတာပဲ၊ အဖြစ်က တိုတိုပြောရရင် သူ့အစ်ကိုလတ်က Suicide လုပ် (သတ်သေ)တယ်ကွယ်၊ ကုလားထိုင်လှဲလိုက်သံ ကြားတာနဲ့ တစ်ခါတည်း မိမယ်ထင်ပြီး ခုန်ဆင်းတာ ဟိုက လျှာထွက်သေနေပါပြီ''

''ဘာဖြစ်လို့ သတ်သေတာလဲ''

''ပြောရရင် အရှည်ကြီး ညီမရဲ့၊ မမကို သူတို့အမျိုးတွေက အပြစ်ဖို့ချင်ကြတာ၊ သူနဲ့ မမကို ရှုပ်ရှုပ်ရွဲရွဲလုပ်ပြီး အစ်ကိုကြီး ကိုသိန်းအောင်ကို

တွန်းကြတာ၊ တွန်းပါများတော့ အစ်ကိုက ယုံပြီး ခေါ်မေးတာ၊ ရှက်လှချည်ရဲ့ ဆိုပြီး သတ်သေတာ''

မငြိမ်းယဉ်သည် တစ်ခါမှ မကြားဘူးသော ဇာတ်လမ်းမျိုးမို့ ကြက်သီးထသွားလေသည်။ မေမီက စကားစ သိပ်မပြတ်ခင်မှာပင် ဧည့်သည်တွေနှင့် ပြန်ရောက်ကာ ပြတိုက်ထဲ စိတ်မပါ့တပါ ပစ္စည်းများ ကိုင်တွယ်ကြည့်ပြီး မငြိမ်းယဉ်အား နှုတ်ဆက် ပြန်လေသည်။

သည်တော့ ကိုစစ်အောင်အကြောင်းကို ရုပ်ရှင်နှမူနာကားပြတာ ကြည့်ရသလိုပင် အစိတ်အပိုင်းမျှသာ သိခွင့်ရလေသည်။

''ဖျော်ရည် အစပ်တည့်ရဲ့လား၊ ကျွန်တော်ကတော့ မငြိမ်းယဉ်လို့ စားစရာတွေ ကောင်းကောင်းမစီမံတတ်ဘူး''

သူက ရယ်လျက် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်လေသည်။ မငြိမ်းယဉ်နှင့် လင်းလင်းတို့သည် ဖျော်ရည်ကို အားပါးတရ ကျိုက်ချကြပြီး---

''ဖျော်ရည် သိပ်ကောင်းတာပဲ၊ ကျွန်မအနေနဲ့ ကိုစစ်အောင်တို့ အထူးအဆန်းတွေ ပြချင်လို့ လာခေါ်တာ၊ သက်သက်ဒုက္ခပေးသလို ဖြစ်နေပြီ''

''မငြိမ်းယဉ်က ကျွန်တော့်ကို ကူညီဖို့ လာခေါ်တာပဲ မဟုတ်လား''

ဤမျှသာပဲ ပြောလိုက်လေသည်။

သူငေးကြည့်နေသောဘက်သို့ မငြိမ်းယဉ်သည် လှည့်ကြည့်လိုက်သည်။ ၁၁ နှစ်၊ ၁၂ နှစ်သားလေး တစ်ယောက်သည် ရေလှည်းကို အတော်တွန်းနေရသည်။ ရေလှည်းက ချိုင့်ဝှမ်းက မတက်။ မနိုင်ဝန်ကို ထမ်းနေရသလို ကလေးငယ်သည် ပါးစပ်ဟကာ ဟောဟဲ ဟောဟဲနှင့် အသက်ပြင်းပြင်းရှူနေသည်။

''နေဦး''

ကိုစစ်အောင်သည် ဖိနပ်မစီးဘဲ အောက်သို့ ကပျာကယာဆင်းကာ ကလေးငယ်၏ လှည်းကို ကူတွန်းပေးလိုက်လေသည်။ နောက်မှ အိမ်ပေါ်ပြန်တက်လာကာ လက်နှစ်ဖက်ကို ပုတ်ခါပြီး...

''မနေ့ညနေက ဒီမှာ ကလေးတစ်ယောက် ကားတိုက်တာ ဒီအရွယ်



ပဲ၊ ဒေါ်ဂျစ်တစ်စင်းပဲတိုက်လိုက်တာ ပွဲချင်းပြီးပဲ၊ မအေရော ဖအေရော ဈေးထွက်နေကြတာ၊ တော်တော်နဲ့ သိမှာမဟုတ်ဘူး''

''အို...ဖြစ်မှ ဖြစ်ရလေ''

''ရေလှည်းက ကိုယ့်အိမ်အတွက်ရော၊ အငှားတွန်းတာရော၊ ဝမ်းရေးအတွက် ကြံဖန်နေကြတာပဲ''

သည်တော့ မငြိမ်းယဉ်၏ တဖျတ်ဖျတ်ခတ်နေသော ယပ်တောင်သည် တန့်သွားလေသည်။

''အပေါ်ပူ အောက်ပူ၊ ချွေးတရွှဲရွှဲနဲ့ ရေဆွဲနေတာ တွေ့ရတော့ အရိပ်ထဲ ယပ်ခတ်နေရတာတောင် စိတ်က မဖြောင့်ဘူး၊ အားနာတယ်''

စာအုပ်တစ်အုပ်နှင့် ငြိမ်နေသော လင်းလင်းကလည်း သူခတ်နေသော ယပ်တောင်ကို အသာချထားလိုက်သည်။

ရေပုံးရွက်သွားသော အမျိုးသမီးတချို့အသားသည် နေလောင်ထားသဖြင့် ညိုသူက မည်းကာ ဖြူသူက နီမှောင်နေသည်။ ဆံပင်တို့သည် နီကြင်ဖွာလန်နေသည်။ သနပ်ခါး ပါးကွက်ကျားတို့သည် ချွေးများစိုလျက် ပျက်ပြယ်နေကြသည်။

မငြိမ်းယဉ်သည် လမ်းမဘက်သို့ နည်းနည်းစောင်းနေသော သူ့ဇက်ဖာကားကို လှမ်းကြည့်ရင်း...

''နေဦးနော်၊ ကျွန်မကားက ရေခပ်တဲ့လူတွေကို အနှောင့်အယှက်ပေးနေသလား မသိဘူး၊ အောက်ချထားပေးလိုက်ဦးမယ်''

မငြိမ်းယဉ်သည် အောက်သို့ဆင်း၍ ကားကို တက်မောင်းကာ လမ်းအောက်ဘေးသို့ ချပေးလိုက်လေသည်။

ခေမာသီ(၅) ဟီးနိုးကားတို့ ပြေးသံသည် မြေပေါ် သိမ့်ခနဲ သိမ့်ခနဲ တုန်ခါသွားလေသည်။ မငြိမ်းယဉ်သည် ရွှဲနစ်နေသော ချွေးများနှင့် မျက်နှာ၊ လည်ပင်းတို့ကို လက်ကိုင်ပဝါနှင့် သုတ်လိုက်ပြီး...

''အင်း...လူ့ဘဝမှာ ဒုက္ခက နှစ်မျိုးပါလား၊ စိတ်ဒုက္ခရယ်၊ ကာယဒုက္ခရယ်၊ နှစ်မျိုးစလုံးကတော့ အခံရ မသက်သာလှပါဘူးနော်''

မငြိမ်းယဉ်က ပြောပြီး ပါးစပ်မှလေကို ဖူးခနဲ ထုတ်လိုက်လေသည်။ ကိုစစ်အောင်သည် မငြိမ်းယဉ်၏ မျက်နှာကို လှမ်းကြည့်ပြီး…

"မငြိမ်းယဉ်ကို ကျွန်တော် မေးချင်သေးတယ်"

"မေးပါ…မေးပါ၊ ဒါပေမဲ့ အမေး ၊ ကျောင်းသား၊ အမြဲ ဘုရားလောင်း ဆိုတဲ့စကားကိုတော့ ပြောင်းပြန် ပြန်ပါရစေ၊ ခု ကျွန်မတေ ၊ ကျောင်းသား၊ ကိုစစ်အောင်က ဘုရားလောင်း"

"ကျွန်တော်ကတော့ မငြိမ်းယဉ်ကို အရင့်အမာ ပုဂ္ဂိုလ်တစ်ယောက် လို့ပဲ ထင်ပါတယ်"

"မလှောင်ပါနဲ့"

မငြိမ်းယဉ်က တစ်ချက်ရယ်လိုက်သည်။

"ကျွန်တော် ဘယ်သူ့ကိုမှ မလှောင်တတ်ပါဘူး"

ကိုစစ်အောင်က ချက်ချင်းပြန်ဖြေသည်။

"ကျွန်မကတော့ ကိုယ့်ကိုယ်ကိုယ် နောင်ပွင့်မယ့် ဘုရားတစ်ဆူရဲ့ လက်ထက်မှာ ဂေါတမရှင်တော်ဘုရားရဲ့ လက်ျာရံ ဘိက္ခုနီ ခေမာထေရီနဲ့ လက်ဝဲရံ ဘိက္ခုနီ ဥပ္ပလဝဏ်ထေရီတို့လို ဖြစ်လာလိမ့်မယ် အထင်ကြီးမိပါ တယ်"

"ယုံပါတယ်"

သည်တစ်ခါ ကိုစစ်အောင်သည် ရယ်စရာလုပ်ကာ ရယ်နေသည်။ မငြိမ်းယဉ်လည်း ရယ်နေရာမှ သတိရသလို…

"ကိုစစ်အောင် ဘာမေးချင်လို့လဲ"

"သြော်··မငြိမ်းယဉ် ကျွန်တော်တို့ရဲ့ ခံယူချက်ဖြစ်တဲ့ လူ့ဘဝပန်းတိုင် ကို ယုံသလားလို့ မေးချင်တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ စောစောက မငြိမ်းယဉ် ပြောခဲ့တဲ့ စကားတွေမှာ ရှေ့နောက်မညီတာလေးတွေ သွားတွေ့တယ်၊ စိတ်မရှိ ပါနဲ့"

"ပြောပါ…ပြောပါ၊ ကျွန်မက ဒီလိုပွင့်ပွင့်လင်းလင်း ပြောတာမျိုး ကို သဘောကျပါတယ်"



"မငြိမ်းယဉ် ပြောခဲ့တဲ့ စကားတစ်နေရာမှာ ကံကို အပြတ်ဖြတ်ချင် ဖြတ်၊ ကံကို ပြုပြင်ချင် ပြုပြင်မယ်ဆိုပြီး ကံကို အံတုခဲ့ပြီး ခုနက မငြိမ်းယဉ်ရဲ့ မျိုးဆိုတဲ့လူ့အကြောင်းကို ပြောပြပြန်တော့ နောက်ဆုံးတော့ ဘာမှမဖြဲပါဘူး၊ ငါမဟုတ်တဲ့ ငါဆိုတဲ့ ကံစီမံရာသဘောထား အယူအဆတွေ တွေ့ရပြန်တယ်"

မငြိမ်းယဉ်သည် မျက်မှောင်တွန့်ကာ ရယ်လျက် ခေါင်းကို ခါရမ်း ပြီး…

"ကံကိုပြတ်အောင် ဖြတ်တယ်ဆိုတာလည်း ဟုတ်တယ်၊ ကံကိုပြုပြင် လို့ရတယ်ဆိုတာလည်း ကျွန်မယုံတယ်၊ ယုံချင်တာလို့လည်း ပြောနိုင်ပါတယ်၊ လောကကြီးမှာ ကိုယ်ဖြစ်ချင်သလို မဖြစ်တာလည်း အမှန်ပဲ၊ နေရာတိုင်းမှာ တော့ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ချင်မှ ဖြစ်မှာပေါ့၊ ကျွန်မ မသေချင်ပေမယ့် နက်ဖြန် ကားတိုက်သေချင်လည်း သေနိုင်…"

"မငြိမ်းကလည်း မပြောကောင်းဘူး"

ဟု လင်းလင်းက ဟန့်တားလိုက်လေသည်။

မငြိမ်းယဉ်က ရယ်လျက်…

"ဘယ်သူကရော သေချင်မှာလဲ၊ နာချင်မှာလဲ၊ အိုချင်မှာလဲ၊ ဒါပေမဲ့ ကိုယ်မတတ်နိုင်တဲ့ကိစ္စကလွဲလို့ ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား၊ ယောကျ်ားတို့ လုံ့လ သေခါမှလျှော့ဆိုတဲ့ စကားလည်းရှိသားပဲ၊ မဟာဇနက ကြည့်ပါလား၊ (၇)ရက်လုံးလုံး ပင်လယ်ပြင် ကူးခတ်တာ နည်းတဲ့ဖွဲလား။ ကျွန်မကတော့ ဘာမဆို လုပ်ရင်ဖြစ်ရမယ်ဆိုတဲ့ စိတ်ကတော့ ရှိနေတာပဲ၊ အမြဲပဲ ရှိနေတယ်၊ နပိုလီယံ ကြည့်ပါလား၊ ရှုံးမယ်လို့ ဗေဒင်က ဒိဋ္ဌဟောလိုက် တဲ့စစ်မှာ မနိုင် နိုင်အောင် တိုက်တာပဲမဟုတ်လား၊ ဒီလိုကြံရင်းဖန်ရင်းနဲ့မှ မအောင်မြင်လည်း ဝမ်းနည်းစရာမလိုတာ ပြောတာပါ၊ ကျွန်မကတော့ အကောင်းဘက်ကချည်း ခြေကုပ်ယူထားမိတာကိုး"

မငြိမ်းယဉ်၏ မျက်လုံးများသည် သိသိသာသာ အရောင်တောက်လာ ပြန်သည်။ ကိုစစ်အောင်က ပြုံးလျက် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာ လိုက်လေသည်။ မငြိမ်းယဉ်က ဆက်၍…

"စောစောက ကိုစစ်အောင်ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ယုံလားဆိုတဲ့ မေးခွန်းကို ကျွန်မ သဘောပေါက်ပါတယ်၊ လူတိုင်း ဘဝလိုအပ်ချက်တွေ ပြည့်စုံရေးကို ပြောတာမဟုတ်လား၊ ဒါဟာ နိဗ္ဗာန်ရောက်ကြောင်းတရားက မကယ်နိုင်ဘူးလို့ ကိုစစ်အောင် ပြောချင်တာမဟုတ်လား"

"တရားတော်ကို ကျွန်တော် မပုတ်ခတ်ပါဘူး၊ မငြိမ်းယဉ် ပြောသလို ပဲ ဘယ်လိုအကျိုးဖြစ်ထွန်းအောင် လုပ်ကြမလဲဆိုတာသာ ကျွန်တော် နားလည် ချင်တာပါ"

"ဒါကြောင့် နွားနို့နဲ့ ကြက်ဥခေါက်သလို ရောခေါက်ရင် မရဘူး လားလို့ ကျွန်မ ပြောခဲ့တာပေါ့၊ ကျွန်မတို့ တစ်ကိုယ်တည်း လွတ်မြောက်ရေး မရှာဘဲ သာသနာပြုကြရအောင်ဆိုတဲ့ စကားထဲမှာ ကိုစစ်အောင်တို့ လိုချင်တဲ့ လူ့လွတ်မြောက်ရေးပါ အကျုံးဝင်လာလိမ့်မယ် ထင်တယ်၊ အများအကျိုးကို ရှေ့ရှုလိုက်တဲ့အခါ ကိုစစ်အောင် ပြောတဲ့ Renunciation(စွန့်လွှတ်ခြင်း) သဘောဝင်လာပြီနော်၊ အဲဒီမှာ အကြီးဆုံးသော Renunciation က လူတိုင်းက တောင့်တအပ်တဲ့ နိဗ္ဗာန်ဆိုတဲ့တရားကိုတောင် မယူသေးတာပဲ။ ကျွန်မတို့ ပြောတာမဟုတ်ပါဘူး၊ ကျွန်မက လောကီ မပယ်တာကတော့ ဘဝခင်တာ လည်း ပါနေသေးတယ်"

မငြိမ်းယဉ်က ရယ်ရင်း သက်ပြင်းချလိုက်သည်။

"ကျွန်မပြောချင်တာက ထူးခြားတဲ့ပုဂ္ဂိုလ်တွေ ပြောတာပါ၊ ထွက်ရပ် ပေါက်ပုဂ္ဂိုလ်တွေပေါ့၊ ပမာအားဖြင့် အဲဒီမှာ ငရဲအကျခံပြီး နိုင်ငံရေးလုပ်တဲ့ လူတွေကိုပါ၊ ကျွန်မ အင်မတန် ကြည်ညိုလေးစားလာတယ်"

"မငြိမ်းယဉ် ဒီလိုသဘောပေါက်တာ ကျွန်တော် ဝမ်းသာမိပါတယ်၊ ကျွန်တော်တို့ ဗမာနိုင်ငံသမိုင်းမှာ ၁၉၂၀ က ၁၉၃၀ အထိ ၁၀ နှစ်ကာလ အတွင်း နိုင်ငံရေးပြစ်မှုနဲ့ ထောင်ကျတာ၊ ငွေဒဏ်တပ်ခံရတာ၊ နယ်နှင်ခံရတာ သံဃာတော် စုစုပေါင်း ၈၀၀ လောက် ရှိတယ်လို့ မှတ်ထားရဖူးတယ်။ ဒီထဲမှာ အကြိမ်ကြိမ် ထောင်ကျခံပြီး အတက်ကြွဆုံး ခေါင်းဆောင်မှုပေးခဲ့တဲ့ သံဃာတော်တွေထဲမှာ ဆရာတော် ဦးဥတ္တမ၊ ဦးဝိစာရ။ ဦးဝိစာရက ထောင်ထဲ



အစာငတ်ခံ ပျံလွန်တော်မူတာ၊ မန္တလေး ဦးစန္ဒိမာကတော့ သေနတ်ပစ်ခံရပြီး ပျံလွန်တော်မူတာ၊ စသဖြင့်ပေါ့ အားလုံးပေါင်း အပါးလေးဆယ်လောက် ရှိလိမ့်မယ်"

မငြိမ်းယဉ်သည် ကိုစစ်အောင် ပြောစကားတွေကို နားအာရုံစူးစိုက် ပြီးနောက်...

"ကျွန်မကတော့ ဘာမဆို အကောင်းဆုံးကိုပဲ မျှော်မှန်းနေမိသလား တော့ မသိဘူး၊ တိမ်ဆိုလည်း မြူတစ်စက်မှ မရှိဘဲ ပြာနေမှ၊ လဆိုလည်း မိုးသားတိမ်မျှင် တစ်မျှင်မှ မဖုံးကွယ်မှ၊ ကြယ်ဆိုတာလည်း လွတ်လွတ်ကင်းကင်း ထွန်းတောက်မှ၊ အဲလိုပဲ ဖြစ်စေချင်တာ။ ဒါတွေကတော့ လူသားတွေအားလုံး အတွက် ကျွန်မရဲ့ စေတနာပါ။ ကျွန်မအဖို့ကတော့ မှန်တာပြော နေတတ်စား တတ်ပါပြီ။ မိုးရွာရွာ နေပူပူ ခရီးပန်းပန်း ဖြစ်ပါတယ်၊ ထမင်းလည်း တစ်နပ် တည်းစားလို့ရတယ်၊ ထမင်းကို ဆား၊ ရေတ်သီးထောင်း တစ်ခွက်တည်းနဲ့ ပဲလှော် လေးငါးဆယ်စေ့နဲ့ စားလို့ဖြစ်တယ်၊ အကောင်းဆုံးကိုလည်း စားတတ် သလို မကောင်းဆုံးကိုလည်း စားတတ်ပါပြီ။ မြေကြီးမြက်ခင်းပေါ်တောင် အခင်းမပါဘဲ အိပ်တတ်ပြီ၊ ဒါတွေဟာ ကျွန်မကျင့်တဲ့ တရားတွေက လေ့ကျင့် ပေးတာပေါ့"

"ဒါကြောင့် ရှေ့တင်ပဲ ပြောလိုက်ရဦးမယ်၊ ဦးလေးကြီးရှိန်က ပြောတယ်၊ မငြိမ်းယဉ်မှာ သူသဘောကျတဲ့ အရည်အချင်းတွေ အများကြီး ရှိတယ်လို့ ကျွန်တော့်ကို ခဏခဏ ပြောဖူးပါတယ်"

"ကျွန်မ စောစောကပြောသလို တိမ်ဆို ပြာနေမှ၊ လဆို သာနေမှ ဆိုပြန်တော့ ဒုက္ခဆိုတဲ့တရားဟာ ဘယ်မှာလဲ၊ ဒုက္ခမရှိရင် နိဗ္ဗာန်ဆိုတာကကော လိုပါဦးမလား မေးလာမယ်၊ ဒါ မှန်ပါတယ်၊ တစ်ခုစဉ်းစားစရာရှိတာကတော့ ဂေါတမရှင်တော်ဘုရား သိဒ္ဓတ္ထမင်းသားဘဝက ဘယ်မှာ ဒုက္ခမွေလို့လဲ၊ ဒီလောက် စည်းစိမ်ရှိတဲ့ဘဝများ ကျွန်မသာဆိုရင် တစ်သက်လုံးနေသွားမှာပဲ။ ဒါပေမဲ့ သူက ပါရမီရှင်၊ သူများ တစ်ထွာမြင်ရင် သူက တစ်လံမြင်မယ်၊ သူများ မျက်မွေးတဆုံးပဲ ကြည့်ပေမယ့် သူက အရှည်ကိုကြည့်မယ်။ အိုခြင်း

နာခြင်း၊ သေခြင်း ဆိုတဲ့ ဆင်းရဲဒုက္ခအပြင် သံသရာဆိုတာလည်း သူက သူများထက် ပိုသိနားလည်နေပြီ။ ဒီတော့ သံသရာလွတ်မြောက်ကြောင်းဆိုတာကို သူ ရှာလာတာပေါ့။ သူ့ကျေးဇူးအနန္တကြောင့်လည်း ကျွန်မတို့ဟာ ဒီတရားကို သိလာရတာပဲ"

ကိုစစ်အောင်က ဆေးလိပ်မီးခိုးမျှင်ကို မော့ကြည့်ကာ တွေငေးနေသည်။ မငြိမ်းယဉ်သည် ဘယ်လိုပဲ လောကီလွတ်မြောက်ရေး(ဝါ)လူသားလွတ်မြောက်ရေး ပြောနေသော်လည်း သူသည် ဂေါတမရှင်တော်ဘုရား ဘက်တော်သား ဖြစ်နေပေပြီ။ ဘာသာရေးအခြေခံလည်း တော်တော်နိုင်ပေပြီထင်သည်။

သူက သက်ပြင်းတစ်ချက် ခပ်လေးလေး ချနေဆဲ မငြိမ်းယဉ်က ရယ်မောလျက်...

"ကျွန်မကတော့ ဆရာတော် ဦးသောဘိတစကားကို သဘောကျလို့ ထောက်ခံပါတယ်၊ တစ်ပြိုင်နက် အနေလှဖို့ရော၊ အသေလှဖို့ရော ကျင့်ကြံနိုင်ရင် ကောင်းမယ်ထင်တယ်၊ ဒီနှစ်မျိုးစလုံးမှာ 'သစ္စာ' ဆိုတဲ့ တရားက အဓိကပဲ၊ ကိုစစ်အောင် သဘောကျတဲ့ ဥပမာမျိုးနဲ့ ပြောရရင် ဟိုချီမင်းရဲ့ အဘိုးလေး သစ္စာတည်ပုံလေး ကိုစစ်အောင် သိမှာပါ"

'ဟုန်'သည် ဟိုချီမင်းမိခင်၏ ဦးလေးဖြစ်သည်။ သူသည် သူ့ပုန်ခေါင်းဆောင်ကြီးနှင့် ပူးပေါင်း၍ ပြင်သစ်တို့ကို ခုခံတိုက်ခိုက်လေရာ နောက်ဆုံး သူ့ကို ဖမ်းမိသွားလေသည်။ ပေါ်လိုကွန်ဒိုကျွန်းသို့ အပို့ခံရပြီးနောက် သူ့ကို ညှဉ်းပမ်းစစ်ဆေးမေးမြန်းမည်ကို သိသောအခါ သူ့လျှာကို အပေါ်သွားနှင့် အောက်သွားအကြားကိုက်ကာ သူ့မေးကို ကြမ်းပြင်၌ ဆောင့်ချခြင်းဖြင့် သူ့လျှာကို သူ့ဖာသာ ဖြတ်ပစ်ခဲ့လေသည်။ ထိုအဖြစ်ကို မြင်ရသောအခါ ရန်သူတို့မှာ တအံ့တသြ ဖြစ်ကုန်လျက် သူ့အား ညှဉ်းပမ်း၍ အကျိုးရှိတော့မည် မဟုတ်သောကြောင့် ပြန်လွှတ်လိုက်လေသည်။

"ဗုဒ္ဓဘာသာမှာလည်း သောတာပန်ဖြစ်လာရင် ဘုရားကို ဘုရားမဟုတ်ဘူးလို့ မပြောဘူး၊ တတ်နိုင်လို့ သူ့လည်ပင်းကိုဖြတ်၊ တင်းပုတ်နဲ့ ထုရိုက်နှိပ်စက်လည်း ဘာသာကို မစွန့်ဘူး၊ တကယ်တော့ နှစ်မျိုးစလုံးဟာ



ယုံကြည်ချက်အတွက် အစွမ်းကုန် စွန့်စားကြတာပါပဲ၊ ကျွန်မတော့ ဒီလိုပဲ မြင်တယ်"

□□□

## အခန်း(၃၂)

“ခင်ဗျားနာမည် ကိုစစ်အောင်နော်”

“ဟုတ်ကဲ့ ဆရာ”

“ခင်ဗျား နေ့နံအလိုက် မှည့်ထားတဲ့ နာမည်ပဲဗျ၊ အင်္ဂါသားဗျ ဟုတ်ရဲ့လား”

“ဟုတ်ပါတယ်”

“ထွန်းထွန်းပေါက်ပေါက် ဖြစ်မယ်ဗျ၊ ခင်ဗျား သိပ်ဉာဏ်ကောင်း တယ်လို့ ဆိုပါလား၊ ငယ်ငယ်က အတန်းထဲ ပထမ ဒုတိယ အမြဲရတယ်၊ စာသိပ်ကျက်ရတယ်မရှိဘဲ စာမေးပွဲဟာ အောင်အောင်သွားသတဲ့၊ ငယ်ငယ် တုန်းက ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး အနှောင့်အယှက် လုံးဝမရှိလို့ အဖြေထွက်တယ်”

ဆရာက မျက်စိကိုမှိတ်ကာ အာရုံပြုရင်း ပြောလိုက်သည်။ ပြောသမျှ မှန်သော်လည်း ပထမသော် မအံ့သြလှသေး။

“ခင်ဗျားအသက်နှစ်ဆယ်ကျော်ကစပြီး သိပ်စိတ်ဆင်းရဲခဲ့ရတယ် ဆိုပါလား”



မငြိမ်းယဉ်သည် သူသိပြီးသားတွေဖြစ်သော အကြောင်းထက် သူ မသိသေးသော အကြောင်းများကို ပြောရင် ကောင်းမှာပဲဟု ဆရာ့အား ‘မနော’ နှင့် တောင်းလိုက်လေသည်။ ဆရာက ပြုံးလျက်…

“ခင်ဗျားမှာ အကြံအစည်တွေ ရှိတယ်ဗျ၊ ခင်ဗျား အထက်ဘက်ကို ခရီးထွက်မယ်၊ ကြာသပတေးနံနဲ့စတဲ့ မြို့ပဲ၊ ဒီတစ်ပတ်အတွင်းပဲ သွားရလိမ့်မယ်၊ ခင်ဗျားနားမှာ မယုံကြည်ထိုက်တဲ့ လူတစ်ယောက် ရှိနေတယ်လို့ အထက်က အဖြေပေးနေပါလား”

“ဘယ်သူပါလဲ ဆရာ”

ကိုစစ်အောင်က ကပျာကယာ မေးလိုက်လေသည်။

“ဒီလူ့နာမည်က တနင်္လာနံနဲ့ စတယ်၊ ‘ခင်’တို့ ဘာတို့ပေါ့ဗျာ”

“ရုပ်က ဘယ်လိုနေလဲ”

“မပိန်မဝဘဲ၊ အသားလတ်တယ်၊ နဖူးပြောင်ပြောင်၊ နှာခေါင်း နည်းနည်းကြီးတယ်၊ လက်တစ်ဖက် ကောက်နေတယ်၊ သိပြီလား”

“သိပါတယ် ဆရာ”

ကိုစစ်အောင်က အံ့သြလာလေသည်။

“ဒီလူက စကားအမျိုးမျိုး ပြောတတ်တယ်တဲ့ဗျာ၊ ခင်ဗျားတို့အချင်း ချင်း မသင့်မြတ်အောင်လည်း လုပ်နေတယ် အဖြေထွက်တယ်”

“မှန်ပါတယ်”

“ခု ခင်ဗျားအိတ်ထဲကစာကို သူနဲ့ ပေးလိုက်ဖို့ စိတ်ကူးတာ ဖျက် လိုက်ပါ၊ ခင်ဗျား ပို့ချင်တဲ့ဆီ မရောက်ဘူးလို့ အဖြေထွက်တယ်ဗျာ”

ကိုစစ်အောင်သည် အံ့သြနေသည်။ ဆရာက သူ့လက်ချောင်း နှစ်ချောင်းနှင့် နဖူးကိုထောက်ကာ တစ်အောင့်လောက် မျက်စိမှိတ်ပြီးမှ ဖြန့် ဖွင့်လျက်…

“ခင်ဗျား ခု အနောက်ဘက်ကို ခေါင်းပြုအိပ်နေတယ်၊ ဟုတ်ရဲ့ လား”

ကိုစစ်အောင်သည် စဉ်းစားပြီးမှ ခေါင်းညိတ်လိုက်လေသည်။

"အရှေ့ဘက် သို့မဟုတ် တောင်ဘက်ကို ခေါင်းအုံးလှည့်လိုက်ပါ၊ ခင်ဗျားအကြံအစည် အလုပ်အကိုင်များ နောက်ပြန်ဆုတ်နေတယ်လို့ အဖြေထွက်နေတယ်ဗျာ"

အုံ့ဩသည်ထက် အုံ့ဩလာရင်း ဖယောင်းတိုင်မီးကို စူးစိုက်ကြည့်နေသည်။ စဥ့်ပန်းအိုးများနှင့် စိုက်ထားသော သပြေညွန့်များသည် လန်းဆန်းလတ်ဆတ်ဆဲပင် ရှိသေးသည်။ ဘုရားခန်းတစ်ခုလုံးသည် ပန်းရနံ့ နံ့သာဖြူရနံ့များနှင့် သင်းထုံနေသည်။ အမွှေးတိုင်ရနံ့များသည် မီးခိုးများနှင့်အတူ လွင့်ပျံတက်လာလေသည်။

ထို့နောက် ဆရာက မငြိမ်းယဥ်ဘက်လှည့်ကာ ရယ်မောလျက်---

"ဆရာမမိတ်ဆွေက ကျွန်တော်တို့လုပ်ငန်းစဥ်ကို သိပ်ဘဝင်မကျဘူးဗျ၊ သူ့စိတ်က ဒွိဟဖြစ်နေတယ်၊ ကမ္ဘာလောကကြီးမှာ ရုပ်ဓာတ်၊ နာမ်ဓာတ် နှစ်ပါးရှိတာ၊ နာမ်ဓာတ်ရဲ့သဘာဝကို သိပ်လက်မခံဘူးဗျ၊ ခင်ဗျားနဲ့လည်း အငြင်းပွားနေတယ်၊ ခုလောလောဆယ်တော့ ဆရာမမိတ်ဆွေဟာ ဆရာမကို နှုတ်နဲ့ အလျှော့ပေးနေသော်လည်း စိတ်ထဲကတော့ တင်းခံနေတာပဲ၊ မလွယ်ဘူးဗျ၊ ရှေ့ နှစ်ဦး ကျတော့မှ သူ့စိတ်က တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားဖွယ် ရှိတယ်တဲ့၊ သဘာဝက ဒီလိုဆိုကိုးဗျ"

ကိုစစ်အောင်က ပြုံး၍သာနေသည်။ မငြိမ်းယဥ်သည် ဆရာကတော် တည်ခင်းပေးထားသော လက်ဖက်ရည်ကြမ်းပန်းကန်ကို လှမ်းယူကာ…

"ဒါတော့ ဆရာရယ်…ဘုရားတောင်မှ ချွတ်ထိုက်တဲ့လူကိုပဲ ချွတ်သွားတာ"

"ကျွန်တော်ကတော့ မငြိမ်းယဥ် ချွတ်ထိုက်တဲ့ သတ္တဝါများ ဖြစ်နေမလားလို့"

မငြိမ်းယဥ်က တဟားဟားနှင့် ရယ်မောလျက်…

"မလုပ်ပါနဲ့၊ ကျွန်မ ဝမ်းရောဂါကာကွယ်ဆေး မထိုးရသေးဘူး"

ဆရာကတော်က ရယ်မောလိုက်လေသည်။

"ကျွန်မလည်း ကိုစစ်အောင်ကို ကျွန်မ ဘယ်လိုတရားကျင့်လာပုံကို



မပြောရသေးဘူး၊ တကယ်တော့ ကျွန်မက သီလဝိသုဒ္ဓိ စင်ကြယ်မှုကို ပိုဂရုစိုက်မိတယ်၊ ကျွန်မရဲ့ ပင်ကိုသဘာဝကိုက လိပ်ပြာသန့်စင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မိတာပဲလေ၊ ကိုလွင်မောင်နဲ့ မမတို့နဲ့ ဝိပဿနာ တစ်နှစ်လောက် ထိုင်ဖူးပါရဲ့၊ ကျွန်မစိတ်က သိပ်ပျံ့လွင့်တာပဲ၊ ပါရမီက နုလို့လား မသိဘူး၊ ဝိပဿနာတရားပေါက်ဖို့ တော်တော်ဝေးတယ်၊ တကယ်တော့ ဝိပဿနာတရားပေါက်ဖို့ဆိုတာ တစ်ဘဝနဲ့လည်း မဖြစ်နိုင်ဘူး ထင်တာပဲ၊ ဘဝအဆက်ဆက် အားထုတ်ဖြည့်ဆည်းမှ ပါရမီလုပ်ငန်းစဥ်ကို ဆိုက်ရောက်မှာ"

ဆရာက မငြိမ်းယဥ်အား လက်ညှိုးထိုးလျက်…

"ဆရာမကို သမာဓိအရင်ထူထောင်ဖို့ ကျွန်တော် တိုက်တွန်းလိုက်တာပါ၊ ဆရာမစိတ်က တော်တော်ကစဥ့်ကလျား ဖြစ်လိုက်သေးတာ၊ သူ့အစ်မဆုံးတော့ ဆရာမကို ကျွန်တော် စိတ္တဇဆေးရုံနဲ့ တွဲမြင်တာ၊ ကျွန်တော် ကယ်ဖို့ကြံပြီဆိုတာ သိလိုက်တယ်၊ အာရုံနိမိတ်မှာ ပေါ်လို့ ဆရာမမောင် 'အတာ'ကို ခေါ်နိုင်းလိုက်တာ၊ အတာနဲ့ ကျွန်တော်နဲ့က တစ်ရုံးတည်း အမှုထမ်းကြတာ"

"အာရုံနိမိတ်ဆိုတာ ဆရာမငြိမ်းယဥ်နဲ့ ပတ်သက်လို့ ဘယ်လိုမြင်လို့လဲ၊ စပ်စုတယ်လို့ မထင်ပါနဲ့၊ ကျွန်တော် လေ့လာချင်လို့ပါ"

"ပြောခွင့်တော့ မရှိဘူးဗျာ၊ ဒါပေမဲ့ ခင်ဗျားအကျိုး ရှေးရှုပြီး ကျွန်တော် ပြောပါ့မယ်"

ဆရာက မျက်စိမှိတ်ကာ လက်အုပ်ချီလျက် 'သည်းခံပါဘုရား' ဟု ပြောလိုက်လေသည်။ ထို့နောက် ဆက်၍…

"ဆရာမ မငြိမ်းယဥ်ကို ငိုလိုက် ရယ်လိုက်နဲ့ ဆံပင်ဖားလျားချပြီး ပြေးနေတာကို မြင်တာပေါ့ဗျာ၊ အတော့မှာ အစ်မရှိတယ် ဆိုတာလည်း ကျွန်တော် မသိပါဘူး၊ တစ်နေ့မှာ အတာ့ကို ကျွန်တော် အဲလိုမြင်တယ်ဗျာ၊ ခင်ဗျားမှာ အစ်မရှိလားလို့ ဆိုတော့မှ ရှိမှန်းသိရတာ"

မငြိမ်းယဥ်သည် အတွေးနှင့် အဝေးသို့ ငေးသွားပြီး…

"ဒီတုန်းက ဘုရားတောင် မှန်မှန် မကန်တော့ဘူး၊ တရားထိုင်ဖို့ဆိုတာ

ထေးလိုက်တာ၊ ဘုရားစင်ရှေ့တော့ နေ့တိုင်းပဲ ရောက်လာတယ်၊ ဘုရားစင်ရှေ့မှာ နေ့တိုင်း ငိုနေတာပဲ၊ ဘုရားရုပ်ပွားတော်ကို ဖူးမြင်တိုင်း မျက်ရည်ဖြိုင်ဖြိုင် ကျလာတာပဲ''

ပြောရင်း မျက်ရည်လည်လာလေသည်။ ထို့နောက် မျက်တောင် တဖျတ်ဖျတ်ခတ်လျက်...

''ဘုရားတပည့်တော် ဘယ်တော့မှ ဘယ်သူ့ကိုမှ မဟုတ်မမှန်တာ မလုပ်ခဲ့ပါဘူး၊ မပြောခဲ့ပါဘူး၊ မကယ်နိုင်တော့ဘူးလား၊ သာသနာစောင့်ကြန့်တဲ့ နတ်တွေ မရှိကြဘူးလား၊ တရားကို နတ်စောင့်တယ်ဆိုတာ မမှန်တော့ဘူးလား လို့ စိတ်ထဲကရော နှုတ်ကရော ရွတ်နေတာပဲ၊ တစ်ခါတလေလည်း ငိုရင်း ဘုရားခန်းမှာ အိပ်ပျော်သွားခဲ့တယ်၊ အိမ်ကလူတွေက ဘုရားခန်းမှာပဲ ခြင်ထောင် လာထောင်ပေးရတယ်''

အသံကို ပြန်ထိန်းလိုက်သည်။ ကိုစစ်အောင်သည် မငြိမ်းယဉ်အား ငေးစိုက်ကြည့်နေသည်။ မငြိမ်းယဉ်၏ မျက်နှာသည် ဖယောင်းတိုင်မီးအောက်တွင် ဝင်းလက်နေသည်။ မျက်လုံးများသည် ကြမ်းပြင်တစ်နေရာထဲကို စိုက်ငေးနေပြီးမှ ကိုစစ်အောင်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ တဒင်္ဂမျှ အကြည့်ချင်းဆုံကြပြီး ကိုစစ်အောင်သည် အားနာစွာ အကြည့်လွှဲလိုက်လေသည်။ မငြိမ်းယဉ်က ဆက်၍...

''ကျွန်မ ဘုရားခန်းမှာ အိပ်နေတုန်း တစ်ညကျတော့ အိပ်မက် မက်တယ်၊ စွပ်ကျယ်ပေါ်က တိုက်ပုံအင်္ကျီနဲ့ ပုဆိုးစိမ်းအကွက် ဝတ်ထားတဲ့ အသက်ငါးဆယ်ကျော်လောက် လူကြီးတစ်ယောက်က ကျွန်မကို ကြင်နာ သနားတဲ့မျက်နှာနဲ့ စိုက်ကြည့်ပြီး 'နင် မငိုနဲ့လေ၊ ဘာလို့ ဒါလောက် ငိုနေရတာလဲတဲ့၊ ကောင်းသူစံ မကောင်းသူခံလိမ့်မပေါ့' ဆိုတဲ့စကားကို ပြောပြီး ပျောက် သွားတယ်''

''ကျွန်မလည်း အိပ်ရာကနိုးတော့ စိတ်ထဲပေါ့သွားသလိုပဲ၊ စိတ်ညစ် နေတာတွေလည်း ပျောက်သွားတယ်၊ နောက်သုံးရက်လောက်ကြာတော့ တစ်ခါ မက်ပြန်တယ်၊ ရွှေတိဂုံဘုရား မနက်အရုဏ်အချိန် မီးတွေက ထိန်လင်းနေတာပဲ



'ဘုရားကို သွားပါတော့လား' လို့ တစ်ယောက်ယောက်က တိုက်တွန်းလိုက်တယ်၊ ကျွန်မလည်း အိပ်ရာက ဖြန်းဆို လန့်နိုးလာတယ်၊ အချိန်ကြည့်တော့ မနက် ၅ နာရီပဲ ရှိသေးတယ်၊ ကျွန်မလည်း ကြီးမေနဲ့ လင်းလင်းကို နှိုးပြီး ဘုရားသွားရအောင်လားလို့ ပြောတယ်၊ အဲဒီတော့မှ တွက်ကြည့်တာ ရွှေတိဂုံ ဘုရား မရောက်ခဲ့တာ နှစ်နှစ်နီးပါးတောင် ရှိသွားပြီပဲ''

''ကျွန်မတို့လည်း ခြံထဲက စံပယ်ပန်းတွေ ခူးသွားပြီး ရွှေတိဂုံ တနင်္ဂနွေထောင့်တစ်နေရာက ရင်ပြင်မှာထိုင်ပြီး စေတီကြီးကို ဦးခိုက်လိုက်တယ်၊ စေတီကြီးဟာ ရွှေတောင်ကြီးတမျှ ခမ်းနားတင့်တယ်လိုက်တာ၊ မီးတွေ လည်း မငြိမ်းသေးတော့ လျှပ်စစ်မီး ဘက်ဂရောင်းနဲ့ သိပ်သပ္ပာယ်တာပဲ၊ ကျွန်မလည်း လက်အုပ်ချီပြီး စေတီကို အကြာကြီး ဖူးလိုက်တယ်။ စိတ်ထဲမှာ ကြည်နူးအေးချမ်းသွားတာပဲ၊ ကျွန်မလည်း စိတ်ထဲက 'ဘုရားကို ကိုးကွယ်ပါ၏၊ တရားကို ကိုးကွယ်ပါ၏၊ သံဃာကို ကိုးကွယ်ပါ၏' မှတ်ပြီး ဗုဒ္ဓံသရဏံ ဂစ္ဆာမိလို့ နှုတ်က ရွတ်လိုက်ပြီး မျက်ရည်တွေ ကျလာတာပဲ၊ လောကကြီးမှာ ဒါလောက်အေးချမ်းတဲ့ အချိန်မျိုး တစ်ခါမှ မကြုံသေးဘူး''

သည်တော့ ဆရာသည် မငြိမ်းယဉ်အား လက်ညှိုးထိုးလျက် ကိုစစ် အောင်ဘက် လှည့်ပြီး...

''ဆရာမမှာ အစောင့်အရှောက်ကောင်းတွေ ရှိတယ်ဗျ၊ သူများတွေ ကတော့ ပြင်းပြင်းထန်ထန် အလုပ်စခန်းလုပ်ပြီးမှ စောင့်တာ၊ ပင့်ဖိတ်မှ စောင့်ရှောက်တာလည်းရှိတယ်၊ ဆရာမဆီ ပုဂ္ဂိုလ်ထူးကတော့ မပင့်မဖိတ်ဘဲ လာတာဗျ၊ သိပ်အံ့သြစရာကောင်းတယ်၊ အဘကို ကျွန်တော် မေးကြည့်တော့ 'သား၊ သူက အလုပ်မလုပ်ပေမယ့် သစ္စာရှိတယ်ကွ၊ စိတ်သိပ်ဖြောင့်တယ်တဲ့၊ ဒီကောင်မလေးဟာ မမှန်တာ ဘယ်တော့မှ မလုပ်ဘူး၊ သူ့တစ်သက်မှာ ကောင်းတဲ့ မှန်တဲ့ အလုပ်တွေပဲ လုပ်သွားလိမ့်မယ်၊ ဒီလိုဆိုတာကိုးဗျ''

ကိုစစ်အောင်သည် စိတ်ဝင်စားစွာ စိုက်နားထောင်နေသည်။

''ဒီနောက်တော့ ကျွန်မလည်း ရွှေတိဂုံဘုရားကုန်းတော် နေ့တိုင်း တက်ပြီး ဒီလိုပဲ မနက်စောစော ပုတီးသွားစိပ်တာပဲ၊ ဂုဏ်တော်ကိုးပါးပဲစိပ်တာ၊

ဂုဏ်တော်စိပ်ပြီး ဝင်သက်ထွက်သက် မှတ်တာ နာရီဝက်လုပ်တယ်၊ ဒါပါပဲ။ နောက်တော့လည်း အုံ့ဩစရာကောင်းတာက ကျွန်မအိမ်ကို ဓမ္မမိတ်ဆွေတွေ ရောက်လာပြီး ဟိုလူ ဒီလူကပေးတဲ့ အမိန့်ဌာန်လုပ်ငန်းတွေ၊ ပုတီးစိပ်တာတွေ မပျက်မကွက် လုပ်သွားတာပဲ၊ သိပ်အလုပ်များတဲ့အချိန်ပဲ နည်းနည်းနားတယ်''

''ဆရာမမှာ ပါရမီအခံရှိတာက လူသားတွေရဲ့ အကျိုးအတွက် အလုပ်တွေ အများကြီးလုပ်ဦးမယ် အဖြေထွက်တာကိုးဗျ၊ သာသနာပြုပုဂ္ဂိုလ် ဖြစ်မယ့်လူပဲဗျာ၊ ဒီတော့ ဘယ်အလိမ္မာလည်း ခံနိုင်လိမ့်မလဲ''

မငြိမ်းယဉ်က ရယ်လျက်…

''ကျွန်မလည်း ဘုရားနဲ့ဝေး၊ တရားနဲ့ ဝေးလိုက်တာ ကျွန်မတို့ အိပ်မက်ပေးတဲ့သဘောတွေ၊ မနောပေးတဲ့သဘောတွေ လုံးဝနားမလည်ဘူး အိပ်မက်ထဲတွေ့တဲ့ လူကြီးကိုလည်း အမှတ်မဲ့ပဲ ဖြစ်နေခဲ့တယ်၊ သူ့ကို အိပ်မက် ထဲ တွေ့ရရင်တော့ ရင်ထဲ ဘယ်လိုပျော်မှန်းမသိဘူး၊ အဲဒီလူကြီးက ဘိုကေနဲ့ ခေတ်ဆန်လိုက်တာ၊ မျက်လုံး မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နဲ့ လှ လည်းလှတယ်၊ ကွယ်လွန်သွားတဲ့ ရုပ်ရှင်မင်းသား ကျော်(စ်)ဒင်းလိုပဲ မျက်မှောင် ကုပ်ထားတယ်၊ ကျွန်မတောင် အစက ရယ်စရာပြောမိသေးတယ်''

မငြိမ်းယဉ်က ရယ်လျက်…

''အဲဒီအဘိုးမှာ ဒီလိုရုပ်ရည်မျိုးသာ ရှိရင်တောင် ကျွန်မ ကြိုက်မိမှာပဲ လို့''

ပြောပြီးမှ မျက်နှာတွေ နီမြန်းနေသည်။ ဆရာက ရယ်မောလျက်…

''ဆရာမက သိပ်ရိုးတယ်ဗျာ၊ ပွင့်လင်းတယ်၊ ဝမ်းထဲ ဘာမှမထား တတ်ဘူး၊ အဘဓာတ်ကလည်း ဒီလိုပွင့်လင်းရိုးသားတဲ့ လူမျိုးကို သိပ်သဘော ကျတာ''

''တစ်ရက်တော့ ကျွန်မလည်း သုတေသန စာတမ်းတစ်စောင် အတွက် စာအုပ်တွေမွှေတာ ဘီရိုထဲက စာအုပ်တစ်အုပ်က ထွက်ကျလာပြီး ကြမ်းပေါ်မှောက်လျက်လေး ကျနေတယ်၊ ကျွန်မလည်း မှောက်နေတဲ့ စာအုပ် ကို လှန်လိုက်တော့ စာအုပ်အလယ်တစ်နေရာမှာ အိပ်မက်ထဲ ကျွန်မတွေ့နေတဲ့



အဘိုးရဲ့ဓာတ်ပုံ ဖြစ်နေတယ်၊ ကျွန်မရင်ထဲ ထိတ်ခနဲ ခုန်သွားပြီး ဘယ်လို စိတ်ထဲ ဝမ်းသာကြည်နူးမိမှန်း မသိဘူး၊ ကြက်သီးတွေလည်း ထလိုက်တာ၊ ကျွန်မလည်း အဲဒီဓာတ်ပုံကို တုန်တုန်ရီရီနဲ့ ရင်မှာအပ်ထားပြီး မျက်ရည်တွေ ကျလာတော့တယ်''

ရယ်နေသော မငြိမ်းယဉ်၏ နှုတ်ခမ်းများ တုန်နေကာ မျက်ရည်များ ဝဲလာလေသည်။ ကိုစစ်အောင်သည် မငြိမ်းယဉ်၏ မျက်လုံးများကို စိုက်ကြည့် နေပြီး သက်ပြင်းခပ်လေးလေး ချလိုက်မိလေသည်။

မငြိမ်းယဉ်သည် ထိုစာအုပ်လေး ရှေ့ချကာ ဘုရားရှေ့မှောက် လက် အုပ်ချီ ကန်တော့နေမည်ကို မြင်ယောင်မိလေသည်။

သစ္စာဆိုပါ၏ အရှင်ဘုရား၊ တပည့်တော်သည် သစ္စာနယ်မြေမှ သစ္စာသမီးစင်စစ် ဖြစ်ပါသည်၊ ဤမှန်သော သစ္စာစကားကြောင့် ဘဝကျိန်စာ များ အမြန်ဆုံး ပျောက်ကွယ်ပါစေသတည်း။

□□□

## အခန်း(၃၃)

"မငြိမ်းယဉ် ပြောခဲ့တဲ့စာအုပ်ဆိုတာ ဘာစာအုပ်လဲ"

သည်တစ်ခါတော့ ကိုစစ်အောင်သည် မငြိမ်းယဉ်အိမ်သို့ ရောက် ရောက်ချင်း ခရီးရောက်မဆိုက် မေးလိုက်လေသည်။

"နေဦး၊ ကျွန်မ ယူပြမယ်"

မငြိမ်းယဉ်သည် များမကြာမီ သူ့စာကြည့်ခန်းမှ စာအုပ်တစ်အုပ် ယူလာကာ ပြလိုက်လေသည်။ ကိုစစ်အောင်သည် လက်လှမ်းလိုက်ပြီး အဖြူခံတွင် စိမ်းစိမ်းစိုစို ဓာတ်ပုံဘလောက်နှင့် ပုပ္ပားတောင်သဗိုင်းစာအုပ်ကို ငေးစိုက်ကြည့်နေသည်။

"စာမျက်နှာ ၂၈ ကို လှန်ကြည့်လိုက်ပါ ကိုစစ်အောင်"

ကိုစစ်အောင်သည် မငြိမ်းယဉ် ပြောသည့်အတိုင်း ကြည့်လိုက်လေသည်။

"ဥပမိရပ်ကတော့ တော်တော်ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ မဟုတ်မခံ ပြတ်ပြတ်သားသားလုပ်မယ့် ရုပ်မျိုး"

ကိုစစ်အောင်က မှတ်ချက်ချလိုက်လေသည်။ အတာနှင့် လင်းလင်း



တို့ကပါ ကိုစစ်အောင်နောက်သို့ ရောက်လာကာ ဓာတ်ပုံကို ဝိုင်းကြည့်နေကြသည်။

"ကိုစစ်အောင် ဘိုးရဲ့လက်တွေ ကြည့်စမ်း၊ လက်ချောင်းတွေဟာ သိပ်ရှည်တာပဲနော်၊ ဒီလို လက်ဆံရှည်တဲ့ လူတွေဟာ စိတ်သဘော သိပ်ဖြင့်မြတ်ပြီး အတွေးအခေါ် ကောင်းတတ်တာပဲ၊ လက်က သိပ်ပြီးလည်း သေးသွယ်မနေဘူး၊ စိတ်ကူးယဉ်ဆန်တဲ့လက်မျိုးလည်း မဟုတ်ဘူး၊ လက်တွေလည်းဆန်တယ်၊ သူက သူ့တပည့်တွေကို ပြောတယ်တဲ့။ 'ဟော့…တရားရှာတယ်ဆိုတာ သစ်တစ်ပင် ဝါးတစ်ပင်အောက်မှာ ရှာတာထက် လူတွေထဲ ရှာရတယ်၊ ငါ့သားတွေ လူထဲသွား၊ လူတွေရဲ့ ဆင်းရဲဒုက္ခ သိနားလည်ရမယ်၊ ဒါမှ ခန္ဓာပါရမီ ဖြစ်မှာကွ' လို့ မိန့်သတဲ့"

ထို့နောက် မငြိမ်းယဉ်သည် သူ၏ဘဝဟောင်းမှ အဘိုးဆိုသည့် ပုဂ္ဂိုလ်ကြီးကို ဆိုကရေးတီးဆိုသော ဂရိပညာရှင်ကြီးနှင့် နှိုင်းယှဉ်ပြီး ပြောဆိုနေသည်။

ဆိုကရေးတီးဆိုသည့် အဘိုးအိုသည်လည်း မိမိ၏ ကိုယ်ကျင့်တရားကို လေ့လာစိစစ်ခြင်းဖြင့် အမှန်တရားကို ရှာဖွေနေသော ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။ ဆိုကရေးတီးအလိုအရ ပညာရှိလျှင် သီလရှိသည်။ ပညာရှိသူသည် အစစအရာရာ၌ မြိုးခြံ၍ မချွတ်ယွင်းမဟွင်းပဒါ တည်းဟူသော အလယ်အလတ်လမ်းကို လိုက်ကာ မယုတ်မလွန် ကျင့်ခြင်းပင်လျှင် စိတ်တည်ငြိမ်ချမ်းသာမှုကို ရနိုင်သည်ဆိုသည်။

သူကိုယ်တိုင်မှာ မတရားမှုကို စိုးစဉ်းမျှ မပြု။ တရားသော အမှုအတွက်ကား အသက်ကိုပင် စွန့်လွှတ်ရန် ဝန်လေးသူ မဟုတ်ချေ။

သူသည် သူ့နေရေး စားရေးအတွက် မပူပင်ချေ။ ရောင့်ရဲလွယ်သော စိတ်ဓာတ်ရှိသည်။ သူ၏ ကြံ့ခိုင်သော ကိုယ်ခန္ဓာကြောင့် ခံနိုင်ရည်ရှိသည်။ အတန်ငယ် စားရုံအိပ်ရုံနှင့် နေနိုင်သော သတ္တိရှိရကား ကိုယ်ကျိုးအတွက် စီးပွားမရှာဘဲ အမှန်တရားကိုသာ ရှာဖွေခြင်းဖြင့် အချိန်ကုန်လွန်စေခဲ့သည်။

နံနက်စောစောက၍ တစ်နေရာတွင်ရပ်ကာ တစ်စုံတစ်ခုကို စဉ်းစား

နေလျှင် သူမည်မျှကြာသည်ကို စောင့်ကြည့်ကြသော လူများသာ ညောင်းညာနွမ်းရိပေသည်။ အိပ်လျက် စောင့်ကြရသည်။ သို့ရာတွင် ဆိုကရေးတီးကား ထိုနေရာမှ ရွေ့လျားလိမ့်မည် မဟုတ်ချေ။ ထိုလူကြီးသည် လူစည်ကားရာ ဈေးထဲ အရပ်ထဲတို့တွင် လူကြားထဲ၌ အမှန်ရှာဖွေခဲ့သည်တကား။

ကိုစစ်အောင်သည် မငြိမ်းယဉ်၏ စိတ်အားထက်ထက်သန်သန်နှင့် ပြောနေသော စကားများကို စိတ်ဝင်စားစွာ နားထောင်နေမြဲပင်။ သူ့မျက်လုံးများသည် အတွေးနှင့် မှေးစင်းသွားလေသည်။ မိန်းမလှများ၏ မျက်တောင်များပမာ ရှည်လျားထူထဲသော မျက်တောင်များသည် မျက်ဝန်းကို ဖုံးအုပ်လိုက်လေသည်။

မငြိမ်းယဉ်လက်က ချထားသော ဝါးယပ်တောင်လေးကို ကောက်ကိုင်ကာ တဖျတ်ဖျတ်ခတ်လိုက်ပြီး ဝါးယပ်တောင်ပေါ်မှာ ရေးခြယ်ထားသော ဝါးရုံပင်များနှင့် ငှက်လေးနှစ်ကောင်ကို ငေးစိုက်ကြည့်လိုက်ရင်း…

“ကြိုးတော့ ကြိုးစားကြည့်ဦးမယ်၊ စမ်းသပ်ကြည့်ဦးမယ်လို့ ဆိုလိုတာ မငြိမ်းယဉ်၊ ဒါပေမဲ့ ကျွန်တော်က ဘာသာရေးမှိုင်းကိုတော့ အကြောက်ဆုံးပဲ”

“အို…ကိုစစ်အောင်ကလည်း သိပ်ခေါင်းမာတာပဲ”

ပြောပြီး စိတ်ပျက်လက်ပျက်နှင့် ညည်းညူလိုက်မိသည်။ ထို့နောက် မငြိမ်းယဉ်အား လှမ်းကြည့်ကာ ရယ်လျက်…

“ကျွန်တော်နဲ့ မငြိမ်းယဉ် မတူကြဘူးလေ၊ မငြိမ်းယဉ်ကတော့ တိမ်ပြာတာ၊ လသာတာ၊ ကြယ်ထွန်းတာတွေကို စိတ်အေးအေးနဲ့ တောင့်တချင်နေတဲ့သူ၊ ကျွန်တော်ကတော့ တိမ်မှိုင်းချင်သလောက်မှိုင်း၊ အဲဒီတိမ်ကို ဖွေနှောက်ပစ်ဖို့ ကြိုးစားချင်တယ်၊ မုန်တိုင်းထန်ချင်သလောက် ထန်ပစေ၊ ဒီမုန်တိုင်းကြားထဲမှာ ဇွတ်အတင်း ဖြတ်လျှောက်သွားချင်တယ်၊ မငြိမ်းယဉ်ရဲ့ ရည်ရွယ်ချက်တွေက မြင့်မားကြီးကျယ်လွန်းတယ်လို့ထင်တယ်၊ ကျွန်တော်ကတော့ သူများတကာ အများစုအတွက် ရှာဖွေထားတဲ့ လောကီတရားလမ်းကြောင်းပဲ လိုက်ချင်ပါတယ်”



“ကိုစစ်အောင် စိတ်ဒုက္ခမရောက်ဖူးသေးပါဘူး”

“ရောက်ဖူးပါတယ် မငြိမ်းယဉ်ရာ၊ တစ်ချိန်တုန်းက ကျွန်တော်လည်း လောကကြီးမှာ စိတ်အခင်းရဲဆုံး၊ မျှော်လင့်ချက်အကင်းမဲ့ဆုံး လူတစ်ယောက်ဖြစ်ခဲ့ဖူးပါတယ်”

တည်ငြိမ်စွာ ပြောလိုက်သော်လည်း သူ့မျက်နှာပေါ်မှ သူငယ်အိမ်သည် တဆတ်ဆတ်ခုန်နေလေသည်။ ထို့နောက် သူ့လက်ထဲမှ ဝါးယပ်တောင်ကို သေသေချာချာ စိုက်ကြည့်လိုက်လေသည်။ လေဖွေ့လိုက်သဖြင့် သူ့နဖူးပေါ်တွင် ဆံစတို့သည် ဖရိုဖရဲ လွင့်ကျလာလေသည်။ ဆံစတို့ကို မသိမ်းဘဲ ငြိမ်သက်နေသော်လည်း ဝါးယပ်တောင်ထဲမှ ငှက်ကလေးနှစ်ကောင်သည် လွင့်ပျံထွက်သွားလေသည်။

အတွေးထဲမှ အတိတ်ပန်းချီသည်လည်း သေသပ်ခြင်းမရှိ။ ကစဉ့်ကလျား ဖြစ်နေသည်။ ကြမ်းတမ်းသော စုတ်ချက်နှင့် ဆွဲခြစ်လိုက်သလိုဆေးများ ထူပိန်းကာ ပိုးတိုးပါးတား ဟိုတစ်ကွက် သည်တစ်ကွက် ဖြစ်နေသည်။ အရောင်ကတော့ အနီလွှမ်းလျက် တောက်ပသစ်လွင်နေသည်။ သို့သော် ကြမ်းတမ်းသော စုတ်ချက်နှင့် ပန်းချီကားချပ် တစ်ချပ်။

□□□

## အခန်း(၃၄)

ပိန်းပိတ်မည်းမှောင်နေသော အခန်းတွင် စွတ်စိုထိုင်းမှိုင်းသော အုတ်နံ့ မြေနံ့က နှာခေါင်းသို့ တိုးဝင်လာလေသည်။ အသက်ဝဝရှူချင်သဖြင့် ရင်ကို ပင့်၍ ရှိုက်လိုက်မိလေသည်။

အဖျားသွေးဖြင့် တလူးလူး တလိမ့်လိမ့်ဖြစ်ကာ သတိရတစ်ချက် မရတစ်ချက်နှင့် ရေကိုသာ တောင်းနေမိသည်။ ခေါင်းက ကြီးမားထုံထိုင်းလာကာ အရောင်ဝတ္ထုတွေမှာ တလည်လည်နှင့် ပတ်ချာဝိုင်းနေသည်။

မျက်စိထဲတွင် အမျိုးစုံသော နိမိတ်အာရုံ၊ အရုပ်ပုံတွေ တစ်ခုပြီးတစ်ခု မြင်နေသည်။ အမေရိကန်ရုပ်ရှင်ကားထဲမှ ခြင်ထောင်ခန်းတို့သည်လည်း ရုံတစ်ရုံလုံး တဝါးဝါးရယ်သံ၊ လက်ခေါက်မှုတ်သံတို့ကြားထဲမှ အရုက်ကင်းမဲ့စွာ သရုပ်ဆောင်နေကြသည်။

ငယ်ရွယ်နုနယ်သေးသော စစ်အောင်သည် ခေါသကို မထိန်းနိုင်ဘဲ တောက်တစ်ချက် ခေါက်လိုက်လေသည်။ ရှေ့တန်းမှ လူငယ်လူရွယ်တွေ၏ ညစ်ညမ်းစုတ်ပဲ့သော အော်သံကို သည်းခံလို့ မရသလို လင်ရှိမယားနှင့် ဖောက်ပြန်သော ကာခြည်ခန်းတွေလည်း ကြည့်လို့မရချင်တော့။



"ဘယ်လောက်ဖောက်ပြန်တဲ့ ဖိုမဆက်ဆံရေးလဲ၊ မနှရှင် လူတန်းစားရဲ့ လူမှုဆက်ဆံရေးဆိုတာ ဒါပဲ"

"အနားက ဂါထာတွေ ရွတ်မနေစမ်းပါနဲ့ကွာ၊ အေးအေးကြည့်စမ်းပါ"

ဘေးမှသူငယ်ချင်းက တောင်းပန်လိုက်လေသည်။

"မင်းက ရှေ့ကဂါထာတွေတော့ နားထောင်လို့ကောင်းတာပေါ့၊ ဘယ်လောက်စုတ်ပဲ့တဲ့ကောင်တွေလဲ၊ ငါတို့ ဗမာကောင်လေးတွေ ဒါလောက် တဏှာထတာ၊ ခြင်ထောင်ခန်း ဝါသနာပါတာ ကနေ့မှ ရေရေလည်လည် သတိထားမိတယ်"

"ပြတဲ့လူက ပြတော့ ကြည့်တဲ့လူက ကြည့်မှာပေါ့၊ မင်းကော ဘာဖြစ်လို့ လာကြည့်လဲ မေးကြမှာပေါ့ကွ"

သူငယ်ချင်းက လှမ်းပြောလိုက်သည်။ စစ်အောင်က စိတ်မပြေနိုင်။

"ဒါလောက် စုတ်ပဲ့မှန်း မသိလို့ပေါ့ကွ၊ ပြတဲ့လူက စုတ်ပဲ့တာကို ကြည့်တဲ့လူက လိုက်သောင်းကျန်းရမှာလားကွ၊ တော်သလင်းလ ခွေးတွေမှ မဟုတ်ဘဲ"

ပက်ပက်စက်စက် ပြောဆိုလိုက်ပြီး ထိုင်ရာမှ ထကာ…

"မင်းတို့ ကြည့်နေရစ်၊ ငါ ဂလုပ်ရုံရှေ့မှာ စောင့်နေမယ်"

ဖြုန်းဆို ထွက်ခဲ့လေသည်။

"ဟေ့…ဝါးခြမ်း ဘာဖြစ်သွားတာလဲကွ"

သူငယ်ချင်းတစ်ယောက်က မေးလိုက်သံနှင့်…

"သိပါဘူးကွာ၊ နေရင်းထိုင်ရင်း ရောဂါထလာတာ"

ပြန်ဖြေသံကို ကြားလိုက်ရလေသည်။

အစ်ကိုကြီး ဦးသိန်းအောင်၏ မေတ္တာလက်မှတ်ဖြစ်သော ဘောက်(စ်)မှ ငါးကျပ်တန်လက်မှတ်ကို လမ်းသွားရင်း ဆုတ်ပစ်လိုက်တွေးကာ လွှင့်ပစ်ခဲ့လေသည်။

တကယ်တော့ ကြမ္မာငင်တာပဲ။ ဂလုပ်ရုံအထွက်တန်းရုံကို ဆက်ခဲ့တာ

ဘဝစာတ်ခုံတွင် မကြုံဘူးတာ ကြုံခဲ့ဆုံခဲ့ရလေသည်။

လူကြိုက်နည်းလှသော ရုပ်ရှင်ကားမို့ ဂလုပ်ရုံအထူးတန်းသည် လူခြောက်သွေ့လွန်းလှသည်။ နောက်ခုံတန်းထောင့်နေရာတွင်လည်း လူဘိုင်စကုပ်တွေ နှစ်ကား သုံးကားမျှ ပြနေသည်။ ကားထဲ ဆလိုက်မီးထိုးခန်းကြောင့် မီးအရောင်ဝင်းပြောင်လာသောအခါ ဝတ်ရုံလွှာကို မျက်နှာငယ်လျက် ရဲတင်းဝင့်ဝါသော ဆင်နှာမောင်း သဏ္ဍာန်တို့သည် ထင်ရှားလာလေသည်။

စစ်အောင်သည် ခုံနံပါတ်ကို မကြည့်တော့ဘဲ ထိုင်ချလိုက်လေသည်။ တခစ်ခစ်နှင့် ရယ်သံက ရုပ်ရှင်ကားထဲမှ သံချပ်ကား ဘီးလိမ့်သံများကိုဝင်လွှမ်းသွားလေသည်။

"ဖယ်စမ်းပါကွယ်"

"ကျွန်တော်တော့ အိမ်မပြန်ချင်တော့ဘူး မမမီ"

စစ်အောင်၏ ကိုယ်သည် တုန်သွားသည်။ တစ်ကိုယ်လုံး ကျဉ်စက်နှင့် တို့လိုက်သလို ထုံကျင်နေသည်။ အကြောတွေ ဆိုင်းသွားလျက် ရင်ထဲမှ 'ကိုကို' ဟု တီးတိုးမြည်တမ်းပြီးမှ 'ခွေး...မင်းခွေး' ဟု ရင်ထဲမှာ အကျယ်ကြီး အော်နေသံကို လိုဏ်သံပမာ ကြားရပြီး ပါးစပ်ဝမှ မထွက်ဘဲ အသံကို ဆို့ပိတ်လျက် အသက်ရှုကျပ်လာလေသည်။ နဖူးမှ ချွေးသီးတို့သည် နားထင်မှ စီးကျလာကာ မြန်းဆို ထိုင်ရာမှထ၍ ဂလုပ်ရုံအပေါ်ထပ် အထူးတန်းမှ ဆင်းပြေးလာခဲ့လေသည်။

စစ်အောင်တို့ မိခင်က ငိုနေသည်။ အစ်ကိုကြီး ကိုသိန်းအောင်သည် ကိုကို့ကို ပက်ပက်စက်စက် ဆူနေသည်။ ကိုကိုက သူ့လက်ကိုခါကာ အသံတွေတုန်လျက်...

"ဆက်မပြောပါနဲ့၊ ဘာမှဆက်မပြောပါနဲ့၊ ကျွန်တော့်ကို သတ်ပစ်ပါ။ ကိုကိုကြီး ကြိုက်သလိုလုပ်ပါ၊ သတ်ပစ်လိုက်တာ အကောင်းဆုံးပါပဲ"

ပြောရင်း မျက်ရည်တွေ ကျလာလေသည်။ မေမီသည် တိုင်တစ်ခုကို မှီရပ်ကာ မျက်ရည်ရစ်ဝိုင်းလျက်...

"မေမီ ကြောက်တယ်၊ သူ့ကို မေမီကြောက်တယ်"



ရုတ်တရက် အော်ဟစ်ငိုယိုလိုက်သည်။

ကိုသိန်းအောင်သည် ခြောက်လုံးပြူးသေနတ်ကို ကိုင်လျက် ကိုကို့အား လှမ်းချိန်လိုက်လေသည်။ စစ်အောင်သည် မြန်းဆို ကိုသိန်းအောင်၏ လက်ထဲမှ ခြောက်လုံးပြူးသေနတ်ကို လှမ်းလုယူကာ...

"ကိုကိုကြီး...မတရားမလုပ်နဲ့"

အသံနက်ကြီးနှင့် အော်လျက်...

"ခင်ဗျား သတ်ချင်ရင် နှစ်ယောက်စလုံး သတ်ပစ်ပါလားဗျ၊ ဒီကိစ္စမှာ နှစ်ယောက်စလုံး တရားခံဆိုတာ ကျုပ်သိတယ်"

မေမီက စစ်အောင်အား လှမ်းကြည့်ပြီး...

"နင်က ဘာစကားပြောတာလဲ၊ နင်နဲ့မဆိုင်ရင် အသာနေ"

"ဘယ့်နှယ် ကျုပ်နဲ့မဆိုင်ရမှာလဲ၊ နှစ်ယောက်စလုံး ကျုပ်အစ်ကို ချည့်ပဲ၊ ညီအစ်ကိုနှစ်ယောက် ခင်ဗျားကြောင့် လူသတ်ပွဲဖြစ်အောင် ခင်ဗျား ဖန်တီးနေတာ၊ ခင်ဗျား တရားခံပေါ့"

"ဒါကတော့ နင့်အစ်ကိုတွေကို ငါက သတ်ခိုင်းတာမှ မဟုတ်ဘဲ၊ နင်တို့ဖာသာ..."

"ဒါတော့ ခင်ဗျားက ဘယ်လိုကျင့်လို့ ဘာဖြစ်သလဲဆိုတာ စဉ်းစားပေါ့"

"ငါ့ကို နင်က ဘာပြောချင်တာလဲ၊ စကားကြည့်ပြောနော်"

"ခင်ဗျားက မိန်းမရှုင်ပဲ"

မေမီ၏လက်က စစ်အောင်ပါးတစ်ဖက်ပေါ်သို့ ဖျန်းခနဲ ကျရောက်လာလေသည်။ စစ်အောင်ကလည်း သူ့ညာလက်ကို တအားမြှောက်ကာ မေမီ့ပါးပြင်နုနုလေးကို တအားရိုက်ချလိုက်လေသည်။ မေမီ၏ စူးစူးဝါးဝါးအော်သံကို ကြားရပြီးနောက် တစ်အိမ်သားလုံး စစ်အောင်နှင့် မေမီကို ဝိုင်းဆွဲကြဖျင်ကြနှင့် ယောက်ယက်ခတ်ကုန်သည်။

အင်းခွေးကြီးနှစ်ကောင်သည် တဝုန်းဝုန်းနှင့် ဟောင်လိုက်လေသည်။ မေမို့အချစ်တော် အင်းခွေးကြီးတစ်ကောင်သည် စစ်အောင်အား လှမ်းခုန်အုပ်

လိုက်လေသည်။

"နစ်ကီ"

"နစ်ကီ…ဂက်အဝေး…ဂက်အဝေး…"

ကိုသိန်းအောင်၏ အော်သံနှင့်အတူ အင်းခွေးကြီးသည် စစ်အောင် အပေါ်မှ ဖယ်ခွာသွားလေသည်။

အဖျားသွေးနှင့် မှေးစက်နေသော စစ်အောင်၏နားထဲတွင် ခွေးဟောင် သံတွေ ဆူညံနေသည်။ အင်းခွေးတို့သည် တဝုန်းဝုန်းနှင့် ကြောက်မက်ဖွယ်ရာ အသံကြီးများနှင့် ခြိမ်းခြောက်နေကြသည်။ မိုးသက်မုန်တိုင်းသည် တဝုန်းဝုန်းနှင့် အပြင်ဘက်တွင် တိုက်ခတ်နေသည်။ လျှပ်စီးပြက်လိုက်သည်နှင့် ဝင်းလက်လာ ကာ ကြောက်မက်ဖွယ်ရာ မိုးချုန်းသံနှင့်အတူ အပေါက်ငယ်တစ်ခုမှ အလင်း ရောင်သည် တိုးဝင်လာလေသည်။

စစ်အောင်၏ တစ်ကိုယ်လုံးမှာ နာကျင်ကိုက်ခဲ၍နေပြီး သွေးမျက်လုံး တွေမှာ ပြာခနဲ ပြာခနဲ ဖြစ်နေသည်။ ထိတ်လန့်စရာ တစ်စုံတစ်ခုကို တွေ့ရသလို ချွေးတို့မှာ နဖူးတွင် သီးလာလေသည်။

အိပ်မက်ဆိုးများကား စစ်အောင်အား ခြောက်လှန့်နေသည်။ အညို ရောင် အင်းခွေးကြီးများသည် သူ့အား ကိုက်ခဲရန် ပြေးလာကြလေသည်။ ကြောက်မက်ဖွယ်ရာ ဟိန်းဟောက်သော အသံကြီးများကား နားထဲဆူညံနေ သည်။ သံကြိုးတန်းလန်းနှင့် ခွေးညိုကြီး တစ်ကောင်သည် ထွက်ပေါက်မရှိ နံ့ရံကပ်နေသော စစ်အောင်အား တစ်ရှိန်ထိုးခုန်၍ဟပ်ရန် ကြိုးစားနေဆဲ စစ် အောင်သည် သူ့ကိုယ်လုံးနှင့် တအားခုန်ကာ ခွေးကြီးကို ဆောင့်၍တိုက်ထည့် လိုက်ရာ ခွေးရောလူပါ လွင့်စင်သွားလေသည်။

နားထဲတွင် အဆက်မပြတ် ကြားယောင်နေခဲ့သော နစ်ကီ နစ်ကီ အော်သံများသည် ဝေးသွားကာ မချိမဆန့် နာကျင်လွန်းသော ဝေဒနာတစ်ခုနှင့် လောကကြီးတစ်ခုလုံး အမှောင်ဖုံးသွားလေသည်။

□□□

## အခန်း(၃၅)

"ဒုက္ခဆိုတာ လွတ်အောင် ရှောင်စရာမဟုတ်ဘူးလို့ ကျွန်တော် မြင်တယ်၊ မငြိမ်းယဉ် ရင်ဆိုင်မိရင် ခါးစည်းခံရမှာပဲ၊ ကျွန်တော်တို့လည်း သေဘေးကို အမြဲတမ်း ထည့်တွက်ထားကြတယ်၊ ငရဲခန်းလည်း၊ နေမိ ငရဲခန်း ကမှ အလှမ်းဝေးသေးတယ်၊ လောကငရဲကတော့ ပြည့်လို့ပဲ၊ မနေ့ကပဲ ကျွန်တော့်အိမ်ဘေးက အမျိုးသမီးတစ်ယောက် မီးလောင်တာ မီးတောက်နဲ့ ထပြေးနေရတယ်၊ ရေနံဆီမီးဖို ပေါက်ကွဲလို့တဲ့"

"ဒုက္ခကို လွတ်အောင် ရှောင်စရာမလိုဘူးဆိုတော့ ကိုစစ်အောင် သိပ်ခံရလိမ့်မယ်ထင်တယ်၊ အဲလေ…ကျွန်မတို့နှစ်ယောက် ချက်ချင်းကြီးတော့ ညှိလို့ရမယ် မထင်ပါဘူး၊ ကျွန်မလည်း ပြောရတာ ကိုစစ်အောင်အတွက်ပါ"

"မငြိမ်းယဉ်ရဲ့ စေတနာတွေကို ကျွန်တော် နားလည်ပါတယ်၊ ကျေးဇူး လည်းတင်ပါတယ်"

ထို့နောက် သူ့မျက်လုံးများကား ဝါးယပ်တောင်ပေါ် စိုက်ငေးကာ…

"နောက်ဘဝဆိုတာကို ကျွန်တော် မယုံချင်တာ မဟုတ်ပါဘူး၊ ယုံချင်ပါတယ်၊ ရှိတယ်ဆိုရင်လည်း သေသေချာချာ ရှိစေချင်ပါတယ်"

"ကိုစစ်အောင်က ဘဝရှိတယ်ဆိုတာ မယုံတာပေါ့"

"ရှိကော ရှိလို့လား"

"သိပ်ခက်တာပဲ"

မငြိမ်းယဉ်သည် သက်ပြင်းခပ်လေးလေးချကာ ရယ်မောလိုက်မိလေသည်။

"ဘုရားအဆူဆူချွတ်လို့ မကျွတ်တော့ဘူး ထင်ပါရဲ့"

သူ့ဖာသာသူပြောကာ တသောသောနှင့် ရယ်မောနေသည်။ ထို့နောက် ဝါးယပ်တောင်ပေါ်မှ ငှက်ကလေးနှစ်ကောင်ကို လက်ညှိုးနှင့် ထောက်ပြကာ…

"ငှက်ဖြစ်ရင် တစ်ကိုင်းတည်း နားချင်တယ်ဆိုတဲ့ စကားလေးက တော်တော်ချစ်စရာ ကောင်းတယ်နော်"

"ကိုစစ်အောင်မှာ အဲဒီချစ်စရာကောင်းတဲ့ ခံစားချက်မျိုး ရှိဖူးတယ်နဲ့ တူတယ်"

ကိုစစ်အောင်က ပြုံးလျက်နေဆဲတွင် မငြိမ်းယဉ်က…

"ဘယ်ဝတ္ထုထဲမှာပါလိမ့်၊ ချစ်သူနှစ်ယောက် နောင်ဘဝကျ ဝိန်ညင်းငှက် ဖြစ်ချင်ကြတယ်လို့ ပြောကြတာ"

နောက်မှ စဉ်းစားရင်း ပေါ်လာလေသည်။ 'အချစ်ဆိုတာ အလွန်ကြီးကျယ်ခမ်းနားသော အရာပေတကား' ဝတ္ထုထဲမှ ဆုယင်နှင့် မတ်(စ်)တို့ ပြောကြသော စကားဖြစ်သည်။

**နောက်ဘဝကျရင် တို့တွေ ငှက်ဖြစ်ကြစို့လား ဆုယင်။**

**ဒါဖြင့် ဝိန်ညင်းငှက် ဖြစ်ကြတာပေါ့။**

**သူတို့ဟာ သိပ်လှတယ်။**

**ရေပြင်နဲ့ မြေပြင်ကို နီးနီးလေး ပျံကြတယ်။**

**ကောင်းကင်နဲ့ ရေပြင်ကို သူတို့ကျောပေးပြီး မြဲမြဲမြံမြံတစ်ဟုန်ထိုးလည်း ပျံတတ်ကြသတဲ့။**

**ပြီးတော့ သူမတူအောင်လည်း သစ္စာရှိကြတယ်။**

**In the next life lets be birds, Su yin.**
**Lets be kingfishers.**



**They are so beautiful.**
**They lire suspended between water and earth.**
**Carry the sky and the sea on their backs.**
**And they are uncommonly faithful.**

ကိုစစ်အောင်သည် မငြိမ်းယဉ်အား ပြုံးလျက် ကြည့်နေသော်လည်း သူ့အကြည့်မှာ ဝေးနေသည်။ ကုလားထိုင်နောက်မှီပေါ် မှီလျက်ထိုင်ရင်း စီးကရက်တစ်လိပ်ကို နှုတ်ခမ်းဖျားတွင် တပ်လိုက်လေသည်။ မငြိမ်းယဉ် ကမ်းပေးလိုက်သော မီးခြစ်ကို လှမ်းမယူဖြစ်သေးဘဲ ငိုင်နေပြီးမှ လှမ်းယူသည်။

မငြိမ်းယဉ်သည် ကိုစစ်အောင်အား စူးစိုက်ကြည့်ပြီး…

"ကိုစစ်အောင်ကသာ နာမ်လောကကို မယုံတာ ကိုစစ်အောင် မျက်လုံးတွေက စိတ်တန်ခိုးရှိတဲ့ လူတစ်ယောက်လိုပဲ"

"ကျွန်တော်…"

ကိုစစ်အောင်သည် သူ့ကိုယ်သူ လက်ညှိုးထိုးပြီး တသောသော ရယ်မောနေသည်။ မငြိမ်းယဉ်အား နောက်ချင်တာလား အတည်ပြောချင်တာလားမသိ။

"မငြိမ်းယဉ်နဲ့ ကျွန်တော်ရဲ့ တတိယအကြိမ် ပြန်တွေ့ကြရတဲ့နေ့တုန်းကတော့ မငြိမ်းယဉ်နဲ့ ကျွန်တော်တို့ဟာ ဒီလိုခင်မင်ရင်းနှီးတဲ့လူတွေ ဖြစ်လာလိမ့်မယ်လို့တော့ ကြိုပြီးတွေးမိတယ်၊ အဲဒါ အမြင်ရတာလား၊ မနောပေါက်တာလား"

မငြိမ်းယဉ်က ရယ်မောလျက်…

"ကျွန်မ ခုဝိညာဉ်လောကနဲ့ ဆက်သလို ကိုစစ်အောင်လည်း ဆက်သွယ်ဖြစ်ပါစေ၊ အမြင်ဓာတ် အကြားဓာတ်တွေပွင့်ပြီး သိဒ္ဓိတန်ခိုးတွေလည်း ရတဲ့ဘဝမျိုး ရောက်ပါစေ ဆုတောင်းချင်တယ်၊ ကိုစစ်အောင် ကြည့်ရတာ လောဘရှိပုံမရဘူး၊ လောဘထိန်းနိုင်ပုံရတယ်၊ ကျွန်မတောင်းတဲ့ဆုဟာ ကိုစစ်အောင်အတွက် မများပါဘူး"

မျှော်လင့်အားထားမိသေးသည်။

လယ်တီဆရာတော်ဘုရားသည် သချိုင်းမှ နာနာဘာဝများကို ထမင်း

များ ဟင်းများပုံ ကျွေးမွေးဒါနပြုတာကို သတိရပြီး ကိုစစ်အောင်အား လယ်တီဆရာတော်ဘုရား မြင်သကဲ့သို့ မြင်ခွင့်ရရင် ဘယ်လောက်ကောင်းမလဲ တောင့်တမိသည်။

ကိုစစ်အောင်သည် တွေနေရာမှ မငြိမ်းယဉ်အား မျက်လုံးတစ်ချက် ဝင့်ကြည့်ကာ...

"ကျွန်တော့်ကို လောဘမရှိဘူးလို့ အထင်မကြီးပါနဲ့၊ ဒီလောကကြီးမှာ ကျွန်တော် လိုချင်တာတွေ ဖြစ်စေချင်တာတွေလည်း အများကြီးရှိပါတယ်၊ အဲဒီ မငြိမ်းယဉ်ပြောတဲ့ တန်ခိုးသိဒ္ဓိဆိုတာမျိုးတော့ လိုချင်ပါတယ်"

"ဒီလိုရဖို့ကတော့ ကျွန်မ ပြောခဲ့ပြီးပါပြီ၊ အမိဋ္ဌာန် ပါရမီဖြစ်အောင် စိတ်ကို လေ့ကျင့်ပေးမှ ဖြစ်နိုင်မယ့်ကိစ္စပဲ ကိုစစ်အောင်ကို ကြည့်ရတာ စိတ်ငြိမ်ပုံရပါတယ်"

ထို့နောက် မငြိမ်းယဉ်သည် မျက်လုံးများကို ကိုစစ်အောင်ထံမှလွှဲကာ စိတ်ထဲ၌...

"သူ့အနေအထိုင်လည်း မှန်တယ်၊ အမှတ်တမဲ့ ဒူးနှန့် ခြေနှန့်နေတာလည်း မတွေ့ရဘူး၊ လက်လှုပ်ရှားတာ ကိုယ်ကို ရှေ့တိုးနောက်ငင် ယိမ်းထိုးနေတတ်တဲ့အကျင့်၊ ဒူးနှန့်ခြေနှန့်နေတတ်တဲ့ အလေ့အထတွေဟာ ကိုယ်အင်အားတွေကို အလဟဿဖြုန်းစေတဲ့ အကျင့်များ ဖြစ်တယ်လို့ ယောဂီကျင့်စဉ်တွေမှာ သတ်မှတ်ထားတာပဲ၊ ကိုစစ်အောင်ဟာ ဒီသတ်မှတ်ချက်နဲ့တော့ ကိုက်ညီသားပဲ။ သူနဲ့ ဒီကျင့်စဉ်ဟာ မဝေးတော့ပါဘူး"

မငြိမ်းယဉ်က အားတက်သောမျက်နှာနှင့် ပြုံးလိုက်မိလေသည်။ ဤသို့ မျက်လုံးတွေကပါ ပြုံးသော အပြုံးမျိုးကို ကြည်နူးဖွယ်ရာ အပြုံးဟု ထင်လိုက်မိလေသည်။ တဒင်္ဂပဟန်မျှ စိတ်နှလုံး ကြည်အေးချမ်းမြေ့ရသည်။

□□□

## အခန်း(၃၆)

လောလောဆယ်အားဖြင့် မငြိမ်းယဉ်သည် ပျော်စရာကောင်းသော မိသားစုလေးတစ်ခုကို ဖန်တီးထားနိုင်တာ အမှန်ပင်။

နံနက်နှင့် ညဘက်တွင် ကျူရှင်တပည့်များနှင့် အလုပ်ရှုပ်နေတတ်သော မငြိမ်းယဉ်သည် နေ့လယ်နေ့ခင်းတွင် သူ၏ ကိုယ်ပိုင်ပြတိုက်အခန်းထဲတွင် အလုပ်လုပ်နေတတ်သည်။ နံနက် ၉ နာရီတွင် 'လင်းလင်း' ကို ကားနှင့် ကျောင်းပို့ပေးကာ ကြီးဒွေးကို ဈေးသို့ ချထားပေးတတ်သည်။ ညနေကျ ၃ နာရီခွဲကျမှပင် လင်းလင်းကို သွားကြိုသည်။

တစ်ခါတလေ ဆေးဆိုင်များအနှံ့သွားလျက် ကိုယ်တစ်ပိုင်းသေနေသော ဦးချမ်းသာကို ဆေးစောင့်တိုက်နေတတ်သည်။ ရောဂါဖိစီးတတ်သောဒဏ်ကြောင့် စိတ်တိုနေသော ဦးချမ်းသာက ကြီးဒွေးနှင့် ရန်ဖြစ်နေတတ်သည်ကလွဲ၍ တခြားစိတ်အနှောင့်အယှက်များ မရှိပေ။

ဒါလည်း ကြီးဒွေးက ပျော်တတ်ပါးတတ်သဖြင့် အရယ်အပြုံး မပျက်လှ။

"သေမလား ခင့်ရင်ထဲဝယ်၊ သေမလား ခေါင်းဝယ်ပေးမယ်"

ဟု သီချင်းကို ဖျက်လျက် နောက်ပြောင်ဆိုနေလျှင် သည်းညည်းခံနိုင်သော ဦးချမ်းသာက ဒေါသထွက်လျက်…

"မငြိမ်းယဉ် ကြားလား"

ဟု တိုင်တန်းတတ်သည်။

"ဟုတ်သားပဲ ကြီးဒွေးကလည်း နိမိတ်မကောင်းတာတွေ၊ ဖမ္ဗူဒိပ် နိမိတ်တဲ့"

ဦးချမ်းသာက ကျေနပ်အောင် ပြောလျှင် ကြီးဒွေးက…

"လူမှန်ရင် သေမျိုးချည်းပဲ၊ တစ်နေ့ကျ သူသေသလို ကျုပ်လည်း သေရမှာပဲ၊ တစ်ခါတလေ နာတာရှည်ကြီးက မသေဘဲ ကျုပ်က ခေါက်ခနဲ သေချင် သေမှာ၊ သေတာ ဆန်းသလား"

လင်းလင်းက ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ ကြီးဒွေးနောက်မှ တကောက်ကောက်လိုက်ကာ ကြီးဒွေးဆိုသလို သံနေသံထားနှင့် သီချင်းအစုံ ဆိုနေသည်။

(ငွေ)၃…ငွေဆိုတာ ရေကိုခေါ်တယ်၊ ရေကိုသာ တကယ်သုံးလျှင် တစ်ဆိုင်လုံးမှာ ရောင်းသမျှမြတ်တယ်…။

သကြန်ရေသဘင်မှ ခေတ်ကို သရော်သော သီချင်းဟူသမျှ လင်းလင်းက ရတတ်လေသည်။

အတာရောက်လာလျှင် လင်းလင်းသည် အတော့အား ဂီတာတီးစေကာ ကဗျာအမျိုးစုံကို အသံသွင်းကာ သီဆိုစေသည်။

တိုယိုတာ ကော်ရော်လာ

ဝင်ဒါမီယာ အိမ်…ခြံ

စိန်…ရွှေ

ဆန်…ဆီ…ဆား

အားလုံးဟာ ဈေးကြီးပါတယ်

ဒီတော့…

အပေါ်ဆုံး



ဈေးနှုန်းအချိုဆုံးက

ကြီးဒွေးပါကွယ်။

လင်းလင်းက ဘယ်လိုအသံသွင်းသည်မသိ သီချင်းတစ်ပုဒ်တော့ ဖြစ်လာသည်။

ဒီတော့ 'အပေါ်ဆုံး ဈေးနှုန်းအချိုဆုံးက ကြီးဒွေးပါကွယ်' ဟု သီချင်းအချ ကြီးဒွေးက…

"ဟယ်…ကျောချမှ ခါးပြမှန်း သိတယ်"

တသောသော ရယ်မောကြပြန်သည်။ မငြိမ်းယဉ်က…

"ဒါ မှန်ပါတယ်"

ထောက်ခံပြောဆိုနေသည်။

ဦးချမ်းသာက ဒီတစ်ခါရယ်လျက်…

"အလကားပေးတောင် ယူမယ့်လူ ရှိပဲ့မလား၊ ဒါလောက် အစားပုတ်တာ"

"အလကားဆိုရင်တော့ ရှိပါတယ်တော့၊ ကျုပ် ပါသွားလို့ ရှင် ငိုနေရဦးမယ်နော်"

"မငိုပါဘူး၊ ကြွ…ကြွ…ဒီလမ်းကကြွ"

"အလိုလေး…တော်တော်မေတ္တာထားတယ်လား၊ ဟိုတုန်းကတော့ ငွေမရှိရင် မောင်မနေတတ်ဘူးဆို၊ ဟင်း…ဟင်း…ဟင်း…ရှင်တို့ယောကျ်ားတွေဟာ"

ကြီးဒွေးက ဦးချမ်းသာနား သွားထိုင်ပြီး စကားကို စလိုက်သည်။ ထို့နောက် ဟဒယရှင်ဆေးကဏ္ဍမှ မသန်းရွှေ ကုလားမဟန်နှင့် ပြောနေသော လေသံမျိုးနှင့် ကုလားသံတုကာ…

"ရှင်တို့ယောကျ်ားတွေဟာ နားဖူးကြီးပဲ၊ နားဖူကြီး၊ ကျွန်မနော် ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ ပြည်ထောင်စု ကားလားမ"

တဟားဟားနှင့် ရယ်ကြပြန်သည်။ ဦးချမ်းသာက အိပ်ရာထဲမှ ကိုယ်ကိုလှုပ်၍ ရယ်ပြန်သောအခါ ကြီးဒွေးက ကလီချင်လာပြန်ကာ…

"ဒီနှစ် ပြိတ္တာတွေမြူးတယ်၊ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ရှားလိမ့်မယ်၊ အပေါင်ဆိုင် လူတိုးလိမ့်မယ်"

ပြောပြန်တော့ ရောဂါနှင့် စားချင်တိုင်း မစားနိုင်ဘဲ အိပ်ရာထဲလဲနေသော ဦးချမ်းသာက အကြီးအကျယ် စိတ်တိုပြန်သည်။

သည်တော့ ကြီးဒွေးက ဦးချမ်းသာနား သွားထိုင်ကာ ခြေသလုံးနှိပ်ပေးလျက်…

"အလကား ပျော်လို့ နောက်မိနောက်ရာတွေ နောက်တာပါရှင်၊ ဒီလောကမှာ ရှင့်ကို အချစ်ဆုံးက ဘယ်သူလဲ၊ အနစ်နာခံပြီး ချစ်ခဲ့တာ ဘယ်သူလဲ"

ကောင်းပြီကောင်းရက် မေးပြီးမှ အဆုံးသတ်တွင် အဖျားရှူးကာ…

"အဲဒါ ကျွန်မ…ကျွန်မ မဟုတ်ဘူးလို့ ပြောမလို့ပါ"

တဟားဟားနှင့် ရယ်နေပြန်သည်။

ဦးချမ်းသာက…

"ခုမှ ပြိတ္တာမြူးတာ"

ပီဿလေးနှင့် နဘေးပစ်လိုက်မှ ကြီးဒွေးက အရယ်ရပ်သည်။ အတာက မျက်ခုံးပင့်လျက်…

'ဟယ်' ဟု တစ်ခွန်းအော်လိုက်သည်။

အားလုံးတစ်ပြိုင်နက် မတိုင်ပင်ဘဲ ဝေါခနဲ ရယ်ကြသည်။ ထိုအခိုက် တိုက်ပုံအင်္ကျီကို ပခုံးပေါ်ချိတ်တင်ကာ တိုးတိတ်ညင်သာသော ခြေလှမ်းများနှင့် ရောက်လာသော ကိုစစ်အောင်ကပါ ဒီအိမ်သားဝိုင်းထဲ ပါလာလေသည်။

မငြိမ်းယဉ် ချက်ထားသော ရွှေတောင်မုန့်တီမှာ စားလို့ကောင်းလှသည်။ မုန့်ဟင်းခါးဖတ်ပေါ် ငါးခူနှင့် ပဲမှုန့် ရောချက်ထားသော ဟင်းဖျော်၊ ကြက်သွန်နီဆီချက်၊ နံနံပင်၊ ငရုတ်သီးနှင့် ငါးဖယ်ကြော် ပါးပါးလှီး အဆာထည့်ကာ နယ်ပြီး ငါးအရိုးပြုတ် ဟင်းခါးပူပူနှင့် တွဲသောက်ရသော ရွှေတောင်မုန့်တီကို ကိုစစ်အောင် တစ်ခါမှ မစားဘူးပေ။

"ကိုစစ်အောင်ကလည်း အစားသိပ်သေးတာပဲ၊ လင်းလင်းသောက်



တောင် မစားနိုင်ဘူး၊ စားစမ်းပါအဝ"

ကိုစစ်အောင်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။ အတာက လင်းလင်းပန်းကန်ကို လှမ်းမေးငေါ့ပြပြီးနောက်…

"မမလည်း လင်းလင်းနဲ့ နှိုင်းမပြောပါနဲ့၊ လင်းလင်းက ပြိတ္တာလိုစားတာပဲ၊ မသကာ ကျွန်တော်နဲ့ နှိုင်းပြောရင် တော်သေး"

"အံမာ…"

လင်းလင်းက အတာ့ကို မျက်စောင်းထိုးလိုက်လေသည်။ ကိုစစ်အောင်သည် လင်းလင်းအား လှမ်းကြည့်ကာ မျက်လုံးများကပါ ပြုံးသော အပြုံးမျိုးနှင့် ပြုံးလိုက်လေသည်။

ကြီးဒွေးသည် ကိုစစ်အောင်၏ ကျောကိုသပ်ကာ…

"ဩော်…ဒီသူငယ်ဟာ အစားကလည်းနည်း၊ စကားကလည်းနည်း၊ တို့အုပ်စုထဲ သူမို့ မျက်စိလည်လမ်းမှား ရောက်လာရှာတယ်၊ ကြီးဒွေး သနားလိုက်ပါဘိတော့"

"ကြီးဒွေး ထင်သလား သူ့ကို"

မငြိမ်းယဉ်က ရွှင်ပျသော လေသံနှင့်မေးကာ ရယ်နေမိပြန်သည်။

ကိုစစ်အောင်သည် ကြီးဒွေးဘက်သို့ လှည့်ကာ…

"ကြီးဒွေး ကျွန်တော့်ကို ထင်ချင်သလို ထင်နိုင်ပါတယ်၊ တစ်ခုကတော့ ကြီးဒွေးတို့အုပ်စုမှာ ကျွန်တော်ဟာ မငြိမ်းယဉ်ရဲ့ နောက်လိုက်ဖြစ်တဲ့အတွက် အစားမှာရော၊ စကားမှာရော မငြိမ်းယဉ်ကို ကျွန်တော် မမီပါဘူး"

"အံမယ်…အံမယ်"

မငြိမ်းယဉ်က ရယ်လိုက်သည်။ လင်းလင်းက လက်ခုပ်လက်ဝါးတီးလျက်…

"ခံလိုက်ရပြီ"

ထို့နောက် လင်းလင်းရဲ့ ဂီတာကိုယူကာ တီးကြဆိုကြသေးသည်။ သည်တစ်ခါလည်း ကိုစစ်အောင်သည် မငြိမ်းယဉ် ဘာဆိုချင်လဲ မမေးတော့ဘဲ သူတီးချင်သော သီချင်းကိုသာ တီးလိုက်လေသည်။

လင်းလင်းက ဝမ်းသာသော မျက်နှာလေးဝင်းပလျက် 'ဟယ်… လင်းလင်းလည်း ဒီသီချင်းကြိုက်တယ်၊ မေငြိမ်း ဆိုပါ' လို့ တိုက်တွန်းလိုက်လေသည်။

တူနှစ်ကိုယ်×××အမြဲပဲ တတွဲတွဲနဲ့ နေရရင်×××သဲလှတယ်လို့ ကဲလှတယ်လို့ ဆိုချင်သလိုဆို×××မိုးမမြင် လေမမြင် ရွှေရင်ထဲမတော့ ပျော်ပွဲရွှင်ပွဲဆင်နွှဲနေသလိုလို×××

□□□

## အခန်း(၃၇)

မငြိမ်းယဉ်က ဆိုရင်း အံ့သြနေသည်။

ကိုစစ်အောင်ကို သည်လိုသီချင်းမျိုး တီးလိမ့်မည် မထင်မိ။ မာမာအေးရဲ့ တူနှစ်ကိုယ်သီချင်းနှင့် ကိုစစ်အောင်ရဲ့ဘဝ ဘယ်လိုမှ ဆက်စပ်ရမည် မထင်သောကြောင့်ပင်တည်း။

ညနေခင်း နေခြည်နုနုသည် သူ့ဆံပင်ကို မသိမသာလှမ်း၍ ထိကပါးရိကပါး လုပ်နေဆဲ သူ့နဖူးတွင် ချွေးတွေစို့နေသည်။ အနည်းငယ် ဖျော့နေသော်လည်း ပန်းရောင်သမ်းနေသေးသော သေသပ်လှပသည့် နှုတ်ခမ်းများကို ခုမှ သတိထားမိလေသည်။ သူ့နှုတ်ခမ်းများ ထောင့်စွန်းနှစ်ဖက် ပင်ကိုတွန့်နေဟန်မှာ အမြဲပင် ပြုံးနေသလို ထင်ရသည်။

ကိန္နရီမောင်နှံလို တစ်ညလုံးများ ကွဲရင်ဖြင့်ဆို×××ဘဝဆုံးမလားအသည်းရင်နှင့်ဖို××လက်ဆန့် ပြေးမသွားအောင်ပ××စက္ကန့်တစ်ရွေးသားတောင်မှ အဝေးမခံနိုင်သကို××ပန်းကန်တစ်ချပ်ကို နှစ်ယောက်အတူစား××တစ်လန်မှတ်သလို ဒီလောက် အပူပွား××မှန်တန်းနော်××မရုက်နိုင်တော့သကို ပန်းကန်နှုတ်ခမ်းပေါ် တက်ထိုင်တော့မလို×××

မငြိမ်းယဉ်သည် ဆိုရင်း သီချင်းကို တစ်ပိုင်းတစ်စနှင့်ပင် ရပ်လိုက်ပြီး မျက်နှာအပျက်ပျက်နှင့် ရှက်ကာ ရယ်မောလိုက်လေသည်။ ကိုစစ်အောင်က ပြုံးလျက် ဂီတာကို တီးနေမြဲပင်။ လင်းလင်းက 'ဆက်ဆိုပါ မငြိမ်းရဲ့ နားထောင်ကောင်းရဲ့သားနဲ့'ဟု ပေါင်ကိုပုတ်ကာ ပြောလိုက်ရာ မငြိမ်းယဉ်က--

'တော်ပြီဟယ်၊ တို့ မရတော့ဘူး' ပြောရင်း ရယ်နေသည်။

ကြီးဒွေးက ဂီတာနားကပ်ထိုင်လျက် မငြိမ်းယဉ်လက်ထဲမှ စည်းကို အတော့လက်ထဲထည့်ကာ 'ရော့…အတာ စည်းကိုင်၊ ငါ ဆိုမယ်' ပြောပြီး မျက်လုံးပြူးရင်း ပါးစပ်ဟလိုက်သည်။ လင်းလင်းက ထဘီလေး ဖိုသီဖတ်သီနှင့် ထ၍…

"ဒီလိုဆိုရင် အပြင်သွားပါရစေဦးနော်"

အတာက မျက်နှာရှုံ့လျက် 'ကြောက်နေရပါလား' ခေါင်းကို ခါရမ်းလိုက်သည်။

"ပြိတ္တာမြူးပြန်ပြီ၊ သတိထားနေကြ"

ဦးချမ်းသာက အိပ်ရာထဲတွင် ပက်လက်နေရာမှ လှမ်းပြောလိုက်လေသည်။ ကြီးဒွေးက ဘယ်သူ့မှ အာရုံမစူးစိုက်နိုင်ဘဲ ဂီတာတီးလုံးကိုသာ နားစွင့်လျက်…

မှန်တန်းနော် မရှက်နိုင်တော့သလို××ပန်းကန့်ရှုတ်ခမ်းပေါ် တက်ထိုင်တော့မလို××ကျွန်မတို့ တူနှစ်ကိုယ် အစစတစ်မှုပို××တူနှစ်ကိုယ် တွေ့ကတည်းကဆို တစ်သက်နှောင်မမှားအောင် မျက်တောင်များတောင် မခတ်မိသလိုပဲဆို။

သံနေသံထားနှင့် လိုက်ဆိုလိုက်လေသည်။

"ဟာ…ကြီးဒွေး ဘယ်ဆိုးလို့တုံး၊ အလုပ်ဖြစ်ပါတယ်ဗျ"

အတာက အံ့သြနေသည်။ လင်းလင်းနှင့် မငြိမ်းယဉ်တို့က လက်ခုပ်လက်ဝါးတီးကာ သြဘာပေးလိုက်ကြလေသည်။ ကိုစစ်အောင်သည်လည်း ဂီတာကို စားပွဲပေါ်သို့တင်ကာ လက်ခုပ်တီးရင်း…

"ကြီးဒွေး သီချင်းဆိုလို့ ဖြစ်ပါတယ်၊ ကျွန်တော် နောက်ပြောတာ မဟုတ်ပါဘူး"



"ပြောင်ပြောတာပါ"

အတာက ဝင်ထောက်တော့ ကိုစစ်အောင်သည် အတော့ပခုံးကို ပုတ်ကာ လှိုက်လှဲစွာ ရယ်မောနေသည်။ မငြိမ်းယဉ်သည် ငြိမ်သက်နေပြီး ကိုစစ်အောင်အား လှမ်းငေးနေသည်။ မြင်မြင်ချင်း မငြိမ်းယဉ်၏အကြည့်တွင် ရင်ထဲ အေးသွားသည်။

စီးကရက်တစ်လိပ်ကို ဟန်မပျက်ထုတ်ကာ တုန်ယင်နေသော လက်ကိုထိန်းရင်း မီးညှိသောက်လိုက်လေသည်။ စီးကရက်မီးခိုးတောက်ကြားမှ မငြိမ်းယဉ်အား တစ်ချက်ပြန်ကြည့်တော့ မငြိမ်းယဉ်က သူ့ကို မကြည့်တော့ပေ။ မငြိမ်းယဉ်မျက်နှာအဆင်းကို မြင်ရပြန်တော့ ရင်ထဲမှ လှိုင်းတံပိုးများ ငြိမ်သက်သွားလေသည်။ ခဏချင်းပင် စိတ်လှုပ်ရှားမှုကို ထိန်းလိုက်နိုင်ပြီဖြစ်သည်။

မငြိမ်းယဉ်၏ ရုပ်ပါမက မငြိမ်းယဉ်၏ အသံလှိုင်းတို့သည်လည်း သူ့ရင်ထဲတွင် ရိုက်ခတ်နေသည်။

"ကျွန်မယုံကြည်တာကတော့ သစ္စာတရားပဲ၊ လောကုတ္တရာသစ္စာတောင် မဟုတ်ဘူး၊ လူတိုင်းကျင့်သုံးနိုင်တဲ့ လောကီသစ္စာပဲ၊ ဒီမှာလူတွေဟာ ရိုးဖြောင့်ဖို့လိုတာပဲလို့ ထင်တယ်လေ၊ ဘယ်ဘဝရောက်ရောက် သူများကိုရော၊ ကိုယ့်ကိုရော မလိမ်မိဖို့ အရေးကြီးတယ်"

မငြိမ်းယဉ်၏ စကားများကို ကြားယောင်မိသောကြောင့် သူ့နှလုံးအိမ်သည် အေးမြသွားသည်။ သည်စကားမျိုးကို ဖော်ကျူးရုံမက ကျင့်သုံးနိုင်သော မိန်းမတစ်ယောက်၏ အတွင်းအစျ္စတ္တသန္တာန်အထိ ထိုးဖောက်မြင်နိုင်ဖို့ လိုမည်ထင်ပါသည်။ မငြိမ်းယဉ်အပေါ် သူမြင်လာသော အလှတစ်ရပ်ကား ဘယ်နည်းနှင့်မှ အများတကာနှင့် မတူနိုင်။

စိတ်ဝေဒနာမျိုးစုံနှင့် အကြိမ်ကြိမ် ကြုံခဲ့သော်လည်း ဝေဒနာ စူးစူးရှရှ ပြင်းထန်စွာ ခံစားလွယ်သလောက် ဝေဒနာကို တွန်းလှန်ရန် ကြိုးစားဟန်မှာ မြတ်နိုးဖွယ်၊ လေးစားဖွယ်ပင်။ အထုအထောင်း ရိုက်ပုတ်ဒဏ်များကြားထဲမှ အရေထူ ထုံပေလာသော နှမငယ်၏ အသွင်ကို မြင်ရပြန်တော့ နှလုံးငြိမ်သည်။

"အချစ်ဆိုတဲ့တရားကိုတော့ ယုံပါတယ်၊ ရှိလိမ့်မယ်လို့လည်း ထင်

ပါတယ်၊ ကျွန်မ မယုံတာက လူတွေကိုပါပဲ၊ လူတွေမှာ ချစ်စရာကောင်းတဲ့ နှလုံးအိမ်ရှိနေပါရဲ့နဲ့ အချစ်ဆိုတဲ့တရားကို ဥပေက္ခာပြုကြတယ်၊ ယောကျာ်းနဲ့ မိန်းမ ကြုံကြိုက်လို့ စကားလှလှ သကြားဖုံးပြီး တပ်မက်ကြတာ၊ ကိုယ်လက် နှီးနှောတာလောက်ကိုပဲ အချစ်လို့ သတ်မှတ်ရမှာ နှမြောစရာ သိပ်ကောင်းတာ ပဲ''

ထူးဆန်းသော စကားများကိုပြောပြီး ထူးဆန်းသော အိပ်မက်များကို မက်လျက် ဝိညာဉ်လောကနှင့် ဆက်သွယ်သည်ဟု ယုံကြည်နေရှာသော မငြိမ်းယဉ်၏ နက်မှောင်တောက်ပြောင်သော မျက်လုံးများသည် အဓိပ္ပာယ် အမျိုးမျိုးနှင့် စကားပြောနေတတ်သည်။ စကားတွေပြောရင်း စိတ်အားထက်သန် လွန်းခြင်းဖြင့် အရောင်ထွက်လာသော မျက်လုံးများကို ကျေနပ်နှစ်သိမ့်မြဲပင်။

သာမန်ယောကျာ်း(ဝါ)အိပ်ရာထက်ကိစ္စသာ အဓိကထားသူတို့က တော့ မငြိမ်းယဉ်ကို နည်းအမျိုးမျိုးနှင့် တပ်မက်ကြလိမ့်မည်။ သေးဖွဲနိမ့်ကျ သော စိတ်ထားရှိသူများက မငြိမ်းယဉ်အား ထိကပါးရိကပါး စကားဆိုကာ စချင် နောက်ချင်ရှိလည်း မငြိမ်းယဉ်ကတော့ စိတ်ဆိုးတတ်မည် မထင်။ မသိ တတ်သူများကို သည်းခံလျက် ရင့်ကျက်အရေထူပေလိမ့်မည်ဟု သူမြင်သည်။

ဘယ်သူက မငြိမ်းယဉ်အား သူသိသလို၊ သူမြင်သလို သိမြင်မှာလဲ။ သူတို့နှစ်ယောက် မျက်လုံးချင်း အဓိပ္ပာယ်ဖော်ကျူးကြသောအခါ ဘဝသစ် တစ်ခုကို မွေးဖွားဖန်ဆင်းကြပြန်သည်။ ကိုစစ်အောင်သည် လောလောဆယ် ဘဝတစ်ရပ်ကို ဖန်တီးရသည်မှာ ပျော်စရာ၊ ပျော်စရာဟု တွေးထင်မိသည်။ သည်လိုတော့လည်း လူ့အဖြစ်က ဘယ်လောက် ပျော်စရာကောင်းသလဲ။

ပြန်ခါနီးတော့ မငြိမ်းယဉ်အား…

''ဒီလိုပဲ ပျော်နေကြရရင် နိဗ္ဗာန်ဆိုတာ မလိုတော့ပါဘူးနော်''

''တော်ပြီ၊ မငြင်းတော့ဘူး''

မငြိမ်းယဉ်သည် ရန့်ထောင်သော မျက်လုံးများနှင့် လှမ်းကြည့်လိုက် သည်။ ထို့နောက် ဝါးယပ်တောင်လေးကိုဖြန့်ကာ တဖျပ်ဖျပ်ခတ်ရင်း ခြံဝအထိ လိုက်ပို့လိုက်လေသည်။ ကိုစစ်အောင်က ခြံဝရောက်ခါနီး ငုဝါပင်စည်ကို



လက်နှင့်ထောက်ကာ…

''နောက်ဘဝဆိုတာရှိရင် ပိန်ညင်းငှက်တော့ ဖြစ်ချင်ပါတယ်၊ သူ့မှာ အားအရှိန်အဝါ ရှိတယ်၊ မြေပြင်ရေပြင်နဲ့ ကောင်းကင်တစ်ခုလုံး တစ်ဟုန်ထိုး ပျံနိုင်တယ်၊ နောက်ပြီး သစ္စာလည်းရှိတယ်ဆိုလို့ပါ''

အတည်လား နောက်ပြောတာလား မသိ။ ရွှတည်တည်နှင့် ပြောသွား သဖြင့် မငြိမ်းယဉ်သည် စိတ်လက်ပေါ့ပါးစွာ ရယ်မိသေးသည်။ မငြိမ်းယဉ်၏ ရင်ထဲတွင်…

In the next life lets be birds
Lets be kingfishers
They are so beautiful.
They live suspended between
water and eath.

တွဲ့ကို အသံသွင်းနေမိပြီး ရင်ထဲ၌ပင် ရယ်မောသံများကို သိမ်းဆည်း ထားမိလေသည်။

□□□

## အခန်း(၃၈)

"ဒီအဆောက်အဦကြီးဟာ ပခန်းမင်းကြီးက သူနေဖို့ ဆောက်ခဲ့တာဆို"

မငြိမ်းယဉ်၏ စကားများသည် နှစ်လိုဖွယ်ရှိမြဲပင်။ သူဖြတ်သန်းလာခဲ့ရသမျှ လူ့ဘဝသက်တမ်းတွင် မငြိမ်းယဉ်နှင့်အတူ ခရီးထွက်လာရတာ ပျော်စရာအကောင်းဆုံးဟု မှတ်တမ်းတင်ရစ်မည်။

မှတ်တမ်းစာအုပ်ထဲ၌ "ခဏအလည်ရောက်ခဲ့တဲ့ နှိုင်းခွာနဲ့ဘုံ" ဟု သည်ခရီးကို နာမည်တပ်ပြီး မငြိမ်းယဉ်အား ပြမည်စိတ်ကူးသည်။ မငြိမ်းယဉ်၏ ရန့်တွေ့သံကိုလည်း ကြိုတင်မှန်းဆရင်း ပြုံးမိရသေးသည်။ ထိုခဏ၌ပင်…

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ သိသလောက်တော့ ဒီအဆောက်အဦကြီးက နန်းတော်နဲ့ တူလွန်းလို့ မင်းတုန်းမင်းတရားကြီးက လူလွှတ်ကြည့်နိုင်းလိုက်တာနဲ့ ပခန်းမင်းကြီးက မဖြစ်ချေဘူးဆိုပြီး ဘုန်းကြီးကျောင်းအဖြစ် လှူဒါန်းလိုက်ရတယ်တဲ့"

အတူတူပါလာသူ မြို့ခံလူငယ်တစ်ဦးက အဖြေပေးလိုက်လေသည်။

"ဒီအကြောင်း စာအုပ်ထဲမှာ မတွေ့မိပါဘူး၊ ကျွန်မပဲ လက်လှမ်းမမီ



လို့လား မသိဘူး"

"အရပ်စကားလို့ ဆိုပါတယ် ဆရာမ"

"ပဒေသရာဇ်ရဲ့ အာဏာစက်ကွ၊ ဘယ်အံ့တုလို့ရမလဲ"

ဦးသောဘိတက ကွမ်းများဝါးနေရာမှ မိန့်လိုက်လေသည်။

ပခန်းကြီးတွင် ပခန်းမင်းကြီး တည်ဆောက်ထားခဲ့သော ကျောင်းကြီးကား ဘုံပြာသာဒ်၊ တိုင်လုံးပတ်ကြီးများနှင့် ယနေ့တိုင် ခမ်းခမ်းနားနား ရှိနေသေးသည်။ သစ်လုံးတိုင်ကြီးများက ခန့်ထယ်သလောက် လေသာပြတင်းများကို သစ်သားစို့ရိုက်၍ အဆောင်ဆောင် အခန်းခန်းတွင် ဖောက်ထားရာ ရှေးလက်မှုပညာလက်ရာများကို မှန်းဆကြည့်နိုင်သေးသည်။

သို့သော် ကျောင်းကြီးမှာ ဟောင်းအို၍ ယိုင်နဲ့နေပေပြီ။

ထို့နောက် ပင်စည်ကြီးမား၍ မိုးယံထိမြင့်တက်နေသော သစ်ပင်များဖြင့် အုံ့ဆိုင်းနေသည့် တောလမ်းများ၊ လမ်းမြောင်နှစ်ဖက်၌ ချုံနွယ်ပိတ်ပေါင်းထူထပ်သော ကုန်းကမူလေးများ၊ ဆင်ချောင်းရွာကဲ့သို့သော အညာကျေးလက်တောရွာလေးတို့ကို ဖြတ်ခဲ့ကြလေသည်။

စင်စစ် ပခုက္ကူမှသည် ရေစကြိုဘက်သို့သွားရာ ကားလမ်းတစ်လျှောက်သို့ အစဉ်တစိုက် လမ်းဘေးတို့၌ အရိပ်ကောင်းသော တမာပင်များ၊ ထနောင်းပင်များနှင့် ထန်းပင်များသည် တရိပ်ရိပ်ပြေးနေသည်။

ချုံနွယ်ပင်များတွင် ဆူးဖြူပင်များကို ထင်ရှားစွာ တွေ့ရ၍ ပွင့်လွှာကအဝါရင့်ရင့်၊ ဝတ်ဆံစိမ်းနှင့် ပြည်ပန်းရွှေပင်တွင် ပွင့်တတ်သော ပန်းများနှင့်တူသော ပန်းဝါဝါနှင့် အပင်ငယ်ငယ်စိမ်းစိမ်းအုပ်များ တရိပ်ရိပ်နှင့် ကျန်ရစ်ခဲ့လေသည်။

ရေကြည်ကြည်နှင့် စမ်းချောင်းငယ်များကလည်း ဟိုစပ်စပ် သည်စပ်စပ်နှင့် ရှိနေသည့်အပြင် ရိပ်ကောင်းမှောင်မှောင်တွင် တောရချောင်လေးများကိုလည်း အေးချမ်းစွာ တွေ့မြင်ရတတ်သည်။

ထုံးဖွေးဖွေး စေတီငယ်အချို့နှင့်အတူ စေတီပျက်ကျောင်းအိုများကို တမ်းတဖွယ်ရာ ဖူးမြော်မြင်တွေ့ရလေသည်။

"ကိုစစ်အောင် ဘယ်ဇာတိလဲ"

"မငြိမ်းယဉ် ဘယ်လိုထင်လို့လဲ"

"ကျွန်မ ဘယ်ထင်တတ်မလဲ"

"အကဲခတ်ကြည့်ပေါ့"

"မကြည့်တတ်ပါဘူး"

"မနေနဲ့ ကြည့်ပေါ့ဗျာ"

မငြိမ်းယဉ်က ရယ်လိုက်သည်။ ကားပေါ်မှာတင် မငြိမ်းယဉ်သည် နဖူးပေါ် သူ့ညာလက်သီးဆုပ်လေးကိုတင်လျက် မျက်စိမှိတ်ကာ...

"ကိုစစ်အောင်က အသားတော့လတ်တယ်၊ ဒါပေမဲ့ ကျွန်မတော့ အညာသားလို့ ထင်တာပဲ"

ကိုစစ်အောင်က ရယ်နေသည်။

"မဟုတ်ဘူးလား"

ကိုစစ်အောင်က ခေါင်းညိတ်လျက်...

"ကျွန်တော် စစ်ကိုင်းမြင်းမူသားပါ၊ မငြိမ်းယဉ်ကော"

"ကျွန်မကိုလည်း အကဲခတ်ကြည့်ပေါ့"

"မြစ်ဝကျွန်းပေါ်သူလား"

"ဟင့်အင်း...ကျွန်မက ပဲခူးသူ"

"အောက်သူပဲ အတူတူပေါ့"

မြို့ခံလူငယ်လေးက ဂျစ်ကားနောက်တွင် ထိုင်ရင်း ရယ်မောနေသည်။ မငြိမ်းယဉ်သည် ကားရှေ့ဘက်တွင် ထိုင်ကာ...

"ရေစကြိုမြို့ဟာ သာယာတယ်လို့ ပြောကြတာပဲ"

"ရောက်တော့ အစ်မကြည့်ပေါ့"

ရေစကြိုမြို့အဝင် လမ်းတစ်ဖက်တစ်ချက်တွင် ထန်းတောကြီး နှစ်တောကား စိမ်းစိမ်းစိုစိုနှင့် မိုးသားအပြာကို လှမ်း၍တို့ထိနေကြသည်။

ရေစကြိုမြို့သည် သေးငယ်ပေမင့် အိမ်စဉ်ဈေးတန်းအုတ်တိုက်များနှင့် ကြေးရတတ်လူချမ်းသာတို့ အမြောက်အမြား အခြေစိုက်ရာဟု ထိုလူငယ်လေး က ရှင်းပြနေသည်။ ရေစကြိုမြို့ ကျွန်းသောင်ပေါ် နုန်းတင်ခဲ့သော မြေထား



သဘာဝအသီးအနှံများထွက်ရာမြေ(Fertilizer)လည်း ဖြစ်သည်။ သို့ကြောင့်ဝင် ဤကျွန်းသောင်များမှ ငွေဖြစ်လေသည်။

"ဟင်းသီးဟင်းရွက်နဲ့ ကိုင်းထွက်ပစ္စည်းတော့ ပေါမှာပဲနော်"

မငြိမ်းယဉ်က ပြောလိုက်သည်။

"ဆရာမ ထမင်းဆာပြီနဲ့တူတယ်၊ ရောက်ရောက်ချင်း စားရမှာပါ၊ မပူပါနဲ့"

ကားမောင်းသူက ရယ်ရင်းပြောလိုက်လေသည်။

"မဟုတ်ဘူးရှင့်"

မငြိမ်းယဉ်က ရယ်နေသည်။

"မရှက်ပါနဲ့၊ အချင်းချင်းတွေပဲ"

ကိုစစ်အောင်က ဝင်နောက်သည်။

"ဟိုကျ မဆာတဲ့လူ မကျွေးနဲ့ပေါ့၊ ဒီဦးပဥ္စင်းသာ မွန်းမတည့်ခင် ဆွမ်းကပ်ပါ"

မငြိမ်းယဉ်က ပြောလိုက်လေသည်။ လူငယ်က...

"ဆရာမ ဘာဟင်းချက်မလဲဆိုတာရော ကြိုတင်မဟောတော့ဘူးလား"

"အင်း...ပဲသီးသနပ်နဲ့ ငရုတ်သီးကြော်ပါမယ်"

"ဟာ...ဟုတ်တယ် ဆရာမ"

လူငယ်လေးက အံ့သြနေသည်။

"ကြက်သားပါမယ်ဗျာ"

ကိုစစ်အောင်က ဝင်ပြောသည်။

"ကြက်သားကတော့ ညှိသည့်တွေကျွေးတိုင်း ပါနေကျဟင်းပဲ"

မငြိမ်းယဉ်က ပြုံးပြုံးစွစွ ပြောလိုက်ရာ ဦးပဥ္စင်းသည် ကွမ်းတံတွေးကို ကားအပြင်ဘက်ရောက်အောင်ထွေးပြီး ပြုံးလိုက်လေသည်။

□□□

## အခန်း(၃၉)

သုံးရက်မျှသောအချိန်အတွင်း တစ်ပတ်စာခန့် သွားပစ်လိုက်ကြလေသည်။ လှည်းကြမ်းအပြင် ခြေကျင်ခရီးလည်း ပါဝင်လေသည်။ မြို့နယ်တွင် အမျိုးသားနေ့အတွက် ကျောင်းတွေတွင် ကျင်းပသော ဟောပြောပွဲ၊ ဆွေးနွေးပွဲများအပြင် စာကြည့်တိုက် ဖွင့်ပွဲတွေလည်း ပြုလုပ်ကြသည်။

မငြိမ်းယဉ်၏ အသားများသည် ရတ်ချည်းညိုမှောင်ကာ ဆံပင်တို့သည် ဆီနှင့်ကင်းဝေးသလို နီကြောင်ကြောင် ဖြစ်ကုန်သည်။ မျက်တောင်နှင့် မျက်ခုံးမွေးတို့တွင် ဖုန်မှုန့်များ လိမ်းကျံနေကြသည်။ သနပ်ခါး မလိမ်းရသော မျက်နှာလေးမှာ အဆီနှင့် တဝင်းဝင်း ဖြစ်နေသည်။

"ဆရာမက တယ်ခွဲကောင်းတာပဲ"

လူငယ်လေးက တအံ့တသြ မှတ်ချက်ချနေသည်။

"ဒီတစ်ခါ ခရီးတော့ တော်တော်တွင်သားပဲ၊ ကိုစစ်အောင်တစ်ယောက်တော့ ခရီးပန်းပြီး နှာစေး ချောင်းဆိုး ဖြစ်နေပြီ"

ရေစကြိုမြို့ ကမ်းနားကုန်းမြင့်ပေါ်မှ လျှောက်လာကြလေသည်။ ကမ်းခြေမှာ ကုန်းမြင့်ဖြစ်ပြီး ကျောက်ဆောင်များ ထပ်ဆင့်နေသည်။ ချင်းတွင်း



ရေစီးသန်ပုံမှာ ဧရာဝတီမြစ်နှင့် လုံးဝမတူပေ။ ကျောက်ဆောင်များကို ကျော်ဖြတ်၍ ရေအဟုန်မှာ တဝေါဝေါနှင့် အရှိန်ပြင်းလှသဖြင့် ကြောက်စရာလည်းကောင်း၊ သာယာကြည်နူးဖွယ်လည်း ကောင်းလှပေသည်။

"ဆရာဦးစစ်အောင်လည်း ခွဲကောင်းတာပဲ၊ ဒီလူစုကတော့ လမ်းတော်တော်လျှောက်နိုင်ကြတယ်၊ ဦးပန္နင်း အပါအဝင်"

ကျောင်းဆရာတစ်ဦးက မှတ်ချက်ချနေသည်။

"ဦးပန္နင်းက အပျော်ပဲဗျ၊ တောင်ပေါ်ခရီးတွေ တော်တော်နှံ့ခဲ့တာ"

ကိုစစ်အောင်က ဖြေလိုက်လေသည်။

မငြိမ်းယဉ်သည် အဝေးသို့ မျှော်ငေးကြည့်လိုက်သည်။ မြစ်ဘက်မှ ရိုက်ခတ်လာသော လှိုင်းတံပိုးတို့သည် ကျောက်ဆောင်သို့ လှမ်းပုတ်ကာ မြစ်ယံတေးသံကို ကျူးရင့်နေကြသည်။ တစ်ဖက်ကမ်းဆီမှ ကျွန်းသောင်သည် ငွေရောင်နှင့်ဖွေး၍ ကိုင်းကျွန်းလယ်ယာများနှင့် စိမ်းလန်းစိုပြေနေသည်။

နေလုံးနီနီသည် ပတ္တမြားကွန့်ရက်ကိုဖြန့်ကာ လွှမ်းခြုံလိုက်လေသည်။ မြစ်ပြင်သည် ရွှေရည်ရောယှက်လျက် လှိုင်းတံပိုးများ တလိပ်လိပ် တက်လာသည်။ ငှက်တစ်အုပ်သည် အတောင်ဖြန့်လျက် အိပ်တန်းသို့ဝင်ရန် ပျံသန်းလာကြလေသည်။

မငြိမ်းယဉ်သည် ကောင်းကင်ကို တစ်ချက်မော့ကြည့်ရင်း "(ပျော်ရှာပေတယ်…ရွှေပိန်ညင်းရယ်)၂" ဟု ဆိုပြီးမှ ပိန်ညင်းငှက်အကြောင်း သတိရကာ ချက်ချင်းရပ်လိုက်လေသည်။ လူငယ်လေးက ထိုသီချင်းကို ဆက်၍…

(ပျော်ရှာပေတယ် ရွှေပိန်ညင်း)၂ မိုးခေါ်ဆင်းမလို၊ ပင်စပါးဖျို…ဝင်နားမလို၊ ရှင်အားတော် ပိုမိုသွန်းဖြိုးပေါ့…ရွှေမိုးညိုညို…။

ဆိုလိုက်လေသည်။

ကမ်းစပ်တစ်နေရာ သစ်ပင်ရိပ်အောက်ဆီမှ ပြွေသံသည်လည်း လွမ်းလွမ်းဆွတ်ဆွတ်နှင့် ကျူနေသည်။ ပြွေမှုတ်သံသည် ခေတ်ကာလ တေးတစ်ပုဒ်ကို ဖွဲ့သီနေပြန်သဖြင့် မငြိမ်းယဉ်၏ ရင်ထဲမှ "ဒီသီချင်းကို ကြားဖူးလိုက်တာ" အောက်မေ့နေဆဲတွင် ထိုလူငယ်ကပင် သီချင်းကို လိုက်ဆိုနေသည်။

တစ်မိနစ်လောက်တောင်မှ ခွဲလို့ဖြင့် မနေနိုင်ပါတယ်' ဆိုသည့် သီချင်းပင်။ ကိုစစ်အောင် တီးခတ်သော ဂီတာနှင့် သီဆိုခဲ့သော သီချင်းမို့ ပြန်သတိရနေသည်။

သို့သော် မငြိမ်းယဉ်က လိုက်မဆို။ ငြိမ်ငြိမ်သက်သက်လေး လမ်းလျှောက်လာသည်။ နောက်ဆုံးအပိုဒ်နေရာရောက်တော့ ကိုစစ်အောင်က တီးတိုးလိုက်ဆိုနေသည်။ မငြိမ်းယဉ်၏စိတ်ထဲ၌ 'အို…ခုမှ သတိရတယ်၊ ဒီအပိုဒ်ကို တို့ဆိုမှ မဆိုလိုက်ရဘဲ။

ကိုစစ်အောင်တစ်ယောက်ကတော့ စိတ်ပါလက်ပါနှင့် သီဆိုနေပေပြီ။

တစ်သက်လုံးအပြစ်မမြင်…ချစ်ခင်ပါမယ်
အပြစ်တင်တာဝေးလို့၊ နီးဖျားလေးနဲ့တောင်မရှုယ်
တိတ်တိတ်တွေ့ရ အခြေအနေလေးရယ်
ခိုးကြောင်ခိုးဝှက်နိုင်လွန်းတယ်
ရည်းစားဘဝနဲ့ မနေချင်တော့ဘူးကွယ်…
တည်တည်တံ့တံ့၊ ခန့်ခန့်ထည်ထည် ချစ်ရပါစေမယ်
ငွေလရောင်တိုးလို့ ကျိုးတိုးကျဲတဲငွေမှုန်တွေခြယ်…
ရွှေနှယ်ရီးရယ်…ခိုးရာလိုက်ခဲ့ကွယ်…။

သည်တော့ လူငယ်လေးက…
"ဘယ်ဆိုးလို့တုံး ဆရာ"
မငြိမ်းယဉ်က လက်ဟန်နှင့်…
"ဒီဆရာက မယ်ဒလင်တီး တော်တယ်"
"ဟာ…ဒီလိုဆိုရင် မယ်ဒလင် ယူခဲ့ရောပေါ့ ဆရာ၊ ကျွန်တော်တို့ဒီမှာ တီးဝိုင်းတစ်ဝိုင်းဖြစ်တယ်"

လူငယ်လေးက အားတက်သရော ပြောလိုက်လေသည်။ ကျောင်းဆရာက…

"ဂီတကတော့ လူတွေရဲ့စိတ်ကို ဆွဲဆောင်တယ်ဗျ၊ လူတွေ အနှစ်



သက် အမြတ်နိုးဆုံး အနုပညာတစ်ရပ်ပဲ၊ လူတိုင်းနဲ့လည်း မကင်းနိုင်ဘူး၊ ကလေးဘဝကစပြီး ဂီတနဲ့ ကြီးပြင်းလာခဲ့ကြရတာပဲ"

"နောက်ပြီး အဖွဲ့အစည်းအတွက်၊ စည်းရုံးရေးအတွက် အင်မတန်လိုအပ်တဲ့ လက်နက်ကောင်းတစ်ခုပဲ"

မငြိမ်းယဉ်က ပြောလိုက်သည်။ သည်တစ်ခါ ကိုစစ်အောင်သည် တစ်လမ်းလုံး အတွေးနှင့် ငြိမ်သက်နေသည်။ ကမ်းစပ်မှ တဟူးဟူးတိုက်ခတ်လာသောလေသည် သောက်ယက်စ စီးကရက်ပြာများကို လွင့်စေသည်။ မငြိမ်းယဉ် ပခုံးထက်တွင် လွင့်သွားသော ပြာများကို ပုတ်ထုတ်ပစ်ကာ 'ဆောရီးဗျာ' ဟု တောင်းပန်လိုက်လေသည်။ မငြိမ်းယဉ်၏ ဆံယဉ်စများသည် လေနှင့်အတူ ဖရိုဖရဲ လွင့်နေသည်။ မငြိမ်းယဉ် စိတ်တို့သည်လည်း ဆံယဉ်စပမာ လွတ်လပ်ပေါ့ပါးနေကြသည်။

သည်တစ်ခဏ သည်တစ်ဘဝဖြစ်လျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ တစ်ဘဝသာ ခံရပါစေ။ မှန်သည်။ တစ်ဘဝဆိုတဲ့ အချိန်ကလည်း တိုတောင်းပေမယ့် မနည်းလှပါဘူး။ အို…တွက်ကြည့်တော့ မငြိမ်းယဉ်သည် တစ်ဘဝအပြည့်တောင် နေခွင့်မရတော့ပေ။ အသက်သုံးဆယ်ဆိုတဲ့ သက်တမ်းသည် ခပ်လွယ်လွယ်ပင် ကုန်ခဲ့သည်။ ဒီသက်တမ်းတစ်ဝက်နီးမှာ မျက်ရည်တဝေဝေနှင့် ငိုခဲ့ရပေါင်းလည်း များလှပေပြီ။ ဘဝကျိန်စာကလည်း ပြင်းထန်လှသည်။ သို့ကြောင့်ပင်…

**ငှက်တေးချိုပျား၊ ပန်းစကားကို**
**ပြောကြားမဆုံး၊ နှစ်ယောက်လုံးပဲ**
**အပြုံးလှယ်ကြ၊ ရယ်မောကြနှင့်**
**တစ်ဘဝမျှ နေချင်သည်။**

ဆိုတဲ့ ကဗျာအလှပမာ နေခွင့်ရလျှင် နေချင်ပါသေးသည်။

□□□

## အခန်း(၄၀)

နဂိုက ခြေထောက်မသန်သဖြင့် ဆာတာဆာတာ လျှောက်နေရသော ကိုစစ်အောင်သည် ခလုံးတက်နင်းမိသဖြင့် ယိုင်သွားသောအခါ မငြိမ်းယဉ်က ကပျာကယာပြေး၍ မှီတွဲလိုက်မိလေသည်။

"ရပါတယ်"

ဖွဲမလျှော့ဘဲ တစ်ယောက်တည်းရအောင် လျှောက်လိုသော သူ့ဆန္ဒက ပေါ်လွင်လှသည်။ သူ့မာနကိုလည်း ကျေနပ်မိသည်။

"မငြိမ်းယဉ် လက်ထပ် အဲလေ…အိမ်ထောင်ကျပြီးရင် ဒီလိုခရီး ထွက်နိုင်ပါ့မလား၊ ဒီတစ်ခါတော့ ကျွန်တော့်ကို စပ်စုခွင့်ပေးပါတော့"

ပြောရင်း မြစ်ဘက်သို့ လှည့်ငေးနေသည်။

"အိမ်ထောင်ကျတာနဲ့ ခရီးထွက်တာ ဘာဆိုင်လို့လဲ"

"အိမ်ထောင်သည်တစ်ယောက်ရဲ့ မလွတ်လပ်တဲ့ဘဝကို ကျွန်တော် သိနေလို့ပါ၊ ပြီးတော့လည်း မငြိမ်းယဉ် ခရီးထွက်တာဟာ လူသားတွေအတွက် ဘယ်လောက်အကျိုးရှိစေမယ်ဆိုတာလည်း ကျွန်တော် နားလည်နေလို့ပါပဲ၊ မငြိမ်းယဉ်လုပ်ငန်းတွေ ရပ်သွားမှာတွေကို ကျွန်တော့်အနေနဲ့ နမြောမိတာတော့



အမှန်ပါပဲ၊ ပြီးတော့…"

တစ်စုံတစ်ခုကို ပြောမည်ပြုပြီးမှ စကားကို တစ်ပိုင်းတစ်စ ရပ်ထား လိုက်သည်။ 'တွေ'နေသော ကိုစစ်အောင်အား မငြိမ်းယဉ်က စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး…

"ပြီးတော့ ဘာဖြစ်လဲ"

"မငြိမ်းယဉ်ကိုလည်း ကျွန်တော် နမြောတယ်"

လွတ်ခနဲပြောလိုက်ပြီး သူ့မျက်နှာတွေမှာ နီမြန်းနေသည်။ နီမြန်းသော အရောင်က တော်တော်နှင့် ပျောက်ကွယ်မသွား။ ဒီအသက်အရွယ်ရောက်သည့် တိုင်အောင် ရှက်တတ်သော ယောကျ်ားသားတစ်ယောက်၏ အပြုအမူသည် နှစ်လိုဖွယ်ပင်။ ငယ်စဉ်က ဗရင်ဂျီဘုန်းကြီးများနှင့် ရင်းနှီးစွာ သိကျွမ်းပေါင်း သင်းဖူးသော မငြိမ်းယဉ်သည် ကိုစစ်အောင်၏ ရိုးဖြောင့်ဖြူစင်ခြင်းကို ကြုံ တောင့်ကြုံခဲ ကြုံခဲ့ရလေသည်။

ကိုအောင်ထက်၊ ကိုလွင်မောင်၊ ကိုမျိုးဟိန်းတို့နှင့် ဘယ်လိုမှ နှိုင်းယှဉ် မရသော လူတစ်ယောက်ကို နောက်အကျဆုံး တွေ့ခဲ့ရသည့်အတွက် ဝမ်းနည်း ဖွယ်ပင်။ မငြိမ်းယဉ်၏ အိပ်မက်ထဲမှ လူတစ်ယောက်။ ဝမ်းသာဝမ်းနည်းစိတ် နှင့် ရင်ထဲခုန်နေသည်။ ရင်ခုန်ခြင်းကို အသာထိန်းရင်း…

"ကျွန်မလည်းလေ…"

ဘယ်လိုစကားစရမည်မသိ။ သည်ဇာတ်ကိုလည်း ဘယ်လိုစ၍ ဘယ်လိုအဆုံးသတ်ရမည်လဲ။ နှစ်ယောက်စလုံး မရေရာသောဘဝ အမှီအတွယ် မရှိ၊ ဘယ်သောင်ဆိုက်၍ ဘယ်ကမ်းကပ်ရမည်ကို မမှန်းဆနိုင်သောဘဝ။

လည်ယှက်တုံ့တင်၊ ငှက်တို့တွင်မှ

ကြင်မက်ခွင့်ရေး၊ လွယ်ကူသေး၏။

ကြည်အေး ရေးခဲ့သော ကဗျာကလေးက မငြိမ်းယဉ်အား သတိပေး နေသလိုပင်။ သူ့သတိကို ထိန်းချုပ်လိုက်သည်။ ငှက်တို့တွင်မှ ကြင်မက်ခွင့်ရေး လွယ်ကူသေး၏တဲ့။ ဒါကြောင့်မို့ ဝတ္ထုစာအုပ်ထဲမှ ချစ်သူနှစ်ဦးဟာ နောင်ဘဝ ကျရင် ပိန်ညင်းငှက် ဖြစ်ပါစေလို့ ဆုတောင်းကြတာပဲ။

တည်းအိမ်လှေကားဝနားသို့ရောက်တော့ မငြိမ်းယဉ် နောက်မှ တမင်ချန်နေရစ်ပြီး…

"မငြိမ်းယဉ်"

တီးတိုးခေါ်လိုက်သည်။

မငြိမ်းယဉ်က လှည့်ကြည့်တော့ ကိုစစ်အောင်၏ မျက်နှာသည် စိတ်လှုပ်ရှားသော အရှိန်နှင့် မျက်နှာထားပြောင်းနေသည်။ မျက်လုံးများကား မငြိမ်းယဉ်ထံမှလွဲနေသည်။

"စောစောက မငြိမ်းယဉ် ဘာပြောမလို့လဲ၊ စကားပြတ်သွားတယ်"

"ဪ…ကျွန်မ လက်မထပ်ဖြစ်တော့တာ ပြောမလို့ပါ"

မငြိမ်းယဉ်သည် သတိလစ်သွားလေသည်။ ထို့နောက် ရင်ခုန်တာကို ပြန်ထိန်းရင်း ဟန်မပျက် ရယ်လိုက်မိလေသည်။ ကိုစစ်အောင်က ရုတ်တရက် စကားပြန်မပြောနိုင်ဘဲ မငြိမ်းယဉ်အား စိုက်ကြည့်နေရာမှ မျက်နှာသည် ဝင်းလာလျက် မျက်လုံးများကပါ ပြုံးလာလေသည်။ နှုတ်ခမ်းထောင့်စွန်းကွေးလျက် ပြုံးလိုက်သော သူ့အပြုံးကား နှစ်လိုဖွယ်ရှိလေသည်။

"ဘာဖြစ်လို့ လက်မထပ်ဖြစ်တာလဲ"

"လက်မထပ်ချင်တော့လို့ပါ"

"ကိုဇော်မြင့်ကရော"

"သူ့ကိုလည်း အကျိုးအကြောင်း စာရေးလိုက်တယ်"

"ဘာဖြစ်လို့ လက်မထပ်ချင်ရတာလဲ"

"မချစ်ဘဲနဲ့ယူရမှာ ကြောက်တယ်"

"ကိုဇော်မြင့်ကရော စိတ်ကောင်းပါ့မလား"

"မသိပါဘူး၊ သူတော့ ပြန်မလာဘူး၊ အကြောင်းကြားလိုက်တယ်၊ ဟိုမှာပဲ အခြေစိုက်တော့မလို့တဲ့၊ သူ့မိဘတွေက သူ့အတွက် လျှော်ကြေးပေးကြရမှာ၊ သူ့မိဘတွေကို ပိုသနားတယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ"

"လင်းလင်းကော"

သူက လင်းလင်းကို သတိတရနှင့် မေးလိုက်လေသည်။



"လင်းလင်းကတော့ ကိစ္စမရှိပါဘူး၊ သူက ငယ်ငယ်တည်းက ဖအေနဲ့ အတူတူနေရတယ်မှ မရှိတာ"

သည်တော့ နှစ်ယောက်သား အတွေးကိုယ်စီနှင့် လှေကားကို တစ်လှမ်းချင်း တက်လာပြီး…

"ကျွန်တော် မငြိမ်းယဉ်ကို စကားတွေပြောစရာ ရှိသေးတယ်၊ အေးအေးဆေးဆေးမှ…"

အသံတုန်နေတာကို ထိန်းရင်းပြောလိုက်ရာ မငြိမ်းယဉ်သည် စကားထစ်အ သွားလေသည်။

"ဟုတ်…ဟုတ်…ကဲ့"

ရင်ခုန်သံ မြည်ဟီးလာပြန်သည်။ ရင်ခုန်သံ ကာရန်ဖမ်းနိုင်ဘူ၊ အလှမ်းမမီရက်ပြီလား။ ရင်ထဲတိုးတိတ်ဆိုမည်ရင်း အမှောင်ကို စမ်း၍ တက်လာလေသည်။

အိမ်ပေါ်ရောက်တော့ ကက်ဆက်တေးသံကို သူကိုယ်တိုင် ချဲ့လိုက်လေသည်။

လက်ဆန့်ပြေးမသွားအောင်ပ××တစ်စက္ကန့် တစ်ရွေးသားတောင်မှ အဝေးမခံနိုင်သလို××ယန်းကန်တစ်ချပ်ကို နှစ်ယောက်အတူစား၊ တစ်လံမှတ်သလို ဒီလောက်အပူပွား××မှန်တန်းနော် မရုက်နိုင်တော့သကို××ယန်းကန်နှုတ်ခမ်းပေါ် တက်ထိုင်တော့မလို××ကျွန်မတို့တူနှစ်ကိုယ်××အစစတစ်မူပို××

သည်တစ်ခါတော့ နှစ်ယောက်သား တကွဲစီထိုင်နေကြကာ သီချင်းကို ဘယ်သူမှ မဆိုဖြစ်ဘဲ ရှက်ရှက်နှင့် အသာငြိမ်သက်နေကြသည်။ ဘယ်သူ ဘယ်သူမှ မကြည့်ဖြစ်ဘဲ ခပ်တန်းတန်းနေကြသည်။

ထမင်းစားသောက်ပြီးမှ ကိုစစ်အောင်သည် သူ့လွယ်အိတ်ထဲမှ ဖျူရာမင်းဘိစီ ဆေးပုလင်းကို ထုတ်ကာ မငြိမ်းယဉ်အား ကမ်းပေးရင်း…

"မငြိမ်းယဉ်ရဲ့ မျက်နှာတွေ ဖျော့နေတယ်၊ အဲဒါ သောက်လိုက်"

နေ့လယ်က ဆေးဆိုင်မှာ ဝယ်နေတာကို တွေ့ခဲ့ရသော ဆေးပုလင်းသည် မငြိမ်းယဉ်၏ လက်ထဲသို့ ရောက်လာလေသည်။

## အခန်း(၄၁)

ယပ်တောင်ကို ကပျာကယာပိတ်လိုက်လေသည်။ ယပ်တောင်ပေါ်မှ ငှက်ကလေးနှစ်ကောင်သည် အတောင်လေးများ တွန့်လိပ်ကာ ရုတ်ချည်း ပျောက်ကွယ်သွားလေသည်။ လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ယပ်တောင်ခေါက်လေးသည် တဆတ်ဆတ် တုန်နေသည်။

"အတာ ကားကို ရှေ့ဘက်သွားဆိုက်ထားလိုက်"

လင်းလင်းနှင့်အတူ ထိုင်လျက် ကားမောင်းနေသော အတာကို လှမ်းပြောလိုက်သောအသံသည် တုန်ခါနေသည်။ သစ်ပင်တစ်ပင်အောက် ကားဆိုက်သည်နှင့် ကမ်းလာသော ယပ်တောင်ကို လင်းလင်းက လှမ်းယူလိုက်သည်။

လင်းလင်းကား စကားမပြော၊ ညှိုးငယ်နေသော မျက်နှာလေးနှင့် ယပ်တောင်ကို ငေးစိုက်ကြည့်နေသည်။ ကားပေါ်မှ အသံများသည် တိတ်ဆိတ်လွန်းမက တိတ်ဆိတ်နေကြသည်။ ဘယ်သူဘယ်သူမှ စကားမပြောဖြစ်။

ဇက်ဖာကားနားတွင် ဘတ်(စ်)ကားနှစ်စီး ထိုးဆိုက်လိုက်လေသည်။

"လင်းလင်းနဲ့ အတာ ကားပေါ်မှာပဲ နေရစ်ကြနော်"

မငြိမ်းယဉ်ကပြောပြီး ကားတံခါးကို ဖွင့်လိုက်သည်။ ကားတံခါးဖွင့်



သံပင် ကျယ်လောင်လှသည်ဟု ထင်မိသည်။ လင်းလင်းက ခေါင်းတစ်ချက် ညိတ်ပြပြီး သူ့လက်ထဲမှ ဘောပင်ခဲမင်နှင့် ယပ်တောင်ပေါ် ငှက်ရုပ်ရေးခြဲနေသည်။ ယပ်တောင်ပေါ်မှ 'မောင်စစ်အောင် ၃၃ နှစ်' ဆိုသည့် စာလုံးမည်းတို့ကို ကမန်းကတန်း မျက်နှာလွှဲလိုက်လေသည်။

"ငယ်ငယ်လေး ရှိသေးတာပဲ၊ နေမယ်ဆိုရင် အများကြီး နေနိုင်တာပေါ့"

"ဘာဖြစ်တာလဲ"

"ဘာရောဂါဆိုလား၊ ဆေးရုံမှာ ဆုံးတာပဲ"

"ဘာအလုပ် လုပ်သလဲ"

"အလုပ်အကိုင်မရှိဘူးတဲ့၊ သုတေသနလုပ်ငန်းဆိုလား ဘာလား လုပ်သတဲ့"

"အိမ်ထောင်မရှိဘူးလား"

"မရှိဘူး၊ လူပျိုတဲ့"

"မိဘတွေရော"

"ဆုံးကုန်ကြပြီတဲ့"

"သြော်...သြော်...သနားစရာ၊ ငိုမယ့်လူတောင် မရှိရှာဘူး၊ ကံဆိုးတဲ့လူနှယ်"

ဘတ်စ်ကားပေါ်မှ အသံများ ဖိတ်ကျလွင့်စင်လာလေသည်။

သားနားသော ကိုယ်ပိုင်ကားများသည်လည်း အစီအရီ ဆိုက်ကပ်ထားလေသည်။

"ဟိုမှာ မေဓိ"

"ဆုံးတဲ့လူနဲ့ မေဓိနဲ့ ဘာတော်လဲ"

"မေဓိယောကျ်ားရဲ့ညီ"

"မတော်လို့ ပြောစမ်းပါ"

"ဘာရောဂါနဲ့ ဆုံးတာလဲ"

"အနီးမီးယား"

"အေပလပ်စတစ် အနီးမီးဟား"

တစ်စုံတစ်ယောက်က ပိုသေချာအောင် အဖြေပေးလိုက်လေသည်။

"သွေးအား ဖျော့တော့တာပေါ့နော် Cause(အကြောင်းရင်း)က ဘာဖြစ်လို့လဲ"

"အကြောင်းရင်းရယ်လို့ မရှိပါဘူး၊ တဖြည်းဖြည်း သွေးအားဖျော့ဖျော့သွားတာပဲ၊ တစ်ခုက ဆာလ်ဖားတို့ အေပီစီတို့ အသောက်များရင်လည်း ဖြစ်တတ်တယ်၊ ကလိုရမ်ဖင်နီကယ် သောက်လွန်းရင်လည်း ဖြစ်တာပဲ၊ ဒီရောဂါမျိုးက သိပ်ကြောက်စရာကောင်းတယ်၊ အပင်ပန်းလည်း မခံနိုင်ဘူး"

မငြိမ်းယဉ်သည် ပဝါနက်ကို လည်ပင်းတွင် စီးလိုက်ရင်း လမ်းကို ဖြတ်ကူးလာလေသည်။ နေကာမျက်မှန်ကို အသာပင့်တင်လိုက်သည်။ ခေါင်းပေါ်မှ ဖြတ်ကျော်၍ ပျံသန်းသွားသော ဆက်ရက်တစ်ကောင်နှင့်အတူ မငြိမ်းယဉ်၏ အတွေးများသည် လွင့်ပျံနေသည်။

"ငှက်ဖြစ်ရင် တစ်ကိုင်းတည်းနားချင်တယ်ဆိုတဲ့ စကားလေးက တော်တော်ချစ်စရာကောင်းတယ်နော်"

"နောက်ဘဝဆိုတာရှိရင် ပိန်ညင်းငှက်တော့ ဖြစ်ချင်ပါတယ်၊ သူ့မှာ အားအရှိန်အဝါရှိတယ်၊ မြေပြင်ရေပြင်နဲ့ ကောင်းကင်တစ်ခုလုံး ပျံနိုင်တယ်၊ နောက်ပြီး သစ္စာလည်းရှိကြတယ် ဆိုလို့ပါ"

"ဒုက္ခဆိုတာ လွတ်အောင် ရှောင်စရာမဟုတ်ဘူးလို့ ကျွန်တော်မြင်တယ် မငြိမ်းယဉ်၊ ရင်ဆိုင်မိရင် ခါးစည်းခံရမှာပဲ၊ ကျွန်တော်တို့လည်း သေဘေးကို အမြဲတမ်း ထည့်တွက်ထားကြတယ်"

သေဘေးကို ထည့်တွက်ထားသူသည် ဤမျှမြန်ဆန်လိမ့်မည်ဟု ထင်ချင်မှထင်မည်။

ခရီးက ပြန်လာကြပြီး အတန်ကြာ ပျောက်နေရာမှ ကိုစစ်အောင်တစ်ယောက် ဆေးရုံတက်ရသည့်သတင်း ကြားရတာပဲ။ အသားအရေတွေ တစ်နေ့တခြား ဖျော့တော့လာပြီး အမောအပန်း ဘာမှမခံနိုင်တော့ဘဲ ခဏခဏ မောနေတတ်သည်တဲ့။



မငြိမ်းယဉ်တို့ ရောက်သွားကြသောအခါတွင် ဆေးရုံခုတင်ထက်တွင် အားနည်းဖျော့တော့ကာ ပါးရိုးနားထင်များကျလျက် ပက်လက်လေး လဲလျောင်းနေတာ တွေ့ရသည်။ မငြိမ်းယဉ်အား မျက်လုံးတစ်ချက် ဝင့်ကာကြည့်ရင်း ပြုံးပြလိုက်လေသည်။ ပြုံးရုံနှင့်ပင် အားလျော့ကာ နှာခေါင်းပေါက်မှာ ပွလာလေသည်။ ပါးစပ်မှ အသက်ကိုမှူင်း၍ ရှူနေသည်။

ပူခြစ်သော သူ့လက်များကို မငြိမ်းယဉ်က ကိုင်ဆုပ်လိုက်ပြီး…

"ကောင်းသွားမှာပါ၊ အသားအရေတွေ ကြည့်ကောင်းသားပဲ"

အားပေးစကားပြောတော့ သူ့ခေါင်းကို ခါရမ်းလိုက်လေသည်။ ထို့နောက် အားယူ၍ ယဲ့ယဲ့မျှ ပြုံးပြန်သည်။

"တရားဟောပါဦး"

မငြိမ်းယဉ်က မျက်ရည်များလည်လျက် ပြုံးကာ ခေါင်းကိုခါရမ်းလိုက်လေသည်။ ထို့နောက် စားပွဲပေါ်မှ မုန့်ဘူးကိုဖွင့်ကာ ဆိတ်သားမုန့်တစ်ခုကို ပြရင်း…

"ကိုစစ်အောင် ကြိုက်တယ်ဆိုလို့ ပယ်တီး(စ်)တွေ ဝယ်လာတယ်"

ကိုစစ်အောင်သည် ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းလိုက်ပြီး…

"မစားနိုင်ဘူး"

လေသံသဲ့သဲ့နှင့် ဖြေလိုက်သည်။

အပြင်၌ မိုးတွေ သဲသဲမဲမဲ ရွာချနေသည်။ လေပြင်းမုန်တိုင်းသည် တဝုန်းဝုန်း တိုက်ခတ်ကာ လျှပ်စီးများသည် မကြာခဏ ကြောက်မက်ဖွယ်ရာ ဝင်းခနဲ လက်ခနဲ ဖြိုးပြက်နေသည်။ သစ်ကိုင်းသစ်ခက်တို့သည် လေမုန်တိုင်းကြားဝယ် လှုပ်ယိမ်းကာ ကျိုးပဲ့သည်က ကျိုးပဲ့ကုန်သည်။ အရွက်တချို့သည် အကိုင်းနှင့်ငြိကာ ကွဲပြဲစုတ်ပြတ်ကုန်သည်။

ဈေးတစ်ပိုက်မှ အသံချဲ့စက် တပ်ဆင်လျက် ရေဒီယိုချိန် စစ်သည်များ အတွက် တေးသံတစ်ပိုင်းတစ်စသည် လေတွင် ဝဲလာလေသည်။

လျှောင်သလို စုများ၊ ဆွေးဆွေးရသူ ပူအောင်ဖန်အားနိုင်ရက်ပေ၊ ဖျော့်ကာတွေးလို့သာ မအေးနိုင်ခဲ့ပေ၊ ညစဉ်ညတိုင်း တိမ်လွှင်းရိုဝယ် လရောင်

ကွယ်ရင်လေ။

မငြိမ်းယဉ်သည် အမှောင်ရိပ်ဝယ် ကွယ်လျက်ရပ်နေပြီး မျက်ရည်စတွေ ရစ်ဝဲလာလေသည်။

□□□

အခန်း(၄၂)

လူတို့အတွက် ကြည့်ကောင်းအောင် ဖန်တီးအပ်သော စိတ်ကူးယဉ်အလွမ်းဇာတ်ကားများပမာ လွမ်းတစရာမရှိ။ လူသားတစ်ယောက် သေမင်းနှင့်စစ်ခင်းပြီးနောက် အရှုံးပေးလိုက်ရသော ဇာတ်လမ်းသည် ဘယ်မှာလှပမည်လဲ။

ကိုစစ်အောင်သည် နှုတ်ဆက်စကားများ မပြောကြားနိုင်တော့။ သူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွင် ပိုက်များ တပ်ဆင်ထားသည်။ ပထမဦးစွာ Drip ခေါ် ဂလူးကို့(စ်)အရည် သွင်းထားရသည်။ အောက်ဆီဂျင် အသက်ရှူတံကိုလည်း နှာခေါင်းထဲ ထိုးသွင်းထားသည်။

အေပလတ်စတစ်(Aplastic Anaemia)ရောဂါ ဇာတိသည် တဖြည်းဖြည်း သရုပ်ဆောင်လာသည်။ လူတစ်ကိုယ်လုံးရှိ သွေးနီဉ၊ သွေးဖြူဉများနှင့် သွေးတိတ်စေရန် ဖန်တီးသော ပလိပ်လက်ဆိုသည့် အရာများပါ ပျက်စီးသွားသောကြောင့် သွေးယိုစီးခြင်းမှာ မတိတ်နိုင်တော့။

ကိုစစ်အောင်၏ နှာခေါင်းနှင့် သွားဖုံးတို့မှ သွေးများ ထွက်အန်ကျလာလေသည်။ လူနာမှာ ပို၍ဖြူဖျော့လာသည်။ လတ်တလော လတ်ဆတ်သော သွေးသွင်းရမည်ဖြစ်သောကြောင့် မငြိမ်းယဉ်နှင့် အတာတို့သည် အပြေးအလွှား

သွေးရှာဖွေကြသည်။ သူတို့နှစ်ယောက်စလုံး သွေးကလည်း 'အို'အမျိုးအစားရှင် ကိုစစ်အောင်ကို မလှူနိုင်။ မောကြီးပန်းကြီးနှင့် မျှော်လင့်ချက်ကင်းမဲ့စွာ လှူနာနား ပြန်လာတော့ ဆရာဝန်၏…

"Gasping"

အသက်ငင်နေပြီဆိုသော နောက်ဆုံးမှတ်ချက်ချသံ ကြားလိုက်ရသည်။ အသက်ထွက်ခါနီး ပေးနေကျ ကာဒမိုက်ဆေးကို ထိုးဖို့ ပြင်ဆင်လိုက်သည်။ သေသူများနှင့် ကြိမ်ဖန်များစွာ အတွေ့အကြုံရှိခဲ့သော မငြိမ်းယဉ်သည် ချက်ချင်းရိပ်မိကာ မျက်ရည်တွေ လည်လာလေသည်။

လူနာ၏ အသက်ရှူသံသည် မြန်သည်ထက် မြန်လာလေသည်။ သူ့အစ်ကို ဦးသိန်းအောင်သည်လည်း မျက်နှာလွှဲကာ သက်ပြင်းရှိုက်လိုက်လေသည်။ မေမီက လက်ပွေ့အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ကာ နှာခေါင်းကို ဖုံးအုပ်ထားလိုက်သည်။ ဦးကြီးရှိန်သည် ကိုစစ်အောင်၏ ခုတင်ခေါင်းရင်းတွင် ခေါင်းငိုက်စိုက်ချရပ်ကာ မျက်ရည်ဝဲရင်း အံကြိတ်ထားလေသည်။

ကိုစစ်အောင်အဖို့ သံသရာအတွက် ဘာမှပြင်ဆင်ချိန်ပင် မရလိုက်။

"နောက်ဘဝဆိုတာကို ကျွန်တော် မယုံချင်တာ မဟုတ်ပါဘူး၊ ယုံချင်ပါတယ်၊ ရှိတယ်ဆိုရင်လည်း သေသေချာချာ ရှိစေချင်ပါတယ်"

ကိုစစ်အောင်တစ်ယောက် ကောင်းရာသုဂတိလားပါစေ ဆုတောင်းမိသည်။

လူသားတို့ ကောင်းကျိုးကိုသာ ရှေးရှု၍ စိုက်လိုက်မတ်တတ် ဆောင်ရွက်ခဲ့သော ကိုစစ်အောင်အား လောကကို စောင့်ကုန်သော၊ အစိုးရသော၊ အစောင့်အရှောက်တို့သည် စောင့်ရှောက်နိုင်ကြပါစေ…

မြေစိုင်မြေခဲတို့သည် တွင်းထဲကျကုန်သောအခါ ခေါင်းနှင့် တဒုတ်ဒုတ် ထိနေသည်။ မငြိမ်းယဉ်သည် နောက်ဆုံး မြေခဲတစ်ခဲကို လက်တွင်ယူကာ ပစ်လိုက်လေသည်။ မျက်လုံးများကား တွင်းထဲသို့ စိုက်နေသည်။ မျက်တောင်များ ဖုံးအုပ်ထားသော မျက်ခမ်းသားတို့သည် တဆတ်ဆတ် တုန်နေသည်။

မငြိမ်းယဉ်သည် ထိုင်နေရာမှ ကိုယ်ကိုထိန်းကာ အားယူထလိုက်လေသည်။ ဒါတောင် သူ့ကိုယ်မှာ နည်းနည်းယိုင်သွားပြီး လိမ့်ကျတော့မလို ဖြစ်သွားသဖြင့် အနားတွင် ရပ်နေသော မိန်းမငယ်တစ်ဦးကို ကိုင်ကာ အားပြုရပ်လိုက်ရလေသည်။



"ဟော…ယပ်တောင်လေး တွင်းထဲကျသွားပြီ"

အမျိုးသမီးလေးက လှမ်းအော်လိုက်သည်။ မငြိမ်းယဉ်သည် အစက ယပ်တောင်လေးကို ကိုစစ်အောင်နှင့်အတူ မြှုပ်နှံခဲ့မည် စိတ်ကူးပြီးမှ သူ့ဝိညာဉ်က ထိုယပ်တောင်တွင် ကပ်ငြိနေမှာကို စိုးသောကြောင့် သုဘရာဇာက ကောက်ပေးလိုက်သော ယပ်တောင်ကို အဆောတလျင် လှမ်းယူလိုက်လေသည်။

ခြေလှမ်းများသည် မြေပေါ် ဘယ်သို့လှမ်းခဲ့သည်ကို သတိမထားမိ။ တရွေ့ရွေ့နှင့် လမ်းကို ဖြတ်ကျော်ရန် ချဉ်းကပ်လာသည်။

"ကျွန်တော်နဲ့ မငြိမ်းယဉ် မတူကြဘူးလေ၊ မငြိမ်းယဉ်ကတော့ တိမ်ပြာတာ၊ လသာတာ၊ ကြယ်ထွန်းတာတွေကို စိတ်အေးအေးနဲ့ တောင့်တချင်နေတဲ့သူ၊ ကျွန်တော်ကတော့ တိမ်မှိုင်းချင်သလောက်မှိုင်း၊ အဲဒီတိမ်ကို မှေးနားကွပ်ဖို့ ကြိုးစားချင်တယ်၊ မုန်တိုင်းထန်ချင်သလောက် ထန်ပါစေ၊ ဒီမုန်တိုင်းကြားထဲမှ ဓွတ်အတင်း ဖြတ်လျှောက်သွားချင်တယ်"

ကိုစစ်အောင်တစ်ယောက် နောင်ဘဝတွင် မုန်တိုင်းကို ရင်ဆိုင်နိုင်လိမ့်မည်ဟု အမျှော်လင့်ကြီး မျှော်လင့်မိသည်။

ခင်ဆွေဦး

□□□